
www.burmeseclassic.com

စိုးမိုးစာပေ



BURMESE CLASSIC .com

(လုံးချင်းဝတ္ထုသစ်)

# ရင်ဖြတ်နီး

လျှို့ဝှက်ရင်ခုန်ခြင်းလေး

L လင်း

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအားဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# ရှင်မြတ်နိုး

# သို့ ကရင်ခုန်ခြင်းလေး

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၅၇၉၀၅၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၇၁ ၂၆၁၁ |
| အုပ်ဒိုင်း | - | L လင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၆၈၊ စကားဝါလမ်း၊ အုတ်ဖိုမြို့နယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃

ရှင်မြတ်နိုး

လျှို့ဝှက်ရင်ခုန်ခြင်းလေး/ ရှင်မြတ်နိုး ။ - ရန်ကုန် စိုးမိုးစာပေ၊ ၂၀၁၁

၃၁၂ - စာ ၊ ၁၂ x ၁၈ စင်တီ။

(၁) လျှို့ဝှက်ရင်ခုန်ခြင်းလေး


BURMESE CLASSIC .com

## အခန်း (၁)

"မော်…ဒီနေ့ဆို ဒီအကျဉ်းထောင်ထဲ ကျွန်တော်ရောက်နေတာ ၃၆၅ ရက်ရှိခဲ့ပြီ၊ ဒါပေမဲ့ ကျွန်တော် နောင်တမရဘူးဆိုရင် မော် ကျေနပ်မှာလားဟင်"

ကြမ္မာက မျက်စိဖွင့်တိုင်း မြင်နေရတဲ့ အကျဉ်းထောင်ရဲ့ မျက်နှာကြက်မည်းမည်းကြီးကို ငေးရင်း ရေရွတ်မိတာ စိတ်ထဲက မော်လို့ တစ်ခွန်းခေါ်တိုင်း ရင်ထဲသိမ့်သိမ့်လှိုက်ခါသွားတတ်တာ ဘာစာတ်သဘောလဲမသိပါ။ မတွေ့ရတာ ရက်ပေါင်းဘယ်လောက်ကြာကြာ မော့် အပြုံးနှင့် မော့်အကြည့်တွေကို သူ တစ်ရက်မှ မေ့မသွားခဲ့။ ရင်ထဲမြုပ်နှံထားတဲ့ အချစ်စိတ်ဟာ တသိမ့်သိမ့်ခံစားတိုင်း တငြိမ့်ငြိမ့်နဲ့ သတိရမှုကို ဖြစ်ပေါ်စေတတ်ပါသလား။ အတိအကျကြီး ကြမ္မာ မတွေးတတ်ပေမဲ့ မော့်ကို သတိရတိုင်း မော့်ကို မြင်ယောင်လာသည်။ မြင်ယောင်တိုင်း မော့်ပြောသော စကားတွေ နားထဲပဲ့တင်ရိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားပီသတယ်ဆိုတဲ့သူဟာ ရုပ်ရည်အရ ချောမောဖို့ သိပ်တော့မလိုဘူးထင်တာပဲ ကြမ္မာရဲ့၊ သိပ်ချောလွန်းနေပြန်ရင် အဲဒီယောကျ်ားက သူ့ရုပ်ရည်ကို အားကိုးသွားတတ်ရော"

"ဟင်…ဒါဆို ယောကျ်ားတွေက ဘာကိုအားကိုးရမှာလဲ၊ ဘာလဲ လက်ရုံးရည်လား"

သူပြန်ပေးတုံးက မော်ဟာ အပြုံးလေးနဲ့ ခေါင်းယမ်းပြသည်။ ထိုစဉ်အခါက ကြမ္မာဟာ မော့်အပြုံးလေးတွေ တွဲခိုထားသော နှုတ်ခမ်းလှလှလေးတွေကို အကြာကြီး ငေးကြည့်ခဲ့ဖူးသည်။ မော့်အပြုံးက အေးချမ်းပြီး ကျက်သရေရှိလွန်းလို့လေ။ မော်က အပြုံးကိုသိမ်းပြီး နှုတ်ခမ်းကိုဖွင့်တော့လည်း သူ မျက်စိမလွှဲတမ်း ငေးရတာပါပဲ။ သူ့အတွက်တော့ မော်က စက္ကန့်မလပ် ငေးနေချင်စရာ ကောင်းတဲ့ချစ်သူ။

"မဟုတ်ဘူး ကြမ္မာရဲ့၊ ယောကျ်ားကောင်းတွေအတွက် တကယ်အားကိုးရမှာ စိတ်ဓာတ်ပါ၊ ယောကျ်ားပီသချင်ရင် သူ့ရဲ့ ကောင်းစိတ်ဓာတ်မျိုးထားပေါ့၊ လုပ်ရဲရင် ခံရဲတဲ့စိတ်ဓာတ်မျိုး။ ပီပြင်တဲ့ စွန့်လွှတ်အနစ်နာခံမှုမျိုး၊ ပြီးတော့ အရာရာကို စဉ်းစားပြီး လမ်းမှန်ရွေးနိုင်တဲ့ စိတ်ဓာတ်မျိုးပေါ့"

"အဲဒီလိုစိတ်မျိုးထားရင် တကယ်ယောကျ်ားပီသပြီပေါ့ ဟုတ်လား မော်"

"အဟင်း…ကြမ္မာနော်၊ အဲဒီအချက်တွေနဲ့ ကိုက်ညီတဲ့ ယောကျ်ားကိုရှာခိုင်းတာမဟုတ်ဘူး၊ ရှင့်ကို အဲဒီအချက်တွေနဲ့ ကိုက်ညီ





အောင် ကိုယ်တိုင်ကျင့်သုံးစေချင်တာ၊ ကြားတော့သာ လွယ်တာနော်၊ တကယ်ကျင့်သုံးရင် ခက်တယ်၊ မော်ကတော့ ရှင့်ကို ယောကျ်ားပီသတဲ့ စိတ်ဓာတ်မျိုးနဲ့ တကယ့်ယောကျ်ားကောင်း တစ်ယောက် ဖြစ်စေချင်တာ"

တဲ့။ အဲဒီအားမာန်ပါတဲ့စကား။ နှမြောရိုပ်စွန်းတဲ့ မျက်ဝန်းတွေဟာ သူ့ရဲ့ မှောင်မိုက်နေတဲ့ ကမ္ဘာထဲက အလင်းစက်တစ်ပွင့်။ ကို ကိုယ့်ကမ္ဘာဟာ သိစိတ်နဲ့မသိစိတ်ကြားမှာ လွန်ဆွဲရင်း တစ်ခြမ်းက အမှောင်ကျနေရတဲ့ဘဝ။ အဲဒီဘဝကို တည့်မတ်အောင်ပြုပြင်ပြင်ဆင်ပေးခဲ့သူဟာ မော်ဖြစ်သည်။ အခု သူက မော်ပြောတဲ့အတိုင်း လုပ်ခဲ့တဲ့အပြစ်ကို ခံယူရပြီ။ ပြီးတော့ စွန့်လွှတ်အနစ်နာခံမှု။ သူ့နှလုံးသားတစ်ခုလုံးကိုလည်း ခွင့်လွှတ်ပေးခဲ့ပြီးပြီ။ လမ်းမှန်ရွေးနိုင်တဲ့ စိတ်ဓာတ်လည်း သူ့မှာရှိပြီထင်၏။ ဒီအကျဉ်းထောင်ကြီးထဲ သူ့အပြစ်ဒဏ်ကို ကျေလည်အောင်ဆပ်ပြီးရင် သူလျှောက်ရမဲ့လမ်းကို ကြမ္မာက ရွေးချယ်ထားပြီးသား။ လူတစ်ဦးချင်းစီကို အလှမဆင်ပေးနိုင်တောင် ကမ္ဘာမြေဟာ လှပသောအသွင် စွဲမက်ဖွယ်ရာရှုခင်းတို့နှင့် သူအလှဆင်ပေးနိုင်မည်ထင်သည်။ ဒါပေမဲ့ ကြမ္မာ စဉ်းစားထားသော လမ်းပေါ်မှာ ချစ်ရသူတော့မပါခဲ့။ မချစ်ခင်ကတည်းက စွန့်လွှတ်ရသော မော့်ကို သူ့ဘဝထဲ ဘယ်တော့မှ ဆွဲခေါ်တော့မည်မဟုတ်။ မော့်ကို သတိရတိုင်း ဆုံးရှုံးရပြီဆိုသောအသိက သူ မျက်ရည်အဖြစ် ငိုချချင်သည်။ ဒါပေမဲ့ ကြမ္မာမငိုခဲ့ပါ။ အချစ်ကို ပိုင်ဆိုင်ခွင့်ဆိုတာ ဟိုးဘဝအစမှာကတည်းက ကြမ္မာအတွက် ပြဋ္ဌာန်း



www.burmeseclassic.com

www.burmeseclassic.com



မထားခဲ့ပေ။ ကြမ္မာဟာ ချစ်ခြင်းမေတ္တာနဲ့ သင့်မြတ်ခဲ့သူမှမဟုတ်တာ။ မသင့်မြတ်တဲ့အကြောင်းတွေထဲမှာ ဘဝစာမျက်နှာတွေဟာ ရုန့်ရင်းကြမ်းတမ်းစွာ။ အမြဲပြန့်တွေးတိုင်း အဟောင်းဟာ အသစ်ဖြစ်စမြဲ။ အချိုးအကွေ့များတဲ့ ဘဝထဲမှာ မှော်ဟာ ကြမ္မာရင့်အတွက် လုပတဲ့ တစ်ဆစ်ချိုးဆိုရင် မင်းရှိနေလို့ အတိတ်ကိုကျွန်တော်မမေ့ချင်တာပါ မှော်။

◆ ◆ ◆



BURMESE CLASSIC .com

## အခန်း (၂)

“တော်တော့ အမာ၊ မင်းပြောလိုက်ရင် ဒါတွေချည်း အမြဲအပ်ကြောင်းထပ်နေတာ”

“ဒါဆိုလည်း ရှင်မပြောနဲ့ပေါ့ ဦးစည်သူ”

“ဟာ…မပြောလို့ဖြစ်မလား၊ မင်းနေချင်တိုင်းနေတာကို ဒီအတိုင်း ငါက လက်ပိုက်ကြည့်နေရမှာလား”

“မကြည့်ချင်ရင်လည်း အလွယ်လေးပဲ၊ ရှင် မျက်စေ့မှိတ်ထားပေါ့”

“မင်း ဒီလိုမပြောနဲ့၊ မင်းလုပ်ရပ်တွေက ငါ့အိမ်ပေါ်မှာ”

“အခွံချည်းရှိတဲ့ ရှင့်အိမ်ကို ဂုဏ်မောက်မနေစမ်းပါနဲ့”

မေမေ့ရဲ့ ရူးရူးဝါးဝါးထအော်တဲ့အသံ။ ဒီအသံကြောင့်ပဲ ကျောင်းပြန်လာတဲ့ ကြမ္မာ့ခြေလှမ်းတွေက လှေခါးထစ်မှာ ရပ်တန့်သွားဏ်။ ဖြစ်ကြပြန်ပြီ။ အမေနဲ့ အဖေတို့ရဲ့ ရန်ပွဲ။ နေ့စဉ်ရက်ဆက်ကြုံနေရပေမဲ့ ကြမ္မာ့အတွက်တော့ ရိုးသွားတယ်ဆိုတာမရှိ။ ရန်ဖြစ်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ကြားရတိုင်း ရင်တွေဲတလှပ်လှပ်တုန်။ ဒူးတွေမခိုင်ချင်တော့အထိ ခွေညွှတ်ယိုင်လဲကျချင်လာသည်။ ကြမ္မာက စလွယ်သိုင်းထားတဲ့ လွယ်အိတ်ကြိုးကို လက်နဲ့ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ခြေစုံရပ်နေမိသည်။ ဒီရန်ပွဲနဲ့ ဝေးရာလည်းမသွားနိုင်။ ရန်ပွဲကြားလည်း ဝင်မရပ်ရဲ။ ကိုယ်ဝင်သွားလို့ ရန်ဖြစ်နေခြင်းက ရပ်တန့်သွားမှာမှမဟုတ်တာ။ အမေ့ရဲ့ စူးရှအောင်မြင်တဲ့အသံသွက်သွက်က ကြမ္မာ့နားထဲ ထိုးခွဲဝင်ရောက်လာသည်။

“ဟွန်း...ရယ်ရတယ် ဦးစည်သူ၊ ရှင်က ထစ်ခနဲရှိ အိမ်ဂုဏ်မောက်နေရအောင် ဒီမယ် မေ့နေမှာစိုးလို့ပြောပြမယ်၊ ရှင်အမွေရထားတဲ့ ဒီအိမ်ကြီးက ရှင့်ရဲ့အဖြုန်းတော်မှုကြောင့် အခွဲချည်းကျန်ခဲ့တာ၊ အိမ်ထဲမှာဖြည့်ထားတဲ့ အဆောင်အယောင်တွေက အစ ယုတ်စွအဆုံး ရှင်သောက်နေတဲ့ အကောင်းစားအရက်ပုလင်းတောင် ဘယ်သူဝယ်ပေးလို့ သောက်ရတာလဲဆိုတာ ပြန်စဉ်းစားစမ်းပါ”

“မင်း ဒီလိုမပြောနဲ့အမာ၊ အရက်အကောင်းစား မသောက်ရလည်း ငါကရတယ်၊ မင်းသာ ယောကျ်ားတွေနဲ့ တတွဲတွဲမနေရင်ပြီးရော”

“စီးပွားရှာတယ်ဆိုတာ ယောကျ်ားမိန်းမ ခွဲနေလို့မှမရတာ”

“မင်းက ယောကျ်ားတွေနဲ့ပိုတွဲတယ်”

“သြော်...ဟော် ဒါဆိုလည်း ရှင် ကျွန်မကိုကွာပေးလေ၊





သားလက်ဆွဲပြီး ဆင်းသွားမှာ၊ ရှင့်အိမ်ကြီး ရှင်ဖက်ပြီးနေခဲ့”

“ဒါကတော့”

အမေ့စကားသံ တိတ်ကျသွားသည်။ ဖန်ခွက်သံ၊ ပုလင်းချသံတွေကိုသာ ကြားရ၏။ ကြမ္မာကတော့ အမေ့အား စိတ်ထဲမှ ‘ဘရာဗို’ လို့ ကျိတ်အားပေးပြီးသား။ ဘာကြောင့်မှန်းမသိ အဖေနှင့်အမေ စစ်ခင်းကြလျှင် သူက အမေ့ဘက်တော်သား။ အမေ့ကိုသာ အနိုင်ရစေချင်သည်။ ဒါတွေကြောင့်ပဲ အဖေက သူ့ကို မျက်မုန်းကျိုးလေသလားမသိ။ အမေကွယ်တာနှင့် သူ့ကိုဆူပြီ။ အရက်နီးဝေသော မျက်လုံးရဲရဲကြီးတွေနှင့် အဖေ စိုက်ကြည့်လျှင် ကြမ္မာက ကြောက်လှ၏။

“မာလေးက အမေနဲ့သိပ်တူတာ၊ မျက်တောင်ရှည်ကော့ကြီးတွေရော၊ နှာတံချွန်ချွန်လေးရော၊ မေးဖျားကအချိုင့်လေးရော၊ ဟော အတူဆုံးကတော့ အမေ့နှုတ်ခမ်းတွေလို ပါးလှပ်လှပ်နဲ့ အမြဲတမ်းရဲနေတာပဲ”

လို့ ချစ်စနိုးနဲ့ ချီးမွမ်းခံရသမျှ အဖေကတော့ ပျစ်ပျစ်နှစ်နှစ် ရွံ့ချတတ်တာ တရားလွန်။

“မာလေးတဲ့၊ ဟွန်း...ဘာမာလေးလဲ၊ ဟော့ကောင် မင်း ယောကျ်ားမဟုတ်ဘူးလား၊ အရွယ်ကဖြင့် သုံးတန်းရောက်နေပြီ၊ စကားပြောရင် မာလေးကနဲ့၊ ကျွန်တော်လို့ပြင်ပြော”

ဟု ဆူပူတိုင်း သူက နံရံထောင့်မှာ ကုပ်ကုပ်လေးထိုင်ကာ ခေါင်းညိတ်ပြခဲ့ရဖူးသည်။ အဖေ့ရဲ့ တရွယ်ရွယ်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးကြီးကိုကြောက်၍သာ ငြိမ်နေရတာ။ ကိုယ့်ကိုယ်ကို ကျွန်တော်လို့ နာမ်စားသုံးဖို့ နှုတ်ကမရဲဘဲရှိတတ်၏။ အဖေကတော့ ဒါကိုပဲ မကျေမနပ်ဖြစ်ကာ…

"ပြောလိုက်ရင် ကုပ်ချောင်းချောင်းနဲ့ တရှုံ့ရှုံ့ငိုဖို့က အဆင်သင့်၊ ကျားကျားလျားလျားကိုမရှိဘူး၊ အမေနဲ့တကပ်ကပ် ရင်ခွင်ထဲဝင်ချွဲနွဲ့ပြီး မအေ့အတွင်းမှန်သမျှ အကုန်နိုးနေတာ၊ မင်းကြပ်ကြပ်သတိထား၊ မင်းအမေနဲ့မတူနေနဲ့၊ ဒီတစ်ခါလမ်းလျှောက်ပုံကအစဟူကြည့်ငါဆောင့်ကန်မှာ၊ ငါ့စိတ်ကိုမစမ်းနဲ့"

တဲ့လေ။ အဖေကပြောပြီး လှည့်ထွက်ရင်တော့ မာလေးတို့က မေးဖျားကို ဘောင်ဘင်ခတ်အောင်လှုပ်၍ မဲ့ရွဲ့ပြီးသား။

"အမေ့သားပဲဥစ္စာ၊ အမေနဲ့တူမှာပေါ့၊ အမေက သူနဲ့တူစေချင်လို့ နာမည်တောင် ဆင်တူမှည့်ထားတာ၊ မာယာရင့်ရဲ့သားကြမ္မာရင့်တဲ့"

အဖေမကြားအောင် စိတ်ထဲက လှမ်းပြောတတ်စမြဲ။ အဖေက မာလေးအား ရိုက်မယ်နှက်မယ်သာပြောတာ တကယ်တမ်းကျတော့ လက်ဖျားနဲ့တောင် မတို့ရဲတာ မာလေးအသိ။ အဖေက အမေ့ကို ကြောက်ရသည်လေ။

"မကြောက်လို့မရဘူး သားရဲ့၊ ဒီအိမ်မှာ သူက အိမ်ထောင်ဦးစီးလို့ အမည်သာခံတာ၊ တကယ်ရှာရဖွေရတာ အမေလေ၊ ရပ်ကွက်ထဲ အလှူ့ဒါယကာဆိုပြီး သူနာမည်ကြီးတာလည်း အမေ့ကြောင့်ပဲ၊ အခြံအရံနဲ့၊ စီးစရာကားအသင့်ရှိအောင် ဖန်တီးပေး





ထားတာလည်း အမေပဲ၊ ဒီလိုမိန်းမက မွေးထားတဲ့သားကို လက်ဖျားနဲ့ထိဖို့မပြောနဲ့ လက်ဝါးပေါ်တင်ပြီး လေနဲ့တဟူးဟူးတောင်မှုတ်ပေးနေရဦးမှာ၊ သူ့ဆိုရင်တော့ ငြိမ်ပြီးနားထောင်နေပေါ့၊ ခေါင်းထဲမထည့်ချင်မထည့်နဲ့၊ ဒါပေမဲ့ ပြန်တော့မပြောရဘူးနော်၊ သူက ဖအေဆိုတော့ အမေ့သားလေး ငရဲကြီးမှာစိုးလို့"

ထိုစကားတွေကို အမေက သူ့အားဖက်သိပ်ရင်း ပြောပြတာပါ။ မာလေးကလည်း အမေ့စကားတစ်ခွန်းဆိုတစ်ခွန်း။ မြေဝယ်မကျနားထောင်တတ်သည်။ အမေ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ရင်း ပြယ်နေသော မိတ်ကပ်၊ နှုတ်ခမ်းနီနံ့တွေကို ရှူရှိုက်ရင်း အိပ်စက်ရသော မာလေးညတွေဟာ ဘယ်လိုနှစ်သက်ဖွယ်ရာကောင်းမှန်းမသိ။ အဖေကတော့ ထိုအခါမျိုး၌ မကြားတကြားပြောတတ်သည်။

"အမေနဲ့ရောပြီး ခြောက်နေတဲ့ကောင်"

တဲ့လေ။ အခြောက်လို့ပြောလည်း မာလေးကမရှက်ပါ။ ကိုယ့်အမေနဲ့တူအောင်နေတာ ရှက်စရာမဟုတ်လို့ မာလေး ခံယူထားတာပဲ။ ထို့ကြောင့်လည်း အမေရှိရင် မာလေးက အမေ့နားတကပ်ကပ်။ အမေအလှပြင်နေလျှင် ဘေးနားက တစိမ့်စိမ့်ထိုင်ပြီးကြည့်သည်။ အမေလှသွားလျှင် ကျေနပ်သည်။ လှသထက်လှအောင် အကြံပေးတတ်သည်။

"အမေ့မျက်ခုံးနဲ့ မျက်တောင်က ဆေးတွေကူထားခတော့ တအားနက်နေတာ၊ နှုတ်ခမ်းနီက ဖျော့နေတယ်၊ အရောင်ရဲရဲဆိုးပါလား အမေ"



www.burmeseclassic.com

www.burmeseclassic.com



''အမေ့အံကျီနဲ့ထဘီက မလိုက်ဘူး၊ အမေ့အသားက ဝင်းတော့ အနက်ရောင်ဝမ်းဆက်ဆို ထင်းသွားတာပဲ၊ အနက်ပေါ် အဝါရောင်သစ်ရွက်ပုံပါတဲ့ ဝမ်းဆက်ဝတ် အမေ''

''ဆံထုံးကြီးမထုံးနဲ့ အမေရာ၊ ဆံထုံးဆိုတာ အဘွားကြီး တွေထုံးတာ၊ ရုပ်ရှင်တွေထဲမှာ မေဝင်းမောင်တို့ ဇင်မာဦးတို့ဆို ဆံပင်တွေကို ဒီအတိုင်းဖြန့်ထားတာ၊ လှတယ် အမေရ''

ဆိုတာမျိုးနဲ့ ဘေးကကြည့်ပြီး တတွတ်တွတ်ပြောသည်။ အမေကလည်း သူပြောသမျှ လက်ခံသည်။ စိတ်တိုင်းကျပြင်ဆင် ပြီးလျှင် သားအမိနှစ်ယောက် မှန်ရှေ့ရပ်ကြည့် မဝနိုင်တဲ့အဖြစ်။ အမေကဆို မာလေးရဲ့ အလှအပပြင်တတ်ပုံကို လူတကာရှေ့ တဖွဲ့ တနွဲ့ ချီးမွမ်းမဆုံး။

''မာလေးကလေ အနုပညာမျက်စိအရမ်းရှိတာ၊ အရွယ်က သာ ကလေးရယ်၊ သူပဲ မအေကို ဒါဝတ်၊ ဒီလိုပြင်ဆိုပြီး ပြောနေ ခဲ့တာ၊ ကျွန်မ ဒီလိုလှနေတာ မာလေးကြောင့်''

လို့ သူ့ကိုဘေးနားထားပြီး ဂုဏ်ယူစွာပြောတတ်၏။ ထိုအခါမျိုးနဲ့ မာလေးက တပြုံးပြုံးဖြင့် အမေချီးကျူးတာခံယူပြီး သား။

''မိန်းမတွေထက်မြက်ရင် တော်ရုံယောကျ်ားလိုက်မမှီဘူး မာလေးရဲ့၊ မင်းအမေကိုကြည့် အမေ့နောက်လိုက်မမှီတော့ ဟွန် အရက်အိုးထဲခေါင်းစိုက်သွားပြီ၊ အဲဒါမျိုး မာလေးကြ ဘယ်တော့မှ အဖြစ်မခံနဲ့၊ မိန်းမတွေက လျှာဖျားလေးပေါ် ချိုချိုစကားလေးတွေ





သုံးပြီး ယောကျ်ားတွေကို လှည့်စားတတ်တာ၊ အမေလည်း ဒီအတိုင်းပဲ မာလေးကို ချမ်းချမ်းသာသာထားနိုင်အောင် အမေ ယောကျ်ားတွေကို လှည့်စားရတာပဲ၊ သူတို့စီးပွားပျက်အောင် မဟုတ် ပေမယ့် အမေစီးပွားတက်အောင်တော့ ဒီလျှာလေးသုံးပြီး ပရိယာယ် ဆင်ရတာပေါ့၊ ဒါကြောင့် မာလေးလိုဝင်္ငလည်မှာ သိပ်ကြောက်တာ ပဲ၊ မာလေးက ယောကျ်ားလေးဆိုတော့ တစ်ချိန်ကျရင် အမေ့လို မိန်းမတွေနဲ့တွေ့ပြီး အလှည့်စားခံရမှာ အမေကစိုးရိမ်တာ''

မာလေးဦးခေါင်းကို အမေက ရင်ခွင်ထဲထည့်၊ ဆံစတွေ ကို လက်နှင့် ဖွဖွသပ်ပေးရင်း ဆွေးဆွေးလေးပြောတတ်သည်။ အမေ့မျက်နှာညှိုးမှာ၊ အမေစိတ်ဆင်းရဲမှာ ကြောက်သော မာလေးက တော့ အမေ့ရင်ခွင်ထဲက ရုန်းထွက်ပြီး...

''အဲဒါဆိုလည်း မိန်းမတွေလှည့်စားတိုင်း မခံရအောင် မာလေးက ယောကျ်ားမလုပ်တော့ဘူးအမေ၊ လှည့်စားတတ်တဲ့ မိန်းမပဲလုပ်မယ်၊ မကောင်းဘူးလား အမေ''

အားရဝမ်းသာ ထပြောတာပါ။ အဲဒီတုံးက အမေဟာ ပျော်လွန်းလို့ ထင်သည်။ ရယ်တာမှ အူလှိုက်သည်းလှိုက်။ မျက်ရည် တွေထွက်ကျတဲ့အထိ ရယ်ရင်း မာလေးပါးကို ထပ်ကာထပ်ကာ နမ်းကာ....

''အေး...အေး ကောင်းတယ်''

လို့ ထောက်ခံဖူးပါသည်။ မာလေးတို့အိမ်၌ အဝတ်လာ လာလျှော်သော မစုကတော့



www.burmeseclassic.com

www.burmeseclassic.com



''ဖအေဆိုတာ သားယောက်ျားလေးတွေရဲ့ စံပြပဲ အစ်မကြီးရေ၊ အဲဒါကြောင့် ကိုဒင်ကြီးကိုပြောရတာ၊ တော် အလောင်းအစားလုပ်တာ၊ ကြက်တိုက်တာ လျှော့ပါလို့၊ တော်ကြာ သားတွေပါ အဲဒီဘက်စိတ်ယိုင်သွားရင် ခက်ခက်ရချည်ရဲ့''

ညည်းပြောပြော၏။ အမေကတော့ အဖေ့ကို အရက်လျှော့သောက်ပါဂို့ ဘယ်တော့မှမပြော။ မာလေးကလည်း အဖေ့လို အရက်ဘက် စိတ်မှမယိုင်တာ။ မာလေးက အမေ့လူ။ အမေ့သား။ အလှည့်စားမခံချင်တဲ့သူ။ မာလေးကပဲ လှည့်စားချင်တဲ့သူဆိုမှပဲ။

မာလေးရဲ့စံပြက အမေ။ ထိုအမေကပဲ မာလေးဘဝရဲ့ တဆစ်ချိုးအား ဖန်တီးပေးခဲ့ခြင်းဖြစ်လေ၏။

◆ ◆ ◆



## အခန်း (၃)

''ကျွိ''

ကားဘရိတ်အုပ်သံ။

''ဂျိမ်း''

တစ်ဆက်တည်း ကားတံခါးဖွင့်သံနှင့်ပိတ်သံ။ ပြီးတော့ ကားပေါ်ကလူနှင့် အမေ့ရဲ့အပြန်အလှန်နှုတ်ဆက်သံ။

''ဠတ်နိုက်…ကိုခေါင်၊ အိုကေ…ဆီးယူ…အိုကေ''

''ဘိုင့်…မာယာ''

''ဘိုင့်…ဘိုင်''

ဗလုံးဗထွေး နှုတ်ဆက်သံတွေကြောင့် မာလေးက ခုတင်ပေါ်မှ ခုန်ဆင်းသည်။ ခြံထဲသို့ စီးမိုးမြင်ရသော ပြတင်းပေါက်နား ပြေးသွား၏။ ပြတင်းပေါက်ဘောင်ပေါ် မေးဖျားတင်ပြီး ခြေဖျားထောက်ကာ ငေးကြည့်သည်။ သည်းထန်စွာရွာနေသော မိုးညထဲမှာ အမေပြန်လာပြီ။ အမေ့ကို လိုက်ပို့သောကားက ပေါ်တီကို



www.burmeseclassic.com

www.burmeseclassic.com



အော်ကမ္ဘ ခြံဝဆီ လျှောခနဲထွက်သွားပြီ။

"ဦးစံသော်…ခြံတံခါးပိတ်၊ ပြီးရင် ရှင်လည်းသွားအိပ်"

အမေ့အသံလေးလေးက မိုးသံကိုထွင်းဖောက်ပြီး သူ့အခန်းဆီထိ လွင့်တက်လာ၏။ မာလေးက ပြတင်းပေါက်နားကခွာပြီး အခန်းတံခါးဆီ ပြေးသည်။ တံခါးကိုဆွဲဖွင့်ကာ လှေကားထိပ်ထိ ပြေးထွက်လာ၏။ အမေ့ကိုကြိုရန်အတွက်ပါ။ အမေက အပြင်က ပြန်လာတိုင်း သူ့အတွက် စားသောက်စရာတစ်ခုခု ဝယ်လာတတ်စမြဲ။ အမေ့ပြန်ချိန်ဟာ ဆယ်နာရီနောက်ပိုင်းမို့ အိပ်ရာစောစောဝင်တတ်သော မာလေးအတွက် အမေဝယ်လာသမျှက ညဥ့်လယ်စာ။ တရေးနိုးစာ။ မာလေးရဲ့ ဝမ်းသာအားရပြေးဆင်းမဲ့ ခြေလှမ်းဟာ လှေခါးထိပ်မှာ တိခနဲရပ်သွားသည်။ ဧည့်ခန်းကို စီးမိုးမြင်နေရတာကြောင့် မြင်ကွင်းက ရှင်းသည်။

"အဖေ"

ဧည့်ခန်းအလယ် လှေကားကို ကျောပေးရက်အနေအထားနဲ့ အဖေက မားမားကြီးရပ်လို့။

"အဖေ မအိပ်သေးပါလား"

လို့တွေးရင်း မာလေးရဲ့ခြေဖျားလက်ဖျားတွေ အေးစက်လာသည်။ အမေ့ပြန်ချိန်ကို တကူးတက စောင့်နေပုံကြောင့် အဖေနဲ့အမေက ရန်ဖြစ်တော့မည်။ ဒါ သေချာပါသည်။ မာလေးအတွေး မဆုံးခင်ဘဲ အမေက ဧည့်ခန်းထဲဝင်လာကာ…

"ရှင်…အရက်ဆာလို့နိုးလာတာလား"





"ဒီအချိန်က မိန်းမကောင်းတွေပြန်ချိန်မဟုတ်ဘူး မာယာရင့်"

အမေက နှုတ်ခမ်းကို တွန့်ခနဲကွေးကျရင်း ပြုံးသည်။ အမေ့မျက်ဝန်းတွေက ရီဝေဝေနှင့်။ မာလေးအတွက် အမေ့ပုံစံဟာ မဆန်းတော့ပေမဲ့ အဖေနှင့်အမေရန်ဖြစ်မှာကိုတော့ သူကြောက်ပါသည်။ အမေက ဒေါသဖြစ်လာလျှင် ပစ္စည်းတွေ ရိုက်ခွဲပစ်ပေါက်တတ်သေး၏။ အသည်းငယ်တယ်ပဲဆိုဆို ကွဲရှသောအသံတွေ၊ ဝုန်းဝုန်းဒိုင်းဒိုင်းအသံတွေကို မာလေး မခံစားနိုင်။ နေ့ခင်းဘက်ဆို အိမ်ရဲ့မီးဖိုချောင်ကို တာဝန်ယူရသော ကြီးကြီးထွေး ရှိသေးသည်။ မာလေး ကြောက်တတ်မှန်းသိ၍ ကြီးကြီးထွေး ရင်ခွင်က မာလေးရဲ့ ခိုလှုံရာ။ အခုတော့ ကြီးကြီးထွေးက ခြံနောက်ဘက်တန်းလျားမှာ။ မိုးသံကြောင့် ရန်ဖြစ်သံတွေလည်း ကြားရမှာမဟုတ်။ အဖေနဲ့အမေကလည်း စစ်ခင်းရန်အစပျိုးနေပြီ။ မာလေးက လှေကားထိပ်၌ရှိသော အခန်းလွတ်ထဲ လှစ်ခနဲပြေးဝင်ကာ နံရံကိုကွယ်ပြီး ချောင်းကြည့်တာ အောက်ထပ်ဆီ။ တဆတ်ဆတ်တုန်နေသော ဒူးတွေက ခွေညွတ်ကျရန် အသင့်ပြင်ထားသည့်နှယ်။

"မိန်းမကောင်းမဟုတ်လည်း ရှင် ကျွန်မကိုမပေါင်းနဲ့ ဦးစည်သူ၊ ကွာလိုက်၊ ဟင်း…ဟင်း ရှင့်ကြောင့် ကျွန်မကို လက်ထပ်ချင်ရက်နဲ့ နောက်ဆုတ်နေရတဲ့သူတွေ အများကြီး"

"အမာ…မင်း"

ဦးစည်သူက သူ့မနှာ ဒယိမ်းဒယိုင်နဲ့ ကပ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အမာက လက်ပိုက်ပြီး စေ့စေ့ရပ်ကြည့်နေလိုက်၏။ နှစ်ရှည်လများ အရက်စွဲနေတဲ့လူကို အမာ ကြောက်စရာမလို။ ပိန်လှီနေတဲ့ခန္ဓာကိုယ်မှာ အရက်တန်ခိုးကြောင့် စူထွက်နေသော ဗိုက်ပူပူကြီးသာ လန့်စရာရှိ၏။ ဒီခန္ဓာကိုယ်ဟာ အမာအားမထည့်ဘဲ တွန်းရုံနဲ့ ယိုင်လဲကျသွားနိုင်သည်။

“မင်း...သားမျက်နှာထောက်ဦး အမာ၊ မင်းနဲ့သာခေါင် သတင်းက ရပ်ကွက်ထဲပျံ့နေပြီကွ၊ မင်းသိရဲ့လား”

“ပျံ့ပလေ့စေ၊ ဂရုမစိုက်ဘူး၊ သားမျက်နှာထောက်လို့လည်း ရှင့်လိုအသုံးမကျတဲ့ယောကျ်ားကို ဒီနေ့အထိ ပေါင်းနေတာ၊ ရှင့်ထက်မသာရင် နောက်လင်မယူဘူး၊ နောက်လင်ယူတဲ့နေ့ဟာ ရှင့်ထက်သာတဲ့လူတွေ့သွားလို့ပဲ မှတ်ထား”

ပြောပြီး ရှေ့ဒွိပိတ်ရပ်ထားသော ဦးစည်သူအား တွန်းတိုက်ကာ အပေါ်ထပ်ဆီတက်ရန် ခြေလှမ်းပြင်သည်။ တွန်းသောအရှိန်ဖြင့် ဦးစည်သူက ဆိုဖာပေါ်ပစ်ကျသွားပြီးမှ ကမန်းကတန်းပြန်ထကာ...

“အမာ...မင်းပြောတာတကယ်လား၊ မင်းနဲ့သာခေါင်က”

“ရှင့်ပါးစပ်ပိတ်တော့ ဦးစည်သူ၊ ကျွန်မနားချင်ပြီ”

မာယာရင့်က လှေကားကိုစတက်သည်။ အိမ်ပြန်လာတာနှင့် ဒင်းကို တန်းတွေ့ရတာကိုက အမောမပြေတော့။ မူးမူးရူးရူးနှင့် ထင်ရာစွပ်စွဲသမျှလည်း မဖြေရှင်းချင်။ စိတ်ရှုပ်စရာကောင်းသော





ဒီယောကျ်ားကို မာယာရင့်က စိတ်ကုန်နေပြီဖြစ်သည်။

“ခဏ...ခဏနေပါဦး အမာရယ်”

“ဖယ်...လွှတ်စမ်း၊ ချဉ်စုပ်နံဟောင်နေတဲ့ အနံ့တွေနဲ့ ရှင် အနားမကပ်နဲ့”

“ငါ့ကိုပစ်ပြီး မင်းနောက်ယောကျ်ားမယူရဘူးအမာ၊ ငါ အဲဒါဆို မင်းကိုသတ်မှာနော်၊ ဒီလှေကားပေါ်က ဆွဲချပြီး”

“ဟာ...နားညည်းတယ် လွှတ်စမ်း”

အမာက အော်လည်းအော် လှေကားလက်ရန်းကို လက်တစ်ဖက်ကကိုင်ရင်း သူ့မလက်ကို ဆွဲရုန်းပစ်လိုက်သည်။ အားပါတဲ့သူမရဲ့ ရုန်းကန်မှုကြောင့် ဦးစည်သူလက်က လွှတ်ထွက်သွားပေမဲ့ ဦးစည်သူကတော့ သူ့အရှိန်ကို သူမထိန်းနိုင်။ အထိန်းအကွပ်မဲ့ရသည့်ကြားထဲ အရက်ရှိန်ကြောင့်...

“ဝုန်း”

ခနဲအသံကြီးနဲ့အတူ လှေကားမှ နောက်ပြန်ဒလိမ့်ခေါက်ကွေးကြီး ပြုတ်ကျသွားတာဖြစ်သည်။ လှေကားခြေရင်း ကြွေပြားခင်းပေါ် စန့်စန့်ကြီး။ ရုတ်တရက် ခေါင်းအနောက်က စိမ့်ထွက်လာတဲ့သွေးတို့ကြောင့် မာယာရင့်က တအံ့တသြကြီး ငေးနေမိသည်။ ထင်မှတ်မထားသောဖြစ်ရပ်ကြောင့် တဒင်္ဂအတွင်း လူကကြောင်အသွားစဉ်...

“အမေ”

ခေါ်သံသဲ့သဲ့ကြောင့် လှေကားထိပ်ကို ချာခနဲလှည့်



www.burmeseclassic.com

www.burmeseclassic.com



အကြည့်

''ဟင်...မာလေး သား''

ပါးပြင်ပေါ် မျက်ရည်တွေစီးကျပြီး မျက်နှာသေလေးနဲ့ ငေးနေတဲ့သား။ မာယာရင့် တခြားဘာမှမစဉ်းစားနိုင်။ သားဆီ ပြေးတက်ကာ သားကို ရင်ခွင်ထဲဆွဲသွင်းရင်း...

''မကြောက်နဲ့သား၊ အဖေ ဘာမှမဖြစ်ဘူးနော်၊ မကြောက်နဲ့၊ အမေရှိတယ်လေ၊ သား...သား မာလေး''

မျက်လုံးကြီးအဝိုင်းသား၊ မျက်ရည်ကတော့ ရပ်တန့်ခြင်းမရှိ တွေတွေကြီးစီးကျရက်သားနှင့်။ သူမဖက်ထားတာတောင် ရင်ခွင်ထဲ တောင့်တောင့်ကြီး ရပ်နေတဲ့သားကြောင့် မာယာရင့်က အခုမှ တုန်လှုပ်သွားတာ။ ဦးစည်သူ ဘာပဲဖြစ်သွားပါစေ သူမ ခံနိုင်ရည်ရှိသည်။ ဒီသားလေးတစ်ခုခုဖြစ်သွားမှာကိုတော့ သူမ စိုးရိမ်လှ၏။ မာလေးက သူမရဲ့အသက်။ သူမရဲ့ နှလုံးသည်းပွတ်။

''သား...မာလေး၊ သား...သားလေး''

မေးဖျားကို အတင်းဆွဲခါပြီး ခေါ်တော့မှ သားဟာ မျက်တောင်တစ်ချက်နှစ်ချက် ခတ်လိုက်ပြီး...

''အမေ''

''အမေရှိတယ် သား၊ မကြောက်နဲ့၊ သားအဖေ ဘာမှမဖြစ်ဘူး၊ ချော်လဲသွားတာ၊ နော် သားနော်''

''ဟင့်အင်း...ဟင့်အင်း အမေ''

သားဟာ အခုမှ ငိုကြီးချက်မနှင့် သူမရင်ခွင်ထဲတိုးဝင်။





ပြီးတော့ ကလေးလက်မမို့တမို့လေးတွေနဲ့ သူမကျောပြင်ကို သိမ်းဖက်ရင်း...

''အဖေ သွေးတွေထွက်ပြီးသေသွားရင် အမေ့ကို အဟင့် ဟင့် ရဲတွေဖမ်းမှာ၊ သား အမေနဲ့မခွဲဘူး၊ အမေနဲ့နေမှာ၊ ရဲတွေနဲ့ မလိုက်နဲ့၊ နော် အမေ''

သားရဲ့ ငိုရှိုက်ပြီးပြောတဲ့အသံ။ မာယာရင့်ရင်ထဲ စူးအောင့်သွားသည်။ အရာရာ၌ ရဲရင့်ခဲ့သော သူမ။ မျက်ရည်မလွယ်သော သူမဟာ သားစကားကြောင့် မျက်ရည်ဖြိုင်ဖြိုင်ကျရပြီ။ မာယာရင့်ဟာ သားလေးကို ကျစ်ကျစ်ပါအောင် ရင်ခွင်ထဲ ဆွဲဖက်ထားရင်း

''အမေက လိုက်စရာမလိုဘူးသားရဲ့၊ သားအဖေက အရက်အမူးလွန်ပြီး လိမ့်ကျသွားတာလေ''

''ဟုတ်လား အမေ''

မျက်ဝန်းထဲ မျက်ရည်တွေအပြည့်။ ပါးပြင်ပေါ်လည်း မျက်ရည်စီးကြောင်းတွေနှင့် မာလေးက သူမကို မော့ငေးရင်းမေးသည်။ မျှော်လင့်ခြင်းနှင့် လက်နေသော သားမျက်ဝန်းတွေကို မာယာရင့်က အပြုံးနှင့် ခေါင်းညိတ်ရင်း...

''ဒဏ်ရာရသွားတာလည်း ဖြစ်ချင်ဖြစ်မှာပါ''

မဖြစ်နိုင်မှန်းသိရက်နှင့် ပြောထွက်သော ကိုယ့်ပါးစပ်ကိုယ် အံ့သြမိသည်။ မာလေးကတော့ သူမရင်ခွင်ထဲ ပေါက်ထွက်တော့မတတ် တိုးဝင်ကာ တအင့်အင့်ရှိုက်ရင်းကကို...

''အမေနဲ့မခွဲရရင် ပြီးရော''



www.burmeseclassic.com

www.burmeseclassic.com



တဲ့လေ။ မာယာရင့်က သားတျောလေးကိုပွတ်သပ်ရင်း

''မခွဲရပါဘူးသားရယ်၊ ဘယ်သူမေးမေး အဖေ အမူးလွန်ပြီး လှေကားပေါ်က ပြုတ်ကျတယ်ဆိုပြီးတာပဲ''

''မာလေး အဲဒီလိုပဲပြောမှာ''

တကယ်လည်း အဖေ ဒယိမ်းဒယိုင်နှင့် ကျသွားတာ မာလေး မြင်သားပဲ။ သွေးအိုင်ထဲ အဖေလဲနေတာမြင်၍ သနားမိပေမယ့် မာလေး ဝမ်းတော့မနည်းပေ။ အမေသာ မာလေးအနားရှိရင် ပြည့်စုံပြီ။ မာလေးရဲ့ဘဝအစကတည်းက အဖေက အရေးကြီးသော ကဏ္ဍမှာ ပါဝင်ခဲ့တာမှမဟုတ်တာ။ မှတ်မိသလောက်ပြောရရင် မာလေးကို ချီပွေ့ဖို့မပြောနှင့် လှချင်းနီးနီးကပ်ထိုင်ပြီး စကားတောင် ချိုချိုသာသာမပြောခဲ့ဖူးပေ။ အဖေ့မျက်စိအောက် မတော်တဆ ရောက်သွားရင်တောင်...

''ငါ့ရှေ့ကို ကန့်ကလန့်မလာနဲ့ ယောကောင်''

ဆိုတာမျိုး။

''လာငိုမနေနဲ့၊ ငါ ခွက်နဲ့ပေါက်ထည့်လိုက်ရ''

''မင်းယောက်ျားမဟုတ်ဘူးလား၊ အခုငိုသံကို တိတ်''

ဆိုပြီး အသံပြဲကြီးနဲ့ အော်တတ်တာမျိုးကြောင့် မာလေးအတွက် အဖေဟာ ချစ်ချင်စရာမကောင်းခဲ့။ အဖေရှိနေလျှင် မာလေး အဆူအဟောက်ခံရမည်။ အဖေမရှိတော့လျှင် မာလေးအတွက် လွတ်လပ်သွားမည်။ ထို့ကြောင့် မာလေး ဝမ်းမနည်းတာ အဆန်းမဟုတ်။ အဓိကက မာလေးအနားမှာ အမေမရှိမှာကိုသာ





အကြောက်ဆုံး။

''မာလေး''

''ဗျာ...အမေ''

''အမေ့မှန်တင်ခုံအံဆွဲထဲက ပီကေတစ်တောင့် သွားယူ''

''ဟုတ်''

''ဦးစံဘော်...ဦးစံဘော်''

ဆိုပြီး အသံကုန်အော်တာပင်။

''ဗျာ...မမာ''

''မဗျာနဲ့၊ လာခဲ့၊ ဒီမှာ ရှင်တို့ဆရာ လှေကားပေါ်ကပြုတ်ကျလို့''

အမေ့အော်သံကြောင့် အလုပ်သမားတန်းလျားက လူတွေပါ နိုးလာကြပြီး တခဏချင်း အိမ်ကြီးပေါ်ရောက်လာကြ၏။

''ဆရာဝန်ကိုပင့် ဦးစံဘော်၊ ဦးစည်သူ ဦးစည်သူ ခေါ်လို့မရတော့ဘူး၊ မြန်မြန်ဦးစံဘော်၊ ဒီမှာစိုးရိမ်ရတယ်ရှင့်''

အမေ့ပုံစံဟာ တကယ့်ကို အဖေ့အတွက် စိုးရိမ်နေသလို။ မျက်ရည်တွေလည်း စီးကျလို့။ အဖေ့ရင်ဘတ်နား နားနဲ့ကပ်နား ထောင်လိုက်၊ အဖေ့ကို လှုပ်ခေါ်လိုက်နှင့် အရူးမီးဝိုင်းဖြစ်နေတဲ့ အတိုင်း။ မာလေးတောင် အမေ့ကိုကြည့်ပြီး သနားလာရတဲ့အထိ။ မကြာမီ ဆရာဝန်ရောက်လာကာ လိုအပ်တဲ့စစ်ဆေးမှုတွေ လုပ်ပြီးမှ အမေ့ကို ခေါင်းယမ်းပြရင်း...

''စိတ်ကိုဖြေပါ မမာယာ၊ ခင်ဗျားခင်ပွန်း အသက်မရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး၊ လှေကားကနောက်ပြန်ကျတော့ နောက်စေ့ကြေမွပြီး''

''ရှင်…ဦးစည်သူ''

အမေဟာ မယုံနိုင်သလို မျက်လုံးကြီးပြူးပြီး အဖေ့ကို တစ်လှည့် ဆရာဝန်ကိုတစ်လှည့်စီ ငေးကြည့်ရင်း ပျော့ခွေကာ တအိအိပြိုလဲကျသွားတော့သည်။ မာလေးဟာ စိုးရိမ်တကြီးနှင့်

''အမေ''

ဟု အော်ငိုတာအကျယ်ကြီး။ ထိုညက အိမ်ရှိလူကုန် အမေ့အား ပြုစုသူ။ မာလေးအား ချော့မော့သူတွေနှင့် ရှုပ်ယှက်ကိုခတ်လို့။ မကြာပါ။ အမေပြန်သတိရလာတော့ မာလေးအား ဖက်ငိုရင်း…

''သားအဖေမရှိတော့ဘူး မာလေးရဲ့၊ သူကြိုက်တဲ့အရက်က သူ့ကိုပြန်သတ်သွားပြီ၊ အရက်ရော အမေတို့သားအမိပါ ထားခဲ့ပြီး ထွက်သွားပြီ သားရဲ့''

ဟု ပြောလည်းပြော ငိုလည်းငိုရင်း အမေ့မျက်ဝန်းတွေ တစ်ချက်တစ်ချက် ပြူးသွားတတ်တာ မာလေး ရိပ်မိနေသည်။ ဒါဟာ အမေပြောတဲ့ လှည့်စားမှုတွေလားလို့ မာလေးကတွေးရင်း အပြူးမျက်လုံးနဲ့ အငိုနှုတ်ခမ်းပိုင်ရှင် အမေ့အား ငေးရင်း…

မာလေးရင်ထဲမှာ အမေ့အား တိတ်တိတ်လေး အတုခိုးနေမိတာများ ဘယ်သူသိတာမှတ်လို့။

◆ ◆ ◆



## အခန်း (၄)

''အားနာလိုက်တာ ညီမကြီးရယ်၊ ကျွန်မတို့က ဟိုဘက်ခြံကို ပြောင်းလာတဲ့လူသစ်တွေပါ၊ တိုက်တိုက်ဆိုင်ဆိုင် အိမ်တက်အလှူနဲ့ ဒီကရက်လည်နေ့က လာတူနေတော့လေ''

ရှိုးပုံရိုးပန်းနှင့် သူမနှင့် ရွယ်တူလောက်ရှိမည့် အမျိုးသမီး။ နဖူးပေါ်က ဆံပင်တွေကို အပြောင်သိမ်းကာ နောက်တွဲဆံထုံးထုံးထားသည်။ ဖြူဝင်းသော မျက်နှာပေါ် သနပ်ခါးမှုန်မှုန်တင်ထား၏။ ရင်စေ့လက်စကအင်္ကျီနှင့် ထဘီက အပွင့်ကျဲကျဲပါတိတ်ဝမ်းဆက်။ လက်ဝတ်လက်စားကျတော့လည်း ထူးပြီးမဆန်းပြားချေ။ ငါးမူးသားဘတ်ကြိုးရှည်ရှည်ကို အင်္ကျီထဲ ထည့်ဆွဲထားကာ ပတ္တမြားလက်ကောက်နှစ်ရံနှင့် တကယ့်အဘွားကြီးဒီဇိုင်း။ မာယာရင့်က နှာခေါင်းမရှုံ့မိအောင် မနည်းသတိထားနေရသည်။ ဒါကြီးလား နိုင်ငံခြားသဆောပေါ် ကပွဲတိန်ရာထူးထမ်းဆောင်နေတဲ့သူ့ရဲ့ မိန်းမဆိုတာ။ ဟွန်း ပြောပြရင်တောင် ယုံချင်စရာမရှိ။ မာယာရင့်ဖို့နဲ့တော့ အပုံကြီးကွာသည်။ ဒီကယောက်ျားသေထားတဲ့ မုဆိုးမပုပု



www.burmeseclassic.com

www.burmeseclassic.com


နွေးနွေးမို့ နှုတ်ခမ်းနီမဆိုးကောင်းလို့သာ ရှိရမည်။ မျက်နှာပြောင်နှင့်မနေ။ ခပ်မှုန်မှုန်နှင့် သိပ်သည်းသောမိတ်ကပ်ကို မိုးလင်းကတည်းက လိမ်းခြယ်ထားပြီးသား။ ကျောလယ်လောက်ရှိတဲ့ အကြေကောက်ဆံပင်အား ညှပ်ကလစ်အကြီးစားနှင့် ခေါက်သိမ်းထားတာကပိုကရိုပေမဲ့ နုပျိုမှုကို အထင်းသားပေါ်လွင်စေတာမျိုး။ ကိုယ်ဝတ်ထားတဲ့ ကြိုးမျှင်မျှင်လေးနဲ့ စိန်လော့ကတ်ဟာ သူမကြိုးလောက်တော့ မခန့်ထည်။ ဒါပေမယ့် ခေတ်နှင့်လျော်ညီစွာ လိုက်ဖက်နေရမည်။ မာယာရင့်က အကြည့်တစ်ချက်ဝေ့ပြီး အကဲခတ်ပြီးမှ နှုတ်ခမ်းဖျားပေါ် အချိုဆုံးအပြုံးကိုတင်ပြီး...

"အားနာစရာမလိုပါဘူး၊ ရက်လည်နေ့ကျတော့ ဒီမှာအရင်လာစားလေ၊ ပြီးတော့မှ ဒီကအစ်မတို့အိမ်ဘက် ကူးလာမှာပေါ့၊ ကိုယ့်အပူနဲ့ကိုယ်ဆိုတော့ ဘေးခြံကို လူသစ်တွေပြောင်းလာတာတောင် သတိမထားမိတဲ့အထိ၊ မနေ့က ရက်လည်ဖိတ်စာဝေတဲ့ ကလေးတွေ ပြန်ပြောမှ လူသစ်တွေရောက်နေတယ်ဆိုတာသိတာ"

"အမေတော့ ဟန်ဆောင်နေပြီ"လို့ ကြမ္မာက တွေးရင်းစကားပြောနေရာသို့ လှမ်းကြည့်သည်။

"အမေတို့ဘေးခြံကို ပြောင်းလာတဲ့လူသစ်တွေကသိပ်ချမ်းသာတာတဲ့သား၊ သားနဲ့ရွယ်တူ ကလေးမလေးလည်းပါမတဲ့၊ အဲဒီအိမ်ကယောကျ်ားက သင်္ဘောကပ္ပတိန်တဲ့၊ တစ်လတစ်လ လစာက ဒေါ်လာနဲ့ရတာဆိုပဲ၊ သင်္ဘောသားဆိုတာ မိသားစုနဲ့ ခွဲနေရတော့ သင်္ဘောကမ်းကပ်တဲ့အခါ စိတ်အပန်းဖြေရာ သိပ်ရှာ





တတ်တာမျိုးလေ၊ လူရှုပ်ကလေးတွေပေါ့ သားရယ်"

တဲ့လေ။ ဟိုဘက်ခြံကို ခန်းဆီးအကွယ်က သူတို့သားအမိရပ်ကြည့်ရင်း အမေပြောခဲ့တာပါ။ အခု အမေက ဟိုမိန်းမကြီးကိုပြောင်းလာတာမသိဘူးတဲ့။ ပြောသောစကားနှင့် မျက်နှာအမူအရာတစ်ထပ်တည်းကျအောင် ထိန်းထားနိုင်သော အမေ့အား မာလေးက အံ့သြစွာငေးရင်း "အမေတော်လိုက်တာ"လို့ ချီးကျူးရတဲ့အထိ။ အမေ ပြောဖူးသည်လေ။ ဟန်ဆောင်ခြင်းဆိုတာလည်းအတတ်ပညာတစ်ခုပါတဲ့။

"ပညာတတ်တွေဟာ ဟန်ဆောင်ကောင်းကြတယ်မာလေးရဲ့၊ လူ့လောကကြီးထဲဝင်ပြီး လူတွေနဲ့ပေါင်းသင်းဆက်ဆံတော့မယ်ဆိုရင် အဓိက အရေးအကြီးဆုံးအချက်ဟာ ဟန်ဆောင်တတ်ဖို့ပဲ၊ ရင်ထဲကဆန္ဒကို မျက်နှာပေါ် အရိပ်မထင်အောင် ထိန်းနိုင်တဲ့သူဟာ လောကစစ်ပွဲကို အနိုင်ရတဲ့သူတွေပဲ"

အမေ့စကားကို လုံးစေ့ပတ်စေ့တော့ မာလေး နားမလည်။ ဒါပေမဲ့ အမေ့အပြုအမူတွေကိုတော့ မာလေး ရိပ်မိနေခဲ့ပြီ။ ထိုအခိုက်အမေတို့အား ငေးနေသော မာလေးမြင်ကွင်းထဲသို့ ဂါဝန်အနီရဲရဲနှင့်မိန်းကလေးတစ်ယောက် ဝင်ရောက်လာပြီ။

"မေမေ...ရှန့် လိုက်ဖမ်းတဲ့လိပ်ပြာကို မမိဘူး"

"ဩော်...မိတ်ဆက်ပေးရမယ် ညီမရေ၊ အစ်မကသက်ထားမှန်တဲ့၊ ဒီက တစ်ဦးတည်းသောသမီး မှန်ရှန့်ပဲ့"

"ကျွန်မက မာယာရင့်ပါ၊ ဟိုးမှာထိုင်နေတာ သားလေးကြမ္မာရင့်တဲ့"


www.burmeseclassic.com

www.burmeseclassic.com



အမေ့ညွှန်ပြသော သူ့ထံ သားအမိနှစ်ယောက်ရဲ့ မျက်ဝန်းတွေက တစ်ပြိုင်တည်းရောက်လာကြသည်။ ခေါ်သက်ထားမှန်ဆိုသော မိန်းမကြီး၏ ကြမ္မာအား ရင်းနှီးစွာပြုံးပြရင်း . . .

"သား၏ ညီမနဲ့တူတယ်နော်၊ ဖြူဖြူသွယ်သွယ်လေး"

"ဟုတ်တယ်၊ မာလေးက ပုံစံရောစိတ်ဓာတ်ရော အမေနဲ့တစ်ထပ်တည်းပဲ"

"ရန့်ကတော့ အမေနဲ့မတူဘူး အန်တီ၊ ဒက်ဒီနဲ့တူတာ"

လူကြီးစကားဝိုင်းထဲ ပက်ခနဲဝင်ပြောပြီးနောက် ဂါဝန်ကိုလက်နှစ်ဖက်နှင့် ရှူရှူလေးမကာ မာလေးထံ လျှောက်လာ၏။ မာလေးကတော့ စတွေ့ကတည်းက ညစ်ကျယ်ကျယ်မျက်နှာပေးနဲ့ ထိုကောင်မလေးအား တစ်စက်ကလေးမှ ကြည့်မရပေ။ ထို့ကြောင့် မျက်နှာကို ရှုပ်ပုပ်ပုပ်လုပ်ထားမိပြီ။ အမေနှစ်ယောက်ကတော့ အလှူကိစ္စ၊ ကျောင်းကိစ္စတွေနှင့် စကားဝိုင်းကို ဆက်လက်တည်ဆောက်နေချိန် ထိုကောင်မလေးကတော့ မာလေးနားရောက်လာကာ . . .

"ဟဲ့ . . . နင်တို့ခြံထဲကလိပ်ပြာတွေ အများကြီးနော်၊ ငါ့ကိုတစ်ကောင်ဖမ်းပေး"

မာလေးက ဘာမှမပြော။ ကစ်ဖက်ကို ဆတ်ခနဲပြောင်းထိုင်သည်။

"အံမာ . . . ကြီးကျယ်လို့"

ပြောပြီး မာလေးရှေ့တည့်တည့်လာထိုင်ကာ . . .

"ကိုယ့်အိမ်ကို ဧည့်သည်လာရင် ယဉ်ယဉ်ကျေးကျေးဆက်ဆံရမယ်ဆိုတာ နင်မသိဘူးလား"





"နင်က ငါ့ဧည့်သည်မဟုတ်ဘူး"

မာလေးက တမင်တကာ အသံကို တိုပြတ်ပြတ်လုပ်ပြောပေမဲ့ မှန်ရန့်ကတော့ အံ့သြတဲ့ရုပ်ကြီးနဲ့ မျက်လုံးပြူးရင်ဘတ်ဖိပြီး

"ဟဲ့ . . . နင်ကယောက်ျားလေး မဟုတ်ဘူးလား"

"ဟုတ်တယ်လေ"

"နင့်အသံက မိန်းမသံကြီးလိုပဲ၊ အဟီ ချွဲပျစ်ပျစ်နဲ့"

မာလေးက ပြောင်စပ်စပ်နှင့် လှောင်ပြောင်ချင်နေသော သူမကို ခပ်တင်းတင်းကြည့်ရင်း . . .

"ဘာဖြစ်လဲ၊ အဲဒါ"

ဆိုပြီး မျက်စောင်းပါ ထိုးချပစ်သည်။ ဒါကိုပဲ မှန်ရန့်က တခစ်ခစ်နှင့်ရယ်ရင်း . . .

"မျက်စောင်းပါထိုးတတ်တယ် မေမေရေ၊ ဒီမှာ ဒီကောင်လေးက ယောက်ျားလေးမဟုတ်ဘူး၊ မိန်းကလေး၊ မိန်းကလေး"

လို့ အော်ပြောတော့သည်။ သူမအမေကတော့ အားတုံ့အားနာနှင့် . . .

"ဟဲ့ . . . ရန့် ဒီကလေးမဟာ ဘာတွေပြောမှန်းကို မသိဘူး"

သမီးဖြစ်သူကိုလည်းဟန့်၊ အမေ့ကိုလည်း အားနာစွာပြုံးပြရင်းက . . .

"အဲဒီလိုပဲ ညီမရယ်၊ သူ့ထင်ရာဆို စွတ်ပြောတော့တာ၊ ငယ်ကတည်းက ဖအေကလည်း အနားမရှိတော့ ကြီးတော်နဲ့မအေ



www.burmeseclassic.com

www.burmeseclassic.com



က အံရမ်းအလိုလိုက်ထားမိတော့ သင်းကသိပ်ဆိုးတာ''

''ရပါတယ် မသက်ထားရယ်၊ ကလေးဆိုတာ ဟန်မှ မဆောင်တတ်တာ၊ သားက သူ့ဖအေရှိကတည်းက မအေနားပဲကပ်တာ၊ ဖအေနဲ့မတည့်ဘူး၊ မအေသွေးအပြည့်ပါနေတာမျိုးပေါ့၊ ကျွန်မကလည်း ကိုယ့်သားလေး ကိုယ့်နားရှိနေတာကိုပဲ ကြံဖန်ပြီး ဂုဏ်ယူနေရတာ''

အမေ့ရဲ့စကားကြောင့် မာလေးဟာ ရင်ကော့ပြီး မှုန်ရှုန်ကို ခပ်တင်းတင်းလေးတောင် စိုက်ကြည့်မိတဲ့အထိ။ ဒါတောင် မချောက မလျှော့ပေ။ တစ်ဖက်လှည့်ကာ ရှုပ္ပမှုနင့်…

''ဟွန်း…သူက ခြောက်နေတာကိုး''

တဲ့လေ။ မာလေးကလည်း အားကျမခံဘဲ…

''ခြောက်အောင်လုပ်ရတာ မလွယ်ဘူး၊ စိုချင်ရင်တော့ လွယ်တယ်၊ ရေလောင်းချရုံပဲ''

လို့ ခပ်တည်တည် ပြန်ပြောမိပါသည်။ စတင်ဆုံတွေ့ကတည်းက မပြေလည်ခြင်းများစွာနှင့်မို့ အကြည့်ချင်းဆုံမိရင်တောင် ရန်လိုမျက်စောင်းတွေကိုယ်စီနဲ့။ သေချာတာကတော့ ယနေ့မှ နောင်နှစ်ပေါင်းများစွာတိုင်အောင် မာလေးကတော့ အလံဖြူမပြ၊ ငြိမ်းချမ်းရေးလည်း မယူလိုပါ။ သူမဘက်ကလည်း သူနှင့်ထပ်တူရှိခဲ့မည်ဆိုလျှင် ရှေ့ဆက်ရမည့် အကြောင်းတရားများစွာတို့သည်။

◆ ◆ ◆



## အခန်း (၃)

''မာလေးရေ''

''လာပြီ''

အိမ်ရှေ့က ကြုံးအော်နေသော ရန့်ကြောင့် မာလေးကလည်း ပြန်အော်သည်။ ထို့နောက် နောက်ဆုံးအကြိမ်အဖြစ် ပုဆိုးကို ချပ်ကပ်နေအောင် ပြန်ပြင်ဝတ်သည်။ ကုပ်ထောက်စပြုနေတဲ့ ဆံပင်ကို ဂျယ်(လ်)အစွမ်းနဲ့ ကပ်နေအောင်ဖြီး၍ ပြန်ကုပ်သွင်းထား၏။ လွယ်အိတ်ကို ပခုံးတစ်ဖက်မှာချိတ်ပြီးသောအခါ မာလေးရဲ့ ပြင်ဆင်မှု ပြီးဆုံးသွားပြီ။ အောက်ထပ်ကို ဆင်းလာတော့ ညှိခန်းဆိုဖာ၌ ခြေချိတ်ပြီး ရှုပုပ်ပုပ်ထိုင်နေသော ရန့်။

''သွားမယ်လေ''

မာလေးက စခေါ်ပြီး မစောင့်ဘဲ ရှေ့ကအရင်ထွက်သည်။ နောက်ကနေ အမီပြေးလိုက်တဲ့ ရန့်က ခြံဝရောက်တော့ သူ့ကိုကျော်တက်သွားပြီးမှ ရှေ့ကပိတ်ရပ်နေသည်။ ရန့်က ဟန်ပါပါပင်



www.burmeseclassic.com

www.burmeseclassic.com



ခါးတစ်ဖက်ပင်ထောက်ပြီးမှ မာလေးအား ထက်အောက်စုန်ချည် ဆန်ချည်ကြည့်ရင်း…

''အဟင်း…ဟင်း ရယ်ရတယ်သိလား မာလေး၊ နင့်ဟာ နင် အချိန်ဘယ်လောက်ယူပြီး အလှတွေပြင်ပြင် ငါ့ကိုမမီဘူးဆိုတာ သိရဲ့လား''

''ရှေ့ကဖယ်၊ ကျောင်းနောက်ကျလိမ့်မယ်''

''ဟာ…ဟ နောက်ကျမှဝင်တော့ နင်နဲ့ငါ ဘယ်သူပိုလှလဲဆိုတာ ကျောင်းကကောင်တွေပိုသိမှာ''

စကားနဲ့ပြောရုံဖြင့် အားရပုံမပေါ် မာလေးပါးပေါ် ပုံစံချ ကွက်ထားသော သစ်ရွက်ပုံ ပါးကွက်ကျားကို လက်နဲ့လှမ်းတို့ သည်။ လိမ်းကာစမို့ မခြောက်တခြောက် သနပ်ခါးပျက်မှာစိုးသဖြင့် မာလေးက ခေါင်းငုံ့ရှောင်ရင်း…

''ငါစိတ်တိုလာပြီနော် ရန့်၊ ဖယ်ဟာ''

''ဖယ်မှာပါ၊ ဒါပေမဲ့ သိအောင်ပြောပြရဦးမှာ၊ နင် ငါနဲ့ ပြိုင်ပြီး ဘယ်လိုအလှပြင်ပြင် အဟင်း နင့်မှာ ဒီလိုလှုပ်လျှောက်လို့ မရဘူး သဘောပေါက်''

ခြေလှမ်းကို မျဉ်းဖြောင့်တစ်ကြောင်းပေါ်ကျအောင် လျှောက်ပြသောအခါ သေးကျဉ်းသော ခါးအောက်က တင်သား ဝိုင်းဝိုင်းဟာ ယိမ်းနွဲ့ခါယမ်းသွားသည်။ မာလေးက ကျစ်ခနဲစုတ် သပ်ပြီး အကြည့်လွှဲကာ ရန့်ကိုကျော်တက်ပစ်သည်။ သူနှင့်ကိုယ် ပြိုင်ရင်မနိုင်ဘူးဆိုတာ သိသားပဲ။ သဘာဝချင်းမှမတူတာ။ မာလေး





က အမေ့လို လှပချင်ရုံ။ မာယာများချင်ရုံသက်သက်သာ ရှိသည်။ ရန့်ကို နိုင်းရမည်ဟု ဘယ်တော့မှ စိတ်ထဲမထား။ ဒါပေမဲ့ ကျောက် စိုင်ကျောက်သားတောင် တိုက်စားပါများရင် ယိမ်းယိုင်လာတတ်ကြ သေးတာပဲ။ စိတ်ထဲမရှိသည့်အရာကို မကြာခဏ ရှုံးပါသည်လို့ စွပ်စွဲလာတော့လည်း မာလေးက မခံချင်။ ထို့ကြောင့် ရန့်နှင့် ကင်းရှင်းစွာနေနိုင်ရန် ကြိုးစားသည်။ ဒါပေမဲ့ ပြောချင်တိုင်းပြော ပြီး အမှတ်မရှိသူလို လာရောနေတာက ရန့်ပင်ဖြစ်လေတော့ တစ်ခါ တလေ တွေးမိသား။ ရန့်ကပဲ ရှုံးနေသလား။ သူ့ကိုပဲ ရန့်က အရှုံးလိုသဘောထားနေသလား မာလေး ဉာဏ်မမီတော့။

''ဟယ်…မာလေးနဲ့ရန့်''

နောက်ကခေါ်သံကြား၍ လှည့်ကြည့်တော့…

''အမေ''

''သြော်…အန်တီမာယာ''

ရန့်အသံက မလိုလားခြင်းများစွာ။ ပြီးတော့ လှပစွာပြင် ဆင်ထားတဲ့ မာယာရင့်တစ်ကိုယ်လုံးအား ဝေ့ခနဲ သိမ်းကျုံးကြည့်ပြီး မှ…

''ဒါ…ဘယ်လဲ အန်တီမာယာ''

''ရန့်တို့အိမ်ကိုလေ၊ အိမ်မှာ ဒီမနက် နန်းကြီးသုပ်တယ်၊ သမီးဖေဖေ ကိုစိုင်းက နန်းကြီးသုပ်သိပ်ကြိုက်တာ၊ အဲဒါသွားပို့ မလို့''

အမေက လက်ထဲကိုင်ထားတဲ့ ငါးဆင့်ချိုင့်ကြီးအား



www.burmeseclassic.com

www.burmeseclassic.com



မြှောက်ပြရင်းက…

"မာလေး ညစာချက်ထားပြီးသားနော်၊ ညနေ မာလေးပြန်လာရင် ကြီးတွေးကိုခူးခိုင်း၊ အမေမရှိဘူး၊ အပြင်သွားရမှာ"

မာလေးမျက်နှာက အလိုမကျသလို ရှုပ်ပုပ်ဖြစ်သွားပြီး

"အမေပဲ ဒီညသွားစရာမရှိဘူးဆို"

"အေး…ပထမမရှိဘူး၊ အခု အမေ့ဆီမှာရှိတဲ့ ပတ္တမြားဝမ်းဆက်ကို ယူမဲ့လူကမှာတာ၊ ဒီပွဲဖြစ်ရင် အိမ်ကကားကို မော်ဒယ်မြင့်တာနဲ့ လဲပေးမယ်လေ"

"အမေ့…တကယ်နော်"

မာလေးက အခုမှ သဘောကျဟန်နှင့် ခပ်ပြုံးပြုံးဖြစ်သွားသည်။ မာယာရင့်က သားဖြစ်သူရဲ့ပါးကို မနာအောင် ဖွဖွဆွဲရင်း

"တကယ်ပေါ့ မာလေးရဲ့၊ ကဲ…သွား…သွား နှစ်ယောက်လုံး ကျောင်းနောက်ကျနေဦးမယ်၊ အမေလည်း ကိုစိုင်းစားဖို့ အမိသွားပို့ရဦးမှာ"

ပြောတဲ့သူက အရင်ထွက်သွားတဲ့အပြင် ရနံ့က ဖွင့်ထားသော ခြံတံခါးမှတစ်ဆင့် အိမ်ကြီးဆီ လှမ်းဝင်သွားသော အန်တီမာယာကို လည်ပြန်အောင်လိုက်ငေးနေတာက ခြေစုံရပ်ပြီးတော့ပါ။

"ဟွန်း…ဒက်ဒီကိုများ ခေါ်ပုံက ကိုစိုင်းတဲ့၊ တကယ့်အပိုင်အနိုင်ပုံစံ"

ရယ်ဒီမိတ်ဆွဲသားအင်္ကျီက ကိုယ်ပေါ်မှာ တီရိချပ်ကပ်နေတဲ့ အညိုရောင်။ အောက်ကအညိုပေါ် ရွှေရောင်အပွင့်တွေပါတဲ့





ရယ်ဒီမိတ်စကဒ်အရှည်။ ကျောလယ်လောက် ဆံပင်ခွေကြီးတွေအား မပေါ်ဂနီရောင်ဆိုးထားတဲ့ အန်တီမာယာဟာ မေမေနှင့် အသက်ချင်းရွယ်တူဆို ယုံနိုင်ဖွယ်ရာမရှိ။ ယုတ်စွအဆုံး ကိုးတန်းကျောင်းသားရဲ့မိခင်ဆိုရင်တောင် ဟုတ်ပါ့မလားလို့ ပြန်မေးကြမဲ့သူတွေချည်းပင်။

"အမေက ပျာတာတာ၊ သားက မစိုမခြောက်နဲ့၊ ဘာတွေမှန်းကိုမသိဘူး"

စိတ်ထဲကပြောရင်း ဒီဘက်လှည့်ကြည့်လျှင် မာလေးကို မတွေ့ရတော့။ သူမနဲ့ခပ်လှမ်းလှမ်းရောက်နေပြီ။

"ဟဲ့…မာလေး"

လှမ်းအော်တော့ လှည့်ကြည့်သည်။ ဒါပေမဲ့ ခြေလှမ်းကရပ်မသွား။

"နေဦး"

ကိုယ်ပဲအော်ပြီး ကိုယ်ကပဲပြေးသွားရသည်။ ဒင်းကတော့ နွဲ့နွဲ့လေးလှမ်းချနေသော ခြေလှမ်းတိုင်းကို ကျိန်စာတိုက်ထားသလားထင်ရသည်။ ရပ်သွားတဲ့ခြေထောက် နူပါစေ။ ကျိုးပါစေဆိုပြီး လားမှမသိတာ။ အမြင်ကတ်ပုဒ်မနဲ့ စိတ်ထဲက တမင်နှစ်နှစ်နာနာ တွေးပစ်ရင်းက သေးချင်းယှဉ်လာပြီဖြစ်တဲ့ မာလေးအား ပခုံးချင်းဝင်တိုက်ပစ်ရင်း…

"ဟဲ့…နင့်အမေ အခုတလော အိမ်ဘက်လာတာ စိပ်နေတယ်နော်"

"ဘာဖြစ်လဲ အဲဒါ"



www.burmeseclassic.com

www.burmeseclassic.com



''ဒက်ဒီကြိုက်သမျှလည်း အန်တီမာယာက သိနေ
တယ်''

''နင့်အဖေအကြိုက်ကို နင့်အမေမှမသိတာ''

''အဲဒါနဲ့ နင့်အမေကသိရောလား၊ မေမေ့ရှေ့တောင်
မရှောင်ဘူး၊ ဒက်ဒီ့ဆို ဂရုစိုက်တာတအားပဲ''

မကျေနပ်တာထုတ်ပြောရင်း ဟိုတစ်နေ့ကမြင်ကွင်းကို
ရန့်အာရုံထဲက မဖျောက်နိုင်။

''ကိုစိုင်းအကြိုက်လေ၊ မုန့်ဟင်းခါးချက်လာတယ်၊
ကြက်သွန်ဥများများနဲ့''

ဆိုတာမျိုး။

''ဒီမှာရှော့ပင်(န်)ထွက်ရင်းလေ၊ ကိုစိုင်းနဲ့လိုက်မယ့်
ရှပ်အင်္ကျီဝယ်လာတာ၊ မသက်ထားက တော်ရုံဆိုမတွေးတတ်တော့
မာယာပဲ စိတ်မှန်းနဲ့ရွေးဝယ်လာတာ''

''ကိုစိုင်းရေ...DAPPER ခြေညှပ်ဖိနပ်လေ၊ သားအတွက်
ဝယ်ရင်းနဲ့ ကိုစိုင်းအတွက်ပါ အမှတ်တရ''

အို...တစ်နေ့တစ်မျိုး မရိုးနိုင်အောင် အပြုံးလေးနဲ့ ပေးနေ
တာတွေက မနည်းမနော။ ဒက်ဒီကလည်း ဒါကိုပဲသဘောတကျနဲ့

''မာယာက အမြင်ရှိတယ်ကွ၊ ခေတ်လည်းမီတယ်၊
သက်ထားရေ ဒါမျိုးအိမ်နီးနားချင်းရတာ ကံကောင်းတာပဲ၊ သူ့
အကူအညီလိုလည်း ကိုယ်တို့က ပြန်ပေးရမှာ''

ဆိုပြီး အန်တီမာယာသွားချင်တဲ့နေရာတိုင်း ဒက်ဒီ့ချိန်း
'လိုက်၊ မညီးမညူကားမောင်းပို့ရတာအမော။ ဒက်ဒီပြန်လာတိုင်း





မေမေ့အစ်မ ရန့်ကြီးတော်ကြီးက တရားစခန်းဝင်နေကျ။ သို့ပေမဲ့
ဒီတစ်ကြိမ်တော့ တရားလူ၊ ဘုရားလူ မလုပ်နိုင်။ ဒက်ဒီ့ကိုလည်း
မလွန်ဆန်ရဲတာကြောင့် ညီမဖြစ်သူ မေမေ့ကိုပဲ တိုးတိုးကျိတ်ကျိတ်
သတိပေးရတာမျိုးပါ။

''ခင်တာလည်းခင်တာပေါ့ သက်ထားရယ်၊ ဒါပေမဲ့
သူက အချက်အပြုတ်တော်တယ်၊ ကိုယ့်ယောကျာ်းက သူ့လက်ရာ
နဲ့မှ အာတွေ့တယ်ဆိုပြီး ထင်မနေနဲ့၊ မောင်စိုင်းကြွယ်ရှာသမျှ
သူ့အတွက်ချည်းဖြစ်သွားလိမ့်မယ်၊ မာယာရင့်က မိန်းမလည်အေ့''

လို့ပြောပေမဲ့ တကယ်တမ်းကျတော့ ဒက်ဒီနှင့် အန်တီ
မာယာ ဆုံပြီဆို ဘယ်သူမှမတော်လှန်နိုင်ကျ။ ဟိုးအရင်ကလည်း
ဒက်ဒီက သူထင်ရာလုပ်သူ။ ဒက်ဒီတသြဇာမှာ မေမေက ပြားပြား
ဝပ် ငြိမ်သက်ရသူ။ အန်တီမာယာကျတော့လည်း ဘယ်လိုတားဆီး
ရမှန်းမသိတဲ့ ရန့်ဟာ သူမသား မာလေးဆီတစ်ဖက်လှည့်နဲ့ ဝင်တိုး
ကြည့်တာ။ ဒါပေမယ့် မာလေးပြန်ပြောတဲ့စကားကျတော့
နားထောင်ချင်စရာတောင်မရှိ။

''ငါ့အမေဂရုစိုက်တာ မခံချင်ရင် နင့်အမေကို ပိုဂရုစိုက်
နိုင်းပေါ့၊ ငါ့အမေကတော့ လောကမှာ သူလုပ်မယ်လို့ ရည်ရွယ်
ထားတဲ့ အလုပ်မှန်သမျှ ဖြစ်မြောက်အောင်လုပ်တာ''

မျက်ခုံးကိုပင့်ပြီး နှုတ်ခမ်း၌ မဲ့ပြုံးထင်စေကာ ပြောချပစ်
သည်။ ထို့နောက် ကျောင်းဝင်းထဲ မာလေးက အရင်ဝင်ခဲ့တာဖြစ်
၏။ ရန့်ကို ကျောခိုင်းပြီးတာနှင့် သူ့မျက်နှာပေါ် ကျေနပ်ခြင်းက
အရိပ်ထင်သည်။ တစ်သက်လုံး လိုက်ပြိုင်ပြီး အနိုင်ရချင်သော



www.burmeseclassic.com

www.burmeseclassic.com



ရန့်အား သူအလဲထိုးခွင့်ရခဲ့ပြီ။ အမေနဲ့မာလေးသာ ကျောချင်းကပ်ရင်ဆိုင်ရမည့်ဘဝမှာ အမေဘာလုပ်လုပ် သူအပြစ်မမြင်။

"စိန်ပွဲစားရွှေပွဲစားဆိုတာ ကံလေးကောင်းတုန်းတော့ မြိုးမြိုးမြက်မြက် စားရတာမှန်တယ် မာလေးရဲ့၊ ဒါပေမဲ့ ကံမကောင်းရင်တော့ စားထားတာထက်ကို လျှော်ရတာတတ်တယ်၊ အမေတို့သားအမိအတွက် မှီခိုအားထားရာတစ်ခုတော့ လိုနေတာအမှန်ပဲ၊ ဦးစိုင်းကြွယ်က ငွေအရှာတော်တယ်၊ အမွေအနှစ်တွေလည်း အများကြီးပိုင်ထားတာ၊ အဓိကအချက်ကလေ ကိုစိုင်းကြွယ်ဟာ အဲဒီအိမ်ရဲ့ဦးဆောင်သူပဲ၊ အရာရာ သူကအခရာ၊ ဒီတော့ အမေ့အတွက် အားကိုးစရာတော့ ဖြစ်မယ်ထင်တာပဲ"

"ဒါဆို အမေက ရန့်တို့မိသားစုကို"

မာလေး ဆက်မမေးရဲ။ တစ်ပါးသူရဲ့ အိမ်ထောင်ရေးကို ဖြိုခွဲသူအဖြစ် အမေရည်ရွယ်ထားသည်လား။ အမေကတော့ သူ့အမေးကို ခေါင်းယမ်းငြင်းဆန်ရင်း...

"မဟုတ်ပါဘူး မာလေးရယ်၊ အမေ အဲဒီ့လောက်အထိ မရိုင်းဘူး၊ အမေလိုချင်တာ ကိုစိုင်းရဲ့ပိုင်ဆိုင်မှုတွေထဲက အနည်းအကျဉ်းလောက်ပါ၊ အဲဒါက မာလေးနဲ့အမေ့ရဲ့ ရပ်တည်မှုအတွက် အရေးပါတယ်"

တဲ့လေ။ မာလေးရဲ့အမေက ထိုသို့လူစားမျိုး။ ကိုယ့်လိုအင်အတွက် လုပ်ဆောင်ရပေမဲ့ ဘယ်အခါမှ မယုတ်မာတတ်သူ။ ဒါကို ပတ်ဝန်းကျင်က လက်ညှိုးထိုးကဲ့ရဲ့ရင်တော့





မာလေးက သည်းခံမှာမဟုတ်။ ကိုယ့်အမေအကြောင်း ကိုယ်က အသိဆုံး။

"မာလေး"

ခေါ်သံနှင့်အတူ လွယ်အိတ်ကြိုးပါ ဆောင့်ဆွဲခြင်းခံလိုက်ရသည်။ မာလေးက လှည့်ကြည့်တော့ မီးတောက်နေတဲ့အကြည့်တွေနဲ့ ရန့်။

"မေမေက အားနာတတ်တယ်၊ ပျော့ညံ့တယ်၊ အဲဒီ့အချက်တွေကို အခွင့်ကောင်းယူတဲ့သူမျိုးတွေကို ငါကတော့ အားမနာတတ်ဘူး"

ပြောချင်တာက ရင်ဘတ်နှင့်အပြည့်။ ကျောင်းဝင်းထဲမှာသာမဟုတ်ရင်။ ပြီးတော့ ရန့် စွပ်စွဲချင်ရာအတွက် သက်သေအထောက်အထား ပြည့်စုံလျှင် မာလေးအား နစ်နစ်နာနာပြောပစ်ချင်သည်။ အခုတော့ ပြောချင်တာတွေ ရင်ထဲကျန်နေရတဲ့ဘဝ။

"ပြောစရာကြုံတဲ့တစ်နေ့ ဘယ်သူ့မျက်နှာမှ ငါမထောက်ဘူး"

"အဲဒါ နင့်ကိစ္စ"

မာလေးက ချာခနဲလှည့်ထွက်သည်။ ရန့်မှာသာ မကျေနပ်ခြင်းများစွာနဲ့။ မကျေနပ်သမျှ နင့်အပေါ် ပုံချရမယ်ဆိုရင် နင့်မနက်ဖြန်တိုင်း ငါ့ခြေဖဝါးအောက် ကြေမွသွားစေရမယ်၊ အဲဒါ ငါ့သစ္စာ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

“အလကားပါ၊ မော်ဒယ်မြင့်တဲ့ကားစီးလည်း အထင်မကြီးဘူး၊ အဲဒါ သူများကိုချုပြီးမှ စီးရတာ”

“သူ့အမေက အရမ်းချောတာဆို”

“ချောရုံတင်မကဘူး…လည့်တာတဲ့၊ ငါ့အမေကတောင် မာလေးအမေကို နာမည်ပေးထားသေးတယ်”

“ဟဲ့…ဘာနာမည်လဲ”

“အေးဓားပြတဲ့၊ အေးအေးလေးနဲ့ ရှိသမျှအကုန်သိမ်းတာလေ၊ ကုန်လည်းကုန်ရော သူကလည်းခွာရောတဲ့၊ ဟဲ့ ရန့် နင်တို့အဲဒီလိုဖြစ်နေပြီနော်၊ နင့်အဖေကိုထိန်းဦး၊ ကုန်သွားဦးမယ်”

“နင့်အဖေက မာလေးအမေကို မြို့လယ်မှာ စိန်ရွှေရတနာဆိုင်ကြီး ဖွင့်ပေးလိုက်တာဆို”

အသံတွေက တမင်မကြားကြားအောင်ပြောနေသလိုပင်။ ခြေလှမ်းမမှားအောင် ထိန်းလျှောက်ရင်းက မျက်နှာတစ်ချက်မပျက်

ဝိုးမိုးစာဝေ



အောင် ဂရုစိုက်ရတာလည်း ပင်ပန်းလွန်းလှသည်။ ကျောင်းမှာ မတွေ့ချင်၍ ရှောင်လို့ရပေမဲ့ စာကျက်ဝိုင်းတက်သော ရန့်နှင့် မာလေးက ကျူရှင်အိမ်မှာတော့ အမြဲဆုံရသည်။ မြို့အစွန်က ခြံကျယ်ကြီးထဲမှာ သီးသန့်စာသင်ဝိုင်းဖွင့်ထားတာမို့ ဆရာတွေ မရောက်သေးချိန်ဆို ဒီလိုပဲ ခြံထဲစုထိုင်၊ စာကျက်ရင်း ထွေရာလေးပါး ပြောကြတာ ဆယ်တန်းစာကျက်ဝိုင်းရဲ့ထုံးစံ။ အခုတော့ ကြားသမျှ ပြောသမျှ သူတို့တတွေရဲ့စကားတိုင်းဟာ မာလေးအတွက် ရင်ကိုခွင်းမဲ့ အဆိပ်လူးမြှားတွေအလား။

“ပတ်ဝန်းကျင်ဆိုတာ ချိုးမွှမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်ပဲ မာလေး၊ အမေအားလုံးပြောပြထားသားပဲ၊ ဘာမှဂရုစိုက်စရာမလိုဘူး၊ လိပ်ပြာသန့်သန့်နေ၊ အဲဒီကဲ့ရဲ့စကားတွေထဲ မာလေးနစ်သွားရင် အဲဒီပတ်ဝန်းကျင်ကို အရှုံးပေးတာပဲ၊ မရှုံးစေနဲ့”

အမေ့စကားတွေက သူ့နားနားကပ်ပြောလိုက်သလို။ ရင်ထဲဝင်လာတဲ့အားမာန်ကြောင့် ရင်ကိုကော့ပြီး ခြေလှမ်းတွေကို ကျဲကျဲလှမ်းပစ်သည်။

“ဟော့…မာလေး”

ပခုံးကိုပုတ်ရင်း ဆွဲလှည့်ပစ်တာတစ်ပြိုင်တည်း။ မျက်နှာချင်းဆိုင်တော့ အမုန်းမျက်လုံး။ ဒါပေမဲ့ အပြုံးနှုတ်ခမ်းတွေနှင့် ရန့်။

“ဘာလို့နောက်ကျနေတာလဲ မာလေး၊ အဟင်း ငါဖြင့် ဒီကျူရှင်မတက်တော့ဘူးလို့တောင် ထင်နေတာ”

ဝိုးမိုးစာဝေ

www.burmeseclassic.com

www.burmeseclassic.com



ရန့်က မာလေးမျက်နှာကို ရန်သူတော်ကြီးသဖွယ် စေ့စေ့ကြည့်ရင်း လက်ပိုက်သည်။ တခြားအတန်းဖော်တွေကတော့ လုပ်လက်စအလုပ်တွေရပ်ပြီး ရန့်တို့ထံ လှမ်းငေးနေတာက မျက်ဝန်းပေါင်းများစွာ။ ဒီမျက်ဝန်းတွေကြားထဲမှာပဲ နင် မာလေးကို အလဲထိုးပစ်စမ်း။ ရန့်က ကိုယ့်ကိုယ်ကို အမိန့်ပေးရင်းကပဲ…

"ဘာလဲ…နောက်ကျူရှင်တစ်ခု စုံစမ်းနေရလို့လား၊ ငါ့ကို ရင်မဆိုင်ရဲဘဲ နင်ထွက်မပြေးရဘူးနော်၊ ငါက နင်သွားတဲ့နောက်လိုက်မှာ"

"နင်ပြေးတိုင်း ငါက အပုပ်လိုက်ချနေမှာ" လို့ မပြောရုံပင်။ ဒါကို မာလေးနားလည်ပါသည်။ ထို့ကြောင့် အမေ့ဆီက အတုခိုးထားသော မဲ့ပြုံးဖြင့် ရန့်အား တုံ့ပြန်ရင်း…

"နင်ပြောတာတွေ တစ်ခုမှမမှန်ဘူး ရန့်ရဲ့၊ ငါက နင်ရှိနေတဲ့ ဒီကျူရှင်ကနေ ဘာလို့ပြောင်းရမှာလဲ၊ မပြောင်းပါဘူး၊ ဒီက သူငယ်ချင်းတွေနဲ့လည်း အထာကျနေပြီပဲကို"

မာလေးက အားလုံးကို တစ်ချက်ဝေ့ကြည့်ပြီးမှ…

"ငါ နောက်ကျတာ အမေ့ဆိုင်ကိုသွားနေလို့၊ ဟဲ့ မနေ့က ဆိုင်ဖွင့်ပွဲလုပ်တာနော်၊ ငါမရောက်ဖြစ်လို့ ဒီနေ့သွားတာ၊ အမယ် နင့်အဖေက ငါ့အမေဆိုင်ကို သေချာပြင်ဆင်ပေးထားတာပဲ၊ စိန့်ထည်တွေထဲမှာလေ နင့်အဘွားတွေရဲ့ ရှေးစိန်တွေကို ဒီခေတ်လက်ရာပြန်လုပ်ထားတာတောင် တွေ့ခဲ့သေးတယ်"

"ဟယ်"





ဘေးနားက တအံ့တသြ အာမေဋိတ်တွေ ထွက်လာသည်။ မာလေး ဒီလိုတုံ့ပြန်လိမ့်မယ်လို့ ဘယ်သူကမှထင်မထား။ မာလေးဟာ ရန့်ရဲ့ ထိုးနက်မှုအောက်မှာ ကျရှုံးရမယ်လို့ တွေးထားကြတာ။ ရန့်မျက်နှာကတော့ ချက်ချင်းသွေးရောင်တွေ လွှမ်းတက်သွားသည်။ တဆတ်ဆတ်တုန်နေတဲ့ နှုတ်ခမ်းနှစ်လွှာက ဒေါသတွေကို ထိန်းချုပ်ထားရတာနှင့်။ မာလေးအား တိုက်စစ်ဆင်ရန် စကားလုံးရှာဖွေရတာနှင့် တော်တော်နဲ့မတည်ငြိမ်နိုင်။ ရန့်က မာလေးအား စူးစူးရဲရဲစိုက်ကြည့်ပြီးမှ ထိုမတည်ငြိမ်သော နှုတ်ခမ်းတွေကို မဲ့ကွေး၍ ဟင့်ခနဲပုတ်ချလိုက်ပြီး…

"ဘာမှအံ့သြမနေကြနဲ့ သူငယ်ချင်းတို့ရေ၊ မာလေးက ငါတို့ပိုင်တဲ့ အမွေအနှစ်တွေကို မမြင့်ဖူးတော့ အဲဒီဆပ်ပြာခွက်လောက်ရှိတဲ့ဆိုင်ကို အံ့မခန်းကြီးဖြစ်နေတာ၊ နင်မသိလို့မာလေးရဲ့ နင့်အမေကိုချပေးထားတာက ငါတို့ပိုင်ဆိုင်မှုရဲ့ နမ်းတစ်စေ့စာပဲရှိတယ်၊ အဟွန်း နမ်းတစ်တင်းရှိတဲ့လူအတွက်တော့ ကိုယ့်ဆီက ခြေချယူမဲ့သူကို တစ်စေ့လောက်စွန့်ကြဲလိုက်ရတာ"

ရန့်က ပခုံးစုံတွန့်ရင်း ခပ်ညင်းညင်းရယ်ကာ…

"ဘာဖြစ်မှာလဲ မာလေးရဲ့၊ မဟုတ်ဘူးလား"

စွန့်ကြဲတာတဲ့။ စွန့်ကြဲတာဆိုရင် ရသွားတဲ့လူကို တိုက်ခိုက်ရန်လုပ်မနေနဲ့ပေါ့။ အလကား ပဏာယူပြီးပြောတဲ့ပုံက မာလေးတို့သားအမိကပဲ စွန့်ကြဲတာယူတဲ့သူတွေလို့။ မာလေးက မခံချင်စိတ်နဲ့ ရှက်ဒေါသကို ရင်ထဲခေါက်သိမ်းပစ်ရင်း ရန့်ပခုံးအားဖက်ကာ…



www.burmeseclassic.com

www.burmeseclassic.com



''နင်က သိပ်သဘောထားကြီးတာပဲနော် ရန့်၊ အေးလေ သဘောထားမကြီးလို့မှမရတာ၊ နောက်ကျရင် နင်နဲ့ငါက ခွေမျိုးတွေဘာတွေ တော်ကြရတော့မှာ''

ဘေးနားက အုပ်စုရဲ့ အကြည့်ဟာ ယုံရုန်းနိုး သံသယတွေနဲ့။ ဒီတစ်ခါတော့ ရန့် ဟန်ဆောင်မပြုံးနိုင်တော့။ အရှက်မရှိမျက်နှာပြောင်ငြိုက်လွှန်းတဲ့ မာလေးလက်ကို ပခုံးပေါ်က ပုတ်ထုတ်ပစ်ရင်း...

''သိပ်စိတ်ကူးယဉ်မနေနဲ့ မာလေး၊ အဲဒီလိုဖြစ်ခဲ့တောင် နင့်အမေက နံပါတ်နှစ်ပဲ''

''အိုး...ဟိုး အမှတ်စဉ်လိုက်မကြည့်နဲ့လေဟာ၊ အရေအတွက်ကိုကြည့်၊ နှစ်ဆိုတာ တစ်ထက်ပိုများတယ်၊ နင် အဲဒီလို သဘောပေါက်''

''တောက်...မာလေး နင်''

ဒေါသအိုးပေါက်ကွဲသွားတဲ့ ရန့်အား ခပ်ထေ့ထေ့ပြုံးပြပြီး ကျောခိုင်းပစ်သည်။ ဒါတောင် အမြဲနိုင်ကွက်လိုချင်တဲ့ ရန့်အသံက သူ့ကျောပြင်မှာ ကပ်ပါလာသည်။

''ဟွန်း...လူကလည်း ယောကျ်ားမပီသ၊ စိတ်ကလည်း မိန်းမဆန်သေး၊ အဲဒါကြောင့် ငါ့ကြီးကြီးကပြောတာ၊ နှစ်ပိုင်းတစ်ပိုင်းတွေများ သိပ်ကြောက်ဖို့ကောင်းတာတဲ့''

နှစ်ပိုင်းတစ်ပိုင်းမှာလည်း သူ့ဂုဏ်သတ္တိနဲ့သူလို့ စိတ်ထဲက တိုးတိုးလေး တုံ့ပြန်မိသည်။ မာလေးက အဲဒီလိုအပြောခံရတိုင်း

စိုး:မိုး:၁၁၆ပ



ဘယ်တော့မှ မရှက်ပါ။ အမေ့ကိုအားကျသော၊ အမေ့ကိုအတုယူချင်သော မာလေးက အလှအပဝါသနာပါတာ၊ နွဲ့နှောင်းတာ ဘာဆန်းသလဲ။ အခု အမေ့လို ဟန်ဆောင်တတ်၍ ရန့်ကို သူ အနိုင်ပိုင်းနိုင်ခြင်းသာ။ အမေကတော့ သူ့ရဲ့ပြောင်းလဲခြင်းအတွက် ဝေဖန်ခြင်းလည်းမရှိ။ ကဲ့ရဲ့ခြင်းလည်းမရှိ။

''ယောကျ်ားမိန်းမဆိုတာ ပညတ်ချက်တွေပဲ မာလေး၊ အရေးကြီးတာ လူ့အသိဉာဏ်ရှိရင်ရပြီ''

လို့ဆိုထားတဲ့ အမ့အတွေးဟာ တောင်ပံပေါက်နေသလိုပင်။ လွတ်လပ်သည်။ ပွင့်လင်းသည်။ ရန့်အဖေနှင့်ကိစ္စကိုလည်း မာလေးကို အသိပေးထားပြီးသားပင်။

''အမေ့ရှယ်ယာက နည်းတယ်သား၊ ကိုစိုင်းက ရှယ်ယာအများဆုံး၊ ဒါပေမဲ့ အမြတ်ကျတော့ ငါးဆယ်ရာခိုင်နှုန်းစီပဲ၊ ဒီလိုဆိုင်ဖွင့်ရတာ အမေ့အိပ်မက်ပဲ၊ တစ်အိမ်ဝင်တစ်အိမ်ထွက် ပါးစပ်က အမြုပ်တစီစီကျအောင်ပြောရတဲ့ ပွဲစားအလုပ်ကို အမေ မလုပ်ချင်တော့ဘူး၊ ဆိုင်နဲ့ဆိုတော့ ဣန္ဒြေရတယ်လေ၊ ပြီးတော့ အမေက ဒီအလုပ်ပဲကျွမ်းကျင်တာ၊ စိန်ကျောက်အကဲဖြတ်တာကအစ ယန်းတိမ်အဆုံး အမေက ဦးဆောင်နိုင်တာမျိုးလေ၊ ကိုစိုင်းအပေါ် အမေက ဒီအချိန်အထိ မာယာနည်းနည်းသုံးတာကလွဲရင် ရိုးသားတယ်''

''ဦးစိုင်းကြွယ်ကရော အမေ''

ဆယ်တန်းကျောင်းသား သူနှင့်အမေအကြား ဒီမေးခွန်းက မထူးဆန်းတော့။ သူတို့သားအမိဆက်ဆံရေးက သမီးနဲ့အမေ

www.burmeseclassic.com

စိုး:မိုး:၁၁၆ပ

www.burmeseclassic.com



လိုမျိုး။ အမေက သူ့မေးပုံကို ဟက်ခနဲရယ်ရင်း ထိုင်နေရာမှထရပ်သည်။ ထို့နောက် ခါးတစ်ဖက်ကို နွဲ့နွဲ့ထောက်ရင်း···

"သူကတော့ အမေ့မာယာထဲပျော်ဝင်လို့၊ ဟား···ဟား သိတယ်မဟုတ်လား မာယာရှင့်ပါဆိုမှ"

အောင်နိုင်သူရဲ့ အရယ်အမောနဲ့ တင့်တယ်နေသော အမေ့အား မာလေးက ကြည့်လို့တောင်မဝ။ ဖြစ်နိုင်မည်ဆိုရင် လူ့ဘဝရဲ့အစလို့ မာလေးက ပြန်ရောက်သွားချင်သည်။ အမေ့ဗိုက်ထဲ သန္ဓေယူကတည်းက မိန်းကလေးဖြစ်ရအောင်လေ။ အခုတော့ မာလေးဘဝက အမေ့စိတ်နှင့် ယောက်ျားကိုယ်ဆိုတော့ ရင်ဆိုင်ရသမျှကိစ္စတိုင်းဟာ ခွတီးခွကျနဲ့ပေါ့။ အမေကတော့ သူ့မာယာတွေကို ကြွေကြောရင်းက အဖြစ်အပျက်တို့သည်။

◆ ◆ ◆





## အခန်း (၇)

"ဟင့်အင်း···မဖြစ်နိုင်ပါဘူး ကိုစိုင်း"

မျက်လုံးချင်းဆုံကြည့်ပြီး သွေးအေးအေးနဲ့ငြင်းလိုက်တဲ့ မာယာကြောင့် ကိုစိုင်းကြွယ်ဟာ ရှော့(ခ်)ရသွားသည်။ တိတ်ဆိတ်ပြီး ကြောင်ငေးသွားတဲ့ အကြည့်တွေဟာ မာယာရင့်ရဲ့မျက်နှာပေါ်က တစ်စက်ကလေးမှ မရွေ့လျားနိုင်။ ဒီမိန်းမနှုတ်ဖျားက ထွက်ကျလာတဲ့ အငြင်းစကားမှ ဟုတ်ရဲ့လားလို့ အခုချိန်ထိ ပြန်ဆန်းစစ်တုံး။ မာယာကတော့ စားပွဲခုံနောက်ရှိ ဆုံလည်ခုံအမြင့်ကြီးမှ ထရပ်သည်။ ထို့နောက် စားပွဲခုံကို ပတ်လျှောက်ပြီး ရုံးခန်းအလယ်ရှိ ဆိုဖာတွေပေါ်သွားထိုင်၏။ ရီမုတ်(ထ်)ယူပြီး နံရံ၌ချိတ်ထားသော တီဗီကို လှမ်းဖွင့်သည်။ စကရင်ပေါ်ပေါ်လာတာက M.Y.Y စိန်ရွှေရတနာဆိုင်ကြီးရဲ့ အရောင်းခန်းမမြင်ကွင်း။ ဝယ်သူတွေ အရောင်းစာရေးတွေဆွေသိမ်းကောင်တာတွေနှင့် တခမ်းတနားဖြစ်လာသော ဒီဆိုင်ကြီးဟာ သူမထူထောင်ပေးတုံးကထက် အဆပေါင်းများစွာ တိုးတက်လာတာတော့အမှန်ပါ။ အခုဆို M.Y.Y ဟာ အထက်မြန်မာပြည်ရှိ



www.burmeseclassic.com

www.burmeseclassic.com



မြို့ကြီးတွေမှာတောင် ဆိုင်ခွဲတွေဖွင့်လာရတဲ့အထိ အောင်မြင်မှုက အံ့မခန်း။ ဒါက မာယာရဲ့စီမံကွပ်ကဲမှု။ အကဲဖြတ်တတ်မှုနဲ့ လုပ်ငန်းကျွမ်းကျင်မှုတွေကြောင့်ဆိုတာ သူမငြင်းနိုင်။ ဒါပေမဲ့ အခုလက်ရှိမှာတော့ မာယာက သူ့ကိုငြင်းလိုက်ပြီဖြစ်၏။

"ကိုစိုင်းက မာယာ့ကိုအပိုင်တွက်ထားတာပဲ"

"မဟုတ်ဘူး မာယာ"

ငြင်းဆန်ရင်း သူထိုင်ရာမှထလျှောက်သွားမိသည်။ မာယာ ရင့်ဆိုသော သူမဟာ ဘယ်လိုမိန်းမစားမျိုးလဲ။ ကမ္ဘာပတ်လာတဲ့ ဦးနှောက်နဲ့ သူ အဖြေထုတ်တာတောင် မအောင်မြင်ခဲ့။

"ကိုစိုင်းအပေါ် မာယာဆက်ဆံခဲ့တာတွေက ရှင့်ဆီက လက်ထပ်ခွင့်ကို မျှော်လင့်နေတဲ့ပုံမျိုး ဖြစ်နေလို့လား"

"မဟုတ်ဘူးလေ မာယာ၊ ကိုယ်နဲ့သက်ထားရဲ့ အေးစက်စက်အိမ်ထောင်ရေးကို မာယာသိတာပဲမဟုတ်လား"

"အင်း...သိတယ်လေ"

"ဒီမှာမပျော်လို့ နွေးထွေးတဲ့မိသားစုဘဝကို မရလို့ ဟိုအရင်က ကိုယ် သင်္ဘောပေါ်မှာချည်းပဲ နေခဲ့တာကိုလည်း မာယာ့ကို ရင်ဖွင့်ဖူးပါတယ်"

"မာယာမှတ်မိသားပဲ"

"မာယာနဲ့တွေ့မှ ကိုယ့်ဘဝ ပြန်စိုပြေလာတယ်ဆိုတာ လေ"

"သိတယ်လေ"

သူ့စကားကို အဆုံးမခံ၊ ခြေချင်းချိတ်ထိုင်ပြီး ဆိုဖာကျောမှီ





ကို ခပ်လျှောလျှောမှီထိုင်၏။ ရှည်လျားကော့ညွတ်သော မျက်တောင်ဖျားတွေကို စင်းကျပြီး ခပ်ထေ့ထေ့ကြည့်ပုံက သူ့ကို သနားစရာ သတ္တဝါတစ်ကောင်လို။

"သိလို့လဲ ကိုစိုင်းလိုအပ်ချက်တွေကို မာယာဖြည့်ဆည်းပေးခဲ့တာ၊ မသက်ထားက ရိုးတယ်၊ အေးတယ်၊ ကိုစိုင်းအကြိုက်ကို မသိဘူး၊ သိပေမယ့်လည်း မပွင့်လင်းရဲဘူး၊ သူက အရှက်ကြီးတာကိုး၊ အဲ့ဒါကြောင့် မာယာကပဲ ကြားဝင်ပြီး ကိုစိုင်းတို့ လင်မယားကြားက ကွာဟမှုတွေကို ဆွဲညှိပေးခဲ့တာ၊ ကိုစိုင်းတောင်းဆိုလာမဲ့ လက်ထပ်ခွင့်ကို ဒီတစ်လျှောက်လုံး မာယာမမျှော်လင့်ခဲ့ဘူး"

"မာယာ...မင်း..."

ရှက်စိတ်ကြောင့် ဝုန်းခနဲ ထရပ်မိသည်။ ပြောချသွားတာများ ကိုယ်ကတစ်ဖက်သတ် မျှော်လင့်ရင်း ရူးရမဲ့ပုံလို၊ သူမကတော့ ကွာဟနေတဲ့ အိမ်ထောင်ရေးကို ညှိပေးတဲ့ သူတော်ကောင်းကြီးပေါ့၊ သူမနှင့် ကိုယ့်ရဲ့ သတင်းတွေဟာ ဒီမြို့လေးမှာ ပွထနေခဲ့ပြီ၊ ကိုစိုင်းကြွယ်ကိုယ်တိုင်ကလည်း မငြင်းခဲ့၊ သူမကရော ငြင်းနိုင်းလို့လား၊ သူ့အပေါင်းအသင်းတွေက ဝိုင်းမေးကြတာ သူမ ရှေ့တင်။ အဲဒီတုန်းက သူက....

"ဟုတ်လိုကျော်တာပေါ့ ဒီသတင်းမျိုးဆိုတာ ကျွန်တော့်ဘဝက မာယာ့ကြောင့် အဓိပ္ပာယ်ရှိလာတာ"

လို့ သူဝန်ခံခဲ့တုန်းကရော ရှက်ပြုံးတစ်ပွင့်နဲ့ ခေါင်းငုံ့ငြိမ်သက်နေခဲ့တာ ဘယ်သူလဲ၊ ဒါတွေကြောင့်လည်း ကိုစိုင်းကြွယ်က အပိုင်တွက်ခဲ့တာပါ၊ သူမကြောင့် ပင်လယ်ပျော်ဘဝကို စွန့်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတာ၊ သက်ထားဖွင့်မေးလာတုန်းကလည်း သူဝန်ခံခဲ့တာလဲ မာယာကြောင့်ပင်။

“မင်းနဲ့ ကိုယ်နဲ့က မိဘလက်ထပ်ပေးလို့ ယူခဲ့ရတယ် ဆိုပေမယ့် သက်ထားအပေါ် ကိုယ်သံယောဇဉ်ရှိပါတယ်။ ဒါပေမယ့် မာယာ့ကိုကျတော့ ကိုယ်ချစ်သွားမိတယ်”

“အို...တော်ပါတော့ အစ်ကိုရယ်”

အဲဒီလို ဝန်ခံတုန်းက သက်ထားဟာ နားနစ်ဘက် စုံပိတ်ရင်း မျက်ရည်တွေပဲ တရစပ်စီးကျကာ...

“ဒီလိုဖြစ်ရတာ သက်ထားညံ့လို့ပါ၊ သက်ထားအိမ်ထောင်မှု မထိန်းသိမ်းနိုင်လို့ပါ၊ ဘယ်သူ့ကိုမှ အပြစ်မမြင်ပါဘူး အစ်ကို၊ အစ်ကိုရှေ့ဆက်ဖို့ ဘယ်လိုဆုံးဖြတ်မလဲဆိုတာဘဲ သက်ထား သိချင်တာ”

တဲ့လေ၊ သဘောထားကြီးမြတ်တဲ့ ဒီမိန်းမရဲ့ စိတ်စေတနာတွေကို ထိုအခါက ကိုစိုင်းကြွယ် မမြင်တတ်ခဲ့ပါ၊ သက်ထားဟာ ရိုးလွန်း အေးလွန်းတော့ အ,ဆိုသလိုမျိုးပင်၊ နိုင်ငံတကာကို ကူးသန်းသွားလာနေသော သူ့အဖို့ သက်ထားဟာ အနားကပ်ချင်စရာ မကောင်းသော ရေခဲတုံးကြီး၊ သက်ထားငိုယိုနေတာ တွေ့ပေမယ့် သနားစိတ် မဝင်တဲ့စိုင်းကြွယ်ဟာ မာယာမျက်နှာလေးပဲ တရေးရေး မြင်ယောင်ကာ။

“ကိုယ်...သူ့ကို လက်ထပ်ချင်တယ်...သက်ထား၊ ဟို ကိုယ့်ကြောင့်လဲ သူသိက္ခာကျခဲ့ပေါင်းများပြီ ဆိုတော့လေ”

“အစ်ကို့ သဘောပါ၊ ဒါပေမယ့် ချက်ချင်းကြီး မစီစဉ်ပါနဲ့ဦး အစ်ကို၊ ဟို...သက်ထား မေတ္တာရပ်ခံတာပါ၊ သမီးက ဒီနှစ်ဆယ်တန်းဆိုတော့ မိဘတွေရဲ့ အရေးအခင်းကြောင့် သမီးပညာရေးကို မယိမ်းယိုင်စေချင်ဘူး၊ သမီးတက္ကသိုလ်ရောက်မှသာ အစ်ကိုဆန္ဒကို အကောင်အထည်ဖော်ပါ”

သက်ထားနဲ့ သူ့အကြား နားလည်မှုရအပြီး၊ သမီးလဲ နောက်ဆုံးနှစ် စာမေးပွဲဖြေအပြီးမှ သူဖွင့်ပြောခဲ့တာ၊ အခု...မာယာက ငြင်းဆန်သည်ဆိုတော့ ကိုစိုင်းကြွယ်မှာ ယုံတောင်မယုံနိုင်၊ ချစ်ဆိပ်တက်သည့် အကြည့်တွေ...ရင်ခုန်ဖွယ်ရာ အပြုံးတွေနှင့် နှစ်ဦးချင်းသာ နားလည်နိုင်မည့်စကားတွေဟာ လေထဲမျောလွင့်သွားပြီတဲ့လား။

“စိတ်မကောင်းပါဘူး ကိုစိုင်း...ကိုစိုင်းတောင်းဆိုမှုကို ငြင်းပယ်ရတဲ့အတွက် ဒါ့ကြောင့် ဒီဆိုင်ရဲ့ ရှယ်ယာဝင်အဖြစ်က နှုတ်ထွက်ချင်ရင်လဲ ကိုစိုင်းသဘောပါ”

“ဘာ”

သူက အံ့ဩသွားသလောက် သူမက သွေးအေးစွာပင်။

“ရှယ်ယာပြန်အမ်းပေးမယ်လေ၊ ဒါပေမယ့် စဝင်ခါစက လောက်မရှိတော့ဘူးနော်၊ လစဉ်အမြတ်ငွေနဲ့အတူ ကိုစိုင်းရှယ်ယာတွေ ခွဲပေးသွားတာ ကိုစိုင်းသိသားပဲဥစ္စာ၊ စာရင်းစာအုပ်ထဲမှ လက်မှတ်ထိုးထားတယ်လေ၊ စာရင်းပြန်ကြည့်မလားဟင်... ကိုစိုင်း”

နွဲ့နွဲ့လေးပြုံးပြီးမေးပုံက ကြောက်စရာကောင်းလှ၍ စိုင်းတစ်ယောက် ကြက်သေသေ ... 





www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းမဟာ အကြံအစည်အကြီးကြီးနဲ့ သူ့ရဲ့ သယံဇာတတွေကို တူးဖော်ခဲ့တာ၊ စိုင်းကြွယ်က မေးရိုးတွေ ကားထွက်လာအောင် အံတင်းတင်းကြိတ်ပြီးမှ မာယာရင့်အား ခပ်စေ့စေ့စိုက်ကြည့်ကာ…

''မလိုတော့ပါဘူး…မာယာရင့်''

လက်ကာတားရင်း စိုင်းကြွယ်ရဲ့ မျက်ဝန်းတွေက အေးစက်ကင်းမာသွားသည်၊ ကိုယ်က ဝိပိရိရိ အလုည့်စားခံလိုက်ရတာ။

''ကိုစိုင်းက ရှယ်ယာများပေမယ့် မာယာက ရှယ်ယာဝင်လို့ သဘောမထားဘူးနော်၊ မာယာကျေးဇူးရှင်၊ ပြီးတော့အကြွေးရှင်၊ အဲ့ဒါကြောင့် ကိုစိုင်းရှယ်ယာတွေကို မာယာ ခွဲခွဲပြီး ပြန်ဆပ်သွားမယ်လေ၊ အမယ်…တော်ကြာ လူကိုအကြွေးနဲ့ သိမ်းသွားမှာ စိုးလို့''

စကားလုလုတွေနဲ့ ငွေတွေတော့ ပြန်ပေးပါရဲ့၊ ဒါပေမယ့် ထိုငွေတွေဟာ စိုင်းကြွယ်ထံ ပြန်ရောက်လာတာ မဟုတ်၊ သူမ စိတ်ကြိုက် မော်ဒယ်မြင့်ကားဆို…

''ကြိုက်ပေမဲ့ ရှင်ကြီးကို အကြွေးဆပ်ရတာနဲ့ မဝယ်နိုင်သေးဘူး''

''မာယာကြိုက်ရင်ယူလေ၊ ကိုယ့်ငွေက မာယာ့ငွေပဲဥစ္စာ''

ကိုယ့်ငွေထုတ်ဝယ်ပြီး အမည်ပေါက်ကျတော့ မာယာရင့်၊ အကြွေးတခါဆပ်ပြီးတိုင်း မြေကွက်ဝယ်ချင်တာနဲ့ ကွန်ဒိုတစ်ခန်းဝယ်ချင်တာနဲ့၊ ဆိုင်ချဲ့ချင်တာနဲ့၊ ငွေထုတ်ရတော့ စိုင်းကြွယ်





ပိုင်ရှင်ကျတော့ မာယာရင့်၊ ဒါကိုပဲ စိုင်းကြွယ်က ကျေနပ်နေခဲ့တာ၊ သူမ အကြွေးဆပ်၊ ရှယ်ယာအမ်းလျှင် စာချုပ်စာတမ်းနှင့် ရှေ့နေနှင့်၊ ကိုယ့်ဆီက ပြန်ယူတော့ သိန်းထောင်ချီတာကို ခရီးသွားဟန်လွှဲသဘောမျိုး၊ အခုမှ သူမ လုပ်ကွက်တွေကို သူလိုက်မိတော့သည်၊ ဒါပေမယ့် စိုင်းကြွယ်အဖြစ်က အဖတ်ဆည်မရတဲ့ အခြေအနေ။

''ငါ…ကောင်းကောင်းကြီး သဘောပေါက်သွားပြီ မာယာရင့်၊ မင်းက ကျော့ကွင်းထောင်ပြီး ငါ့ကို စနစ်တကျ ကျုံးသွင်းခဲ့တာပဲ၊ မင်းကလေ လူယောင်ဆောင်ထားတဲ့ ဘီလူးမ၊ သိပ်ကြောက်စရာကောင်းတဲ့ စုန်းမ၊ ပြီးပါပြီ…မင်းနဲ့ ငါနဲ့ ပတ်သက်ခဲ့တာတောင် ပြန်တွေးရင် ရှက်ဖို့ကောင်းနေပြီ''

သူက ဒေါသတွေ၊ အမုန်းတရားတွေနှင့် လက်သီးငေါက်ငေါက်ထိုးပြီး ပြောသည်၊ ပြောတဲ့သူက မောလာ၏၊ သူမကတော့ ဖြင့် အပြုံးမပျက်၊ မျက်နှာတစ်ချက်မပျက်မှုန်းဘဲ ဆိုဖာပေါ်ထိုင်နေရာမှ ထရပ်သည်။ ထို့နောက် သူ့အနားသို့ ခပ်နွဲ့နွဲ့လျှောက်လာကာ သူ့ပခုံးပေါ် လက်တစ်ဘက်တင်ရင်း…

''ပြောစရာကျန်သေးလား ကိုစိုင်း…ထပ်ရွေးပါဦး၊ မာယာ့အတွက် ခံနိုင်ရည်မရှိမဲ့ စကားလုံးမျိုး၊ ဒါပေမယ့် ကြိုပြောထားမယ်နော်၊ လူဆိုတာ ကိုယ့်လိုအင်မပြည့်တဲ့အခါ ဒီလိုပဲ၊ တစ်ဖက်သားကို နစ်နာစေတဲ့ စကားမျိုးပြောတတ်ကြတာမျိုးပါ၊ မာယာက လူ့သဘောကို နားလည်ပြီးသားဆိုတော့…အမယ်…ကိုစိုင်းပြောတာ ဒေါသမထွက်ဘဲ ကိုစိုင်းဒေါသထွက်တာကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး ရယ်တောင်ရယ်ချင်လာတယ်၊ အဲ့ဒါ… တကယ် သိလား… ဟင်း…ဟင်း''

ချိုရှတဲ့ ရယ်သံဟာ စိုင်းကြွယ်နားထဲခါးသက်နေသည်၊ သူမအမြင်မှာ ကိုယ်ကလျောင်ပြောင်စရာ၊ စိုင်းကြွယ်က သူမကို မုန်းတီးစက်ဆုပ်စွာ ချာခနဲကျောခိုင်းပစ်ရင်း…

''မင်းကိုငါ သိပ်ကြောက်သွားပြီ မာယာရင့်၊ ဘယ် လောက်အထိ ကြောက်သလဲဆို မင်းခြေချထားတဲ့ ဒီမြို့မှာ ဆက်နေ ဖို့ ငါ..မသတ်တော့ဘူး။ ကံမကုန်လို့ ပြန်ဆုံတောင်မြင်မိတဲ့ ငါ့မျက်လုံး ငါထိုးဖောက်ပစ်မယ်၊ မင်းနဲ့ငါ ပတ်သက်သမျှ ဒီမှာပဲ ပြီးလိုက်တော့''

''Thank you ပါ ကိုစိုင်း၊ ဗွတ်လပ်(ခ်)''

ချာခနဲ ကျောခိုင်းသွားရင်း စိုင်းကြွယ်အား မဲ့ပြုံးနှင့် နှုတ်ဆက်သည်။ အပြောခံရ၍ မနာသောသူ ရှိမတဲ့လား၊ ရင်ထဲမှာ နာနေသည်၊ အဟွန်း…လူကိုများ ပြောသွားတာ ရစရာတောင် မရှိ၊ လူယောင်ဆောင်တဲ့ ဘီလူးမတဲ့၊ မာယာက ဆိုင်ထဲမှ ဆေါကြီး မောကြီးနဲ့ ထွက်သွားသော စိုင်းကြွယ်ရဲ့ စကရင်ပေါ်က ပုံရိပ်ကို ကြည့်ရင်း တီဗီရီမုတ်(တ်)နှင့် လှမ်းပိတ်သည်။

''မှတ်ထား ကိုစိုင်းကြွယ်…ဘီလူးစက်ကွင်းဆိုတာ သားကောင်မှန်သမျှ ပြုစားဖို့ အသင့်ဖြစ်နေတဲ့ နယ်နမိတ်''

◆ ◆ ◆



## အခန်း (၈)

''ဘယ်လို…ဒယ်ဒီ…ဒယ်ဒီဘာပြောလိုက်တယ်… ရှန့် နားကြားလွဲသွားတာ မဟုတ်ပါဘူးနော်''

''မဟုတ်ဘူး…သမီး''

ဒယ်ဒီ့အသံက မှုမမှန်၊ ဆို့နင့်အက်ကွဲကာ တုန်ခါလိုက် နေသည်။ ထို့ထက် ဆိုးတာက အမြဲတမ်း သပ်ရပ်ကြော့မော့နေ တတ်သော၊ နုပျိုလန်းဆန်းနေတတ်သော ဒယ်ဒီဟာ အခု ရှန့် ရှေ့မှာ ခေါင်းကြီးငိုက်စိုက်ကျလျက်၊ ယမကာအနံ့တွေဟာ မွှန်ထူပြီး မျက်ဝန်းတွေဟာ ရဲရဲနီနေသည်။ ဟိုအရင်ရက်တွေကတည်းက ဒယ်ဒီ မှုပျက်နေတာတော့ သူမရိပ်မိသားပင်။ ဒါပေမယ့် ကြီးကြီး မေးကြည့်တော့လည်း ရေရေရာရာ မရှိ၊ မေမေ မေးတော့လဲ…

''ဘာမှမဟုတ်ပါဘူး သမီးရယ်၊ အချိန်တန်ရင် ပုံမှန် ပြန်ဖြစ်သွားမှာပါ''

တဲ့လေ။ အခုတော့ ဒယ်ဒီပြောလာတဲ့ စကားတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



ရန်နဲ့ အိပ်မက်တောင် မမက်ဖူးတဲ့စကားတွေ၊ ရန့်တို့ ဒီမြို့လေးက ပြောင်းကြရမည်တဲ့၊ ရန့်ဟာ ပခုံးကို ထိရုံထားတဲ့ ဆံနွယ်အချွန်လေးတွေကို ဝဲသွားအောင် ခပ်ကြမ်းကြမ်း ခါပစ်ရင်း…

"ဘာကိစ္စပြောင်းရမှာလဲ…အဓိပ္ပာယ်မရှိဘူး ဒယ်ဒီ၊ ဒီမှာအခြေကျပြီးသား၊ ပြီးတော့ ဒယ်ဒီ့ရှယ်ယာဝင်ထားတဲ့ M.Y.Y ကလဲ အခုအောင်မြင်နေပြီလေ၊ ဆိုင်ခွဲတွေ အများကြီးဖွင့်ထားပြီးပြီ၊ ဒီစီးပွားတွေပစ်ပြီး ရန့်တို့က ဒီမြို့ကနေ ဘာလို့ပြောင်းရမှာလဲ၊ မပြောင်းဘူး လုံးဝပဲ၊ ရန့်က စဉ်းစားထားပြီးသား၊ ဒီဆိုင်ကို ရန့်ကျောင်းပြီးတာနဲ့ ဝင်ဦးစီးမယ်ဆိုပြီး"

"အဲ့ဒါ…ဒက်ဒီ့ဆိုင်မဟုတ်တော့ဘူး…သမီး"

"ရှင်"

တအံ့တသြနဲ့ အာမေဋိတ်တောင် ထွက်ကျသွားတဲ့ ရန့်ဟာ ဆိုဖာကျောမှီပေါ် အရုပ်ကြိုးပြတ်လန်ကျသွားသည်။ မယုံနိုင်သလိုဖြစ်သွားကာ ဒယ်ဒီ့ကိုရော မေမေရော အနားမှာ ရပ်နေတဲ့ ကြီးကြီးပါမကျန် မျက်နှာတွေကို စေ့စေ့လိုက်ကြည့်မိ၏။ မေမေကတော့ ဘာမှ မပြောပေမယ့် ကြီးကြီးကတော့ မျက်နှာတစ်ခုလုံး ဘောင်ဘင်ခတ်အောင် လိမ်တွန့်ရှုံ့တွပြီး စကားပိုင်းနားက ထွက်သွားပြီ။ ရန့်ဟာ ကြီးကြီးမျက်နှာကို အကဲခတ်ရင်းက ဝှန်းခနဲ ထရပ်မိသည်။ မေမေကတော့ ရန့် လှုပ်ရှားမှုကြောင့် …

"ဟဲ့…သမီး"

လို့ အလန့်တကြား ထအော်သည်။ ရန့်က ရင်ထဲ ဒေါသ





ကို ထိန်းချုပ်ရင်းက ဒယ်ဒီ့ကို စေ့စေ့ကြည့်သည်။

"ပါသွားပြီပေါ့…ဟုတ်လား ဒယ်ဒီ၊ လူတွေပြောနေကြတဲ့အတိုင်း ဟိုမိန်းမလက်ထဲ ပါသွားပြီပေါ့…ဟုတ်လား"

လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး အော်မေးသည်၊ မေမေကတော့ ရန့်နဲ့ ဒယ်ဒီ့ကြား ဝင်ရပ်ရင်းက ဘာပြောရမှန်းမသိ၊ ယောင်တိယောင်ချာ ဖြစ်နေ၏။ ဒယ်ဒီကလည်း ရန့်နည်းတူ ထိုင်ရာမှထရပ်သည်။ ယမကာအရှိန်ကြောင့် ယိုင်ခနဲဖြစ်သွားတဲ့ ဒယ်ဒီ့အားမေမေက ဖမ်းဆွဲထိန်းပေးသည်။

"ဖြေလေ…ဒယ်ဒီ…ရန့်မေးတာ ဖြေပေးပါ…ဟိုမိန်းမ ဒယ်ဒီ့ကို ပြုစားပြီး ဒယ်ဒီပိုင်သမျှ အကုန်ကို သိမ်းသွားပြီမဟုတ်လားဟင်…ဒယ်ဒီ…ပြောပါ"

မေးရုံနဲ့အားမရ၊ မေမေ တွဲမထိန်းထားတဲ့ လက်မောင်းတစ်ဖက်အား အကြမ်းပတမ်းဆွဲခါသည်။

"ဟဲ့…သမီး…သြော်…ဒီကလေးနှယ် မက်တော့တာပဲ …လွှတ်စမ်း…ဖအေကို"

"မလွှတ်ဘူး…ပြော…ရန့်မေးတာဖြေ"

ဘီလူးတစ်ကောင် ဝင်စီးနေသလို ရန့်ဟာ ဒေါသမခံချင်စိတ်တွေနှင့် ဘာဆို ဘာမှကို မမြင်တော့၊ ဒယ်ဒီကတော့ ရန့် ဆွဲခါနေသည့်ကြားမှ အရုပ်တစ်ရုပ်လို ပြုသမျှ နုတော့မည့်အတိုင်း၊ ခေါင်းကြီးစိုက်ချထားကာ အသံအက်ကြီးနှင့်…

"ဒယ်ဒီ…ဘာမှမပြောချင်ဘူးသမီး၊ အရေးကြီးတာ



www.burmeseclassic.com

www.burmeseclassic.com



ဒီအရပ် ဒီဒေသမှာ ဒယ်ဒီဆက်မနေချင်တော့ဘူး၊ အိမ်ပြောင်းကြမယ်၊ ရန်ကုန်ကို ပြောင်းမယ်…ဒါပဲ''

ရန့် ဖြေလွှတ်ပေးတာမဟုတ်ပဲ ဒယ်ဒီက သူမလက်တွင်းမှ ရုန်းထွက်သွားပြီး ရန့်ဟာ ဒယ်ဒီ့ကို တွဲပြီး အခန်းဆီတက်သွားတဲ့ မေမေတို့ ပုံရိပ်တွေ ပျောက်သွားတဲ့အထိ လိုက်ကြည့်နေပြီးမှ…

''တောက်''

ပြင်းထန်နာကြည်းစွာ တောက်ခေါက်သံက မိုးမြေအဆုံးပျံ့နှံ့သွားလေလားမသိ။ ဒေါသက ဆင်ရိုင်းတစ်ကောင်လို ရင်ထဲသို့ ကြမ်းတမ်းစွာ တိုးဝင်ချေမွနေသလို ခံစားရသည်။

''အေးခါးပြလေ…ရှိတာအကုန်တိုက်ယူတာ''

''နင့်အဖေနဲ့ ဒေါ်မာယာရင့်က တတွဲတွဲပဲနော်…M.Y.Y ဆိုင်ကိုတောင် အတူတူလာတာ''

''ဟုတ်ပ…နင့်အဖေတက်တဲ့ပွဲတိုင်း ဒေါ်မာယာရင့်နဲ့ပဲ အတူတွဲတက်တာ''

''သတိထားဦး ရန့်…တော်ကြာ ခေတ်သစ်ဂေါ်တမီက နင်တို့မိသားစုကို ကြိုးကိုင်သွားဦးမယ်''

တဲ့လေ။ ဒီအသံတွေဟာ ရန့်ပတ်ဝန်းကျင်မှာ အမြဲကြားနေကျ၊ အခုကြားရတဲ့အတိုင်း တကယ်ဖြစ်လာပြီ၊ ရန့်ဟာ နှုတ်ခမ်းတွေကို တင်းနေအောင် စေ့ပိတ်ပစ်ပုံက တစ်ခုခုကို ယတိပြတ်ဆုံးဖြတ်ချက်ချသလိုမျိုး၊ M.Y.Y ရဲ့ အောင်မြင်မှုကို ရန့်မသိတာမှ မဟုတ်တာ။ ဒီလိုအောင်မြင်အောင် အုတ်မြစ်ချပေးခဲ့သူက ဘယ်သူလဲ၊ အခုလို တစ်ထီးတစ်နန်းနဲ့ အောင်မြင်လာကာမှ ဒယ်ဒီ့ကို မဆိုင်တော့ပါဘူးဆိုတဲ့ စကားတစ်ခွန်းနဲ့ ပုတ်ထုတ်ပစ်လို့ရပါသလား၊ ရန့်က ခပ်မဲ့မဲ့ပြုံးရင်း ခြေလှမ်းတွေက ကြမ္မာရင့်တို့ခြံဆီ။

''လိုရာသုံးပြီးမှ ခါချရအောင် ဒယ်ဒီက အညစ်အကြေးတွေပေနေတဲ့ ဘတ်ရှူးတစ်စမဟုတ်ဘူး…ဒေါ်မာယာရင့် အဲ့ဒါကို ရှင်သိဖို့လိုတယ်''

◆ ◆ ◆





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"နှင်က ယောကျာ်းကြီးတန်မဲ့ လူမြင်ကွင်းမှာ လက်သည်းနီတောင် ဆိုးရဲတယ်နော်"

စကားသံက ခနဲ့တဲ့တဲ့။ မာလေးက ဖျတ်ခနဲမော့ကြည့်သည်။ စစ်ခင်းဟန်ပြင်စေသည့် ရန့်မျက်ဝန်းတွေဟာ တလက်လက်စူးရှလို့။ မျက်လုံးချင်းဆုံတာနဲ့ ရန့်က ဟွန့်ခနဲ မဲ့ပစ်သည်။

"ဘယ်မှာလဲ နှင့်အမေ ဒေါ်မာယာရင့်ကြီး"

"ဘာကိစ္စလဲ"

မာလေးရဲ့ ပြန်မေးသံက ဘုဆတ်ဆတ်။ ရန့်ကတော့ ဂရုစိုက်ခြင်းကင်းစွာ မာလေးအား ငုံ့ကြည့်ရင်း…

"မဆန်းပါဘူး… မအေကလည်း သူများပစ္စည်းကြောင်တောင်နှိုက်ရဲနေမှ သားကလည်း လုံးမလို ပြားမလိုဖြစ်နေတာတွေလေ"

"နှင့်ကို ငါမေးနေတယ် မှုန်ရန့်…ဘာကိစ္စလဲ"





လက်သည်းနီပုလင်းကို ဆောင့်ချပြီး မာလေးက မေးသည်။ မှုန်ရန့်မျက်နှာပေါ်က အပြုံးတွေ အကြည့်တွေကြောင့် သူမဟာ ကောင်းသော လာခြင်းမျိုးနှင့် မဟုတ်ကြောင်း မာလေးသိသည်။

"နှင့်အမေယူသွားတဲ့ ပစ္စည်းတွေ ငါလာတောင်းတာ"

"ဘာပစ္စည်းလဲ"

"နှင်မသိပါဘူးဟာ…သိရက်နဲ့လည်း ဟန်ဆောင်နေတာ ဖြစ်ရင်ဖြစ်မှာ၊ နှင့်အမေပိုင်းလုံးလုပ်ထားတဲ့ ကိစ္စတွေလေ"

"နှင့်…စကားပြောတာ စည်းနဲ့ကမ်းနဲ့ ပြောနော်၊ ငါ့အမေကို မစော်ကားနဲ့၊ ငါသည်းခံမှာ မဟုတ်ဘူး"

"နှင့်အမေကသာ ငါတို့ကို စော်ကားသွားတာ၊ အလကား ပိုင်းလုံးမရဲ့သားကများ"

"မှုန်…ရန့်"

ဒေါသက ဦးဆောင်ရာ ခြေလှမ်းကပါသွားပြီ။ မှုန်ရန့်ရှေ့ လွှားခနဲရောက်သွားပြီးတာနှင့် သူမကို အားကုန်ဆောင့်တွန်းဖို့ကြံရွယ်စဉ်မှာပဲ…

"မာလေး"

အမိန့်သံဆန်ပေမယ့် စိုးရိမ်တကြီး အော်ဟစ်တားတဲ့အသံ။ မာလေးက ဆတ်ခနဲ နောက်လှည့်ကြည့်သည်။

"အမေ"

အပေါ်ထပ်မှ လှေခါးကွေ့ကွေ့ကြီးကို ဝိုက်ကာဆင်းလေ၏



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အမေဟာ အခါများစွာကလိုလှဆဲ။

''မဆိုင်တဲ့သူကို သူ မသိတဲ့အကြောင်းတွေ ဘာလို့ ပြောနေတာလဲ မှန်ရန့်၊ ပြောစရာရှိရင် အန်တီ့ကိုပြောပါ''

''ပြောပါ့မယ်…ပြောချင်လွန်းလို့လည်း ဒီကိုရောက်လာတာပါ၊ ရှင်ကြီး ကျွန်မအဖေဆီက ယူထားတဲ့ပစ္စည်းတွေ၊ ငွေတွေ အခုပြန်ပေးပါ…ဒေါ်မာယာရင့်''

''ပစ္စည်းတွေ…ငွေတွေ''

ဒေါ်မာယာရင့်က ရန့်စကားကို မျက်ခုံးပင့်ရင်း လိုက်ရွတ်သည်။ အနက်ရောင်လည်ဟိုက် ဆွဲသားကိုယ်ကြပ်၊ အနက်ရောင်ပေါ်အဖြူပွင့်ကြီးတွေပါတဲ့ စကဒ်အရှည်ကို တွဲဝတ်ဆင်ထားသည်။ တလက်လက်တောက်နေတဲ့ ပလက်တီနမ်ကြိုးအရှည်နဲ့ စိန်လော့ကတ်ကြီးဟာ ရင်ညွန့်မှာ လှုပ်ရှားမှုတိုင်းလိုက်၍ တဝဲဝဲခါယမ်းနေ၏။ နားမှ တဖျတ်ဖျတ်လက်နေတဲ့ စိန်နားကပ်၊ စိန်လက်ကောက်ပျော့တွေနဲ့ ကိုယ်ရောင်ကိုယ်ဝါတောင်ပနေတာကို တွေ့ရလေလေ ရန့်ရင်ထဲက ဒေသတွေ ထိန်းမရလေလေ။ ဒီပစ္စည်းတွေဟာ ဘယ်သူပိုင်တာတွေလဲလို့တွေးတိုင်း ဒီမိန်းမအား ထုရိုက်ကုတ်ဖဲ့ပစ်ချင်တဲ့အထိ။ ရန့်ကတော့ ဒေါသတွေ မီးလိုတောက်နေသည့်မျက်နှာမျိုးနဲ့ ဖြစ်ပေမယ့် ဒေါ်မာယာရင့်ကတော့ အပြုံးတောင်မပျက် သူမအနားထိ မလှုပ်တလှုပ်လျှောက်ထားရင်း…

''မာလေး…ဘေးဖယ်နေစမ်း''

လို့ သူမသားကို အမိန့်ပေးရင်းက…





''ညည်းအဖေက သွားတောင်းလို့ ပြောလိုက်တာလား''

''ဒယ်ဒီပြောစရာတောင် မလိုပါဘူး၊ ရှင့်ကို ဒယ်ဒီပေးကမ်းခဲ့တာ တစ်မြို့လုံးအသိပဲ''

''ငါ…ပြန်ပေးခဲ့တာတော့ တစ်မြို့လုံးမသိဘူး၊ ဒါပေမယ့် ရှေ့နေတွေသိတယ်၊ စာချုပ်စာတမ်းရှိတယ်၊ ညည်းသိအောင် ပြောပြလိုက်မယ် ညည်းအဖေရဲ့ ပိုင်ဆိုင်မှု ငါ့ဆီမှာ ဘာမှမရှိဘူး''

''ရှင်…မလိမ်နဲ့''

ရန့်က ရူးရူးဝါးဝါးထအော်သည်။ ပြီးမှ ဒေါ်မာယာရင့်အားလက်ညှိုးငေါက်ငေါက်ထိုးကာ…

''ဒါ…ရှင်လိမ်တာ…ရှင့်ဆိုင်ကြီး ဒီလိုအောင်မြင်လာအောင် ဒယ်ဒီက ရင်းနှီးထူထောင်ပေးခဲ့တာ၊ ဒါကို ရှင်အခွင့်ကောင်းယူပြီး လုယူခဲ့တာ၊ အပိုင်သိမ်းပစ်တာ၊ သူများပစ္စည်းကို ရှင်မတရားမယူချင်နဲ့၊ ပြန်ပေးပါ၊ ကျွန်မအဖေပိုင်တဲ့ ပစ္စည်းတွေ ပြန်ပေးပါ''

''ငါ…မတရားယူတာ မဟုတ်ဘူး၊ လုလည်းမယူဘူး၊ လောကမှာ လုလို့ရစတမ်းဆိုရင် ကိုယ်ပိုင်ဆိုင်ချင်တာ မှန်သမျှ ဘယ်သူမှ ကြိုးစားဖန်တီးနေမှာ မဟုတ်ဘူး၊ အားလုံးလုယူကြမှာပဲ၊ ကိုစိုင်းနဲ့ ငါက ကစားပွဲလေးတစ်ခု ကစားခဲ့တာ၊ အနိုင်ရတဲ့လူက လောင်းကြေးသိမ်းရတာ ဓါသဘာဝပဲ၊ ဒီပွဲမှာ ညည်းအဖေရှုံးတယ်၊ ဒါပဲ''

''မဟုတ်ဘူး…မရှုံးဘူး…ဒယ်ဒီမရှုံးဘူး၊ ရှင်မြူဆွယ်ခဲ့တာ၊ ရှင်ဖြားယောင်းပြီး သူများမိသားစုကို ဖြိုခွဲခဲ့တာ၊ ရှင်ကယုတ်မာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့မိန်းမကြီး၊ ကောက်ကျစ်တဲ့ မိန်းမကြီး''

သူမ တရစပ်အော်သည်။

''မှုန်ရန့်''

မာလေး ဒီထက်ပိုသည်းမခံနိုင်တော့။ မှုန်ရန့်နဲ့ အမေကြား ဝင်ရပ်ကာ သူမကို ပခုံးနှစ်ဘက်မှ ဆောင့်ဆွဲခါရင်း...

''သွား...နင်ထွက်သွားတော့''

''မသွားဘူး''

မှုန်ရန့်ကလည်း သူ့လက်နှစ်ဖက်ကို သူမပခုံးပေါ်မှ ဆောင့်ခါ ဖြုတ်ချရင်း ပြန်အော်သည်။

''နင်တို့ရဲ့ လူမဆန်တဲ့အကြောင်းတွေ ပတ်ဝန်းကျင်သိအောင် ဖော်ထုတ်ရမှာ...ပြောမှာ...မသွားဘူး''

''ဟာ...ပြောဦးဟာ''

အရှိန်နှင့် ဆောင့်တွန်းပစ်သည်။ မှုန်ရန့်ဟာ ကြမ်းပြင်ပေါ် အဝတ်စတစ်စလို ပုံခနဲ ခွေကျသွားသည်။ ထိုအခိုက်မှာပင်...

''သမီး...ရန့်''

ဧည့်ခန်းထဲ အပြေးဝင်လာသူက မသက်ထား။

''သမီးရယ်...ထ..ထ ပြန်ရအောင်၊ တောင်းပန်ပါတယ် မာယာ၊ သမီးက စိတ်ထိခိုက်သွားလို့ပါ''

''ဘာမှ တောင်းပန်စရာမလိုဘူး အမေ...ကြမ္မာရှင့်''

သူ့အား အေးခဲစွာစိုက်ကြည့်ရင်း စိမ်းရှစွာ အော်သည်။ ခပ်စိုက်စိုက်ကြည့်နေတဲ့ မှုန်ရန့်ရဲ့ မျက်ဆံဟာ ပျောက်ကွယ်နေပြီး

ဝိုး : မိုး : ၁၇၆ ပ



အကြည့်တွေက မျက်သားဖြူပေါ်မှာပဲ ရှိနေတဲ့ပုံကိုက စုန်းတစ္ဆေတစ်ကောင် ဝင်ပူးနေသလို...

''နင် ငါ့ကို ကိုယ်ထိလက်ရောက် စော်ကားထားတဲ့အတွက် နင်...ဒီထက်မက နာကျင်စေရမယ်၊ မှတ်ထား ကြမ္မာရှင့်''

ကျိန်စာလိုလို ခြိမ်းခြောက်စကားတွေကို ဗလုံးဗထွေး ရေရွတ်ရင်း သူမအမေ ဆွဲခေါ်ရာနောက်သို့ ပါသွားပြီ။ မာလေးက ထိုသားအမိကို မျက်စိအောက်မှ ပျောက်သွားတဲ့အထိ ငေးနေသော အမေ့အား လှည့်ကြည့်ရင်း...

''အမေနဲ့ ဦးစိုင်းကြွယ် ဘာတွေဖြစ်ခဲ့တာလဲဟင်''

ဒီတော့မှ အမေ့အာရုံက သူ့ထံရောက်ကာ ခပ်သဲ့သဲ့ အမေ့ရယ်သံဟာ ချိုမြိန်ခြင်းများစွာနဲ့...

''သူတို့ ဒီမြေပေါ်က ပြောင်းရတော့မယ်''

အခုမှ အကြောင်းရင်းသိသွားတဲ့ မာလေးက အံ့သြတကြီး ဖြစ်သွားကာ...

''အဲ့ဒါ...တကယ်လား...အမေ''

အမေက သူ့နဖူးပေါ်ကျနေတဲ့ ဆံပင်တွေကို ခပ်ဖွဖွ သပ်ပေးရင်းက...

''တကယ်ပေါ့...သားရဲ့၊ သူတို့ရဲ့ ခြံကို အမေရအောင် ဝယ်မယ်၊ အမေ့အတွက်ကတော့ လှည့်စားခြင်းရဲ့အောင်မြင်မှု အထိမ်းအမှတ်၊ မာလေးအတွက်ကျတော့ အဲ့ဒီလို လှည့်စားခြင်း မခံရအောင် အမြဲသတိရနေဖို့အတွက်''

ဝိုး : မိုး : ၁၇၆ ပ

www.burmeseclassic.com

www.burmeseclassic.com



တဲ့။ အမေ့စကားအဆုံးမှာ မာလေးက မှုန်ရန့်တို့ရဲ့ ခြံကျယ်ကြီးဆီ လှမ်းကြည့်မိသည်။ အမေ့အောင်မြင်မှုအတွက် ဝမ်းမြောက်ရပေမယ့် သူ့ရင်ထဲ ကျယ်ပြန့်သော မေးခွန်းတစ်ခုက ဝင်ရောက်လာတုန်း။

လှည့်စားခြင်းအတတ်ပညာဟာ ဘယ်လောက်နက်ရှိုင်းသလဲဆိုတာကို သူသိချင်ပါ၏။

◆ ◆ ◆

## အခန်း (၁၀)

"မာလေးကို ဦးလေးသွားကြိုလိုက်မယ်လေ၊ မာယာနားချင်နားလေ၊ ဒီနေ့လည်း ခရီးဝေးက ပြန်ရောက်တာ မဟုတ်လား"

အိမ်ရောက်လို့ ခရီးဆောင်အိတ်ချပြီးတာနှင့် ဦးစံဘော်က ဆိုလာခြင်းဖြစ်သည်။ မာယာက ဒေါ်ထွေးကမ်းပေးလာသော နာနတ်သီးမစ်ရှိတ်အား တစ်ငုံသောက်ရင်း ခေါင်းယမ်းပြကာ…

"နေပါစေ ဦးစံဘော်…ကျွန်မပဲ သွားကြိုပါမယ် ဟိုနေ့ဒီ လေယာဉ်စီးလာတာ ဘာပင်ပန်းတာမှတ်လို့၊ ပြီးတော့ မာလေးကိုတွေ့မှ အမောကပြေမှာ"

အကြောင်းသိ ဦးစံဘော်က ခေါင်းတညိတ်ညိတ်လုပ်ရင်း ဘာစကားမှ မဆိုတော့။ ဒေါ်ထွေးကသာ မာယာအနားရပ်ရင်း…

"မာယာမရှိတဲ့နေ့မှာ ဝတ်လုံတော်ရ ဦးတင့်ဆွေလဲ

ဦးမိုးစာပေ
ဦးမိုးစာပေ
www.burmeseclassic.com

www.burmeseclassic.com



သွားတယ်''

''ဟုတ်လား…ဘာမှာသွားသေးလဲ''

''ဟင်အင်း…မာယာပြန်လာမှပဲ တွေ့မယ်တဲ့…မာယာ''

ပြောစရာကျန်နေသေးဟန်နှင့် ဒေါ်ထွေးက ခေါ်သည်။ မာယာက ''ပြော'' ဟူသော သဘောဖြင့် မျက်ခုံးပင့်ပြမှ…

''ဟို…မာလေးကို ရှိသမျှ လုပ်ငန်းတွေရဲ့ ပိုင်ရှင်အဖြစ် လွှဲပြောင်းပေးထားတယ်ဆို''

သောက်ပြီးသား ဖန်ခွက်ကို မာယာက မှန်စားပွဲပေါ် လှမ်းတင်ရင်း…

''အင်းလေ…ဘာဖြစ်လို့လဲ…ဒေါ်ထွေး''

''ဒါတွေဟာ တစ်နေ့ မာလေးပဲ ပိုင်ရမှာကိုကွယ်''

''တစ်နေ့ပိုင်ရမှာနဲ့ ဒီနေ့ပိုင်တာ ဘာကွာခြားသွားလို့လဲ ဒေါ်ထွေးရယ်''

အရာရာ၌ ကိုယ့်သဘော ကိုယ်ဆောင်ခဲ့သော မာယာရင့် စိတ်ကို ဒေါ်ထွေးအသိဆုံး။ အတူနေခဲ့ကြတာပဲ မာလေးတစ်သက် ရှိခဲ့ပြီ။ ဒီသားအတွက် လောဘဇောတိုက်ပြီး မမောမပန်းရှာဖွေရ၊ ကြီးပွားအောင် တိုးချဲ့ရတာနှင့် မာယာရင့်ခမျာ တစ်စက်ကလေးမှ မအားလပ်ရ။ အိမ်ထောင်ရေး ကံမကောင်းခဲ့ပေမယ့် အချစ်ရေးမှာတော့ မာယာရင့်တို့ ကံကောင်းသည်။ ဒီအသက်အရွယ်ထိ ဆွတ်ချင် ညွတ်ချင်သူတွေ အများအပြား။ ဒါပေမယ့် မာယာရင့်တို့က လှည့်





တောင်မကြည့်ခဲ့။ မာလေးတစ်ယောက်အတွက်သာ တစ်ဘဝလုံး နှစ်မြှုပ်ထားခဲ့သူ။

''ဟိုတစ်ချိန်တုန်းကဆိုရင်တော့ မာယာ့အတွက် ငွေရှိတဲ့ ယောကျ်ားတွေက တကယ်တန်ဘိုးရှိခဲ့တာ၊ အခုတော့ မလိုအပ်တော့ဘူးဒေါ်ထွေး…ဟင်း…ဟင်း…မာယာရင့်မှာ ဦးစိုင်းကြွယ် ပုံချပေးတာနဲ့တင် တစ်သက်စာ လုံလောက်ပြီ''

လို့ ဝန်ခံတတ်တဲ့သူ။ စိန်ရွှေရတနာ ရောင်းဝယ်ရေး လောကမှာ မာယာရင့်နာမည် တရှိန်ထိုးတက်လာတာနှင့်အမျှ အစုရှယ်ယာထည့်ချင်တဲ့သူတွေ၊ အလုပ်အပ်ချင်သူတွေ တပုံတပင်။ ဆိုင်ခွဲများစွာကြောင့် အလုပ်တွေပုံနေတာ။ ပင်ပန်းနေတာတွေ မကြည့်ရက်လို့ နောက်အိမ်ထောင်ပြုဖို့ ဒေါ်ထွေးက တစ်ခါ ပြောဖူးပါသည်။ မာယာရင့်က ဟက်ဟက်ပက်ပက် ရယ်ကာ…

''ဘာအတွက်လဲ ဒေါ်ထွေး…အားကိုးအားထားလား…မလိုပါဘူး ဒေါ်ထွေးရယ်…အားကိုးဖို့၊ လုပ်ငန်းတွေကူဖို့ဆိုရင် ယောကျ်ားတစ်ယောက်ထဲ မဟုတ်ဘူး၊ ယောကျ်ားအများကြီးကို မာယာငွေပေးပြီး ခိုင်းလို့ရပါတယ်''

''ဒါပေမယ့် မာယာရယ်…အရွယ်ကလည်း ငယ်သေး…စီးပွားရေးကလည်း ကောင်းဆိုတော့ တံခွန်မရှိတဲ့ ကုက္ကားလို မတင့်တယ်မှာ စိုးလို့ပါ''

''သား…မာလေး ရှိနေတာပဲ''

''မာလေး ကကွယ်''



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီတုန်းက ဒေါ်ထွေးဟာ စကားမဆက်နိုင်။ အချိန်အား ရှိတိုင်း လက်သည်းနီ၊ နှုတ်ခမ်းနီဆိုးဖို့သာ ကြံရွယ်တတ်သော၊ ကျောင်းပြီးတာနှင့် အလှပြင်သင်တန်းတက်ရန် စိတ်ထက်သန်သော မာလေးရဲ့ သရုပ်အမှားကို ဒေါ်ထွေးက မထောက်ပြရက်၊ မာယာကတော့ ပုံစံမှားနေသော မာလေးအား တည့်မတ်ပေးရန်လည်း စိတ်မကူး၊ မြောက်ထိုးပင့်ကော် လုပ်ပေးတာမျိုးလည်း မဟုတ်ဘဲ…

"နေပါစေ…သူစိတ်ချမ်းသာသလို၊ မိန်းမတွေကို စိတ်မဝင်စားတာပဲကောင်းတယ်၊ တော်ကြာ မာယာရင့်ဝဋ်တွေ သားမှာ လည်နေမှာစိုးလို့"

တဲ့လေ။ အခုလည်း အရွယ်ငယ်ငယ်၊ စိတ်ဓာတ်ငယ်ငယ် သားကို ရှိသမျှလုပ်ငန်းတွေ လွှဲပြောင်းပေးဦးမတဲ့…

"မာလေးကို စိန်ကဲကျောက်ကဲ ဖြတ်တဲ့ပညာ၊ ပန်းတိမ် ပညာအလုံး သင်ပေးပြီးသား၊ သူမှာ အရည်အချင်းပြည့်ဝပြီဆိုမှ မာယာလွှဲပေးတာပါ"

"ဒါပေမယ့် မာလေးက စိန်ရွှေတွေထက် သူများတွေကို ဘယ်လိုလှအောင် ပြင်ပေးရမလဲဆိုတာပဲ စိတ်ဝင်စားတာ"

မနေနိုင်၍ ကိုယ်ကပြောမိပြီ။ သားဆိုတဲ့ ယောကျ်ားပီပီ ကျားကျားလျားလျား ဖြစ်စေချင်တာ ဒေါ်ထွေးရဲ့စေတနာ၊ မာလေး ဟာ ဒေါ်ထွေးလက်ပေါ်တင် ကြီးပြင်းလာတဲ့သူလေ၊ ဒေါ်ထွေးက တွေးနေဆဲမှာပင် မာယာရင့်ကတော့ အင်္ကျီကို ဆန့်ဆန့်ရန့်ရန့်ဖြစ် အောင်ဆွဲချ၊ လက်ပွေ့အိတ်ကို ရင်ဘတ်အတွင်းပွေ့ပြီး ကားသော့





မှန်းတို့ကို ကောက်ယူသွားတာ ဖယ်ဆက်သလို၊ အဆုံးသတ်အဖြစ် နေကာမျက်မှန်အဝိုင်းကြီးကို တပ်ပြီးမှ…

"မာလေး သင်တန်းဆင်းတော့မယ်…မာယာသွားပြီ၊ ညစာ အဆင်သင့်ပြင်ထား ဒေါ်ထွေး"

ညွှန်ကြားချက်တွေပေးပြီး ထွက်သွားတာ ကြော့ကြော့ မော့မော့၊ ဒေါ်ထွေးကတော့ ဒီသားအမိအား ဘယ်လိုဖျောင်းဖျရမှန်း မသိတော့။ မအေကလည်း သားဖြစ်သူ ယောကျ်ားစိတ်ဝင်ရင်ပဲ သူမလို မိန်းမမျိုးနဲ့တွေ့ပြီး ဝဋ်လည်မည်ကို တထစ်ချယူဆထား သလို၊ သားကလည်း သူ့ဘဝရဲ့ စံပြသူရဲကောင်းဟာ မိခင်ပါပဲ ဆိုမှတော့ ဒီသားအမိဟာ ကြားလေတောင် အသွေးမခံတဲ့ စည်းလုံး ချစ်ခင်ခြင်း တွေနဲ့လေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

''မလိုပါဘူး အမေရာ…အမေရှိနေတာပဲ၊ အမေပဲဦးစီး အုပ်ချုပ်လုပ်ဆောင်ခဲ့တဲ့ အလုပ်တွေကို မာလေးမှ စိတ်မဝင်စားတာ အမေလည်း သိသားနဲ့''

''ဒါပေမယ့် မာလေးရယ်''

''ထားပါ…အခု ဒီအလုပ်ပြင်သင်တန်းပြီးရင် မာလေး ရန်ကုန်ဆင်းမှာ အမေ''

''ဟဲ့ ဘာအတွက်တုံး''

မာယာရင့်က တအံ့တသြ လှည့်မေးသည်။ ကားမောင်း နေရင်းမို့ အာရုံက ထွေပြားလို့မရ။ ဒါပေမယ့် သားပြောတဲ့ စကား တွေက ထူးဆန်းလွန်းလို့ပါ။ မာလေးဟာ သူမွေးဖွားရာ ဒီဇာတိ မြို့လေးကို သိပ်ခင်တွယ်တာ။ ဒီကနေ တစ်ရပ်တစ်ကျေးပြောင်းရန် ဘယ်တော့မှ စိတ်ကူးထားသူမဟုတ်။ အမေဖြစ်သူက ရန်ကုန်မြို့ ကြီးဟာ စီးပွားရေးအချက်အချာကျတယ်ဆိုတာတောင်။





''မပြောင်းချင်ဘူးအမေ…ဒီမှာအသားကျနေပြီ၊ ပြီးတော့ မာလေးဘဝစခဲ့တဲ့မြို့၊ အချိုးအကွေ့တွေများတဲ့ မြို့လေးကို မာလေး ချစ်တယ်၊ အောင်မြင်မှုကို တစိမ့်စိမ့်ပြန်တွေးပြီး ကြည်နူးသလို ကိုယ်ကျရှုံးစဉ်က အကြောင်းတွေကိုလည်း တသိမ့်သိမ့် ပြန်တွေးပြီး သင်ခန်းစာယူရတာမျိုးပါ အမေ''

ဆိုခဲ့သူက ရန်ကုန်သွားမယ်ဆိုတော့ မာယာရင့်ဟာ ကားသာမောင်းနေရသည်။ သားဖြစ်သူအား ထူးဆန်းခြင်းများစွာ နှင့် ခဏခဏငဲ့ကြည့်နေရသည်။ ဒါကို မာလေးက ရိပ်မိပုံရသည်။

''မာလေး ဒီဇိုင်နာသင်တန်း သွားတက်မှာပါအမေရဲ့''

''ဒီဇိုင်နာ''

''အင်းလေ…ကိုယ်ပြင်ဆင်ပေးတဲ့သူကို အလုံးစုံလှသွား စေချင်တာမျိုးပါ၊ မိတ်ကပ်နဲ့ အဝတ်အစားလိုက်ဖက်မှုက အစပေါ့''

''အမယ်လေး…မာလေးရယ်''

မာယာရင့်က အခုမှ စိတ်အေးသွားသလို ရယ်ချရင်းက သားကို တိတ်တဆိတ်အကဲခတ်မိသည်။ မာလေးဟာ ယောကျ်ား မပီသဘူးဆိုပေမယ့် ယောကျ်ားဘဝကို လုံးလုံးကြီး ဆန့်ကျင်နေသူ မျိုးမဟုတ်။ လိုတာထက်ပိုပြီးအလှအပကို စိတ်ဝင်စားတာမျိုး။ သူ့ကိုယ်သူလဲ လိုက်ဖက်ညီအောင် ပြင်ဆင်တတ်တာမျိုးပါ။ အခုပဲ ဝတ်စားထားတာကိုကြည့်လေ၊ ရှပ်အဖြူပေါ်ကနုတ်ပန်းတွေ ဖော် ထားတဲ့ ဒီဇိုင်းနှင့် ဂျင်းပင်(န်)ပြာဖျော့ဖျော့ဟာ မာလေးနဲ့တော့ လိုက်ဖက်နေတာပါပဲ။ ခန္ဓာကိုယ်သွယ်လျလျမှာ အသားက



www.burmeseclassic.com

www.burmeseclassic.com



ပန်းရောင်သမ်းသည်။ မျက်အိမ်ကျယ်ကျယ်၊ မျက်တောင်ကော့ကော့နဲ့ နှာတံချွန်ချွန်၊ နှုတ်ခမ်းသားတွေဟာ ဆေးကူစရာမလို၊ ရဲရဲနီပြီး ထောင့်ချိုးညီအောင် ပါးလှပ်နေတာမျိုး၊ မာလေးဟာ မေးရိုးသာ မကားပဲ ခပ်ပြေပြေလေး ဆင်းချသွားမည်ဆို တကယ့်မိန်းကလေးလို့ ထင်ချင်စရာ။ ဂုတ်ထောက်ကျော်အောင် ထားတဲ့ ဆံပင်ရှည်ကြောင့်လည်း မာလေးပုံစံဟာ နွဲ့နွဲ့လေး…

"ကိုယ့်မှာ သားလေးတစ်ယောက်ထဲရှိတာကို မာယာရယ် ဒီလိုပုံစံကြီးနဲ့"

လို့ ကဲ့ရဲ့ရှုတ်ချချင်သူတွေ အများသား။ ထိုအခါမျိုး၌ မာယာကလည်း မခံတတ်ပဲ…

"ဒီပုံစံက ဘာဖြစ်နေလို့လဲ…ဒီလိုနေတာ ပိုတောင် အန္တရာယ်ကင်းသေးတယ်၊ ဝါသနာပါတဲ့နောက်မှာ ပျော်မွေ့နေတာလေ…ဆေးချမှာ မစိုးရိမ်ရသလို သိုက်တူးတဲ့ မိန်းမမျိုးကိုလဲ မပူရဘူး"

ခပ်ပြတ်ပြတ်ပြောပစ်တာ၊ ကွယ်တာနှင့် နှာခေါင်းရှုံ့မှာ သိသည်။ ဒါပေမယ့် လူဆိုတာမျိုးဟာ ကိုယ့်ခံယူချက်နဲ့ကိုယ် အထူးသဖြင့် မာယာရင့်က ကိုယ်မှန်တယ်ထင်ရင် ဘယ်တော့မှ နောက်မဆုတ် ခေါင်းမင့်တဲ့ မိန်းမမျိုးလေ…

"အမေ…ဟာ…အမေ"

ကြုံပြီးနား…နားကပ်အော်မှ

"ဟဲ့…ဟဲ့…လန့်လိုက်တာ…အမေ ကားမောင်းနေတာ





မာလေးရဲ့…ဘယ်လိုဖြစ်ပြီး လန့်အောင်လုပ်တာလဲ"

"အမေက မာလေးခေါ်တာ ကြားမှမကြားတာ၊ ဘာတွေ အတွေးလွန်နေတာလဲ"

"မာလေးအကြောင်းပဲ တွေးနေတာပေါ့"

"အမေ့ဆိုင်တွေ ဦးစီးနိုင်းမလို့လား"

မာယာရင့်က နှုတ်ခမ်းစူပြီး မေးတဲ့ မာလေးကြောင့် ဟက်ခနဲရယ်ချရင်း…

"အမေမရှိရင် သားပဲဦးစီးရမှာလေ"

"မာလေးဘဝမှ အမေအမြဲရှိနေရမှာ"

"ဟဲ့…ဒါတော့ဒါပေါ့…ဒါပေမယ့် အမေသေသွားခဲ့ရင်"

"အား…အမေနော်"

သေစကားကြားတိုင်း မာလေးဟာ ရှုပ်ဆောင့်အောင့်မြဲ၊ ပြီးတော့ အမြဲတမ်းပြောသေးသည်…

"အမေ…မသေရဘူး"

ဆိုပြီးတော့လေ၊ အခုလည်း ကားမောင်းနေတဲ့ မာယာ့လက်ကို လှမ်းဆွဲတာကြောင့် စတီယာရင်ကို မာယာမထိန်းနိုင်၊ ရုတ်တရက် ကားဦးက ရမ်းခါသွားစဉ် သူမကားလမ်းကြောင်းပေါ်မှာ လမ်းဖြတ်ကူးမည့် ကလေးငယ်….

"ဟယ်…မာလေး…လွှတ်…လွှတ်"

မာလေးကို အော်ပြီး အလန့်တကြား ကားဦးကို ဆွဲတည်



www.burmeseclassic.com

www.burmeseclassic.com



စဉ် ကားက လမ်းကြောင်းမှန်ပေါ် ပြန်ရောက်ပေမယ့် တစ်ဖက် လမ်းကြောမှ ကုန်တင်ကားတစ်စီးရဲ့ ဦးခေါင်းဟာ မာယာရင့်တို့ ကားဆီ တစောင်းကြီး ဝင်ချလာတာဖြစ်သည်။ တစ်ဖက်ကားမှား မှန်းသိပေမယ့် မာယာရင့်က လမ်းမှန်ကို မရွေးနိုင်။

"အမေ့…"

သည်းအူပြတ်မတတ်အော်လိုက်တဲ့ သားအသံကြောင့် မာယာ ဘာကိုမှ ဂရုမထားနိုင်၊ သားလွတ်ရင်ပြီးရော၊ ဆွဲလှည့်ကာ ရှောင်ထွက်လို့ရပေမယ့် သားထိနိုက်မှာစိုးသည်၊ ထို့ကြောင့် တည့်တည့် ဝင်လာသော ကားကြီးအား ကိုယ့်ဘက်ခြမ်း ကားဦး ခေါင်းနဲ့ တေ့ပေးလိုက်ခြင်းပင်။

"ဂျိမ်း…ဒလိမ်း…ဂျိမ်း"

အသံကအကျယ်ကြီး၊ ကားချင်းဆောင့်တိုက်မိတဲ့ အရှိန် ကြောင့် မာယာနဖူးနှင့် စတီယာရင်က ဝင်ဆောင့်မိသည်။ ရင်ညွန့် စပ်ဆီမှ ရှုးအောင့်သော ဝေဒနာ၊ ဦးခေါင်းဆီမှ မိုက်ခနဲ မူးဆေသော ဝေဒနာနှင့် မျက်နှာပေါ် ပူနွေးသော သွေးစီးကြောင်းတွေ စီးကျ လာတာ သိသည်။ လူက မူးဝေနောက်ကျိနေပေမယ့် အသိစိတ် တော့ မလွတ်သေး။

"မာ…မာလေး"

အားရှိသ၍ ကုန်းရုန်းထပြီး သားကိုခေါ်သည်။ မာလေး ကလည်း ဒတ်(ရှ်)ဘုတ်ပေါ် ခေါင်းစိုက်နေရာမှ ကြိုးထလာသည်။

"မာလေး…သား…ဘာဖြစ်လဲ၊ သား ဘယ်နားနာနေ

စိုးမိုး ၀၁၃၈၀



လဲ၊ အိုး…နဖူးမှာ သွေးစိုနေတယ် သားရဲ့၊ ထွက်စမ်း… သားဘက်တံခါးဖွင့်ပြီး…အမေ့တံခါးက မရတော့ဘူး၊ ကျပ်ညှပ် နေပြီ၊ ဆေးခန်းသွားရအောင် အမေ့သားထိသွားတာ ဆေးခန်းသွားပြီး Check up လုပ်ရမယ်"

"မာလေး အရေးမကြီးဘူး…အမေ…အမေ့နဖူးက သွေး တွေအများကြီး စီးကျနေတာ…အမေအရေးကြီးတာ၊ လာ အမေ ထွက်…မာလေးအင်္ကျီနဲ့ စည်းပေးမယ်"

"ဟဲ့…ငါက ဘာမှမဖြစ်ဘူး၊ မာလေးသာ အရေးကြီး တာ"

ဝိုင်းအုံလာတဲ့ လူအုပ်ကြီး။ အကူအညီပေးမည့် ယာဉ်ထိန်း ရဲတွေဟာ ကားတံခါးတစ်ဖက်တည်းက ဆင်းလာတဲ့ သွေးသံရဲရဲ နှင့် မာလေးတို့သားအမိကို တအံ့တဩငေးလို့။ မာလေးတို့က သွေးတွေသာ ထွက်နေတာ။ အခုချိန်ထိအော်ဟစ်ညည်းညူခြင်းမရှိ၊ အရေးကြီးတဲ့ လူတောင် ကိုယ်အဖြစ်မခံ။ အမေကားအောက်ခြေ ချမိတာနှင့် မာလေးက အပေါ်ရုပ်အင်္ကျီကို ဆွဲချွတ်သည်။ အောက်မှာ တီရှပ်အဖြူတစ်ထည် ခံထားတာမို့ မာလေးအတွက် အဆင်ပြေပါသည်။ အဲဒီနောက် ရုပ်အဖြူနှင့် အမေ့ရဲ့သွေးထွက် နေတဲ့ နဖူးပြင်ခေါင်းအား စည်းပေးသည်။ ဒါတောင်အမေက လက်တကာကာနှင့် ငြင်းတုံး…

"ဟဲ့…ငါဘာမှမဖြစ်ဘူး၊ မာလေးပဲစည်းစမ်းပါ၊ မင်း သွေးတွေထွက်နေပြီ"

ခိုးမိုး ၀၁၃၈၀

www.burmeseclassic.com

www.burmeseclassic.com



''မာလေး ဘာမှ မဖြစ်ဘူး''

''ဟဲ့…ဖြစ်တာပေါ့…မင်းခေါင်းက သွေးတွေစီးကျနေတာ တီရှပ်တစ်ထည်လုံး နစ်နေပြီ''

''ကဲ…အစ်မကြီးတို့''

ယာဉ်ထိန်းရဲက စကားဖြတ် ဝင်ခေါ်ရင်း…

''လောလောဆယ် ဆေးခန်းအရင်သွားလိုက်ပါ၊ အစ်မကြီးတို့ အိမ်လိပ်စာတွေပေးခဲ့၊ ကျွန်တော် ဆက်သွယ်ပါ့မယ်၊ ဆေးရုံကိုလည်း စစ်ချက်လာယူရမယ်လေ၊ ဟိုဘက်ကားကလည်း ဒဏ်ရာပြင်းတော့''

''အို…ပြင်းပြင်း…သူမှားတာ အသိသာကြီး၊ သူဝင်တိုးတာ၊ ကျွန်မသား တစ်ခုခုထိခိုက်လို့ကတော့ အဲဒီကားမောင်းသမားမလွယ်ဘူးမှတ်''

အရေးထဲ သွေးစီးကြောင်းတွေကြားမှာ အမေက ဒေါသတွေကြီးနေသေးသည်။

''ဟုတ်ပါတယ်…ဥပဒေအရ ကျွန်တော်တို့ ဆောင်ရွက်ပေးပါ့မယ်၊ အခုတော့ နီးရာ ဆေးရုံအရင်သွားပါ''

တိုက်တွန်းမှ အမေနဲ့သူက အိမ်လိပ်စာပေးရင်း ကြေမွသွားသော ဖုန်းကလည်း သုံးမရတော့တာမို့ တက္ကစီတစ်စီးဖမ်းထားပြီး နီးစပ်ရာ ဆေးရုံဆီလာခဲ့ရသည်။ အဲဒီအချိန်အထိ အမေက မာလေးအတွက် စိုးရိမ်တုန်း…

''သား…ခေါင်းမူးနေလား…အန့်ချင်သလိုများ ဖြစ်နေ





သလား…သွေးပူနေတုန်းဆို မင်းမနာဘူးနော်…ဆေးရုံရောက်ရင် သေချာစစ်မှ၊ အမေ့မှာ မာလေးတစ်ယောက်တည်းရှိတာ…အထိခိုက်အပွန်းပဲ မခံနိုင်ဘူး''

တတွတ်တွတ် ရွတ်လာတာ ဆေးခန်းရောက်တဲ့အထိ မာလေးကတော့ သူမအား တငုံငုံကြည့်ရင်း…

''မာလး ဘာမှ မဖြစ်ဘူးအမေ…အမေသာ သွေးတွေထွက်နေတာများပြီ''

''အမေ့ကို မပူစမ်းပါနဲ့ …မာလေးရယ်''

မာလေးလက်ကို ကျစ်ကျစ်ပါအောင် ဆွဲခေါ်ရင်း ဆေးရုံထဲခြေချမိသည်။ ကိုယ်ထိခိုက်ထားတာတောင် မေ့နေပြီ။ သားတစ်ခုခုဖြစ်သွားမှာ စိုးတဲ့စိတ်နဲ့ မာယာရင့်အပေါ် သားအောကလွှမ်းခြုံလို့…

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

''အာ...မဖြစ်နိုင်ဘူး၊ မဟုတ်ဘူး...မဟုတ်ပါဘူး ဒေါက်တာရယ်...မာလေး အမေမသေနိုင်ပါဘူး၊ သေသွားတာ မဖြစ်နိုင်ဘူး၊ မာလေးအခုလေးတင် ထွက်သွားတာ၊ အမေ... အမေက မာလေးကိုတောင် နှုတ်ဆက်နေသေးတာ၊ အမေက ပြုံးပြုံး ရွှင်ရွှင်ပဲဒေါက်တာရဲ့၊ ဒေါက်တာတို့ စစ်ချက်များ မှားနေလို့လား ...ပြန်စစ်ကြည့်ပါဦး...ဒီမှာလေ...စမ်းကြည့်...အမေ့အသားတွေက နွေးနွေးလေးရှိနေသေးတာ၊ ကြီးတွေး...ကိုင်ကြည့်ပါဦး နွေး နွေးလေးပါ၊ ဒါ...သေတာမှ မဟုတ်တာ၊ ခဏသတိလစ်သွား တာနေမှာပါ''

ဗိတ်ဖြူစကြီးအောက်က အမေ့လက်ကို ကိုင်ကြည့်လိုက် မာယာရင့် နမူးအား သူ့ပါးပြင်လေးနဲ့ ကပ်ကြည့်လိုက်၊ မအေ နှာခေါင်းနဲ့ လက်ဝါးခံကြည့်ပြီး ဝင်လေ ထွက်လေ စမ်းသပ်လိုက်။ ဆရာဝန်ကြီးတွေအား မာယာမသေပါဘူးလို့ တွင်တွင်ငြင်းလိုက်နဲ့





ဗျာများနေတဲ့ကလေး။ ဒေါ်တွေးဟာ ထိုအဖြစ်တွေကို ကြည့်နိုင် ခွမ်းမရှိတော့။ မျက်နှာကို လက်ဝါးထဲထည့်ပြီး ငိုချမိတာအသံတိတ်၊ ဆိုးလှတဲ့ ကံကြမ္မာဟာ သိပ်ချစ်တဲ့ ဒီသားအမိအား တစ်နယ်စီ ခွဲပြီး ပို့ပစ်လိုက်သလိုမျိုး၊ သေခြင်းနဲ့ ရှင်ခြင်းကြား နယ်နမိတ် မျဉ်းဟာ ဘယ်အခါမှ ဆုံတွေ့နိုင်ခြင်းမရှိတော့တဲ့အဖြစ်။

''ကြီးတွေး''

ငိုသံပါကြီးနှင့် လှည့်ခေါ်လာတာမို့ ဒေါ်တွေးက မာလေး လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း...

''လူလေး''

''ဟုတ်ရဲ့လား...အမဲမေသေသွားပြီဆို၊ မာလေးတစ်ကိုယ် လုံး သွေးတွေနဲ့ မြင်မကောင်းဘူးတဲ့၊ ရေမိုးချိုးပြီး အကျီပြန်လဲဆိုလို့ မာလေးပြန်တာလေ...တစ်နာရီတောင်မကြာဘူး၊ အဲ့ဒီလောက် အချိန်လေးမှာပဲ အမေက မာလေးကို ထားသွားပြီလား၊ အဲ့ဒါ တကယ်လားဟင်...ကြီးတွေး၊ မာလေးမေးနေတယ်လေ၊ အဲ့ဒါ တကယ်လားလို့''

ငိုရင်းရှိုက်ရင်း ဒေါ်တွေးလက်မောင်းကို ဆွဲခါလှုပ်ယမ်း ရင်းမေးသည်။ ဟီးတိုက်ငိုမချပဲ နှုတ်ခမ်းသားတွေ မျက်ခမ်းသား တွေ ရဲရဲနီလာတဲ့အထိ မျက်ရည်တွေက ပိုးပိုးပေါက်ပေါက်။ မာလေး အမေးကို ဒေါ်တွေးလည်း မဖြေနိုင်ပါ။ မာယာနှင့် သူမ စကားပြောနေရာမှ ''မူးတယ်'' လို့ပြောပြီး အရည်ဖြူဖြူတွေ အန်ချသည်။ ဦးစံဘော်ကလည်း မာလေးနဲ့ လိုက်သွားတာမို့



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ ဒေါ်ထွေးတစ်ယောက်တည်း ထွေးခံလေးခံပေးပြီး မာယာက နှစ်ချက်လောက် ထိုးအန်ပြီးကာမှ ခုတင်ပေါ်ခွေခနဲလဲကျသွားခြင်းဖြစ်သည်။ ထိုအခါမှ ဆရာဝန်ပြေးခေါ်၍ လာစမ်းသပ်သောအခါ မာယာ၌ အသက်မရှိတော့ကြောင်း သိရတာပင်။

"စိတ်ကိုဖြေပါ မာလေးရယ်"

ဒေါ်ထွေးက ဒါပဲပြောတတ်သည်။ ဆရာဝန်ကြီးကတော့ မာလေးအနားရောက်အောင် ခုတင်ကိုကွေ့ပတ်လျှောက်လာပြီးမှ မာလေးပခုံးအား ဖျစ်ညှစ်ဆုပ်ကိုင်ရင်း...

"ဒါမျိုးပေးရှင့်တွေ ဆရာကြုံဖူးပါတယ်၊ ရောဂါတစ်ခုခုကပ်နေလို့ပဲဖြစ်ဖြစ် ဝေဒနာကို ပြင်းပြင်းထန်ထန် မခံစားရတဲ့အခါ တကယ့်လူကောင်းပကတိပါပဲ၊ အဲ့ဒါကြောင့် ဦးခေါင်းကို ထိခိုက်လာသူမှန်သမျှကို ဆရာတို့က ဆေးရုံမှာ နှစ်ဆယ့်လေးနာရီထားကြတာ၊ စိတ်ချရအောင်ပါ၊ မောင်ရင့်အမေက ကားအက်ဆီဒင့်ဖြစ်ချိန်ကတည်းက နဖူးရိုးဟာ ကျိုးပြီးငေါထွက်နေတာ၊ အရိုးငေါကြီးဟာ ငယ်ထိပ်ကနေ ပေါက်ပြီး ဦးခေါင်းခွံအက်သွားခဲ့တာပါ၊ နာကျင်မှုဝေဒနာကို သူဘယ်ခံစားရမလဲ၊ သူ့စိုးရိမ်မှုဟာ မောင်ရင့်အတွက်ပဲ ဇောကပ်နေခဲ့တာကိုး...သူ့ကံဟာ ဒီလောက်ပဲပါလာတယ်လို့ စိတ်ကိုဖြေပါ မောင်ရင်"

ဒေါက်တာကြီးရဲ့ နှစ်သိမ့်စကားဟာ ပရိဒေဝမီးတောက်လောင်နေတဲ့သူ့ရင်ကို ထိုးမပေါက်နိုင်။ ပြုံးယောင်သမ်းနေတဲ့ အမေ နှုတ်ခမ်းတွေကို ကြည့်ရင်း ငိုချင်စိတ်က အလုံးအရင်းလိုက် နှလုံး

ခိုး၊မိုး၊၈၁၆၀



အိမ်ကို ဆောင့်ထိုးစေသည်။ ဒါပေမယ့် မျက်ရည်ကျတော့ ထပ်မထွက်လာတော့...

"အမေ...မာလေးကို စိုးရိမ်နေရင်းနဲ့ပဲ အမေသေဆုံးသွားခဲ့တာလား...မာလေးကို ထားခဲ့ရမယ်ဆိုတာ အမေကြိုသိနေလို့လား"

မေးခွန်းတွေဟာ ဝမ်းနည်းစိတ်တွေနဲ့ လုံးထွေးပြီး ရင်ဘတ်ထဲပြည့်ကြပ်နေသည်။ လွန်ခဲ့တဲ့နာရီပိုင်းလေးကတင် အမေက ခုတင်ပေါ်လှဲလျောင်းလျက်၊ သူက လူနာစောင့်ခုံတန်းလျားဘေးမှာ ထိုင်လျက်က စကားတွေ ပြောခဲ့သေးတာ၊ အမေ့အသံတွေကို အခုထိ မာလေးကြားယောင်ဆဲ...

"ဣတ္ထိရုပ်ခန့်တဲ့...မိန်းမတွေနဲ့ အဆင်းရူပကာဟာ ဥစ္စာဖြစ်၏ပေါ့ မာလေးရယ်...အမေ့ရဲ့အလှကတော့ ပထမဆုံး မင်းအဖေရဲ့ ဘဝထဲမှာပဲ အရက်နဲ့အတူ မြည်းစမ်းခံခဲ့ရတာလေ၊ ဦးစည်သူကို အမေအရူးအမူးချစ်ခဲ့တာ၊ သူပြန်ပေးတဲ့ အချစ်က အမေ့အတွက် မပြည့်စုံခြင်းတွေပဲ၊ မာလေးကိုမွေးပြီးတဲ့အချိန်မှာ အမေက အလှကို အသစ်တဖန် မွေးဖွားတယ်၊ ဒါပေမယ့် အဲ့ဒီ အလှနဲ့ အချစ်ကို အမေ လဲမယူဘူး၊ ဥစ္စာဓနနဲ့ လဲတယ်၊ အဲ့ဒီ အတွက် မာလေးအမေကြောင့် အရှက်ရခဲ့တာ ရှိချင်ရှိတယ်၊ ဒါပေမယ့် အမေ့ကို အပြစ်မမြင်ပါနဲ့ မာလေးရယ်၊ အမေ့မာလေးမှာ တိုင်ပင်စရာ မွေးချင်းမရှိဘူး၊ ဖအေကလည်း အားကိုးလို့မရဘူး၊ အမေဆိုတာကရော မာလေးထက်အရင် လူလောကထဲက

ခိုး၊မိုး၊၈၁၆၀

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားရမဲ့သူ၊ ဒီတော့ အမေက စဉ်းစားတယ်၊ မာလေးအတွက် စည်းစိမ်ဥစ္စာနဲ့ အတတ်ပညာဟာ အားကိုးရာပဲ၊ အဲ့ဒီအရာတွေ မာလေးကိုပေးဖို့အတွက် အမေလူတွေကို လှည့်စားရတယ်၊ မာယာနဲ့ ပြုစားရတယ်၊ သူများစည်းစိမ်ကို ကိုယ့်စည်းစိမ်ဖြစ်အောင် လှည့်ကွက်တွေ သုံးခဲ့ရတယ်၊ အခုလို မာလေးပြည့်စုံနေတာမြင်တော့ အမေ ရင်းနှီးခဲ့တာတွေ တန်တယ်…ပျော်တယ်"

တကယ်ပျော်ရဲ့လားအမေ။ အခု မာလေးကို တကယ်စိတ်ချသွားပြီလား၊ မှားနေပြီ အမေရယ်၊ မာလေးဘဝ၊ မာလေးရဲ့ အနာဂတ်၊ မာလေးရဲ့ ရှင်သန်မှုမှီခိုရာက အမေပါ၊ အမေရှိမှ မာလေး ဘဝပြည့်စုံမှာ၊ အမေမရှိတော့တဲ့ ဒီတစ်ခြမ်းပဲ့အနာဂတ်ထဲမှာ မာလေး …မာလေးမရပ်တည်နိုင်ဘူး အမေ။ ပြန်လာခဲ့ပါ အမေရယ်။ မာလေးကို ထားမသွားပါနဲ့။ ကြမ္မာရှင်ဟာ မာယာရှင့်နဲ့ ခွဲထားလို့ မရဘူးဆို။ အမေ…ဒီနည်းနဲ့ ခွဲမသွားပါနဲ့၊ မာလေးကို ထားမသွားပါနဲ့။

"မာလေး…သား လူလေး"

နောက်ပါးမှ ဦးစံဘော်ရဲ့ခေါ်သံ၊ ကြီးတွေးက မာလေးကို ကိုင်လှုပ်နေတာ၊ အားလုံးသိသည်။ ဒါပေမယ့် သူမျက်တောင်ခတ်လို့မရ၊ မျက်တောင်တစ်ခတ်စာအတွင်းမှာ အမေ့ပုံရိပ်ပျောက်သွားမှာ မာလေးစိုးရိမ်လို့ပါ။ ခပ်တင်းတင်းစေ့ထားပေမယ့် အမေ့နှုတ်ခမ်းတွေဟာ ပြုံးလို့။ မာလေးဝမ်းနည်းနေတာ အမေသဘောကျနေသလား။ ဒါမှမဟုတ် မာလေးအတွက် အားလုံးစီစဉ်ပေး





နိုင်ခဲ့လို့ အမေကျေနပ်နေသလား။ မာလေးမဝေခွဲတတ်တော့။ မာလေးသိတာက အမေ မာလေးမျက်စိအောင်က ပျောက်မသွားဖို့၊ ပျောက်…မ…သွား…ဖို့….

စိုးရိမ်တကြီးအော်သံတွေ။ မာလေးကတော့ မျက်စိဖွင့်ထားရက်ကပင် ပိန်းပိတ်သော အမှောင်ထုကြီးထဲ ထိုးစိုက်ဆင်းသွား၏။ လောကမှာ ကြည့်နေရက်နဲ့ မမြင်တဲ့အရာတွေရှိသလား အမေ။ အဲဒီလိုအရာတွေနဲ့ ကြုံရရင်ရော မာလေးဘယ်လို ဟန်ဆောင်ရမလဲ…သင်ပေးပါဦး…အမေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"အောင်မလေး....မဖြစ်ပါဘူး မှန်ရန့်ရယ်၊ မဖြစ်ဘူး၊ မေမေ သမီးကို စိတ်မချဘူး…တခြားဟာ စဉ်းစားပါ ရန့်ရယ်၊ သင်တန်းတွေတက်၊ ကျောင်းတွေတက်ပြီး စီးပွားရေး တစ်ခုခု လုပ်၊ အနုပညာလောကထဲတော့ မဝင်နဲ့…မဖြစ်ဘူး၊ အဲဒီလောကက အင်မတန်ရှုပ်ထွေးတာ၊ ဟန်ဆောင်မှုတွေကို ပရိယာယ်တွေနဲ့ နောက်က လူကြီးက တကောက်ကောက်လိုက်နေရမှာ…ညည်း ကြီးတော်ရော ငါရောက ထုံထုံအအနဲ့၊ ပိုဆိုးတာက စားသောက်ဆိုင်မှာ သီချင်းအရင်ဆိုမဲ့ကိစ္စ"

"အင်းလေ…အဲဒီဆိုင်က တခြားလူဆိုင်မှ မဟုတ်တာ မေမေရဲ့မောင် အန်ကယ်ကျော့်ဆိုင်ပဲကို"

"ဟဲ့…ဘယ်သူ့ဆိုင်ဖြစ်ဖြစ်လေ…အဲဒီဆိုင်လာသမျှ လူက သောက်မယ်စားမယ်၊ မူးလာရင် သီချင်းဆိုတဲ့ မိန်းကလေးတွေ ထိကပါး ရိကပါးပြောမှာ"

"ဟုတ်ပ"



www.burmeseclassic.com



လက်ဖက်သုပ်ပန်းကန်ကို မေမေ့လက်ထဲထည့်ပြီး ကြီးကြီးပါ ဆိုဖာမှာ ဝင်ထိုင်သည်။ မေမေ့ဘက်က ထောက်ခံပြီး ဝင်လာတဲ့ ကြီးကြီးကို ရန့်က မကျေနပ်။ ရှုပုပ်ပြီး မျက်စောင်းပိတ်ထိုးသည်။

"မျက်စောင်း လာမထိုးနဲ့…ဟွန်း…မပြောချင်ဘူး၊ ညည်းစိတ်က နဂိုကမှ လက်တစ်ဆစ်ရယ်…သည်းမခံနိုင်လို့ ပြဿနာတက်ပြီဆို ငါ့မောင်စီးပွားရေးပါ ပျက်ဦးမှာ၊ မလုပ်ပါနဲ့ ရန့်ရယ်…အိမ်မှာပဲ ဒူးနန့်ပြီး ညည်း ပြဿနာရှာပါ"

"ကြီးကြီးနော်…ရန့်ကို အဲ့ဒီလို မပြောနဲ့"

"အလိုတော်…ဒါဆိုလည်း ဘယ်လိုပြောရမှာလဲ၊ မှန်တာပြောတော့လဲ မခံနိုင်၊ မြှောက်ပြောတော့လဲ မဖားနဲ့ ကလေး မဟုတ်ဘူးဆို"

"ဟုတ်တယ်လေ…ရန့်ကို ပုံမှန်ဆက်ဆံ"

ရန့်က ပြောပြောဆိုဆို မေမေ့ခုံဘက်ရွှေ့ထိုင်ပစ်ကာ…

"ရန့် သီချင်းဆိုတာ ဝါသနာ့ပါမှန်း မေမေသိရက်သားနဲ့"

"အေး…သိတယ်လေ…အဲ့ဒါကြောင့် အိမ်မှာ ကာရာအိုကေတွေ အကျယ်ကြီးဆိုတာ မေမေဘာပြောလို့လဲ"

"အိမ်မှာတင် မဟုတ်ဘူး…ရန့်က တိုင်းသိပြည်သိ အဆိုတော်ဖြစ်ချင်တာ မေမေ"

"ဟဲ့"

စိတ်ပျက်စွာ အော်မိခြင်းပါ။ ဒီသမီးဝါသနာလည်း



www.burmeseclassic.com

www.burmeseclassic.com



သိသည်။ ဖြစ်စေချင်တဲ့ ဆန္ဒလည်းရှိသည်။ ဒါပေမယ့် အခု ပညာရှင်တစ်ယောက် အောင်မြင်ဖို့ဆိုတာ ဉာဏ်ဖွံ့ဆိုပြီး မန်းမှုတ်လို့ ရတာမှ မဟုတ်တာ။ ကံ၊ ဉာဏ်၊ ဝီရိယအပြင် စန်းဆိုတာလည်း ရှိသေးသည်။ အသိုင်းအဝိုင်းရဲ့ ပံ့ပိုးမှုဆိုတာလည်း ချန်ထားလို့ မရ။ စေ့စေ့တွေးကြည့်တော့ ကိုယ့်ရဲ့ ထောက်ပံ့ပေးနိုင်စွမ်းဟာ ဘယ်မှာများရှိသလဲ၊ သက်ထားက ဖွင့်မပြောဘဲ စိတ်မကောင်းခြင်း များစွာနှင့် သမီးကို ငုံ့ကြည့်သည်။ ရန့်ကတော့ မအေဖြစ်သူရဲ့ လက်မောင်းမှာ ပါးအပ်ရင်း စိတ်ကူးကို ကြိုးနဲ့သီပြီး လည်ဆွဲလုပ်တဲ့ သူနှယ်။

"အန်ကယ်ကျော်ကပြောတယ် မေမေ…ရန့်အသံက ဆွဲဆောင်မှုရှိတယ်၊ ထူးခြားတယ်တဲ့၊ အဆိုတော်ဆိုတာ အသံကောင်းရုံ၊ သီချင်းဆိုတတ်ရုံနဲ့ မရဘူးတဲ့၊ ပင်ကိုယ်အသံကိုက ဆန်းကြယ်နေမှဖြစ်တာတဲ့၊ ရန့်မှာ ပါရမီရှိတယ်တဲ့"

"အရှုံးဘုံမြောက်လေ…အဲ့ဒီငကျော်ကိုလေ ငယ်ငယ် တုန်းကလိုပဲ ဖင်လှန်ပြီး ကြိမ်လုံးနဲ့ စပ်စပ်လေး ဆော်ချင်တာပဲ"

"ကြီးကြီး"

ရန့်က စကားဖြတ်ပြောသော ကြီးကြီးကို အော်ပစ်သည်။ မေမေက နဂိုကမှ တွေဝေတတ်သူ၊ ကြီးကြီးအဲ့ဒီလို ဝင်ပြောနေရင် ရန့်ဆန္ဒက ဖြစ်မြောက်တော့မည်မထင်၊ ကြီးကြီးကလည်း ရန့်အား ခပ်စွေစွေကြည့်ရင်း…

"ဘာတုံး"

လို့ဆောင့်အောင့်ပြီး မေးသည်။ ဆက်ပြောလည်း ရန့်





အတွက် ထူးမှာမှ မဟုတ်တာမို့ ကြီးကြီးကို မကြည့်တော့ဘဲ…

"အန်ကယ်ကျော့်ဆိုင်က ဆိုတဲ့တစ်ယောက်လည်း ပရိဂျူ ဆာက အသံကြိုက်လို့ဆိုပြီး စီးရီးထုတ်ပေးတာလေ။ ပွင့်ချပ်လွှာ ဆိုတဲ့ တစ်ယောက်လေ။ အခုအောင်မြင်နေတာ လျှမ်းလျှမ်းတောက် ဥစ္စာ။ တေးထုတ်လုပ်ရေးအတော်များများက ပရိဂျူဆာတွေက အန်ကယ်ကျော်ဆိုင်ကိုလာတာတဲ့၊ ရန့် အဲဒီမှာဆိုရင်းက.."

"မဖြစ်နိုင်ပါဘူးသမီးရယ်၊ သမီးကို မေမေစိတ်မချဘူး"

"အဲဒီလိုယတိပြတ်ကြီး မပြောပါနဲ့မေမေ၊ မေမေတို့လည်း ရန့်ကို ငွေထုတ်ပေးပြီး စီးရီးတစ်ခွေမှ မလုပ်ပေးနိုင်တာ၊ ရန့်ဝါသနာ ကို အခြေခံပြီး အောင်မြင်အောင်လုပ်ချင်တာ"

ပြောရင်းနှင့် အသံက ထိန်းမရ။ ဝမ်းနည်းစိတ်ကြောင့် တိမ်ဝင်သွားရသည်။ ဝါသနာမပါတဲ့အလုပ်တွေကို ဘယ်လောက်ပဲ စိတ်နှစ်ထားပါစေ၊ အောင်မြင်ဖို့ရာခိုင်နှုန်းက အတော်နည်းသည်။ ပြီးတော့ မမေနဲ့ကြီးကြီးရဲ့စိုးရိမ်ခြင်းဟာ အစွန်းရောက်လွန်းသည်လို့ ရန့်ထင်သည်။ ရန့်ကို အိမ်ထဲမှာပဲ ထုတ်ပိုးသိမ်းဆည်းထားချင်တာ ကို သူမက မကြိုက်။ တကယ်ဆို ရန့်ဟာ ဘဝရဲ့သင်ခန်းစာများစွာ ရဖူးသူလေ။ မှားယွင်းခြင်းရဲ့အရသာဟာ ခါးသီးမှန်းမေမေတို့နဲ့ ထပ်တူ ရန့်သိပါသည်။

"အဲဒီလိုတော့ မပြောနဲ့ သမီးရယ်"

မေမေစိတ်မကောင်းဖြစ်သွားမှန်း ရန့်သိသည်။ မေမေ့ ရင်ခွင်မှ မော့ကြည့်တော့ မျက်ရည်ကြည်တွေနဲ့ အရောင်တောက်



www.burmeseclassic.com

www.burmeseclassic.com



နေသော မေမေမျက်ဝန်းတွေက ရန့်အတွက် ရင်နင့်စရာ။

''ဆောရီး··မေမေ၊ ရန့်က''

''သိပါတယ် သမီးရယ်၊ မေမေ့သမီး တမင်ဆိုးတာ မဟုတ်ဘူးဆိုတာ မေမေလည်း ဖြစ်နိုင်ရင် ကိုယ့်သမီးဆန္ဒကို ဖြည့်ပေးချင်တာပါ၊ ဒါပေမဲ့···''

''ညည်းအဖေ အရက်အလွန်အကျွံသောက်လို့ ကုရတဲ့ ဆေးဖိုးတွေ၊ ဟိုမိန်းမနှိက်ယူထားတာတွေနဲ့''

''အဲဒါတွေပြောမနေပါနဲ့တော့ မေမေ''

''ပြောရမယ်အေ့··ပြောရမယ်၊ ဘယ့်နှယ်တော်၊ မယား ကို မသိတတ်ရင်နေပါ၊ ကျန်ခဲ့တဲ့ ကိုယ့်သမီးမျက်နှာတော့ ထောက် ဦးမှပေါ့၊ သူရှာသမျှ သူမသေခင် အကုန်သဲ့ယူသွားတာ၊ အခုလို အခြေမပျက်နေနိုင်တာတောင် ငါ့မောင်က ထောက်ပံ့ပေးထားလို့''

ကြီးကြီးဟာ ဒယ်ဒီ့အကြောင်းတွေ ပြန်တူးဖော်တိုင်း မခံ နိုင်သောဒေါသကို အမြဲတွေ့ရသည်။ တကယ်တော့ ကြီးကြီးပြော တာလဲ မလွန်။ ရှာသမျှစည်းစိမ်နဲ့ ဒယ်ဒီ့မိဘအမွေတွေ ပေါင်းလိုက် ရင် မနည်းမနော။ အခုတော့ ငွေကြေးပါဆုံးရှုံးရတာမဟုတ်။ မေမေ လည်း အရွယ်ငယ်ငယ်နှင့် မုဆိုးမဖြစ်ရသည်။ ရန့်ကတော့ လောက အလယ်မှာ အဖမဲ့သမီးအဖြစ် ပိန္နာကျည်းစရာကောင်းတာက နောက် ဆုံးထွက်သက်အထိ အနားမခွာပြုစုသော မေမေ့အား ကျေးဇူးတင် စကားမပြောဘဲ ဟိုမိန်းမကိုသာ တောင့်တသွားခဲ့တာ။

''အဲဒါတွေအားလုံးဟာ ဒေါ်မာယာရင့်ဆိုတဲ့ မိန်းမကြီး





ကြောင့်၊ ရန့်တို့ စီပွားပျက်အောင်လည်း သူပဲလုပ်တာ၊ သူများ မိသားစုကိုလည်း အရင်ဖြိုခွဲတာ၊ အို··နောက်ဆုံး ဒယ်ဒီသေတာ တောင် သူ့ကြောင့်··သူ လှည့်စားတာမခံနိုင်လွန်းလို့ ဒယ်ဒီအရက် တွေသောက်ပြီး ရောဂါရတာ၊ အားလုံးဟာ သူ့ကြောင့်၊ ရန့် အဲဒီ မိန်းမကြီးကို ဘယ်တော့မှ မကျေဘူး၊ သူ့ကြောင့် ဆုံးရှုံးခဲ့ရတဲ့ ရန့်တို့ဘဝကို ဘယ်တော့မှမမေ့ဘူး၊ ရန့် အသက်ရှင်နေသရွေ့ ခင်းတို့သားအမိ ထိနိုက်နစ်နာအောင် ရန့် ပြန်လုပ်ပြမယ်''

''ဟဲ့··တော်ပြီ ရန့်ရယ်၊ စိတ်ပင်ပန်းတယ်၊ အဲဒီအကြောင်း ပြန်မတွေးနဲ့တော့ သမီးရယ်၊ အဟောင်းတွေ အသစ်ဖြစ်အောင် မေလည်း တော်ပါတော့''

သက်ထားက ဝင်တားရင်း အစ်မဖြစ်သူကိုပါ မျက်ရိပ် ပြှာန့်တားရသည်။ မှန်ရန့်ဟာ အငြိုးအတေးကြီးသည်ဆိုတာ မွေးထုတ်ထားတဲ့ မအေအသိဆုံး။ မျက်စိရှေ့တွင် စီးပွားတွေပျက်၊ အအေက ရောဂါတွေဖြစ်နှင့် နောက်ဆုံးအသက်ပါ ပါသွားတဲ့အထိ ဆိုတော့ သမီးရင်ထဲမှာ နာကြည်းမှုအတိမ်အနက်ကို သက်ထား ခန့်မှန်း၍ရသည်။ သို့ပေမဲ့ အတိတ်ကအရိပ်ကြောင့် သမီးစိတ်ထဲ အေးချမ်းရာမရစေချင်။ ကိုယ့်သမီးကို အများသူငါတွေလို လန်းဆန်း တက်ကြွသည့် လူငယ်လေးပဲဖြစ်စေချင်သည်။ ထို့ကြောင့်ပင် သူမ ခံစားရသမျှတောင် သမီးရှေ့ခင်းကျင်းပြသခြင်းမပြုခဲ့။

''ဟင့်အင်း··ရန့်မမေ့ဘူးမေမေ၊ ရန့်တို့ကို အဲဒီမြေပေါ်က သူတို့က လှှင့်အောင်လုပ်ခဲ့တာ၊ ရန့်အလှည့်ကြုံလာကြည့် ဒီကမှ



www.burmeseclassic.com

www.burmeseclassic.com



ပေါက .လွှင့်ထွက်အောင် လုပ်ပစ်မယ်၊ အဲဒီလိုလုပ်နိုင်ဖို့အတွက် ရန့်မှာ ငွေကြေးတွေ၊ ဂုဏ်သိက္ခာတွေ၊ ကျော်ကြားမှုတွေ လိုတယ် မေမေ၊ ဒေါ်မာယာရင့်လိုပေါ့၊ သူဖြစ်ခဲ့သမျှ အမည်းစက်ကို သူများ ဆီက လုယူထားတဲ့စည်းစိမ်တွေနဲ့ ဖုံးပစ်တာလေ··ဟွန်း၊ သူ့ငွေး မကြီးဘွဲ့ခံပြီးတော့''

နှုတ်ခမ်းတို့ကိုမဲ့ပြီးပြောတဲ့ ရှုံချခြင်းစကားတွေက ဆုံးခန်း တိုင်ပြီ။ ဒါပေမဲ့ သမီးမျက်ဝန်းထဲ နာကျင်ခြင်းအရိပ်တွေက တလက်လက်တောက်ပတုန်း။ ဒေါ်သက်ထားက သမီးဦးခေါင်း လေးကို ရင်ခွင်ထဲဆွဲပွေ့ရင်း

''ကဲ စိတ်ရှုပ်စရာတွေ ထားခဲ့တော့သမီး၊ သမီးအန်ကယ် ဆိုင်မှာ သီချင်းဆိုဖို့ကိစ္စ မေမေသဘောတူလိုက်ပြီ၊ ဒါပေမဲ့ အောင်မြင်အောင် လုပ်ရမှာနော်''

ရန့်က ပြောင်းလဲခြင်းမရှိတဲ့ မျက်ဝန်းတွေနဲ့ မေမေ့အား မော့ကြည့်သည်။ နာကြည်းရိပ်တွေကို အလိုဆန္ဒပြည့်ဝခြင်းတွေက မဖုံးလွှမ်းနိုင်ဘူးလား။

''ကျေးဇူးမေမေ၊ ရန့်ပျော်သွားတယ်၊ ဒါပေမဲ့ အပြည့်အဝ တော့မဟုတ်ဘူး၊ ဒေါ်မာယာရင့်ကြောင့် ရင်ခံသွားလို့''

တဲ့လေ။ သမီးရင်ထဲက နာကြည်းမှုအခိုင်အခန့်ဟာ ထုထည်ကြီးမားနေမှန်း သက်ထားရိပ်မိသည်။ နောင်ကြဲ့မှပဲသမီး ကို နားချနှစ်သိမ့်ရမည်။ စုဆောင်းမြှုပ်နှံမထားသင့်တဲ့ အရာတွေထဲ မှာ အမုန်းစိတ်ဆိုတာ ရှေ့ဆုံးမှာလို့။

◆ ◆ ◆



## အခန်း [၁၄]

''မေမေမှာတာက ပုစွန်၊ နောက်ဝက်အသားပြား၊ ဝက်အူ ချောင်းနဲ့ ကမ္ဘလာသီး၊ ကြီးကြီးက ပန်းသစ်တော်နဲ့လိုင်ချီး၊ ပြီးတော့ Coca Cola၊ နောက် နွားနို့ အယ်··မေ့တော့မလို့ ကော်ဖီနဲ့ သကြား ထုပ်''

ရန့်ဟာ ခြင်းလှည်းကိုတွန်းရင်း စားသောက်တန်းတွေနား မှာပဲ တချာလည်လည်။ တစ်ပတ်တစ်ခါ ဈေးဝယ်ထွက်တဲ့အလှည့် မှာ ဒီနေ့က ရန့် မဲပေါက်သည်။ ထို့ကြောင့် မေမေနဲ့ကြီးကြီး မှာသမျှ စာရွက်တစ်ရွက်ထဲ တန်းစီရေးချလာ။ Shopping Centre ထဲရောက်တော့ တစ်ခုချင်းစီ ခြင်းလှည်းထဲထည့်။ ဝယ်ပြီးသမျှ ကို စာရင်းပေါ်ဘောပင်နှင့် အမှတ်ခြစ်ပြီး အမှတ်အသားလုပ်ရသေး သည်။ အဲဒါရန့်ဈေးဝယ်ထွက်တိုင်း အမြဲထုံးစံ။ တခြားမိန်းကလေး တွေလို လှလှလေးဝတ်ပြီး ကြော့ကြော့လေးခြင်းလှည်းတွန်းကာ ကောင်ထုတ်ဈေးဝယ်ရတဲ့ဘဝမှ မဟုတ်တာ။ တစ်ခုရွေးပြီးတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဈေးနှုန်းကိုကြည့်ရသေးသည်။ ဈေးတွေကလည်း မတည်မြဲတဲ့အထဲ ထိပ်ဆုံးကမို့ သတ်မှတ်ပေးလိုက်တဲ့ ငွေကြေးပမာဏနှင့် လောက်အောင်တွက်ရတာတစ်မျိုး။ မှာသမျှမပါမှာစိုးလို့ စာရွက်ကိုခဏခဏကြည့်ရတာတစ်မျိုးနှင့် ကိုယ့်မှာချွေးကိုပြန်လို့။ အခုလည်း ငါးတန်းကထွက်ပြီး Hot Drink တွေရှိရာတန်းဆီ ခြင်းလှည်းကို တွန်းလာခဲ့သည်။ စင်တွေပေါ်မှီထားသည့် ကော်ဖီမစ်အထုပ်တွေထဲမှ သောက်နေကျတံဆိပ်ကိုဆွဲယူပြီး ခြင်းလှည်းထဲပစ်အထည့်

''အင့်..အင့်..အား..ဝါး..ဝါး''

ရှုးရှုးရှရှထွက်လာတဲ့ ငိုသံသေးသေးလေး။ ရန့်ဟာ ယောင်ယမ်းပြီး အသံထွက်လာရာ ခြင်းလှည်းဆီငုံ့ကြည့်မိသည်။ ထိုအခါမှ ခေါင်းရှိဆံပင်တွေ အကုန်ထောင်သွားသလားထင်ရတဲ့ ထိတ်လန့်ခြင်းက လူကိုလွှမ်းခြုံသွား၏။ ငုပ်တုတ်လေးထိုင်ပြီး အငိုမရပ်တဲ့မျက်နှာနဲ့ ရန့်အား မော့ကြည့်နေသည်။ ရန့်သည် ပြူးတူးပြာတာဖြစ်သွားပြီး လှည်းလက်ကိုင်ကို လွှတ်ပစ်ကာ...

''မင်း..မင်းက ငါ့ခြင်းထဲ ဘယ်လိုရောက်နေတာလဲ''

မေးခွန်းဆုံးတဲ့အထိ နားထောင်နေပြီးမှ ထိုကလေးဟာ တဝါးဝါး ထငိုပါတော့သည်။ ထိုအခါမှ ရန့်ကပိုလန့်သွားရပြီ။

''ဟဲ့..ဟဲ့ မငိုနဲ့လေ၊ သြော်..ဒုက္ခပဲ၊ ဒါကြီးကို ဘာလုပ်ရမလဲ''

ကလေးအရွယ်က စကားတော့ ပြောတတ်သေးတဲ့အရွယ်မဟုတ်။ ဒါပေမဲ့ ငုပ်တုတ်ထိုင်တတ်နေပြီ။ လက်ထဲမှာ ဆော်လီ





ပေါ့တစ်ချောင်းကိုက်ရက်သားနှင့်။ ရုပ်ရည်သန့်ပြန့်သပ်ရပ်သော ထိုကလေးဟာ ရန့်ကိုကြည့်ပြီးတော့ကို ငိုနေတာ။ တခြားဈေးဝယ်သူတွေကလည်း ဖြတ်သွားဖြတ်လာလုပ်ရင်း ကွက်ကြည့်ကွက်ကြည့်။ ရန့်ဟာ ကိုယ်အခက်တွေ့နေတာကို ဘယ်လိုရှင်းရမလဲ။ ရုတ်တရက် အကြံမပေါ်ဘဲ လည်ပင်းပွတ်လိုက်၊ ခေါင်းကုတ်လိုက်နှင့်လုပ်ရင်း ကလေးအားလည်း..

''အေး..အေး တိတ်..တိတ် မငိုနဲ့နော်၊ နင်ငိုရင် ဒီမှာ နားတွေပူပြီး ဦးနှောက်တွေ ဆူလာပြီ၊ ငြိမ်ငြိမ်လေးနေနော်၊ ခဏလေး၊ မငိုနဲ့နော်''

ချော့လည်း မရ။ ကလေးက မျက်နှာကြီးနီရဲအောင် အော်ငိုမြဲ။

''ဟယ်..တိတ်ပါဆို၊ ငါက ငိုရမှာ၊ နင့်ဟာနင်ခြင်းထဲ ဝင်ထိုင်ပြီးတော့ နင်ချည်းငိုနေတာ၊ စိတ်ညစ်ပါတယ်''

''ဟာ..ဂျော်နီ..သား''

ရုတ်တရက် နောက်မှပေါ်လာတဲ့အသံရှင်ကြောင့် ရန့်က ချာခနဲလှည့်ကြည့်မိသည်။ အမယ်..စောစောက ကျွက်ကျွက်စီအော်ငိုနေသော ကလေးအသံကလည်း မီးကိုရေနဲ့ ဖြန်းတဲ့အတိုင်း။ ငုပ်တုတ်ထိုင်နေရာမှ ခြင်းနံရံကိုဆွဲ၍ မတ်တတ်ထရပ်ကာ

''ဒီ..ဒီ''

လို့ မပီကလာနှင့် လှမ်းခေါ်သည်။ ထိုတော့မှ အမည်မသိ ယောက်ျားလ်ဟာ သူမကိုကျော်ပြီး ကလေးကို အူယားဖားယားပြေးချီကာ



www.burmeseclassic.com

www.burmeseclassic.com



"အာ..တော်သေးတာပေါ့ကွာ၊ ဒီဒီရဲ့ ဂျော်နီပျောက် မသွားလို့၊ ဒီဒီက စိတ်တစ်အားပူသွားတာကွ၊ လိုက်ရှာတာ အပေါ် ထပ်တောင် ရောက်သွားတယ်"

ရေပက်မဝင်အောင်ပြောပြီး ကလေးပါးဖောင်းဖောင်းကို တရွှတ်ရွှတ်နမ်းနေသေးသည်။ ရန့်က ထိုပုဂ္ဂိုလ်အား စွေစောင်း စောင်းနှင့် ငဲ့ကြည့်သည်။ 'ဟွန်း..အတူရှိတုန်းကတော့ ဂရုမစိုက်ဘဲ ပြန်တွေ့မှ အလွမ်းဓာတ်ခင်းနေတာ မဆုံးနိုင်ဘူး'လို့ စိတ်ထဲက ဝေဖန်ရင်း ကိုယ့်ကိုမလိုအပ်သော ထိုနေရာ၌ ရပ်မနေချင်တော့ ထို့ကြောင့် ခြင်းလှည်းကိုတွန်းပြီး ဆက်လျှောက်ခဲ့သည်။

"နဂိုကမှ ဈေးဝယ်ရတာ ချွေးပြန်ပါတယ်ဆိုမှ...ဟူး အဲဒီကလေးငိုသံပါ နားထောင်လိုက်ရတော့ ခေါင်းပါကိုက်ချင့်သွား တယ်"

ပေါ့ပါးသွားမလားလို့ နှုတ်ကဖွင့်ညည်းမိချိန်...

"ဒီမှာ"

ကပ်ကပ်လေးခေါ်လိုက်တဲ့ နောက်ကအသံကြောင့် ရန့် ကိုယ်လေး ဆတ်ခနဲတုန်သွားသည်။ လှည့်ကြည့်တော့ ဟိုသားအဖ ရန့်က စောစောကတည်းက မကြည်လင်တဲ့အရှိန်နှင့် မျက်နှာကို ရှုပုပ်ပစ်ကာ။

"ဘာလဲ..ရှင်တို့က"

"ကျေးဇူးတင်တယ်လို့ ပြောမလို့ပါ"

မချိုမချဉ်ရုပ်နှင့် ပြောလာတဲ့ထိုလူကြောင့် ရန့်က မျက်နှာ



ကို နှစ်ဆပိုတင်းပစ်သည်။ ချီထားသောကလေးမှ အားမနာ။ ဓာတ်လမ်းတွေလာထွင်ချင်နေတာ အသိသာကြီး။ သင်းရဲ့ ဝင်းဝင်း တောက်မျက်လုံးတွေက ရန့်မျက်နှာထက်မှာသာ တရစ်ဝဲဝဲ။ ရန့်ဟာ တမင်တကာပင် ထိုအိမ်ထောင်ရှင် ကလေးတစ်ယောက်အဖေအား ရှုံ့ချသလိုကြည့်ပစ်ရင်း

"ဘာကျေးဇူးမှ တင်စရာမလိုဘူး၊ ရှင်ကျေးဇူးတင်ရ လောက်အောင်လည်း ကျွန်မ ဘာမှမကူညီဖူးဘူး"

"ကူညီဖူးပါတယ်၊ ဂျော်နီကို မင်းချော့နေတဲ့ဥစ္စာ"

"ချော့ချင်လွန်းလို့မဟုတ်ဘူးနော်၊ ရှင့်ကလေး အာပြဲကြီးနဲ့ ဗွတ်အော်တာ နားငြီးလို့၊ သဘောပေါက်"

"ဟုတ်တယ်ဗျ၊ ဂျော်နီက ငိုလိုက်ရင် တကယ့်ဟဲဗီး‌ပဲ၊ လေးဖြူတို့ အငဲတို့ကို အားကျလို့နဲ့တူတယ်၊ နော်..ဂျော်နီ ဒီဒီပြော တာ ဟုတ်တယ်မလား"

သူက ကလေးကိုမြှောက်ချီပြီး မေးသည်။ ကလေးက လည်း အလုံးစုံကို နားလည်သည့်ပုံစံနှင့်။ ခိုးခိုးခစ်ခစ်ရယ်လို့။ သူတို့သားအဖက လိုက်လဲလိုက်ပါပေသည်။ ရန့်က အဲဒီလိုတွေးပြီး မှ သူတို့အနားယောင်ပြီးရပ်နေမိတာကို သတိရသွား၏။ တစ် ယောက်က ကလေးချီထားပြီး သူမကခြင်းလှည်းကို တွန်းနေတော့ မိသားစုပုံစံလိုလို။ ကိုယ့်အတွေးနဲ့ကိုယ် ရှက်သွားပြီး ခြင်းလှည်းကို တွန်း၍ ဝေးရာထွက်ရန် ခြေလှမ်းပြင်လိုက်စဉ်

"ဟာ..ဟော့ နေဦး"

www.burmeseclassic.com

www.burmeseclassic.com



နောက်က လိုက်လာပြန်ပြီ။ ရန့်က စိတ်ရှုပ်ရှုပ်နှင့် လှည့်ကြည့်ပြီး…

“ကျစ်…ဘာလဲ၊ ရှင်တို့ကိစ္စက မပြီးသေးဘူးလား”

“ကိုယ့်ကိစ္စမဟုတ်ဘူး…မင်းကိစ္စ”

“ဘာကိစ္စလဲ”

ရန့်က ဘုဆတ်ဆတ် ပြန်မေးသည်။ အရစ်ရှည်နေသော ထိုလူအား တကယ့်ကိုစိတ်မရှည်တော့။ သူက ရန့်ခြင်းလှည်းအား မျက်စပစ်ပြကာ…

“မှားနေတယ်…မင်းခြင်းနဲ့ကိုယ့်လှည်း”

“ဟင်…”

အသည်းအသန်ကိုယ့်ခြင်းကို ငုံ့ကြည့်သည်။ ရန့်ဝယ်ခဲ့သော ကော်ဖီထုပ်၊ ပုစွန်၊ အအေးဘူးတွေက ဒီအတိုင်း။ ရန့်က မယုံသင်္ကာနှင့် သင်းထံဒိုင်းခနဲလှည့်ကြည့်သည်။ သူကတော့ အင်မတန် ရယ်ချင်နေသည့် နှုတ်ခမ်းဖျားအား အတင်းဖော့ပိတ်ထားရဟန်ဖြင့်

“တကယ်…အောက်မှာ ကလေးသေးခံတွေနဲ့ နို့မှုန့်ဘူးတွေပါတယ်”

ဒီတော့မှ ပစ္စည်းတွေကို ရန့်က ဖရိုဖရဲဖယ်ကြည့်သည်။ အောက်ထဲ၌ထည့်ထားသော ကလေးအသုံးအဆောင်တွေက ရန့်ကို လှောင်ပြောင်နေကြသည့်နှယ်။ ရန့်သည် အရောင်ရင့်တက်သွားတဲ့ ကိုယ့်မျက်နှာကို သူမြင်မှာစိုးစိတ်နှင့် ခေါင်းခပ်ငုံ့ငုံ့လုပ်ရင်း





“စောစောက ပြောရင်ပြီးနေတဲ့ဟာ…လျှာကို ရှည်တယ်”

စူပွပွပြောပြီး သူ့နောက်၌ရပ်ထားသော ခြင်းလှည်းကို တွန်းယူလာသည်။ ဒါတောင် ဇာတ်လမ်းကမပြီးသေး။

“မင်းဝယ်ထားတဲ့ ကော်ဖီထုပ်ပါ ပြန်ယူသွား၊ ကိုယ်က ကော်ဖီမကြိုက်ဘူး”

တဲ့လေ။ ချေပရန်စကားလုံးတို့က ရှားပါးစွာ နှုတ်ဖျားမှာဆွံ့အကုန်ပြီ။ တကယ်ဆို ရန့်ရဲ့ပေါ့လျော့မှု၊ နမော်နမဲ့နိုင်မှု။ ကြည့်စမ်း၊ ကလေးတစ်ယောက်လုံး ထည့်ထားသည့်ခြင်းလှည်းကို မှားပြီးတွန်းလာမိကတည်းက ကိုယ့်အဖြစ်က တော်တော်အရှက်ကွဲနေပြီ။ ပြီးတော့ သင်းရဲ့မခိုးမခန့်အပြုံးတွေနှင့် ရင်ဆိုင်ရပြန်တော့လည်း ရန့်က အယောင်ယောင်အမှားမှား။

သွားစမ်းပါ။ အတွယ်အတာကြီးနဲ့ဆို ရန့်က စိတ်ကိုမဝင်စားဘူးလို့အော်နေပေမယ့် အိမ်အပြန်လမ်းအထိ အပြုံးရိပ်နဲ့ တောက်ပသောသူ့အသွင်ဟာ ရန့်အာရုံမှာ တွဲငြိနေတုန်း။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

"ကလေးမ…ရှေ့မှာ လမ်းကြောတူတဲ့ ခရီးသည်တစ်ဦး လောက်ရှိရင် ဦးလေးထပ်တင်မယ်နော်၊ ဒီတစ်ခေါက်ဆွဲပြီးရင် ဦးလေးက ကားသိမ်းမှာဆိုတော့ တစ်ခေါက်တည်းနဲ့ နှစ်ယောက်စာ ပိုရှာမလားလို့"

ကားပေါ်တက်ထိုင်ပြီးတာနှင့် တက္ကစီဒရိုင်ဘာကြီးက ပြောသည်။ ရန့်ကလည်း လွယ်လင့်တကူ ခေါင်းညိတ်ပြီးသား။ ကတ်သတ်ပြီး မတင်ပါနဲ့လို့ မပြောချင်။ ကိုယ့်ခေါင်းပေါ်ရွက်တင် ထားရတာမှမဟုတ်တာ။ ပြီးတော့အငှားကားမောင်းသူဟာ အသက် ကြီးကြီးမို့ သနားတာလဲပါသည်။ ဒါပေမဲ့ အုပ်စုလိုက်ကြီးခေါ်တင် မှာလည်း စိုးသဖြင့်

"တစ်ယောက်တည်းသမားပဲတင်နော် ဦးလေး၊ ဒီက နောက်ခန်းမှာ လွတ်လွတ်လပ်လပ် ထိုင်ချင်လို့"

"အေးပါ…ကလေးမရဲ့"



အပေးအယူတည့်သွားပြီမို့ ရန့်က MP4 နားကျပ်ကို နားမှာ တပ်ရင်း သီချင်းနားထောင်နေလိုက်သည်။ ဒီနေ့က အန်ကယ်ကျော် ဆိုင်မှာ သူမ ပထမဆုံးသီချင်း စဆိုရမည့်နေ့။

"ညည်းဒီနေ့တော့ စောစောလာနော်၊ တီးဝိုင်းသမားတွေ နဲ့ရော၊ ဆိုင်မန်နေဂျာနဲ့ပါ ငါ မိတ်ဆက်ပေးထားမှာ၊ ပြီးတော့ အပြန်အတွက်လည်း ဖယ်ရီမောင်းတဲ့သူကိုပါ ပြောပြထားရဦးမှာ၊ ညည်းကို အရင်လိုက်ပို့ဖို့လေ"

"အဲဒီလောက် မလိုပါဘူး အန်ကယ်ကျော်ရဲ့၊ ရန့်ကြောင့် အလုပ်တွေ ပိုရှုပ်နေပါဦးမယ်"

"မလိုဘူးမဟုတ်ဘူး၊ လိုတယ်၊ ငါ့အစ်မနှစ်ယောက် စလုံးက သူတို့သမီး သူတို့တူမကို နို့နံ့မစင်သေးဘူးထင်နေတာ၊ ဂရုစိုက်ပါ၊ သေချာကြည့်ပါပြောနေတဲ့ကြားက အပြန်ကိုတာဝန်မယူ ရင် ငါ နားပူမှာသေချာတယ်ရန့်၊ ကျောပူရင်ရသေးတယ်၊ နားပူတာ မခံနိုင်လို့ပါ"

တဲ့လေ။ မေမေနဲ့ကြီးကြီးကတော့ ရန့်အပေါ် အဖြစ်သည်း လွန်းသည်။ ထိုသို့လုပ်နေတာကိုက ရန့်လူကြီးဖြစ်နေပြီဆိုတာ၊ အစွမ်းအစရှိနေပြီဆိုတာ လက်သင့်မခံတဲ့သဘော။ အဲဒီလိုတွေးမိ လျှင် ရန့်က ဒေါသထွက်ရတာအခါခါ။ ကိုယ်ပုံစံဟာ လူရာမဝင် သူငယ်နာမဝင်သေးတဲ့ပုံများ ပေါက်နေသလားလို့။ အတွေးထဲ မျောနေတဲ့ရန့်ဟာ ရုတ်တရက်အရှိန်နှေးသွားတဲ့ကားကြောင့် နားမှ နားကျပ်ကို ဖြုတ်လိုက်စဉ်…

"အရှေ့မှာ ကားတားနေတဲ့သူရှိတယ်၊ ဦးလေးရပ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



မယ်နော်၊ ကားပျက်နေလို့နဲ့တူတယ်''

''လမ်းတူရင် ခေါ်လေ''

ရန့်က ဒါပဲပြောပြီး သီချင်းပြန်နားထောင်ရန် ဟန်ပြင်လိုက်စဉ် ကားက တုံ့ခနဲထိုးရပ်သွားပြီး..

''ဘယ်သွားမှာလဲ ငါ့တူ''

''မမှူစေတီလမ်း''

ကြားဖူးသလိုရှိတဲ့အသံကြောင့် ရန့်က နောက်ခန်းမှခေါင်းထောင်အကြည့်...

''ဟင်...''

ရန့်က အံ့သြသွားသလို တစ်ဖက်လူလည်း အံ့သြသွားဟန်တူသည်။

''ဟာ..မင်း..မင်းပါလား၊ မှတ်မိလား..ကိုယ့်ကို''

ကလေးအဖေ။ ရန့်က စိတ်ထဲမှကျိတ်ရေရွတ်သည်။ တွေ့လိုက်တိုင်း ဗရုတ်သုတ်ခ၊ ကလေးတစ်ကောင်နှင့် ဖရိုဖရဲ။ အခုလည်းကြည့်။ ရင်ဘတ်မှာ သိုင်းလွယ်ထားတဲ့အိတ်ထဲ ကလေးကိုထည့်ထားသည်။ လက်တစ်ဖက်မှာလည်း လေးထောင့်ခြင်းကြီးဆွဲထားပြီး ကလေးနို့ဘူးတွေနှင့် အခြားအသုံးအဆောင်တွေကတိုလီမုတ်စ။ ရန့်အကဲခတ်နေစဉ်မှာပဲ သူက နောက်ခန်းပြတင်းပေါက်နားရောက်လာပြီး...

''ဟော့..ဟိုဘက်တိုးလေ၊ ဒီနားက ကားရှားလို့ ကားကြုံလိုက်မယ်၊ ကားက ဒီနေရာမှ ထိုးရပ်သွားတာကွ၊ ကျော်နီက အဲကွန်းမရှိရင် ကြာကြာမအိပ်ဘူး၊ လမ်းမတူလည်း သွားမယ့်နေရာ





အရင်သွား၊ ပြီးမှ ကိုယ့်ကိုပို့ပေးရင် ရပါတယ်..OK ''

သူဟာသူ ပြော၊ သူဟာသူ OK နေတဲ့ ထိုလူကို ရန့်က အဖြေမပေးဘဲ ခပ်စူးစူးကြည့်နေမိသည်။ ကိုယ့်ကံဇာတာဟာ အဲဒီလောက်အထိ ညံ့နေသလား။ ကလေးအဖေတစ်ယောက်နဲ့ပဲ တိုက်ဆိုင်နေတတ်တာဟာ သဘောကျစရာမှမဟုတ်တာ။

''လမ်းသင့်ပါတယ် ငါ့တူရဲ့၊ ကလေးမနဲ့ အသိတွေဆိုတော့ ပိုအဆင်ပြေတာပေါ့..တက် တက်''

ဘာမသိညာမသိနဲ့ ဝင်ပြောနေသော ကားဒရိုင်ဘာအား ရန့်က မျက်စောင်းထိုးရင်း...

''နေဦး''

ခပ်ဆတ်ဆတ်တားသောအသံကြောင့် တံခါးဆွဲဖွင့်မည့် သူ့လက်တွေ တုံ့သွားရသည်။ သူမက သူ့အား တစ်ချက်ဝေ့ကြည့်ပြီးမှ...

''ရှင့်ကို ကားကြုံတင်မယ်လို့မပြောဘူး''

''ဟာ..ကလေးမ''

''ဦးလေး အသာနေ''

ရန့်က ကားမောင်းသူအား လှမ်းပြောရင်း

''နောက်ကားစောင့်ငှား၊ ကျွန်မ ကားပေါ်တော့ မတင်နိုင်ဘူး၊ ဆောရီးပဲ၊ ဦးလေး မောင်းတော့''

''ဟာ..ဟော့ ချာတိတ်၊ အာ..မင်းကွာ''

လက်ခါခေါင်းယမ်းနှင့် ကျန်ရစ်ခဲ့သော သူ့အား ရန့်က နောက်ကြည့်မှန်မှ တွေ့နေရသည်။ ကားမောင်းသူ ဦးလေးကြီး



www.burmeseclassic.com

www.burmeseclassic.com



ကတော့ သူဝင်ငွေလျော့ရမလားဆိုပြီး ရန့်အား မကျေမနပ်ကြည့်ကာ

"ညည်းပဲ သဘောတူထားပြီးတော့"

"ကျွန်မပြောထားတာ တစ်ယောက်တည်းသမားလေ"

"အေးလေ..သူလဲ"

"တစ်ယောက်တည်းမှမဟုတ်တာ၊ သူ့ရင်ဘတ်ပေါ်မှာ တစ်ယောက်"

ကလေးကို ရည်ညွှန်းပြောမှန်း ကားမောင်းသူက အခုမှ သဘောပေါက်သွားသည်။

"အေးလေ..ကားပေါ် ကလေးငိုသံတွေဘာတွေနဲ့ဆိုတော့ ညည်းက ဘယ်တင်ချင်ပါ့မလဲ"

တဲ့။ တကယ်တော့ ရန့်က ငြူစူတာ ကလေးကိုမဟုတ်။ ကလေးအဖေကို။ ဘယ့်နှယ့် ကိုယ့်သားတစ်ယောက်လုံးရှေ့ထားပြီး ရန့်ကို ဓာတ်လမ်းထွင်ချင်နေတာ မုန်းလွန်းလို့။ အဖိုကို လူဖိုပိုး တာ မဆန်းပေမယ့် ကလေးတစ်ယောက်အဖေကြီးကျတော့ ဟွန်း။ အတွေးထဲမှာပဲ နှာခေါင်းရှုံ့ပစ်သည်။ ပြောကြစတမ်းဆို အရပ်မြင့် မြင့်၊ ရုပ်အင်္ကျီအရောင်နုလက်ရှည်ကို စတိုင်ပင်(န်)တွေနဲ့ တွဲဝတ် တတ်သော သူ့အသွင်က ညှို့ဓာတ်ပြင်းတာ မငြင်းသာ။ ရန့်တောင် နှစ်ကြိမ်ပဲဆုံဖူးပေမယ့် သူ့ကို ရင်ထဲမှတ်မှတ်ထင်ထင် ရှိနေဆဲ။ ခက်တာက အဲဒီကလေးကြီးနဲ့ တွဲမြင်နေရတော့လဲ။ စည်းဆိုတာ အလိုလိုခြားထားမှ ကောင်းမည်။ သူဟာ ရန့်အတွက် မစားကောင်း သော်အသီး။

◆ ◆ ◆

ဦး မိုး ဓ ၁ ၆ ၀

## အခန်း (၁၆)

"နောက်ထပ် မင်းနဲ့တွေ့ဆုံပါရစေ၊ နောက်ထပ် မင်းနဲ့ တွေ့ခွင့်ရပါစေ၊ ဒီလိုအခွင့်အရေးမျိုးလည်း အချိန်ရှိတိုင်းပဲစောင့်နေ၊ ဘယ်သူ ဘယ်ကမှန်းလည်း မသိပါ၊ ဒီမျက်ဝန်းလေးထဲမှာ ငါ ဘာကယ်ကပ်ငြိသွားလို့ မေ့မှာစိုးတယ်"

ရန့်ဟာ သီချင်းစာသားတွေကို မျက်ဝန်းစုံမှိတ်ဆိုလိုက် တိုင်း ဖျတ်ခနဲအရိပ်ထင်လာတာ သူ့မျက်နှာပါ။ နေကာမျက်မှန် ကြီးကြီးတစ်လက်ကို ဆံပင်တွေပေါ်လှန်တင်ထားတတ်သော စမတ် ကျပုံစံနဲ့ ကလေးတစ်ယောက်အဖေဖြစ်သော သူ့အား ယနေ့ထက် တိုင် မမေ့နိုင်သေးတာ ဘာကြောင့်များလဲ။ ရန့်ကိုတွေ့တိုင်း ရောင်စဉ်ဖြာသွားတဲ့ သူ့မျက်ဝန်းနဲ့ အပြုံးရိပ်ထင်တဲ့ သူ့နှုတ်ခမ်း တွေဟာ ရန့်အတွေးထဲသာမက အိပ်မက်တွေထဲအထိ ကျူးကျော် လာတတ်ရာ။ အို..ဟင့်အင်း..အိမ်ထောင်ရှိပြီးသား ယောကျ်ား တွေနဲ့ ရန့်ဘယ်တော့မှ မပတ်သက်ဘူး။ ပတ်သက်ဖို့လည်း ကြံအား စရာမဟုတ်ဘူး။ သူ့မကြောင့် တစ်ပါးသူ အသိုက်အမြုံလေး ပျက်စီး

ဦး မိုး ဓ ၁ ၆ ၀

www.burmeseclassic.com

www.burmeseclassic.com



သွားမှာစိုးသည်။ ဘာကြောင့်မှန်းမသိ။ သူ့ကိုတွေ့တိုင်း အမေကို သတိရသည်။ နောက်ပြီး မတွေးဘဲပေါ်လာသည့် ဒေါ်မာယာရင့် မျက်နှာ။ ကိုယ့်စိတ်ဟာ အတိတ်ဒဏ်ကြောင့် ကြေမွခဲ့ပြီးပြီ။ ကိုယ်လိုခံစားချက်မျိုး ဘယ်ကလေးကိုမှ မပေးချင်။

''အကြိမ်ကြိမ် ငါလေနိုးကြည့်တိုင်းမှာ မင်းလေးပေးတဲ့
အပြုံးဟာ ကမ္ဘာမြေငြိမ်းချမ်းအောင် လှနေလိုက်တာ''

သီချင်းဆုံးပြီး အတီးပိုဒ်မှာ စင်ပေါ်ကသူမဟာ မိုက်ကို ကိုင်ပြီး မျက်ဝန်းတွေကိုမှိတ်ကာ ခန္ဓာကိုယ်ကိုတေးသွားအတိုင်း လှုပ်ရှားယိမ်းနွဲ့နေ၏။ သူမပုံစံကိုကြည့်ရတာ စားသောက်ဆိုင်၌ သီချင်းဆိုနေသည့် မိန်းကလေးနှင့်မတူ။ တေးဂီတကို တကယ် ရူးသွပ်၍ စင်ပေါ်တက်ဖျော်ဖြေသော အဆိုတော်တစ်ယောက်လို။ ဒီရေဟာ နှစ်ကြိမ်ဆုံဖူးသောသူမကို ဆိုင်မှာတွေ့ရတော့ တော်တော် အံ့သြသွားသေးတာ။ အနားရှိ ဝိတ်တာကိုမေးတော့မှ သူမဟာ ဆိုင်ပိုင်ရှင် ကိုကျော်ထွဋ်ရဲ့တူမမှန်း သိရသည်။ ထို့ကြောင့် တခြား မိန်းကလေးတွေနဲ့မတူ။ ဝတ်ပုံကအစ ကွဲလွဲနေတာ။ သူမဟာ ဗွီပုံစံလည်ပင်းပေါက်ရှိတဲ့ အင်္ကျီအနက်။ ခပ်ကျပ်ကျပ်ဂျင်းတစ်ထည် နှင့် အင်္ကျီပေါ်က ကုတ်ခါးတိုအဖြူရောင် ထပ်ဝတ်ထားသည်။ ခေတ်မီသော သူမဝတ်စားဆင်ယင်မှုဟာ လော်လီမနေ။ လုံခြုံမှုနှင့် ညှို့ဓာတ်ပြင်းခြင်းဖြစ်သည်။ သူမဆံပင်တွေဟာ ကျောလယ် လောက်အရှည်ကြီးနှင့် အခွေအလိပ်များစွာကို ဒီအတိုင်းဖြန့်ချထား၏။ Shopping Mall မှစတွေ့ပြီး ခြင်းတွေမှားကာ ပြဿနာဖြစ်ကြ



တုန်းကတော့ ဆံပင်ရှည်တွေကို အပြောင်သိမ်းပြီး ကလစ်နဲ့ညှပ် ထားတာ ဒီရေ တွေ့ဖူးပါသည်။ နားသယ်စပ်နားတွေ၊ ကုတ်ပိုး နောက်တွေမှာ ဆံပင်ခွေခွေလေးတွေ ဖရိုဖရဲကျနေပုံက သူမကို အရိုင်းဆန်စွာ တစ်မျိုးလှစေသည်လေ။ မျက်နှာသွယ်သွယ်လေးမှာ ချွန်ကော့တဲ့နှာတံနဲ့ နှုတ်ခမ်းပါးတွေဟာ အထင်ရှားဆုံး။ ထို့ကြောင့် ရုတ်တရက်တွေ့လိုက်ရင် ဘိုမရုပ်တစ်ရုပ်လို။ အင်း ဘိုမရုပ်တောင် ရိုးရိုးအရုပ်မဟုတ်။ ဟွန်း..အလွန်စွာသော ဘိုမရုပ်လေ။ ဒီရေက ကိုယ့်ဟာကိုယ်တွေးပြီး လှစ်ခနဲပြုံးမိသည်။

''ဟား..ဒီရေ၊ ဘယ့်နှယ့်ကြောင့် ချောင်ထဲမှာထိုင်ပြီး တစ်ယောက်တည်း ပြုံးနေတာတုန်း''

''ကိုကျော်ကြီး''

ကျော်ထွဋ်ဟာ ခုံဆွဲထုတ်ဝင်ထိုင်လိုက်ရင်း...

''ဆောရီး..မင်းရောက်နေမှန်းမသိလို့''

''ရပါတယ်ဗျာ၊ ကျွန်တော်က ဒီနေ့ ကိုကျော်ကြီး ဆိုင် မလာဘူးထင်လို့၊ ပြီးတော့ သီချင်းထဲမျောသွားတာလဲပါတယ်''

ဒီရေက စတိတ်စင်ပေါ်မေးဆတ်ပြရင်း ပြောသည်။ ကိုကျော်ကြီးက သဘောကျသလိုပြုံးရင်း စင်ပေါ်မှဆင်းသွားပြီ ဖြစ်သော သူမကို လှမ်းကြည့်ကာ....

''အဲဒါ ငါ့တူမကွ''

ဟု ခပ်ကြွားကြွားကြေညာ၏။

''အင်း..ပြောတယ်၊ ဝိတ်တာတွေက''





www.burmeseclassic.com

www.burmeseclassic.com



"သူက မင်းလုပ်တဲ့လိုင်းတော့ မဟုတ်ဘူး၊ အဆိုလိုင်း"

ကျော်ထွဋ်က တူမဖြစ်ကြောင်းရော၊ ဝါသနာတွေကိုပါ ဒီရေသိအောင် တစ်ခါတည်း မိတ်ဆက်သည်။ ဒီရေဆိုတာက အောင်မြင်သော ရုပ်ရှင်ကားတွေ၊ ဒီဗီဒီတွေများစွာ ထုတ်လုပ်စီစဉ်နေသော ရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီပိုင်ရှင်ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ဒီအနုပညာလောကထဲက တစ်ယောက်ယောက်နဲ့ အဆက်အသွယ်ရလည်း မဆိုးလှ။ ကျော်ထွဋ်ဟာ ကိုယ့်တူမကို ဝါသနာပါရာ အလုပ်ဖြင့် အောင်မြင်စေချင်တာ သူ့စေတနာ။

"ရုန့်က ဝါသနာအရမ်းပါတာကွ၊ သူ့အမေက ငါ့အစ်မလေ၊ သူတို့က ရှေးလူကြီးတွေဆိုတော့ စိုးရိမ်ကြတယ်၊ ကလေးကို အဲဒီလောကထဲ ပေးမဝင်ရဲဘူး၊ သူကလည်း အရမ်းဖြစ်ချင်နေတာနဲ့ ငါ့ဆိုင်ခေါ်ထားတာ၊ တေးထုတ်လုပ်ရေးတစ်ခုက တွေ့သွားပြီး သဘောကျသွားလဲ ရုန့်အတွက် အဆင်ပြေတာပေါ့ကွာ"

"ကိုယ့်ဟာကိုယ်ထုတ်ရင်ရော"

"အာ…မင်းလို သူဌေးမဟုတ်ဘူးကွ၊ ပြီးတော့ ဒီခေတ်က ခိုးကူးတွေထွက်နေတာ၊ ထုတ်ရဲတယ်ပဲထား၊ အရင်းတောင် မသေချာဘူး"

"ဒါတော့ဒါပေါ့၊ ဒါပေမဲ့ သူက အသံတုန်းကာလာရော ပါဖောမင့်ရော၊ ပြီးတော့ ပင့်(ချ်)တွေဘာတွေ မယိုင်ဘူးဗျ၊ ဆိုသွားတာ အကုန်ကွက်တိ၊ သူ့အသံကလည်း ဆွဲဆောင်မှုရှိတယ်"

ကျော်ထွဋ်က သူ့ဝေဖန်တာကိုကြည့်ပြီး တဟားဟား

ဝိုး:မိုး:၁၁၄ပ



ထရယ်သည်။ ဒီရေက ဘီယာတစ်ငုံကောက်မော့ပြီးမှ…

"တကယ်ပြောတာ ကိုကျော်ကြီး"

"အေးပါ၊ ငါလည်း သိပါတယ်၊ ဒါပေမဲ့ မင်းလိုင်း မဟုတ်ဘဲ မင်းသေချာလေ့လာထားလို့ ငါ သဘောကျသွားတာ"

"ရုပ်ရှင်ပရိုဂျူဆာက စီးရီးလည်း ထုတ်လို့ရပါတယ်ဗျာ၊ ကျွန်တော် စီးရီးတစ်ခွေ စီစဉ်နေတယ်"

ဒီတော့မှ ကိုကျော်ကြီးက မျက်လုံးအပြူးသားနှင့်..

"ဟေ..တကယ်"

ဒီရေက ခေါင်းညိတ်ပြရင်း

"နာမည်ကြီးမင်းသားနဲ့ တက်သစ်စ သရုပ်ဆောင်တွေ ပါမယ်၊ တစ်ယောက်တစ်ပုဒ်ပေါ့၊ အဲဒီအထဲမှာ ကိုကျော်ကြီးတူမကို တစ်ပုဒ်လောက် ဆိုကြည့်မလားလို့၊ ကျွန်တော့်ဘက်က အရင်တောင်းဆိုတာပါ"

"ဟား…."

စားပွဲခုံကို ဖြန်းခနဲလက်နဲ့ပုတ်ပြီး ကိုကျော်ကြီးက ဝမ်းသာအားရ ထအော်သည်။

"နောနော်ရဲ့ သီချင်းနာမည်ကို ခဏငှားမယ်၊ အတိုင်းထက်အလွန်ပေါ့ကွ၊ မင်းက ငါ့ကို စောစောကမပြောဘူး၊ ဒါဆို ငါ သူ့ကိုသွားခေါ်ပြီး မိတ်ဆက်ပေးမယ်၊ မင်းတို့ဟာမင်းတို့ ပြော၊ သေချာတာက ငါ့တူမလည်း ပျော်သွားမှာပဲ၊ အဲဒါ..တကယ်"

ကိုကျော်ကြီးက သူ့ဗိုက်ပူပူကြီးကို သယ်ရင်း ထွက်သွား

ဝိုး:မိုး:၁၁၅ပ

www.burmeseclassic.com

တာများ လှစ်ခနဲပဲဖြစ်သည်။ ဒီရေကတော့ စားပွဲပေါ်က ဘီယာလက်ကျန်ကို တစ်ခါတည်း အပြတ်ရှင်းမော့သောက်ပြီး ဖိတ်တာကို စားပွဲပါရှင်းခိုင်းထားသည်။ တော်ကြာ သံသယအကြည့်တွေ၊ ရန့်လိုနှုတ်ခမ်းပိုင်ရှင်မိန်းကလေးဟာ သူမကို ဘီယာသောက်ရင်း စကားခေါ်ပြောတယ်လို့ ထင်မသွားစေချင်။ သူမနှင့် ပတ်သက်တိုင်း အသေးအဖွဲလေးတွေကအစ သူက ဂရုတစိုက်ရှိသလောက် သူမဘက်ကျတော့..။

ဒီရေက အတွေးကိုဖြတ်ထားပြီး သူမလာမည့်လမ်းကို လှမ်းမျှော်မိသည်။ သူမထံမှ တစ်ခုလိုချင်ရင် သူ့ဘက်က အရင်ပေးဆပ်ရမည်။ ဒါ သဘာဝလေ။ ကိုယ် မင်းဆီက အလိုရှိတာ သိမ်မွေ့နက်ရှိုင်းတဲ့ အရာဆိုရင်..ချာတိတ် မင်း မရယ်နဲ့။

◆ ◆ ◆

## အခန်း (၁၅)

"အ..."

နာကျင်မှုကြောင့် နှုတ်မှမချိမဆန့် အသံထွက်သွားသည်။ တစ်ဆက်တည်း လူကိုပါ ဆွဲလှည့်ခံရ၍ အကိုင်ခံထားရသော လက်မောင်းဟာ သန်မာသော လက်ထဲမှ ကြွေမွမတတ် နာကျင်ဆောင်လုပ်တဲ့ သူ့ကို ဒေါသနှင့် ရန်တွေ့ရန် စကားလုံးတို့က နှုတ်များထဲ အလုအယက်ခုန်တက်၏။ မျက်နှာချင်းဆိုင် အတွေ့မှာ..

"ရှင်"

ဆိုသော စကားတစ်လုံးကလွဲပြီး ဘာမှမပြောနိုင်။ ရောင်စဉ်မဖြာပေမယ့် မခံချင်စိတ်နှင့် တင်းမာနေသော သူ့မျက်ဝန်းတို့ကို မြင်ရသောအခါ ဘာကြောင့်မှန်းမသိ ရင်ထဲဒိုင်းခနဲ ဆောင့်ခုန်သည်။ ရင်ဘတ်နှင့် ဦးနှောက်ချိတ်ဆက် မညီတာကို ခပ်တိုးတိုး ကျိန်ဆဲရင်း...

"လွှတ်စမ်းပါ...ဒီမှာ နာနေပြီ"

"မင်း...ဘာလို့ လူကိုအရှုးလုပ်သွားတာလဲ"

www.burmeseclassic.com



အခုထိ ဆုပ်ကိုင်ခံထားရသော သူမလက်မောင်းပေါ်မှ သူ့လက်ကို ခါချရင်း…

"ရှင့်ကို မတွေ့ချင်လို့…ဒါပဲ"

"ဟ…ကိုယ်ကလည်း အလကားကြောင်ပြီး မင်းကို ခေါ်တွေ့တာ မဟုတ်ဘူးလေ…မင်းဖြစ်ချင်တဲ့ ဆန္ဒကို ဖြည့်ပေးမလို့…တကယ်ဆို မင်းက ဦးညွှတ်ပြီးတောင် ဝင်လာရဦးမှာ…ကိုယ်က စင်ပေါ်ကလူ"

"သွားစမ်းပါ"

ရန့်က မဲ့ရွဲ့ရင်း အော်ပစ်သည်။ နောက်ကို ခြေတစ်လှမ်း ဆုတ်ပြီး သူနှင့် ခပ်ခွာခွာရပ်ရင်း…

"ရှင့်နေရာမှာ တခြားလူဆိုရင် ရှင်ပြောသလို ဖြစ်ကောင်း ဖြစ်လိမ့်မယ်…အဟွန်း"

ပခုံးကို စုတွန့်၍ တမင်ကို နှုတ်ခမ်းတို့ကို မဲ့ကွေးပြီး အသံထွက်အောင် ရယ်ပြသည်။ ပြီးမှ ဆတ်ခနဲ ပြန်တည်ကာ သူ့ကို စေ့စေ့ကြည့်ပြီး…

"ရှင်မို့လို့ အဲ့ဒီလိုလုပ်တာ….ရှင်းလား"

ပြောရင်း မျက်နှာကို ဆတ်ခနဲလွှဲချသွားပုံက ဒီရေကဲ ရွံ့စရာသတ္တဝါလို။

"ဟာ…မင်းက ,ဗလိုင်းကြီးပါလား"

"ထင်ချင်သလိုထင်…အရေးကြီးတာက ကျွန်မနဲ့ ထပ် မပတ်သက်ဖို့ပဲ"

နှုတ်ခမ်းဖျားတို့က ပြောချင်သော စကားတွေအတွက်





တာဝန်ကျေသလို ခြေထောက်တို့ကလည်း သင်းအပေါ်မှ စတင် ထွက်ခွာရန် အချက်ပြသည်။ ရန့်က ခြေလှမ်းခပ်ကြဲကြဲဖြင့် ဝေးရာ ကို သွားရန် ကြံရွယ်ပေမယ့် လိုရာခရီးကို မရောက်ခဲ့။ ဒုတိယအချီ လှမ်းဆွဲခံလိုက်ရတာက သူမလက်ကောက်ဝတ်…

"မင်းကို စိတ်ထင်ရာလုပ်ပြီး ထွက်သွားခွင့်မပေးနိုင်လို့ ကားပါကင်မှာ လာစောင့်နေတာ၊ ပြောစမ်းပါဦး…ငါ့ကို ရှောင် ထွက်ရတဲ့အကြောင်းအရင်း"

"လွှတ်စမ်းပါ…အချောင်ရတိုင်း လက်ကလေးဆွဲလိုက်၊ လက်မောင်းဆွဲလိုက်နဲ့…အဟား တော်တော်အသားယူတာ ဝါသနာ ပါတယ်နဲ့တူတယ်"

"ဟိတ်…မင်း"

ဒေါသကရင်နှင့်မဆန့်လောက်အောင် ဖြစ်လာတဲ့အထိ ကိုင်ထားသော လက်ကိုလဲ လွှတ်ပေးမိသည်။ ဒီမိန်းကလေးက ရွာသလောက်လျှာစောင်းပါ ထက်သည်ဆိုတာ သတိထားမိ၏။ ဒါပေမဲ့ ဒီရေက တွေ့ချင်ပါသည်ဆိုမှ ဦးလေးဖြစ်သူက သွားခေါ် ပြီးမှ…သူ့ကို တွေ့တော့မှ ရှောင်ထွက်သွာရတာကိုတော့ ဒေါသ ဖြစ်မဆုံး…ကိုယ်ကလည်း မာနတကြီးနဲ့ နေထိုင်ခဲ့တဲ့သူ။ သူမ ကမှ ကိုယ့်မာနကို ပုတ်ထုတ်သလို ခံခဲ့ရတာ နှစ်ကြိမ်ရှိပြီ။ ကားငှား စဉ်ကနှင့် အခုတစ်ကြိမ်။ ထို့ကြောင့်ဒီတခါတော့ မလွှတ်ပေးတော့ ပဲရအောင်ဖြေရှင်းမည်ကို တွေးထားခဲ့တာပါ။ သူမကတော့ သူ့အဖြစ် ကို ရယ်စရာလို သဘောထားကာ…

"အဟား…တော်တော်တရားကျဖို့ ကောင်းတယ်…



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အပြစ်ကို သူများကပြောမှ သိရတယ်လို့၊ ဒီမှာ ရှင်တောင်းဆိုလို့အားမနာတမ်းပြောမယ်၊ အိမ်ထောင်ရှိရက် ကလေးရှိရက်နဲ့ တခြားမိန်းကလေးကို ပတ်သက်ဖို့ ကြိုးစားတဲ့အကျင့်ကို မကြိုက်လို့ ရှင်မငြင်းနဲ့နော်. . .”

သူ့မျက်နှာပေါ်က ကောက်ကြောင်းတချို့ကို တွေ့လိုက်ရ၍ ရန့်က အရင်ဦးအောင် ပိတ်ပြောပစ်သည်။ သူကတော့ စိတ်အေးလက်အေးရှိသွားပုံနှင့် နီးစပ်ရာကားဘော်ဒီကို မှီပြီး လက်ပိုက်၍ နှဲ့နှဲ့ရပ်ကာ သူမကို စိုက်ကြည့်နေ၏။ ဟွန်း. . .ပုံစံကိုက စိတ်ထင်ရာ ဆက်ပြောဆိုပြီး ရန့်ကို စိတ်ကြိုက်လွှတ်ပေးထားသည့်နှယ်။ ရန့်ကလည်း အဲ့ဒီလို လက်ရည်တူသည့် စိန်ခေါ်ပွဲမျိုးကိုမှ နှစ်သက်သူဖြစ်၍. . .

“ရိုးသားပါတယ်တို့၊ စီးပွားရေးအရ ဆက်ဆံတာပါတို့၊ ဝါသနာရှင်ကို မြေတောင်မြှောက်ပေးတဲ့စေတနာကို ဖော်ကားခံရတယ်တို့နဲ့ မကာကွယ်နဲ့. . .ရှင်မရိုးသားမှန်း ရှင့်မျက်လုံးတွေက ဖော်ပြပြီးသား. . .ကျွန်မအဆိုဝါသနာပါတယ် မသိခင်ကတည်းက ဟွန်း. . .မပြောချင်ဘူး၊ ကျွန်မလဲခေတ်ကို အမှီလိုက်နေတဲ့ မိန်းကလေး. . .ရှင်အကွက်ရွှေ့တာတွေ သိတယ်၊ အဲ့ဒါကြောင့် အိမ်ထောင်ရှိယောကျ်ားနဲ့ မပတ်သက်ချင်လို့ ရှောင်တာ. . .ရှင်းပြီလား”

“မင်းပြောချင်တာ ကုန်ပြီပေါ့”

“အင်း. . .ဒါပဲလေ. . .ဘာဖြစ်လို့လဲ”

ရန့်က ကြောင်အအနှင့် ပြန်မေးလိုက်သည်။ ရန့်ထင်ထား





တာက သူ့အကြောင်း အမှန်တွေသိပြီး ဖွင့်ပြောတဲ့အတွက် သူရှက်သွားမည်။ ပြီးတော့ တောင်းပန်စကားတစ်ခွန်းနှင့် သူမအနားက ထွက်သွားမည်လို့ တွေးထားခဲ့တာ။ ဒါပေမဲ့ အခုဖြစ်လာတဲ့ပုံစံက တခြားစီ. . .သူက အပြုံးတောင်မပျက်ပဲ ခပ်မတ်မတ်ပြင်ရပ်သည်။ အဲ့ဒီနောက် ဝေါလက်ကို ဘောင်းဘီအိတ်ထဲက ဆွဲထုတ်ပြီး အထဲက ကဒ်ပြားလေးတစ်ခုကို လှမ်းပေးရင်း. . .

“အခု. . .မင်းနဲ့ ကိုယ်ပတ်သက်လို့ရပြီ. . .ကိုယ့်အကြောင်းတွေအကုန်သိပြီးသားဆိုတော့ ထူးပြီး မင်းအပေါ်ရိုးသားပြစရာမလိုဘူးပေါ့. . .ဒါပေမယ့် မင်းလုံကဲခတ်တော့ မတော်သေးဘူး. . .စုံစမ်းကြည့်ပါဦး. . .သေချာအောင် ကိုယ်က လူပျိုလား. . .အိမ်ထောင်ရှိသူလား ဆိုတာ”

ယောင်နနနှင့် ရန့်က လိပ်စာကဒ်လေး လှမ်းယူသည်။ သူက လက်ချောင်းလေးတွေ လှုပ်ခါပြီး ရန့်အား နှုတ်ဆက်ကာ သူမနံဘေးမှ ထွက်သွားပြီ။ လက်ထဲကျန်ရစ်သော အစိမ်းရောင်ဗစ်ဇင်းတင်းကဒ်ကို ငုံ့ကြည့်မိသည်။

“ဒီရေ. . .

ဒီရေလှိုင်း ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး”

ဆိုတာနှင့် အောက်က ရုံးလိပ်စာ၊ အိမ်လိပ်စာ၊ ဖုန်းနံပါတ်များ ရန့်က ကဒ်လေးကို ဘယ်ပြန်ညာပြန်ကြည့်ပြီးမှ. . .

“ဘာမှ စုံစမ်းစရာမလိုဘူး. . .ရှင်ကတော့ ရန့်မျက်စိထဲမှာ ကလေးအဖေ. . .အဲ့ဒါသေချာတယ်”

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"မသေချာဘူးဟ၊ အဲဒါအလွဲကြီး…ဟားဟား… ညည်းတို့မှ သွားတွေ့တာကို ရန့်ရယ်…ဟိုကလည်း တစ်သက်လုံး မာနခေါင်းပေါ်ရွက်ပြီး နေလာတဲ့ တကယ့်ဖော်…အင်း…ညည်း ကလဲ စွာလန်တေး…ဟုတ်တော့ဟုတ်နေပါပြီ"

"ဟင်…ဘာဟုတ်တာလဲ…အန်ကယ်ကျော်"

အန်ကယ်ကျော်က စိတ်ကပ်ပြင်တဲ့ အခန်းထဲအထိ သူမအား စကားဝင်ပြောနေခြင်းဖြစ်သည်။ အန်ကယ်ကျော့်ဆိုင်ဟာ ရန့်ရောက်လာမှပဲ ပိုအောင်မြင်ပြီး ပိုစည်ကားလာခဲ့ပါသည်။ ထို့ကြောင့် အိမ်မှတခါတည်း မိတ်ကပ်ပြင်လာသူတွေဟာ ဒီဆိုင်ရောက်တော့ ကိုယ့်အလှည့်မရောက်သေးတာနှင့် စောင့်နေသူတွေက အဆီပြန်ချွေးထွက်နှင့် တကယ့် ကိုယ့်အလှည့်ရောက်၍ စင်ပေါ်လဲ တက်ရရော ဆိုတဲ့သူရုပ်ဟာ မလှမပဖြစ်ရောပင်။ ထို့ကြောင့် အန်ကယ်ကျော်က မိတ်ကပ်ဆရာမငှားပေး၍ အလှည့်ကျလိမ်းချယ်ပေးစေသည်။ ထိုအစီအစဉ်ကြောင့်ပင် အန်ကယ်ကျော့်ထံ သီချင်း





ဆိုသူတွေက အဆင်ပြေကြခြင်းပင်…

"ကိုယ်ကဆိုင်ရှင်ဆိုပြီး ကိုယ့်အကျိုးချည်း ကြည့်လို့ မရဘူးလေ၊ သူတို့ရတဲ့ ဆုကြေးထဲက သုံးပုံတစ်ပုံ ကိုယ်ယူတယ်၊ အဲ့ဒီအတွက် သူတို့လိုအပ်တာ ပြန်ဖြည့်ဆည်းပေးရမယ်"

အဲ့ဒါအန်ကယ်ကျော်ရဲ့မူဝါဒ။ ထို့ကြောင့်လည်း အန်ကယ်ကျော့်ဆိုင်ဟာ အောင်မြင်မှုအကြာရှည်ဆုံး။ အခုလည်း တူမဖြစ်သူ မိတ်ကပ်ပြင်တဲ့နားအထိ ဝင်လာစေ့စပ်ရေး တရားလာ ဟောနေသေး၏။ ရန့်က မဲ့ရွဲ့ပြီး ပြန်မေးတာကိုပင် သဘောကျ သလိုရယ်ရင်း

"အဲ့ဒါကြောင့် မမကြီးကပြောတာ၊ ဒီကောင်မလေး လာရင် မင်းဆိုင်ပြုတ်မှာတဲ့၊ ညည်းကစွာတော့ မိတ်ပျက်ကုန်မှာ စိုးလို့ နေမှာပေါ့၊ တော်သေးတယ်၊ ဒီရေက နည်းလည်မှုရှိလို့"

"အန်ကယ်ကျော်"

အသံက ဆောင့်ခုန်ပြီး လည်ချောင်းထဲက ထွက်သွား သည်။ လူကမိတ်ကပ်ပြင်နေလို့ လှုပ်ရှားမရလို့သာ။ နို့မို့ ရန့်တို့က ပြေးဆောင့်ပြီး အော်ဟစ်ပစ်ဦးမှာ၊ အခုတော့ မှန်ထဲကနေသာ မျက်လုံးတွေ မှိတ်ကျတဲ့အထိ မျက်စောင်းထိုးပစ်ရင်း

"တရားကျဖို့ကောင်းတယ်နော်၊ ဟွန်း စီးပွားရေးသမားကို ဦးလေးတော်ရတာလေ၊ ဘယ်နှယ့် ကိုယ့်တူမဘက်က မလိုက်ဘဲ သူဖောက်သည်ဘက်ကချည်းပဲ၊ ဟိုကတခုလပ်လား၊ မုဆိုးဖိုလား၊ နံပါတ်ကြီးနဲ့လား မသိတာကို"

"သိတာပေါ့ ရန့်ရယ်…သူနဲ့ငါက အခုမှ သိတာမှ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ညည်းပြောတာ တစ်ခုမှလည်း မဟုတ်ဘူး၊ သူက လူပျို''

''တကယ်''

''တကယ်ပေါ့ဟ''

''ဒါဆိုဟိုကလေးကရော''

မေးရင်း မှန်ထဲက မြင်နေရသည့် အန်ကယ်ကျော့်ကို ကြည့်ရတာ အားမရ။ ကိုယ်ကို ဆတ်ခနဲလှည့်၍ တခြမ်းစောင်းထိုင်ပစ်သည်။ နှုတ်ခမ်းနီဆိုးလက်စမို့လို့ ကို့ယို့ကားယားဖြစ်သွားတာ မိတ်ကပ်ဆရာမ။

''ဆောရီး…အစ်မ''

မိတ်ကပ်ဆရာမကို ရယ်ကာ မျက်နှာချိုသွေးပြရင်းက သိချင်စိတ်ကလည်း ထိန်းမရ။

''ပြောလေ…အန်ကယ်ကျော်…ကလေးကရော''

''ဟဲ့…ကလေးမြင်တိုင်း ကလေးအဖေလား၊ အဲ့ဒါ သူ့တူလေး…ကလေးက သူ့ကို ဒီဒီတဲ့''

''အေးလေ…သူ့နှာမည်က ဒီရေ၊ အများခွတ်ခေါ်တာပေါ့''

''အယ်''

ရန့် ဇက်ကလေးပုဝင်သွားသည်။ ရန့်ကိုတွေ့တိုင်း နူးညံ့ခြင်းတွေဖြန့်ခင်းထားသော သူ့မျက်ဝန်းတွေကို ပြန်မြင်ယောင်တဲ့အခါ ရန့်မှာ ဝမ်းသာရမလိုလို၊ ရင်ဖိုရမလိုလို၊ အန်ကယ်ကျော်ကတော့ သူမကို အကဲခတ်ရင်း မဆုံးသေးသော စကားကို ဆက်သည်။

စိုးမိုး၀၁၆၀



''သူတို့မှာ မိဘတွေမရှိတော့ဘူးရန့်ရဲ့၊ ဒီရေနဲ့ လှိုင်းဘွဲ့တဲ့ မောင်နှမနှစ်ယောက်ပဲ ကျန်ခဲ့တာ၊ လှိုင်းဘွဲ့က လန်ဒန်မှာ၊ အိမ်ထောင်ကျပြီး ဒီကိုတစ်နှစ်တစ်ခေါက်လောက်ပဲပြန်လာတာ၊ ဒီတစ်ခေါက် ဘွဲ့က သူ့သားလေးပါ ခေါ်လာတာနေမှာ၊ ဒီရေကလည်း တစ်ဦးတည်းသောတူဆိုတော့ သွားလေရာ တချီချီ၊ အဲ့ဒီမှာ ညည်းနဲ့တွေ့ပြီး''

''ရန့် အထင်လွဲခဲ့တာပေါ့''

''အေး…လေ''

ရန့်က အန်ကယ်ကျော်ကို အပြစ်ရှိသူလို မျက်တော်ပုတ်ခတ် ပုတ်ခတ်လုပ်ကာ မော့ကြည့်ရင်း…

''အဟီး…ရန့်က''

''ထားပါ…အခုတော့ သူက ညည်းနဲ့လည်း စကားပြောချင်တယ်တဲ့၊ အဲ့ဒါထွက်ခဲ့ဦး၊ ကိုယ်လွှန်တာလဲ တောင်းပန်ကြားလား''

''ဟုတ်…ဒါပေမဲ့''

''ဘာလဲ''

''ဟို…ရန့် သိချင်းဆိုပြီးမှပဲ တွေ့မလားလို့၊ အခုချက်ချင်းကြီးကျတော့ ရန့်က လွှန်ထားတာတွေ့ရမှာ မျက်နှာပူနေတယ်''

ရန့်က တကယ်အနေခက်စွာ လက်ဖဝါးချင်းပွတ်လိုက်၊ လည်ပင်းပွတ်လိုက်နှင့် ယောက်ယက်ခတ်နေသည်။ အန်ကယ်ကျော်ကတော့ ပြုံးစိစိရုပ်ကြီးနှင့်။

''မှတ်ထား…အဲ့ဒါ သင်ခန်းစာပဲ၊ နောက်ကို စကားကို

စိုးမိုး၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com



စွတ်ရွတ်မပြောနဲ့''

တဲ့လေ၊ ရန့်ခေါင်းပဲ ညိတ်ပြမိသည်။ ရန့်ကတော့ ထင်ရာစွတ်ပြောလို့ ထားပါတော့။ သူကျတော့ သူများအမှားကို အမှန်ပြင်ပေးဖို့လဲ စိတ်မကူး၊ ရန့်မှားနေတာတောင် နှင်းပြီးပြောသွားတာကြည့်ပါလား။

''ကိုယ့်အကြောင်း အကုန်သိပြီးသားဆိုတော့ ထူးပြီးမင်းအပေါ် ရိုးသားပြစရာမလိုတော့ဘူးပေါ့''

ဆိုပြီးလေ။ ဒါဆို သူ ရန့်အပေါ် တကယ်မရိုးသားဘူးပေါ့၊ အတွေးထဲမှာပင် ရင်က ထိန်းမရအောင် ဆောင့်ခုန်တာဝုန်းဒိုင်းကြဲလို့။ ထူးဆန်းစွာပင် ထိုနေ့က ကိုယ်ဝါသနာပါရာသီချင်းဆိုနေတာတောင် စိတ်က မငြိမ်သက်ချင်။ စတိတ်စင်အောက်တည့်တည့်မှာ ထိုင်နေသော သူ့အကြည့်စက်ကွင်းထဲမှာထဲမှာ ရန့်ကရုန်းထွက်မရ။ ရန့်သီချင်းဆုံးခါနီးမှာမှ သူက စတိတ်စင်ပေါ်တက်လာပြီး သူ့မအတွက် ကမ်းပေးတာက အဖြူရောင်နှင်းဆီတစ်ပွင့်။

''မင်းနဲ့ ကိုယ် ငြိမ်းချမ်းရေးရပြီနော်''

တီးလုံးသံ သဲ့သဲ့ကြားမှာ သူ့အသံက နွေးထွေးစွာ ထိုးဖောက်ဝင်ရောက်လာတာ ရန့်ရင်ထဲအထိ၊ ဒါဟာ တိုက်ပွဲခေါ်သံလား။ ရင်ခုန်ခြင်းအခမ်းအနားလား ရန့်မသိ။ သေချာတာကတော့ သူ စတင်ရာကို ရန့်က အဆုံးသတ်ပေးမည်ဆိုလျှင် ချစ်ခြင်းဆိုတာ အစရှိမှဆုံးလို့ရတာမျိုး။

◆ ◆ ◆

စိုး:မိုး:၁၁၆၀

## အခန်း (၁၉)

''ဟယ်··ကျားသားမိုးကြိုး၊ ဒီနေ့ ရှင့်အတွက် ပန်းရောက်မနေဘူးလေ ဒေါ်ရန့်၊ ရှင်က ဘယ့်နှယ့်ကြောင့် ရောက်လာတာလဲ''

''ဇာကန့် ပန်းတော်ဘက်က တာဝန်ပျက်ကွက်ပြီနဲ့တူတယ်''

''ဟဲ့··ပန်းမရောက်လည်း သူတို့က လူချင်းတွေ့နေရတာကို''

မိတ်ကပ်ပြင်ခန်းထဲဝင်လိုက်တာနှင့် နှုတ်ဆက်သံတွေကညံညံစီ။

ဒီလိုလူအများ စိတ်ဝင်စားအောင် အရင်စလုပ်တာဒီရေလေ။ ရန့်နှင့်သူ ငြိမ်းချမ်းရေးရပြီးသည့်နောက် နေ့ရက်တိုင်း အလှပြင်ခန်းသို့ သူက နှင်းဆီတစ်ပွင့်တော့ ပို့တတ်စမြဲ။ ဖြူ၊ နီ၊ ဝါ၊ ပန်းရောင်။ အမယ်··တစ်ခါတလေမှာ အလွှန်ရှားပါးသော နှင်းဆီ

စိုး:မိုး:၁၁၆၀

www.burmeseclassic.com

www.burmeseclassic.com



တောင်ပါသေး။ ဟန်းပို့ပြီးလည်း ရှန့်စင်ပေါ်တက်သည့်အချိန်ဆို သူက ဆိုင်ကိုရောက်လာတတ်မြဲ။

''လူရောက်လာတာပဲကို··ဘာလို့ ဟန်းကို တကူးတက ပို့နေတာလဲ၊ ရှန့်သီချင်းဆိုမှ ဟန်းကုံးစွပ်ပေးလည်း ရတာပဲဥစ္စာ''

မှန့်ရွှာပြောမိတော့ သူက ပြုံးထေ့ထေ့ဖြင့်

''ရှန့်ရင်ထဲမှာ ကိုယ်က သူများနဲ့မတူဘူးဆိုတာ အမှတ်ရ စေချင်လို့''

တဲ့။ အခုဆို သူ့စီစဉ်ပေးမှုနဲ့ ရှန့်က မင်းသားမင်းသမီး တွေရဲ့ အတွဲခွေမှာ သီချင်းတစ်ပုဒ် ပါဝင်ခွင့်ရပြီ။

''ဒီအခွေပြီးရင် ရှန့်အတွက် စင်ဂယ်လ်တစ်ခွေစီစဉ်တာ ပေါ့၊ ဘယ်တေးရေးဆရာတွေ ကြိုက်လဲ၊ စဉ်းစားထား၊ ကိုယ် ကြိုက်တဲ့ တေးရေးဆရာကို ရှန့်တစ်ခွေလုံးအတွက် အရှိန့်ဂျမန့် လုပ်ပေးဖို့ အကူအညီတောင်းရမှာ၊ သူတို့က တကယ့်အတတ်ပညာ ရှင်တွေဆိုတော့ ရှန့်အသံနဲ့ဘယ်လိုသီချင်းအမျိုးအစားလိုက်တယ် ဆိုတာပိုသိမှာပေါ့''

သူ့အစီအစဉ်တွေဟာ ရှန့်အတွက် အံ့မခန်းပင်။ ရှန့် အောင်မြင်ရေးအတွက် အစစအရာရာဂရုစိုက်ပေးတဲ့ ဒီရေကို ကျေးဇူးလည်းတင်သည်။ ပိုပြီးတော့လည်း လေးစားသည်။ သူ့စိတ်ရင်းကို အကဲခတ်မိတဲ့မေမေကတောင်··

''ဒီရေက ရည်မွန်တယ်၊ ခေတ်ပညာတတ်၊ အသိုင်း အဝိုင်းမျိုးရိုး ဘာတစ်ခုမှ အပြစ်ပြောစရာမရှိဘူးသမီး''





''ဟဲ့··ဒါနဲ့တင် ဘယ်လုံလောက်မှာလဲ၊ သူ့မှာ မိဘမရှိ ဘူးဆိုတာ ထည့်ပြော၊ အဲဒါလည်း ဝမ်းသာရမယ့်ကိစ္စ''

''အယ်··ကြီးကြီးကစိတ်ပုပ်၊ သူများမှာ မိဘမရှိတာ ဝမ်းသာစရာလား''

''အေး··ငါပုပ်ရတာ ညည်းအတွက်၊ ယောက္ခမနဲ့ မတည့်လို့ဆိုတဲ့ ခေါင်းစဉ်က လွတ်သွားတာပေါ့၊ ပြီးတော့ တစ်ဦး တည်းသောယောင်းမက အဝေးမှာ''

အဲဒီလိုအားလုံးက အမှတ်အပြည့်ပေးနေပေမယ့် ဒီရေ ကတော့ ယနေ့အထိ သူမကို ချစ်ခွင့်မပန်သေး။ ရင်ခုန်ဖွယ်ရာ အကြည့်တွေ။ တိမ်းမူးစေတဲ့အပြုံးနဲ့ စိတ်ကူးယဉ်ဆန်တဲ့စကားတွေ ဟာ ဆုပ်ဖမ်းပြလို့ရတဲ့ ချစ်သက်သေမျိုးမှမဟုတ်တာ။ တကယ်ဆို တရားဝင်ချစ်သူဆိုတဲ့ သူတွေတောင် အချိန်နှင့်အမျှကွဲကွာစေလျှင်။ သူနှင့် ရှန့်ဟာ ဘာလဲ။ သေချာတာကတော့ သူ့ထံမှ ချစ်ခြင်းကို ရှန့်က တောင်းတ၏။ သို့ပေမဲ့ နှလုံးသားဖြောင့်ချက်ဟာ ယောကျ်ား လေးတွေထံမှသာ စောင့်မျှော်ရတာမျိုးဆိုတော့။

''ဟဲ့··မိန်းမ''

ဖြန်းခနဲလက်မောင်းကို အရိုက်ခံလိုက်ရမှ သတိက ခန္ဓာမှာ ပြန်ကပ်သည်။ ရှန့်က စပ်ဖျင်းဖျင်းဖြစ်သွားသောနေရာကို လက်နဲ့ ပွတ်ရင်း···

''ဟင်··ဘာလဲ''

''ဘာမှမလဲဘူး၊ နင်သာဆက်နေကျဟန်းမရလို့ ပြိုလဲလှသို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာမဟုတ်လား''

''မဟုတ်ပါဘူး၊ ဒီမှာ ရန့်တို့က ပန်းမရလဲ မပူဘူး၊ အပြင်မှာ လူကိုယ်တိုင်ပါတယ်''

ရန့်က ခပ်ကြွားကြွားလေး ပြောပစ်သည်။

''ဟယ်..အဟုတ်''

''တကယ်''

ဝိုင်းမေးတဲ့ အံ့သြတကြီးမျက်နှာတွေကို သူမက ခေါင်းညိတ်ပြရင်း...

''ဒီနေ့ သီချင်းရေးဆရာနဲ့ သွားတွေ့စရာရှိလို့ဟာ၊ အဲဒါ အန်ကယ်ကျော်ကို ခွင့်တိုင်မလို့ဝင်လာတာ၊ ပြီးတော့ မကေကြီးကို နည်းနည်းပါးပါး ပြင်နိုင်းမလို့လေ၊ တေးရေးဆရာက စတူဒီယိုမှာ ဒိတ်တော့ တခြားအဆိုတော်တွေနဲ့ ဆုံနေရင် ငါ မပွမ်းအောင်ပေါ့၊ ရှိုင်းနင်းပွိုင်းနင်းလေ''

သူမက မှန်ထဲတွေ့နေရတဲ့မျက်နှာကို ဘယ်ညာပြန်ကြည့်ရင်းက ဟိုဟိုဒီဒီလှည့်ပတ်ကြည့်ကာ...

''ဟဲ့..မကေကြီးရော''

လို့ တစ်ဆက်တည်းပြင်နေရာ မိတ်ကပ်ဆရာမကို မေးမိသည်။ ဒီတော့ သူမနားရှိတဲ့ရည်မွန်က..

''မကေကြီးက နင်မလာတဲ့ဟိုရက်ကတည်းက သူ့မြို့ကို ပြန်သွားပြီ''

''ဟယ်..အဲဒီတော့ ငါ မပြင်ရတော့ဘူးပေါ့''





''နင်ပြင်ချင်ရင် ဟိုမှာ မိတ်ကပ်ဆရာမအသစ်''

သင်းကြူက သူမနောက်ကျောဆီ မေးငေါ့ပြသည်။ ရန့်က ချာခနဲနေအောင် လှည့်ကြည့်သည်။

''ဟင်''

နှုတ်ဖျားက မချိမဆံ့ထွက်ကျတဲ့အာမေဋိတ်။ ကြည့်စမ်းပါဦး။ ရှာမှရှားတဲ့ မိတ်ကပ်ဆရာမ။ ဆိုဖာရှည်ပေါ် ဇောင်ခေါင်းမြီးမြှုပ်ပြီး အိပ်နေသည့်လူတစ်ဦး။ ရန့်က ထိုလူဆီကိုလက်ညှိုးထိုးပြီး

''သူ..သူက''

''ဟုတ်ပ၊ မိတ်ကပ်ဆရာမ''

''ကြီးကျယ်လိုက်တာ တအားပဲ၊ သူ့အလုပ်ပြီးတာနဲ့ အဲဒီမှာသွားအိပ်နေတော့တာပဲ၊ ဘောစ်ကလည်း ထားလိုက်တဲ့''

''ဟဲ့..နင်တို့ သီချင်းဆိုဖို့ အချိန်နီးပြီမဟုတ်လား''

ရန့်က နာရီကိုတစ်ချက်ကြည့်ရင်း ပြောသည်။ ထူးလည်း ထူးဆန်းနေ၏။ ဒီလိုမိတ်ကပ်ပြင်တဲ့သူမျိုး သူမတစ်သက် တစ်ခါမှ မတွေ့ဖူးပါ။ ဘယ်နှယ့်အလုပ်ချိန်ကြီးမှာများ အိပ်နေရတယ်လို့။

''သူက ငါးမိနစ်ကနေ ရှစ်မိနစ်အတွင်း တစ်မျက်နှာလုံးပြီးအောင် ခြယ်နိုင်းတယ်ဟဲ့''

''ဟုတ်လို့လား...အဲ့ဒီလောက်အမြန်ကြီးလုပ်ရင် မျက်နှာက လှမှ လှပါ့မလား''

''အမယ်လေး...ပညာကိုတော့ သွားအထင်သေးလို့ မရဘူးရန့်ရဲ့၊ လှတယ်၊ ပြင်ထားမှန်းမသိအောင်လှတာ၊



www.burmeseclassic.com

www.burmeseclassic.com



အဲ…ထင်ထင်ရှားရှား ဖြစ်ချင်တယ်ဆိုရင်လဲ သူကရတယ်၊ ပြီးတော့ အဝတ်အစားပါ သူကတွဲပြီး စီစဉ်ပေးပါ၊ သူ့ဒီဇိုင်းကို မကြိုက်ပေမယ့်လည်း သူပြင်ပေးတာ ကြိုက်တော့ ငြိမ်နေရတာပေါ့၊ သူကိုယ်တိုင်ကလည်း ပက်ပက်စက်စက် ဝတ်စားတာလည်း မိတ်ကပ်ဆရာမနဲ့မတူဘူး၊ မော်ဒယ်ကျနေတာပဲ၊ တကယ်မိုက်တယ်''

ရန့်တို့က ဒီဘက်နားမှာ ကိုယ့်အုပ်စုနဲ့ကိုယ် တီးတိုးပြောနေခြင်းပါ။ အိပ်ပျော်နေဟန်ရှိသော သူမ,မကြားနိုင်။ ရန့်က ခေါင်းခေါင်းမြီးခြုံထားတဲ့ သူမဆီ ဝေ့ခနဲအကြည့်၊ ဆိုဖာခြေရင်း၌ ချွတ်ထားသော ဖိနပ်လေးဆီပါ အကြည့်က ရောက်သွားသည်။

''အယ်…ဖိနပ်လေးက လှလိုက်တာ''

ခြေခုံပေါ် ဘာကြိုးမှမပါ။ ခြေမနဲ့ ခြေချောင်းကြားက ကြိုးတစ်ချောင်းတည်းဟာ ခြေကျင်းဝတ်အထိ ဆက်သွယ်ထားပြီး ထိုမှတစ်ဆင့် ကြိုးသိုင်း ဒေါက်မြင့်ဖိနပ်မျိုး။ ဖိနပ်တစ်ခုလုံးက ရှင်းရှင်းလေးနဲ့ လှသည်။ ပိုလှတာက တစ်ချောင်းတည်းသော ကြိုးပေါ်စီးထားသော စိန်ပွင့်တွေဟာ တကယ့်အစစ်နှင့် တူလှန်းသည်။ တဖျတ်ဖျတ်တောက်ပနေတာများ ကြည့်နေရင်းပင် မျက်စိကျိန်းချင်စရာ။ စိတ်ကဆောင်၍ ရန့်က ထိုဖိနပ်လေးနားသို့ ရောက်သွားပြီ။

''ဟဲ့…သွားမလုပ်နဲ့''

''ပျားအုံကို တုတ်နဲ့ထိုးမလို့လား''

နောက်ပါးဆီမှ တီးတိုးတားမြစ်သံတွေက ကျန်ခဲ့ပြီ။ ရန့်က





ဖိနပ်နားရောက်တာနဲ့ ထိုင်ချလိုက်ပြီး သူမခြေထောက်ကို ထိုးသွင်းငုံးကြည့်သည်။

''ဟင်…ဖိနပ်ကြီးက အကြီးကြီး''

သူမလုပ်သမျှ ဝိုင်းကြည့်နေတဲ့ နောက်ကအုပ်စုဟာ တခိခိနှင့် တိုးတိုးတိတ်တိတ် ဝိုင်းရယ်ကြသည်။ ရန့်က မကျေမနပ်နှင့် မျက်စောင်းထိုးရင်း ဖိနပ်လေးနားမှ ခွာလာရ၏။

''ကဲ…ငါသွားတော့မယ်၊ အပြင်မှာ စောင့်ရတဲ့ သူလဲ လည်ပင်းရှည်တော့မယ်''

လို့ နှုတ်ဆက်ပြီး မိတ်ကပ်ခန်းကို ကျောခိုင်းတာနှင့် ရန့် စိတ်အားလုံးက မျက်နှာမူအရပ်ဆီ၌ရှိသော ဒီရေထံ၌သာ။ အချစ်ဆိုတာ အရာရာကို မေ့နိုင်စွမ်းရှိပါသလား။ ရန့်မသိပေမယ့် အာရုံ၌ ဒီရေတစ်ယောက်သာ စိုးမိုးလျှက်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"သူက ကြီးကျယ်တာလား အန်ကယ်ကျော်... အန်ကယ်ကျော်ကလည်း ကိုယ့်ဆိုင်မှာ လုပ်နေတဲ့ သူကို ဒီလောက်တောင် မပိုင်ဘူးလား"

"အဲ့ဒီလို မဟုတ်ဘူးရန့်ရဲ၊ သူက ဒီမှာ စာချုပ်ချုပ်ကတည်းက တစ်ပတ်မှာ ဆိုင်ပိတ်ရက် မန်းဒေးတော့ သူ့ကို နားခွင့်ပေးရမယ်လို့ ပြောထားပြီးသား"

"အင်းလေ...အခုဟာက သူ့အိမ်အထိ ရန့်သွားတွေ့ပါမယ်၊ အကျီဒီဇိုင်းအပ်ချင်လို့ပါဆိုတာတောင် သူက ဖုန်းနဲ့ပြောဆိုတော့ ကဲ...အဲ့ဒါ အဓိပ္ပာယ်ရှိသလား ကိုဒီ...ဟမ်...ပြောပါဦး"

စိတ်ထဲက အခံရခက်စွာ ရန့်က ဒီရေဘက်သို့ ဆတ်ခနဲလှည့်မေးသည်။ အန်ကယ်ကျော်ကတော့ အနေရခက်သလို သူ့ဗိုက်ပူပူကြီးကို ပွတ်ပြီး ဘာစကားမှ ဝင်မပြော။ ဒီရေကသာ ရန့်ဖြစ်နေပုံကိုကြည့်ပြီး ရန့်လို ခံစားရပုံလည်း မပေါ်၊ အဲ့ဒီလို ခံစား





နေသော ရန့်ကို အကျယ်ချဲ့နေတယ်လို့ ထင်နေသလားမသိ။

"အဲ့ဒီလို ရန့် တွေးရင်ရှုပ်ရှင်းလေး၊ တခြားဒီဇိုင်နာပြောင်းအပ်"

"အို...ဒါကတော့"

အငြင်းသဘောဆောင်တဲ့ အဓိပ္ပာယ်ရသော စကားက သူမနှုတ်ဖျားမှ ထွက်ကျသွားသည်။ ဒီရေက သဘောပေါက်သလို ခေါင်းကို တစ်ချက်ညိတ်ပြရင်း

"တွေ့လား...ရန့်လက်မခံနိုင်ဘူးလေ၊ အွန်လိုင်းပေါ်တင်ထားတဲ့ သူ့ဝတ်စုံဒီဇိုင်းကို ရန့်သဘောကျသွားတယ် မဟုတ်လား၊ ဝယ်မယ်တောင် စိတ်ကူးခဲ့သေးတာပဲ၊ နာမည်ကြီးမင်းသမီးက ဦးသွားတော့ ရန့် မရတော့ဘူးလေ"

ဒီရေစကားတွေက ဟုတ်တိုင်း မှန်နေ၍ ရန့်မငြင်းသာ၊ အွန်လိုင်းပေါ်က E-mail လိပ်စာအရ ရန့်ဆက်သွယ်သည့်အခါ ရောင်းပြီးသွားကြောင်းသာ အကြောင်းပြန်သည်။ ထိုအချိန်ထိ ရန့်ဟာ အကျီရဲ့လက်ရာရှင်ကို မသိရသေး။ မေ့ပျောက်မသွားသေးတဲ့ မှတ်ဉာဏ်ထဲမှာတော့ လှပ၍ ဆန်းပြားသော အကျီကို စွဲလမ်းဆဲပင်။ တိုက်ဆိုင်စွာပင် ထိုအကျီဝယ်သွားသော နာမည်ကြီးမင်းသမီးက သူမမွေးနေ့ကို ပိုတယ်မှာ ကျင်းပ၏။ ဖိတ်ကြားခံရသော ပရိဂျုဆာတွေအထဲ ဒီရေလည်းပါသည်။ ရန့်ကတော့ ဒီရေခေါင်းဆောင်မှုဖြင့် ထိုမွေးနေ့ပွဲအား တက်ရောက်ခွင့်ရခြင်းပင်။ ထိုပွဲမှာ မင်းသမီးက ရန့်စွဲလမ်းပြီး မရလိုက်သော အွန်လိုင်းပေါ်က

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံနှင့်။ တစ်ဆင့်စကားတစ်ဆင့် နားဖြင့် ထိုဝတ်စုံဖန်တီးသူကို ရန့် သိခွင့်ရခဲ့သည်။

"တို့မင်းသမီးက သူ့ကို ပင်တိုင်ဒီဇိုင်နာခန့်မယ်ပေါ့၊ မိတ်ကပ်ကတော့ တို့ရှိပြီးသားလေ၊ အဲ့ဒီ ဒီဇိုင်နာက ငြင်းတယ်တော့၊ သူ့ရဲ့ ပင်မဝါသနာဟာ မိတ်ကပ်ပြင်တဲ့အလုပ်ပါတဲ့၊ ဒီဇိုင်နာဆိုတာ ကိုယ်ပြင်ပေးတဲ့သူ့အတွက် လိုအပ်ချက်မရှိအောင် လုပ်ပေးချင်တာမို့ ပါတဲ့၊ တို့မင်းသမီးအကြောင်းလည်း သိသားနဲ့၊ အဲ့ဒီလို ခက်ခဲတာမျိုးဆို ပိုလိုချင်တာကိုး၊ ဒါနဲ့ မိတ်ကပ်ဆရာမအဖြစ်ပါ အကူအညီ ပေးပါဆိုတော့ မဖြစ်နိုင်ပါဘူးတဲ့…ဟွန်း ကြီးကြီးကျယ်ကျယ် သူက ကျော်ရက်စတော့ရင့်မှာ စာချုပ်တစ်နှစ် ချုပ်ထားလို့ပါတဲ့ တော်…ဟွန်း တို့မင်းသမီးကတော့ ဒါတောင် စိတ်မလျှော့သေးဘူး၊ အဲ့ဒီတစ်နှစ်ပြည့်ရင် ဆက်သွယ်ပါတဲ့၊ တို့ကတော့ မင်းသမီးကို ငြင်းတာနဲ့တင် သင်းကို ကြည့်လို့ကို မရဘူး"

မင်းသမီးရဲ့ ပင်တိုင်မိတ်ကပ်ဆရာက မဲ့ကာ ရွဲ့ကာနှင့် ပြောနေတာကို သူမကြားခဲ့ရတာ။ အဲ့ဒီကတည်းက ကိုယ်မိတ်ကပ်ပြင်ရင်ရော စီးရီးခွေထွက်၍ VCD ရိုက်ရင်ရော သူမကိုပဲ ငှားမည်လို့ ဆုံးဖြတ်ထားခဲ့တာ။ ဒီကြားထဲလဲ အတွဲခွေ နှစ်ခွေမှာ ဒီရေ ဆက်သွယ်ပေးမှုအရ ထပ်ဆိုနေရတော့ ကိုယ့်မှာ အန်ကယ်ကျော် ဆိုင်ဘက်ခြေဦးမလှည့်ဖြစ်။ အခု ဒီရေစီစဉ်သည့် မင်းသား မင်းသမီးအတွဲခွေက VCD ထွက်တော့မည်။ အဲ့ဒီအတွက် ဝေါ(လ်)ရှိုကို ရန့်နှင့် ထုတ်မည်။ ထိုအခါ မိတ်ကပ်ရော ဒီဇိုင်နာ





ရော လိုလာပြီ၊ သူမပိတ်ရက်ဖြစ်၍ ရန့်က အလိုက်သိပါသည်။ သူမအိမ်သို့ သွားပြီး ရန့်က လာတွေ့မည်ဆိုတောင် ဖုန်းပဲဆက်ပါတဲ့၊ ကဲ ရန့်ဒေါသထွက်တာ လွန်သလား။ ကိုယ်ဝတ်မည့် ဝတ်စုံအား ဖုန်းဆက်၍ ဒီဇိုင်နာဆီ အပ်ဖူးသလား။ ဒါကို နားမလည်ပဲ ရန့် အား အပြစ်တင်ရန် ကြိုးစားနေသည့် ဒီရေအား ရှုပ်ပုပ်ပုပ်မှင့် သူမက လှမ်းကြည့်သည်။

"ကိုယ့်ကို အဲ့ဒီလို မကြည့်နဲ့ ရန့်၊ ကိုယ်က မင်းစိတ်ထဲ လှမ်းမြင်နေရလို့ အမှန်းခံပြီးပြောနေတာ၊ သူ့ကို သဘောမတွေ့ဘူး ဆိုရင် တခြားဒီဇိုင်နာတွေအများကြီးရှိတယ်၊ ပြောင်းပေါ့၊ အဲ… သူ့ကိုမှ စိတ်တိုင်းကျတယ်ဆိုရင်တော့ သူ့သဘောအတိုင်း လုပ်ဖို့ပဲ ရှိတယ်၊ ကိုယ်တစ်ခုသတိပေးချင်တာက ရန့် စိတ်ဟာ အောင်မြင်ဖို့ ဆိုတဲ့ နေရာမှာပဲထားရမယ်၊ အဲ့ဒီကြားထဲက အသေးအဖွဲ့ကိစ္စတွေကို လိုက်ခံစားနေရင်တော့"

စကားကို ဖြတ်ပြီး ဒီရေက ပခုံးတွန့်ပြသည်။ ပြီးတော့မှ..

"ကိုယ်မှန်းထားတဲ့ နေရာကို ဘယ်တော့မှ ရောက်မှာ မဟုတ်ဘူး"

တဲ့လေ။ မာန်မာနတွေ လျှော့ပါလို့ ပြောချင်တာလား၊ သိပ်ပြီး ဇွာတေးလန်မနေနဲ့လို့ တားချင်တာလား၊ ကလေးဆန် တယ်လို့ ဝေဖန်ချင်တာလား မသိတော့။ ရန့်က ဟင်းခနဲ သက်ပြင်း မောကြီးမှုတ်ထုတ်ရင်းက ဖုန်းခလုတ်တွေကို တတောက်တောက် နှိပ်ချမိပြီ။ ဒေါသကြောင့် ဖုန်းခလုတ်တွေတောင် ဖုန်းထဲ ကျွံငင်



www.burmeseclassic.com

www.burmeseclassic.com



သွားမှာ စိုးရသည်။ အရှုံးပေးခြင်းကို အလိုမရှိသော ရန့်မှာ ဒီမိတ်ကပ်ဆရာမနဲ့ကျမှ လက်နက်ချပြီး ဒူးထောက်နေရသည်မှတ်။ ဖုန်းဝင်သွားသည်၊ တတူတူမြည်သံရှည်အဆုံးမှာမှ…

“ဟဲလို”

ဩရှရှအသံ၊ ရန့်က အသံကိုနားထောင်ရင်း မျက်နှံးပါ ကျုံ့ပစ်ကာ…

“မှန်ရန့်ပါ…ကျော်ရက်စတော့ရှင့် ကဆက်တာပါ၊ မိတ်ကပ်ဆရာမ…မ”

“ပြောပါ…တို့နားထောင်နေပါတယ်”

ဖုန်းပြန်ပြောတဲ့အသံဟာ မိန်းမ မဆန်ပေမယ့် တင်တင်စီးစီးလေသံမျိုး။

“မမာလာ..လား”

“အင်း…ဟုတ်တယ်”

“ရန့်…အကျီအတွက်”

“မင်းရဲ့ ကိုယ်တိုင်းနဲ့လိုချင်တဲ့ပုံစံ၊ နောက် လိုချင်တဲ့ ရက်ကို ပြောပါ၊ တို့အချိန်မရလို့”

စကားမရှည်နဲ့၊ လိုရင်းပြော ဆိုတဲ့သဘော။

ရန့်က အောင့်သက်သက်နှင့်ပင် သူမတောင်းဆိုတာတွေ ပြောပြလိုက်ရသည်။ ဦးလေးနှင့် ဒီရေအနားမှာ ရှိနေပေမယ့် ကိုယ့်အတိုင်းအတာကို ပြောပြတဲ့အခါ ရှက်ရွံ့မနေတော့။ ဒီရေအား ရွဲ့ချင်စိတ်လည်းပါသည်။ ဟွန်း ကိုယ့်ဘက်က မပါဘဲ ပြေရာ





ပြေကြောင်းလည်း မပြော။ လူကိုပဲ ဒီလမ်းနဲ့ ဒီလမ်းတော့ရှိသည်။ ကြိုက်ရာသွားလို့ အပြောခံရတဲ့ကလေးနှယ်၊ စိတ်ထဲက မကျေနပ်စိတ်ဖြင့် ဖုန်းပြောရင်း ဒီရေအား မျက်စောင်းတောင်ပိတ်ထိုးပါ၏။

“အင်း…ရပြီ တို့ဘက်က အဆင်သင့်ဖြစ်ရင် မှန်ရန့်ဆီ ဖုန်းဆက်မယ်”

“နေဦး…မိတ်ကပ်ပြင်ဖို့ကရော”

“ကျော်ရက်စတောရင့်ထဲမှာပဲ အင်ဒိုးရိုက်မှာဆို၊ အဲ့ဒီက အလှပြင်ခန်းမှာပဲ ပြင်ပေးမယ်၊ တစ်ခုတော့ ကြိုပြောထားမယ်၊ ဒါဟာ မှန်ရန့်မို့ ပြင်ပေးတာမဟုတ်ဘူး၊ ကျော်နဲ့ပတ်သက်နေလို့ စာချုပ်အရ တို့တာဝန်ယူတာ၊ မှန်ရန့်နားလည်မှာပါ၊ ဂွတ်(ဒ်)ဘိုင်”

အကျော့ကြီးနဲ့ပြောပြီး ဖုန်းချသွားပြီ၊ ကျော်ရက်စတောရင့်ရဲ့ စတိတ်ပေါ်မှာပဲ ဆိုင်ပရိုက်သတ်တွေလည်း ဖျော်ဖြေရင်း တကယ်မှ(ဒ်)အစစ် ဝင်အောင် ရိုက်မည်လို့ ဒီရေက စီစဉ်ထားခြင်းပါ။

“တော်ကြာ ကင်မရာကို ကြောက်တာနဲ့ ရှက်တာရောပြီး အသက်မပါမှာစိုးလို့”

ဒီရေက ပြောခဲ့သည်။ ရန့်ကိုယ်တိုင်လည်း လက်ခံခဲ့သည်။ သီးသန့်ကြီး ဓာတ်ပုံရိုက်ရတာမဟုတ်ပဲ ဒီလိုဖျော်ဖြေရင်း ရိုက်ရတာက ရန့်အတွက် ပိုအဆင်ပြေနိုင်သည်လို့ တွေးထားတာ။ အခုတော့ ကိုယ့်အတွေးဟာ တခြားလူအတွက် တင်စီးစရာဖြစ်သွားပြီ၊ ရန့်ဟာ ဖုန်းခလုတ်ပိတ်ချရင်း ရင်ထဲမှာ တောက်ခေါက်မိတော



www.burmeseclassic.com

www.burmeseclassic.com



အကျယ်ကြီး။ မကျေနပ်သမျှ ရင်ဖွင့်ပြလျှင် ကိုယ်က ကလေးဆန်တာကို၊ အသေးအဖွဲတွေကို ပုံကြီးချဲ့တာတို့နှင့် ရှုံ့ချမည့် သူကအသင့်။ စိတ်တိုတိုနှင့် ဖုန်းချပြီးသောအခါ အန်ကယ်ကျော်ရေဒီရေရောက သိချင်တဲ့ မျက်ဝန်းတွေနှင့်…

"အဆင်ပြေလား"

တဲ့။ ရန့်က ခေါင်းပဲညိတ်ပြသည်။ ရင်ထဲမှာတော့ အကျယ်ကြီးအော်ပြောနေသော စကားတစ်ခွန်း။ ဒေါ်သတွေ လက်လီလက်ကားရောင်းရန်ရှိသည် လို့လေ။ ဟွန်း…မမာလာနဲ့ ပတ်သက်ပြီး ရင်ထဲ ထားစရာနေရာမရှိတော့လို့။

◆ ◆ ◆



## အခန်း (၂၁)

လေးညို့ကို တင်းနေအောင်ဆွဲသည်။ သူမ မျက်ဝန်းတည့်တည့်၌ မြားတံက ချိန်ပြီးသား။ ရန့်က စက်ကွင်းရဲ့ ဗဟိုကို တည့်မတ်စွာ ချိန်နိုင်းပြီဆိုမှ အသက်အောင့်သည်။ ထို့နောက် မြားတံကို ပစ်လွှတ်လိုက်၏။ ဝိုးခနဲလေကို ခွင်းထွက်သွားတဲ့ မြားတံဟာ ပစ်မှတ်ရဲ့ အလယ်စက်ဝိုင်းဆီ ဒုတ်ခနဲသွားစိုက်သည်။ ရန့် ဘေးနားရှိ ပွဲကြည့်ပရိတ်သတ်ထံမှ လက်ခုပ်သံ တဖြောင်းဖြောင်းကြားရသည်။ ထိုချီးမြှောက်မှုအား သူမက ဂုဏ်ယူစွာနားထောင်နေသည့်အချိန်…

"ဝိုး"

ခနဲအသံကြားရသည်။ ပစ်မှတ်ဆီ စိုက်ပြီးသား မြားတံဟာ ပြန်ကန်ထွက်လာ၏။ မမြင်စဖူးသော ကိစ္စမို့ ရန့်က ရှောင်တိမ်းရန် သတိမရ။ မြားကိုသာ ပစ်မှတ်ထိအောင် ပစ်ရန် သင်ဖူးတာ။ ကိုယ့်ထံဝင်လာမည့် အန္တရာယ်ကျတော့ ဘယ်လိုရှောင်တိမ်းရမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သူမ မသင်ဘူး။ ရန်နဲ့ဟာ ဒီအတိုင်းရပ်ကြည့်နေပေမယ့် ဘေးနားက လူတွေကတော့ ဝရုန်းသုန်းကား ထပြေးကြပြီ။ မြင်းတံ ဟာလည်း တလှစ်လှစ်နဲ့ သူမနားရောက်လာပြီ။ ရန်နဲ့က မျက်ဝန်း တို့ကို မှိတ်ချရင်း မြင်းစီးခံရမည့် ဝေဒနာအား ကြိုခံစားကြည့်သည်။ ဘယ်ဘက်နှလုံးအိမ်ဟာ စူးခနဲအောင့်တက်သွားသလို။ ဘုရားရေ ဒီမြင်းရဲ့ ဦးတည်ရာဟာ ရန်နဲ့ရဲ့နှလုံးသားဆီကိုတဲ့လား။

"ဟဲ့…သမီး…ရန်နဲ့…သမီး"

"ဟင်…အင်း…မေမေ"

မှိတ်ထားသော မျက်ခွံအား ကမန်းကတန်းဖွင့်ရသည်။ တွေ့ရသော အရာက မြင်းတစ်စင်းမဟုတ်။ သူမအား စိုက်ကြည့် နေသော မေမေ။

"ဟဲ့… ဘာကြည့်နေတာလဲ၊ ဆင်းတော့လေ၊ အန်ကယ်ကျော်ဆိုင်ကိုရောက်ပြီ"

ဒီတော့မှ စိတ်က ပစ္စုပ္ပန်ကို ရောက်သည်။

"ဆောရီးမေမေ ရန်နဲ့အိပ်ပျော်သွားတာ"

"အဲဒါကြောင့် မနက်က အစောကြီး မထပါနဲ့လို့ ပြောတာ ညဘက်တွေ အသံသွင်းရတာ ညဉ့်နက်တော့ မနက်အစောကြီး ထရင် ဘယ်အိပ်ရေး ဝတော့မလဲ"

"ဒီနေ့ ဝေါ(လ်)ရှိ ရိုက်ရမယ်ဆိုတော့ စိတ်စောပြီး နိုးနေတာ မေမေရဲ့"

"ကဲ…ဒီသားအမိ စကားများမနေနဲ့ ဆင်းတော့၊ စိန်စိန်





နှင့်မမလေးရဲ့ အကျီတွေယူခဲ့"

ကြီးကြီးက သူမတို့ကို တိုက်တွန်းရင်း အကူခေါ်လာသော ကောင်မလေးကိုပါ တစ်ခါတည်း အမိန့်ပေးသည်။ မမာလာ ချုပ်ပေးသော ဝတ်စုံကို မနေ့ကတည်းက ရသည်။ ရန်နဲ့ဘက်က လိုချင်သည်ဟု ပြောထားသော ရက်ချိန်းအတိုင်း အမီချုပ်ပေးတာ။

"လာယူလိုက်လေ…တို့မရှိဘူး၊ တို့ကွန်ဒိုက လုံခြုံရေးဆီ အပ်ပေးခဲ့မယ်"

တဲ့လေ။ သွားယူတာတောင် သူမနေထိုင်ရာ အိမ်ရာဝင်းရဲ့ လုံခြုံရေးဆီမှာပဲ ကိစ္စပြီးခဲ့ရသည်။ ပဟေဠိဆန်သော၊ ကြီးကျယ် ချင်ဟန်ရှိသော မမာလာကို ရန်နဲ့က စိတ်ထဲမှနည်းနည်းလေးတောင် ကျေနပ်ခြင်းမရှိ၊ စကားစစ်ထိုးရန် စေားထားပေမယ့် ဒီနေ့မှ လူချင်း တွေ့ရမှာဖြစ်၍ ရန်နဲ့စိတ်ထဲက အစိုင်အခဲကို ဖော်ထုတ်မည်ဟု တွေးထားသည်။ မှန်ရန်နဲ့ဟာ သူများအတင်စီးခံဖို့ လူဖြစ်လာတာ မဟုတ်သလို မြို့သိပ် သိဂုဏ်တတ်သူလည်း မဟုတ်၊ ဒါကို မမာလာသိစေရမည်။

"ဟော…ဟိုမှာ မောင်ဒီရေရော စက်အဖွဲ့သားတွေပါ ရောက်နေပြီ"

ဘေးနားက မေမေ့စကားကြောင့် ရန်နဲ့အတွေး ပြတ်တောက် သွားသည်။ လှမ်းကြည့်တော့ ဓာတ်ပုံသမားရော ဒါရိုက်တာနှင့်ပဲ ဆွေးနွေးနေသည့် ကိုဒီက သူမကို လက်လှမ်းပြသည်။

"ဒါဆို ရန်နဲ့ မိတ်ကပ်ခန်းဆီ သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ လိုက်ခဲ့မယ်လေ သမီး"

"နေခဲ့မေမေ၊ ကြီးကြီးနဲ့ စကားပြောရင်း ကိုဒီပါ ညှော်ခဲ့ထားပေါ့၊ စိန်စိန်...ငါ့ဝတ်စုံတွေ ပေး"

အင်္ကျီချိတ်နှင့် ချိတ်ယူလာသောဝတ်စုံကို ရန့်က လက်ပြောင်းယူသည်။ မေမေပါလာလျှင် အားနာတာနှင့် ဟန့်တားတာနှင့် မမာလာအားပြောချင်တာတွေ ကျန်ခဲ့မှာစိုး၍ဖြစ်သည်။ ရန့်က ဝတ်စုံကို ရင်ခွင်၌ပိုက်ရင်း မိတ်ကပ်ခန်းတံခါးကို တွန်းဖွင့်လိုက်၏။ အရင်ဆုံးမြင်ရတာက အခန်းဝအား ကျောခိုင်းထားသည့် သိပ်လှသောကိုယ်လုံးလေး။ ဝတ်ထားတာက မြန်မာဝတ်စုံဖေဒါရောင်ဖျော့ဖျော့ပေါ် ခရမ်းရင့်ရောင်အပွင့်ကြီးကြီးတွေပါတဲ့ ဝမ်းဆက်အပျော့သား။ ခါးလေးကသိမ်ပြီး တင်နေရာကကားသွားကာ သွယ်လျတဲ့ပေါင်တံနဲ့ အချိုးအဆက်ညီတဲ့ခန္ဓာကိုယ်။ မိန်းမချင်းတောင် လည်ပြန်ငေးစရာပင်။ ကုတ်ထောက်ဆံပင်တိုဟာ ရွှေရောင်နဲ့ ချောကလက်ရောင်ရောဆိုးထားသဖြင့် အညိုမှာရွှေရောင်စိုနေသည့်အရောင်။

"အဟင်း..."

တံခါးဖွင့်သံကြားတဲ့အထိ လှည့်မကြည့်အားဘဲ တစ်ဖက်မှာ ဘာတွေအလုပ်ရှုပ်နေမှန်း မသိသည့်စိတ်က မိတ်ကပ်ဆရာမကြောင့် ရန့်က ချောင်းဟန့်သံပေးသည်။

"ခုံမှာ ဝင်ထိုင်ပါ..မှုန်ရန့်"

ပြတ်ရှသောအသံဟာ ကျောခိုင်းရက်နှင့် ပြောခြင်းပင်။





ရန့်က နှုတ်ခမ်းတွန့်ရုံမျှပြုံးရင်း

"ကြီးကျယ်နေပြန်ပြီ"

လို့ မကြားတကြားပြောပစ်ကာ မှန်ရှေ့ရှိခုံမှာဝင်ထိုင်ရင်း

"ကျွန်မမှာ အချိန်မရဘူး မမာလာ"

"တို့လည်း မင်းဆီက အချိန်တွေဖဲ့ယူဖို့ မစဉ်းစားပါဘူး"

ရန့်အနားသို့ လျှောက်လာသည့် ဒေါက်ဖိနပ်သံ။ ရန့်အနားဝင်ထိုင်ပြီး သူမလက်တွေကို လက်အိတ်စွပ်သည်။ မျက်နှာတစ်ဝက်ခန့်ကို နှာခေါင်းစည်းမာ့စ်ဖြင့် ဖုံးကွယ်ထားသဖြင့် အပြာရောင်တောက်တဲ့ မျက်အိမ်ကျယ်အနားသတ်အဖြစ် ထူထဲကော့ရှေတဲ့မျက်တောင်တွေ။ ဒါပဲ မြင်ရသည်။ မျက်ဝန်းတွေပြင်ရုံနှင့် မမာလာဟာ သိပ်ချောသောအမျိုးသမီးမှန်း သိသာပါသည်။ မမာလာက ရန့်ဆံပင်တွေအားလုံးကို ကလစ်တွေ၊ ဆံညှပ်တွေနဲ့ အရင်အပြောင်သိမ်းပေးသည်။ ပြီးမှ မျက်နှာကို ဂျဲလ်တစ်မျိုးဖြင့် ကလင်းနင်းလုပ်ပေး၏။ ရန့်က နူးညံ့သောအထိအတွေ့၊ ဖျတ်လတ်သော လက်ချောင်းအသိမ်းအနုတ်တွေကို ခံစားရင်းက ဝေမာတို့ပြောသောစကားတွေကို ပြန်ကြားယောင်လာ၏။

"အမယ်..အဲဒီ မိတ်ကပ်ဆရာမက တခမ်းတနားပော့သူများကို မိတ်ကပ်လိမ်းခါနီးဆို လက်အိတ်စွပ်ရတာနဲ့ နှာခေါင်းစည်း စည်းရတာနဲ့"

တဲ့လေ။ ရန့်က လွန့်လွန့်လေးပြုံးရင်း...

"မမာလာက မျက်နှာကို အပြည့်အဝမပြဘူးနော်၊ ဘာလို့



www.burmeseclassic.com

www.burmeseclassic.com



လဲ၊ လူမြင်မခံချင်တဲ့ လျှို့ဝှက်ချက်ရှိလို့လား"

ဘာရယ်မဟုတ် မေးခြင်းပါ။ ရင်းနှီးမှုရလိုခြင်းလည်း ပါသည်။ ကိုယ့်အပေါ် တင်စီးထားသမျှ အခွင့်ကြုံရင် နှိပ်စက်ဖို့လည်းပါသည်။ ဒါပေမဲ့ ရန့်ရဲ့မေးခွန်းဟာ သူမအရိုက်ကို ထိသွားဟန်တူသည်။ မျက်နှာပေါ်က လှုပ်ရှားခြင်းတွေ တန့်သွားသည်။ သူမရဲ့ မျက်နဲ့အကြည့်ဟာ ရန့်ရဲ့စိတ်ကို ထိတ်ခနဲဖြစ်သွားစေသည်။ နှလုံးသားဟာ ဓာတ်လိုက်ခံရသလို ကျင်ခနဲ။ ဒီမျက်ဝန်း၊ ဒီအကြည့် ဒါတွေကို ရင်းနှီးဖူးတယ်။ အေးစက်သွားတဲ့ နှလုံးသားနဲ့ ဆန့်ကျင်ဘက်။ ဦးနှောက်က ပူဆူစွာ အတိတ်ဆီပြေးသွားသည်။ စက္ကန့်တံက တဖျတ်ဖျတ်ရွေ့လျားသွား၏။ မမာလာက ခဏပဲငြိမ်ကျသွားပြီး ရန့်ရဲ့မျက်နှာပေါ် ပြင်ဆင်ခြယ်သရန် ပြန်လှုပ်ရှားစဉ်…

"ခဏ"

ပြောတာထက်မြန်တဲ့ ရန့်လက်ဟာ မမာလာရဲ့နှာခေါင်းစည်း မာ့စ်ကို ဖြုတ်ချသွားတာများ လျှပ်စီးလက်သလို။ တစ်ခဏချင်း အကာအကွယ်မဲ့တဲ့ မျက်နှာသွယ်သွယ်မှာ ချွန်ကော့တဲ့နှာတံ၊ ထောင့်ချိုးညီနှုတ်ခမ်းနဲ့ မေ့မရသော၊ ဖျက်မရသောအမှတ်အသားဟာ မေးဖျားအလယ်တည့်တည့်မှာ အချိုင့်ရာလေး။ ရန့်က ထိုင်နေရာမှ ဝုန်းခနဲ ထရပ်သည်။

"မာ..လေး"

တအံ့တသြအသံဟာ နာကျည်းခြင်းတွေနဲ့ပေါင်းစပ်ပြီး လှိုက်ခါနေ၏။ မာလေးက မာ့စ်ကို ဆွဲဖြုတ်ပြီး မှန်တင်ခုံပေါ်





ပစ်တင်သည်။ ရင်ဆိုင်ရန် အသင့်ပြင်ထားသော မျက်ဝန်းတွေနှင့် ရန့်အား အေးစက်စက်စိုက်ကြည့်ရင်း…

"ဟုတ်တယ်၊ ငါ မာလေးပဲ၊ မာလာပဲဖြစ်ဖြစ် မာလေးပဲဖြစ်ဖြစ် နင့်အတွက် ဘာထူးခြားသွားမှာလဲ မှန်ရန့်"

"ဟာ..ထူးခြားတာပေါ့"

မှန်ရန့်က ခြောက်ကပ်ကပ်ရယ်သည်။ မျက်ရည်ကြည်တွေ ဝိုင်းဖွဲ့လာတဲ့ မျက်ဝန်းထဲမှာ အတိတ်ရဲ့အရိပ်တွေ ပျော်ဝင်လာ၏။

"ငါတို့ပစ္စည်းတွေ အခြောက်တိုက်ရသွားတဲ့ နင်တို့သားအမိကို ငါ အပင်ပန်းခံပြီး လိုက်ရှာနေစရာမလိုတော့ဘူးပေါ့"

"ပြီးတာတွေကို နင်မမေ့နိုင်ဘူးလား မှန်ရန့်၊ အမေ ဆုံးသွားပြီ၊ ဖြစ်ပျက်ခဲ့သမျှ ဘယ်သူမှ နိုင်တယ်ဆိုတာမှ မရှိခဲ့တာ"

"ဟာ..ဟ၊ လူကြားကောင်းအောင် တရားပြနေတာလား၊ ဒါမှမဟုတ် ပြောအားရှိသွားတာလား၊ သွားစမ်းပါ မာလေးရာ၊ အစောကြီးကတည်းက အဲဒီလိုတရားရှိမယ်ဆိုရင် နင့်အမေက သူများလင်ကို ကြောင်တောင်နိုက်စရာတောင် မလိုပါဘူး"

"မှန်ရန့်"

ခေါ်သံက လွှတ်ခနဲပြေးထွက်သွားသည်။ အလုံပိတ်အခန်းမို့ မာလေးအသံက ဟိန်းခနဲ။ မေးရိုးတွေကားထွက်လာတဲ့အထိ အံကြိတ်ကာ စိမ်းစိမ်းရှုရှုကြည့်နေတဲ့ မာလေးကို ရန့်ကသေချာစိုက်ကြည့်သည်။ တစ်ကိုယ်လုံးကို စုန်ချည်ဆန်ချည်ကြည့်ပြီးမှ…

"နင် တခြားဟာတွေကို ပြောင်းလို့ရရင်ရမယ်၊ နင့်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အသံကြီးကိုတော့ ပြောင်းလို့မရဘူး မာလေး''

''နင်မဆိုင်တာတွေမပြောနဲ့၊ ငါ့အမေကိုလည်း ထပ်စော်ကားဖို့မစဉ်းစားနဲ့၊ သူတို့ဖြစ်ခဲ့တဲ့ ကိစ္စတိုင်းဟာ သူတို့သဘောတူညီမှုနဲ့ချည်းပဲ''

''ဟင်း..ဟင်း..မဆိုင်တာတွေတဲ့လား၊ နင့်ကို မြင်မှတော့ နင့်အမေအကြောင်းကို မပြောဘဲမနေနိုင်ဘူး မာလေးရယ်''

ခနဲ့ခနဲ့ရုပ်ကလေးနှင့် လက်ပိုက်ကာ မာလေးအား စေ့စေ့ကြည့်သည်။

''နင်မကြိုက်တဲ့စကားတော့ ငါမပြောတော့ပါဘူး၊ နင်ကြိုက်တာပဲ ရွေးပြောမယ်၊ နင် မိန်းမနဲ့ တော်တော်တူလာတယ်၊ သိလား..မာလေး''

စကားနဲ့ တိုက်ခိုက်ရုံတင်မဟုတ်။ လက်သည်းချွန်ချွန်ထားတဲ့ လက်ညှိုးဟာ မာလေးရင်သားတွေကို ထိမလို၊ တို့တော့မလို။ မာလေးက ယောင်အ,ပြီး နောက်သို့ ကိုယ်ကိုယ်ပြီးဆုတ်တော့ မှုန်ရှန့်က သဘောကျသလို တဟားဟားထ,ရယ်သည်။

''ဘာလဲ..အတွေ့ခံထားတယ်ဆိုတာ ငါသိမှာစိုးလို့လား၊ အေးလေ..နင်စိုးရိမ်မှာပေါ့၊ ဒီတစ်ဆိုင်လုံးက လူတွေရော အန်ကယ်ကျော်ရော၊ ဟာ..ဟ ဟိုနာမည်ကြီး မင်းသမီးကပါ နင့်ကို မိန်းကလေးလို့ သိထားတာ''

''မှုန်ရှန့်..နင်...နင်က''

မာလေး စကားတွေထစ်အကုန်ပြီး ရှက်စိတ်တွေဟာ





တစ်ကိုယ်လုံးမွှန်ထူတက်လာကာ နေရာမှာတင် အခိုးအငွေ့လိုပျောက်ကွယ်သွားချင်သည်။ ကိုယ့်ရဲ့အသိစိတ်မှာ မာလေးဟာယောကျ်ားဆိုတာ လက်ခံထားသည်။ ဒါပေမဲ့ မသိစိတ်ကတော့ဒီလိုဘဝမျိုးမှာ ကျေနပ်သည်၊ သာယာသည်၊ သူများတွေကို အလှဆင်ပေးသလို ကိုယ်တိုင်လည်း လှချင်လာသည်။ အများကငေးမောရသည့် အလှပိုင်ရှင်ဖြစ်ချင်သည်။ အမေမရှိတော့တဲ့နောက်ပိုင်း အထိန်းအကွပ်မဲ့သော သူ့ဘဝရဲ့ပျော်ဖြေစရာက ဘဝပြောင်းလိုက်ခြင်းပင်ဖြစ်သည်။ သူ့ဇာတိမြို့ကို စွန့်ခွာပြီးသောအခါဒီရန်ကုန်ဟာ သူ့ရဲ့နယ်မြေအသစ်။ သူ့အတိတ်ကို ပြည်ဖုံးကားချချင်သည်။ ဒါကြောင့် ကြီးတွေးကတော့ သတိပေးဖူးသား။

''အတိတ်ဆိုတာ ချန်ထားလို့မရတဲ့ အနာဂတ်ရဲ့သူငယ်ချင်းပါ လှလေးရယ်''

တဲ့လေ။ ကိုယ်မှ နားမထောင်ခဲ့မိတာ။ ကိုယ့်အကြောင်းကိုမသိနိုင်အောင် သူ ကြိုးစားဖုံးကွယ်ခဲ့သည်။ လူတွေနဲ့ ကင်းရှင်းစွာနေခဲ့သည်။ ဒါတောင် ပါရမီအခံဝါသနာကြောင့် သူဆွဲထားသော အကျိုးဒီဇိုင်းရဲ့ အောင်မြင်မှုဟာ ဝက်ဝက်ကွဲ။ အများတကာကိုအလှပြင်ပေးရမှ နေသာထိုင်သာရှိတဲ့ ဒီလက်ချောင်းတွေကို သူမထိန်းနိုင်၍ ဒီဆိုင်ကိုရောက်လာခဲ့သည်။ သူ့ဘဝအမှန်ကို ဘယ်သူမှမသိနိုင်လို့ ထင်ထားချိန်မှာ မှုန်ရှန့်ဟာ ဒီဆိုင်ရှင်ရဲ့တူမဆိုတော့...

''အစိုးရိမ်တွေလွန်ပြီး အသက်ပါထွက်သွားပြီလား၊ မာလေး...ဟင်''



www.burmeseclassic.com

www.burmeseclassic.com



ပခုံးချင်းဝင်တိုက်ပြီး ခပ်ရိရိမေးသည်။

"ငါ ဒီက အလုပ်ထွက်ဖို့"

"စဉ်းစားထားတာတွေ ဖျက်လိုက် မာလေး၊ ငါနဲ့တွေ့ပြီးတဲ့နောက်တော့ ငါ့စိတ်နဲ့နင့်ကိုယ်ပဲ ဖြစ်ရမယ်၊ ဒီနေ့ကစပြီး ငါ့ဒီဗိုင်နာ ငါ့မိတ်ကပ်ပြင်တဲ့သူ နင်လုပ်ရမယ်"

"ငါ မလုပ်နိုင်ဘူး မှုန်ရှန်"

"အဟင်း··ဒါကတော့ နင့်သဘောလေ၊ ငါ့မှာ နင့်ဘဝရဲ့ ဝှက်ဖဲတစ်ချပ်ရှိတယ်ဆိုတာ မမေ့နဲ့၊ သဘောတူလိုက်စမ်းပါဟာ၊ နင်ကြိုက်တဲ့ဘဝထဲမှာလည်း နေရမယ်၊ နင်ဝါသနာပါတာလည်း လုပ်ရမယ်၊ မကောင်းဘူးလား"

လက်ညှိုးနှင့် မာလေးမေးဖျားကို ဆွဲမော့ကာ မျက်နှာကို အနီးကပ်ကြည့်သည်။ ပြီးမှ တိုးတိတ်အေးစက်စွာ တစ်ခွန်းချင်း ပြော၏။

"ငါ့အမိန့်ကို နင်နာခံရတာကလွဲလို့ပေါ့"

ဖျတ်ခနဲ မျက်တောင်အခတ်မှာ မာလေးပါးပြင်ပေါ် မျက်ရည်တစ်စက် ပေါက်ခနဲ ခုန်ဆင်းသည်။ ဝမ်းနည်းကြေကွဲ၍ မဟုတ်။ မာနကိုထိပါးပြီး နာကြည်းခြင်းမျက်ရည်။ ဒါကိုပဲ မှုန်ရှန်က ဟူးခနဲ လေနဲ့မှုတ်ထုတ်ပစ်ရင်း···

"ရှေ့လျှောက် နင် ဒီထက်ငိုရဦးမယ် မာလေး၊ ဝါသနာပါရင် ဇလုံနဲ့ခံထား၊ ငါ ရေချိုးလို့ရတာပေါ့၊ ကြမ္မာရှင်ရဲ့အရှုံးပေး မျက်ရည်နဲ့ ငါ ရေချိုးချင်···အင်း"

ဦး : မိုး : ၈၁၆၀



ရှန့်က သူမလက်ဖျံက အသားတွေကို သာသာပွတ်သပ်ရင်းက···

"အသားအရည် ပိုလှလာမလားလို့"

မာလေး မျက်ခွံတွေကို တင်းခနဲပိတ်ချသည်။ အံကြိတ်ထားရ၍ မေးရိုးတွေလည်း နာကျင်လှပြီ။ ဆို့နင့်တက်လာတဲ့ ဒေါသဟာနှလုံးအိမ်ကို အရှိန်ပြင်းစွာ တက်ဆောင့်၏။ ပူနွေးသော ဒီးကြောင်းဟာ မျက်ခွံတို့ကို ပိတ်ထားလည်းမလုံခြုံ။ တဖျောဖျော စီးကျဆဲ။ မှုန်ရှန့်ရဲ့ ရယ်သံဟာ နားစည်မှာခါးသက်စွာ။ ကိုယ့်ဘဝဟာ အဲဒီလောက်အထိ ဆိုးသလား။ မှုန်ရှန့်ပေးတော့မည့် ကျောက်ခဲသလဲတွေမှန်းသိသိနဲ့ ရင်ခွင်ပိုက်ထားရမယ့်ဘဝ။ အမေ့ကို ဖျတ်ခနဲ သတိရတဲ့အခါ တစ်ခုတော့ တောင်းဆိုချင်သည်။ သင်ပေးပါဦး အမေ။ မာလေး မငိုတတ်အောင်လေ။

◆ ◆ ◆

ဦး : မိုး : ၈၁၆၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"နှင့်ရဲ့ ဒီလိုဆော်ဒီမျိုးရဖို့ ဘယ်လိုကျင့်ရမလဲ မာလေး"

"ဟင်..."

လှမ်းလက်စ ခြေလှမ်းတွေ ရပ်သွားသည်။ ရှက်စိတ်... ကြောင့် ကျောခိုင်းရပ်နေရသော နောက်ကျောတစ်ခြမ်းလုံး မလုံခြုံ... သလို ခံစားရသည်။ ကြည့်စမ်း။ ဒီစကားကို မှန်ရန့် ဘာရည်ရွယ်... ချက်နဲ့ ပြောတာလဲ။ ကိုယ့်ဘဝအမှန်သိပြီးသား သူက မာလေး... ဟန်ဆောင်ထားတဲ့ဘဝကို ဖော်ထုတ်ချင်တာလား။ ပြီးတော့ ပြော... ပစ်တာ နှစ်ကိုယ်ကြားမဟုတ်။ မှန်ရန့်သီချင်းတွေ VCD ရိုက်ကွင်း... ပေါ်မှာ။ မာလေးက နောက်တစ်ခန်းမှာ မှန်ရန့်ဝတ်ရမည့် အင်္ကျီ... တွေစီစဉ်ပေးနေတုန်း မေးချပစ်တာ။ အနားမှာ ဒါရိုက်တာရော... ရှုတင်မန်နေဂျာအပြင် ပရိုဂျူဆာဒီရေလည်းရှိသည်။ မာလေး... ဒီဘက်ပြန်လှည့်လျှင် ထိုလူတွေနှင့် မျက်နှာချင်းဆိုင်ရမည်။ ရှက်... စိတ်၊ ဟန်ဆောင်ခြင်းကို မှန်ရန့် ဖော်ထုတ်လိုက်မှာ စိုးစိတ်နှင့်...





ဒီဘက်သို့ ချက်ချင်းပြန်မလှည့်ရဲ။ အချိန်ဆွဲပြီး အင်္ကျီတွေရွေးနေမိ ချိန်။ နောက်ကနေ သူ ပခုံးကိုလာဖက်သူက မှန်ရန့်။

"ဟဲ့..မေးတာကို ဖြေလေ၊ တကတည်း သူ့အလှလျှို့ဝှက် ချက်ကို ပြောပြရမှာများ ကြောက်နေလိုက်တာ။ ဒိုင်လျှိုမနေနဲ့ မိန်းမ၊ အဟွန်း..နိုင်ငံခြားမှာဆို ပေါ်တင်အင်တာဗျူးတာမျိုး"

ရင်းနှီးစွာ ပခုံးဖက်လိုက်၊ အပြုံးနဲ့ပြောလိုက်နှင့်။ မှန်ရန့် ပုံစံက ပကတိရိုးသားတဲ့အသွင်။ ဒါပေမဲ့ မာလေးက ရန့်လောက် မျက်နှာပြောင်မတိုက်ရဲတာ အမှန်။ အခက်တွေ့နေတဲ့ ဟန်နှင့် မှန်ရန့်ရဲ့ ပခုံးဖက်ထားတဲ့လက်ကို ဖယ်အချ။

"ဟုတ်သားပဲ ရန့်ရယ်၊ ဒါမျိုးသိချင်တာ အဲဒီလိုမေးလို့ ကောင်းမလား"

"အို..ကောင်းတာတွေ မကောင်းတာတွေ ရန့်မသိဘူး၊ သူ့တာဝန်က မှန်ရန့်ရဲ့ အမိန့်မှန်သမျှ နာခံရမှာ"

"ဟား"

ဒီရေက စိတ်ပျက်တကြီးအော်ကာ ထိုင်ရာမှထလာပြီး မာလေးတို့အနားသို့ လျှောက်လာ၏။ မာလေးကတော့ ဘယ်သော အခါမှ ဒီရေအား မျက်နှာချင်းဆိုင်မျက်ဝန်းချင်းဆုံပြီး စေ့စေ့မကြည့် ရဲ။ ကိုယ့်လျှို့ဝှက်ချက်နဲ့ကိုယ်ပေမို့ ထုံးစံအတိုင်း မျက်လွှာချ ခေါင်းငုံ့ နေမိသည်။ ဒါကို မှန်ရန့်ကတော့ ဘယ်လိုယူဆသလဲမသိ။ သူမ ဖက်ထားဆဲဖြစ်သော မာလေးပခုံးတစ်ဖက်အား ဖျစ်ညှစ်ပစ်ကာ

"ရုပ်ကိုက မခုတ်တတ်တဲ့ကြောင်ရုပ်နဲ့၊ ကိုဒီကို နှင့်...



www.burmeseclassic.com

www.burmeseclassic.com



မြူဆွယ်မနေနဲ့၊ ကိုယ့်ဘဝကိုယ်မသိ''

တဲ့လေ။ ဒီရေမကြားအောင် တိုးတိုးလေးကပ်ပြောသည်။ ဒီရေ့အမြင်မှာတော့ အပြုံးလေးနဲ့ သူမသိချင်တာပဲ မရမကမေးနေသည့်နှယ်။ ဒီရေက ခေါင်းကြီးတွင်တွင်ငုံ့ကာ အရုက်သည်းနေသည့် မာလေးအား တစ်ချက်လှမ်းကြည့်ရင်း…

''အဲဒါတွေသိရတော့ရော မင်းအတွက်ဘာထူးခြားမှာလဲ ရန့်ရာ၊ အဓိပ္ပာယ်မရှိ''

အိုး‥ရှိတာပေါ့၊ ဘာလို့ မရှိရမှာလဲ၊ အဲဒီလိုဘော်ဒီမျိုးဆို ယောကျာ်းတွေက အရမ်းသဘောကျ''

''ရန့်''

ဒီရေက ဖြတ်အော်သည်။ ပြောတာများ ကိုယ်ကပဲ သဘောကျနေသလိုလို။ ရန့်ကလည်း ရင်ဆိုင်ရန် အသင့်အနေအထားနှင့် ဒီရေအရှေ့တည့်တည်မှာရပ်လျက်။

''မင်းစကားကို ဆင်ခြင်ပြောစမ်း၊ မင်းအခုရောက်နေတဲ့နေရာ၊ မင်းရပ်တည်မှု၊ ကိုယ့်ရပ်တည်မှုဟာ မင်းစကားလေးတစ်ခွန်းထဲနဲ့ ကမောက်ကမ ဖြစ်သွားနိုင်တယ်၊ ပြောလွယ်ပျောက်လွယ် အနေအထားမျိုး မဟုတ်ဘူး''

''အဟား‥ရယ်ရတယ်၊ ရန့်ကိုကျတော့ ဆင်ခြင်တဲ့၊ ရှင်ကတော့ မဆင်ခြင်ပါလား ကိုဒီရေရဲ့၊ ဒီမိတ်ကပ်ဆရာမကို ဘာလို့နေ့တိုင်း ပန်းတွေပေးနေတာလဲ၊ ကျွန်မနဲ့တန်းတူ ဘာလို့သဘောထားနေတာလဲ''





ရန့်က ကျုံးအော်သည်။ ရိုက်ကွင်းထဲကလူတွေရဲ့အကြည့်ဟာ တြိဂံပုံစံရပ်နေသော ရန့်တို့သုံးယောက်ထံ စူးစိုက်လာ၏။ ဒါရိုက်တာကလည်း သည်းထန်လျက်ရှိသော ဒေါသတွေအကြား ဝင်မရပ်ရဲသလို ငေးကြောင်လို့။ ဒီရေဟာ အဲဒီလူတွေကြားမှာ ကိုယ့်ကိုအဆော်ကားခံလိုက်ရတာမို့ ရှက်စိတ်က ငယ်ထိပ်ဆီ ဒိုင်းခနဲ ဆောင့်တက်သည်။ ဒေါသကြောင့် မျက်ဝန်းတွေ ရဲရဲနီလာတဲ့အထိ ရန့်အား စိုက်ကြည့်သည်။ ကိုယ့်ကို ပြောချလိုက်တာများ ရစရာ တောင် မရှိ။ မာလာ့ကို ပန်းပို့ပေးတာမှန်သည်။ ရန့်လိုပဲ အနုပညာကို ပြောင်မြောက်စွာဖော်ထုတ်ပေးနိုင်တာမို့ ဂုဏ်ပြုခြင်းသာ။ အလှ ဖန်တီးရှင်ဆိုတာမျိုးဟာ အတွက်ကို နည်းနိုင်သမျှနည်းအောင် ထားရတဲ့သူဘဲ့။ ချစ်တဲ့သူကို ပိုလှစေပြီး မုန်းတဲ့သူကို အလှပျက်ပါစေဆိုတဲ့ စိတ်မျိုးမရှိရ။ သူတို့တွေမှာ ပုဂ္ဂလိကခံစားချက်ဆိုတာ ထားလို့မရဟုဘာ။ အလှဆုံးပြင်ဆင်ပေးရန်သာ သူတို့တာဝန်။ မာလာက ထိုတာဝန်ကို ကျေသည်။ ဝေါ်ရှိရိုက်ရန်၊ ဗီစီဒီရိုက်ရန် ကိုကျော့ဆိုင်မှာ ရန့်သီဆိုရန်အတွက် အခြေအနေပုံသဏ္ဍာန်အမျိုးမျိုးကို လိုက်ပြီး ခြယ်မှုန်းပေးသည်။ အဝတ်အစားအတွက်လည်း မပူရ။ ဒီဇိုင်းဆန်းတွေအမျိုးမျိုးနှင့် မရိုးရအောင် မှန်ရန့်တို့ဝတ်ပြီးသား။ ဒါကိုပဲ ဘာများမှန်ရန့်က မကျေနပ်တာလဲ။ ဒီရေသတိထားမိနေတာကြာပြီ။ မာလာ့အပေါ်ဆို သူမ နည်းနည်းလေးမှ အမြင်မကြည်။ လူစုံတဲ့မြင်ကွင်းကြားထဲရောက်တိုင်း။

''ကားပေါ်မှာ ဖိနပ်ထုပ်ကျန်ခဲ့ပြီ၊ သွားယူပေးဦး၊ ငြိုစိန် မဟုတ်ဘူးနော်‥မာလေး''



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး နိုင်းတာမျိုး။

"အကျီတစ်ထည်ချုပ်တာ တစ်ပတ်လောက်အချိန်ယူရရင် တော်ပြီပေါ့ မာလေး၊ နှင့်ဟာက ဆယ်ရက်ဆိုတော့"

"မဟုတ်ဘူး၊ ဒီဇိုင်နာသုံးယောက်စုပြီး ပွဲလုပ်တဲ့အထဲမှာ ငါပါတယ် ရန်၊ အဲဒီမှာ ငါ့ဒီဇိုင်းတွေအတွက်"

"သွားစမ်းပါ၊ ဘာပွဲမှ ဝင်ပြိုင်မနေနဲ့၊ ငါ့ရဲ့ဒီဇိုင်နာအဖြစ်ပဲ ရပ်တည်စမ်းပါ၊ ငါ့အရိပ်အောက်က ခြေတစ်လှမ်းမှကျူးဖို့ စိတ်မကူးနဲ့"

သူတစ်ဖက်သားရဲ့ အခွင့်အရေးတွေကို ပိတ်ပင်တဲ့အထိ ရန့်ဟာ အမိန့်အာဏာတွေသုံးလာသည်။ ဒါကို ဒီရေက မကြိုက်။ ကိုယ့်ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်မည့်သူမှာ ထိုမျှအထိ သေးနုပ်သောစိတ်ထားမျိုး မမွေးမြူသင့်။ တကယ်ဆို နာမည်ကြီး မင်းသမီးရဲ့ အပါးတော်မြဲနေရာကို မာလာကငြင်းခဲ့ပြီး ရန့်အနားမှာပဲ မြဲနေတဲ့အဖြစ်ဟာ အင်တာဗျူးသမားတွေအတွက် စိတ်ဝင်စားစရာ။ မာလေးကို ဘာ့ကြောင့်ရန့်နဲ့တွဲသလဲလို့ မေးကြတဲ့အခါ...

"ရန့်နဲ့တွဲပြီး အလုပ်လုပ်ရတာ ဝင်္ဂကြေးတစ်ခုကို ဆပ်ရတာမျိုးပါ၊ အဲဒီအကြွေးတွေ မကျေသ၍ မာလေး ရန့်အနားမှာပဲ ရှိနေမှာပါ"

"ဒါဆို မှန်ရန့်ဟာ မာလေးအတွက် ကြည်ဖြူတဲ့ဝဋ်ဒုက္ခ တစ်ခုလား"

လို့ အမေးခံရတော့။

"ဟင့်အင်း..ကြည်ဖြူစွာပေးဆပ်ခြင်းပါ"





တဲ့လေ။ ထိုမျှအထိ စိတ်သဘောထား ရိုးရှင်းပြလေ၊ မှန်ရန့်ရဲ့အကောက်အကွေ့တွေဟာ ပိုထင်ရှားလေလေ။ ဒီရေ့မျက်စိရှေ့က မှန်ရန့်ကတော့ သူ့ဒေါသထွက်နေတာကို အရသာခံကြည့်ရင်း..

"အဟင်း..ဟင်း၊ ပြောလေ ကိုဒီ၊ ပြောစရာစကား မရှိတော့ဘူးလား၊ ဘာလဲ ..ကျွန်မထောက်ပြတာတွေက တအားမှန်သွားလို့လား"

"ငါ မင်းကို အံ့သြနေတာ၊ မင်းရုပ်နဲ့မင်းစိတ်က တကယ် တခြားစီပဲ မှန်ရန့်"

"အော်..ဟော်..အခုတော့ ဒီရုပ်နဲ့ ဒီစိတ်က ရှင့်အတွက် ခွဲမက်စရာ မကောင်းတော့ဘူးပေါ့"

ရန့်ဟာ အသည်းနိုက်သောနာကျင်မှုမျိုးနှင့် ပြောသည်။ တစ်ဦးနဲ့တစ်ဦး အော်ဟစ်ရန်ဖြစ်နေကြတာမဟုတ်၍ ဆွဲလွဲစရာလည်းမလို။ ဒါပေမဲ့ ဖွင့်ထုတ်ဖြစ်ခြင်းထက် အဆပေါင်းများစွာ ပိုသော သွေးအေးစွာရန်ပြိုးဖွဲ့ခြင်း။ ရိုက်ကွင်းရှိ အားလုံးကလည်း စိတ်ဝင်တစားငေးနေသည်။ ရန့်က ထိုအရင်ရက်ကတည်းက အံ့ဖွဲ့ခဲ့ရသော ဖန်တိုမှုတွေဟာ အခါအခွင့်သင့်ချိန်မှာ ဖောက်ခွဲပစ်ရန်သာ ရည်ရွယ်သည်။ တခြားဘာကိုမှ ဂရုစိုက်မနေ။ ဒါကို ရိပ်မိသော ဒီရေကပင် သူမလက်ကိုဆောင့်ဆွဲပြီး လူအများနဲ့လွတ်ရာနေရာကို ဆွဲခေါ်သွားသည်။ ဒေါသအရှိန်နောက် အားမမျှတာကြောင့် ရန့်ဟာ ရှန်းရင်းကန်ရင်းပင် ပါသွားသည်။ ကြီးမားသောပင်စည်ကြီးရဲ့ အကွယ်ရောက်လာမှ ဒီရေက ဆောင့်ဆွဲလာသောလက်ကို ဖြုတ်ချ



www.burmeseclassic.com

www.burmeseclassic.com



ရင်း…

"မင်းရူးနေပြီလား မှန်ရန့်၊ မင်းကို ဘယ်တုန်းကများ ခွဲမက်ဖွယ်ကောင်းပါတယ်လို့ ငါဝန်ခံဖူးသလဲ"

"ဟင်..ရှင်..ရှင်က"

ရှက်ရွံ့ခြင်းက အာရုံကို မိုက်ခနဲဖြစ်သွားစေသည်။ ဒီရေ ပြောတာမမှားပေမယ့် ရန့်က မျှော်လင့်ထားတဲ့သူ။ ခေါင်းထဲ တရစ်ရစ်ပြာဝေလာသည်။ ရင်ဘတ်ထဲက ဒေါသနှင့် ရှက်စိတ်က မျက်စိတွေ၊ နားတွေထဲက တစ်ကိုယ်လုံးအပူလုံးကြီးဖြစ်လာသည်။ မျက်စိရှေ့ရှိ ဒီရေ့အသွင်ဟာ ဝေဝါးသွားလိုက်၊ မှုန်မှိုင်းသွားလိုက်။ ဒါပေမဲ့ သူပြောတဲ့အသံကိုတော့ ရန့် ကောင်းစွာကြားနေရသည်။

"မင်း သိပ်စိတ်ကူးမယဉ်နဲ့ မှန်ရန့်၊ မင်းနဲ့ငါရဲ့ ပတ်သက်မှုက စီးပွားရေးအရပဲ၊ နှလုံးသားတစ်ခုလုံးကို ထိုးကျွေးဖို့ ငါစဉ်းစားရဦးမယ်"

ဒီရေကပြောပြီး ချာခနဲလှည့်ထွက်သည်။ အရှက်သိက္ခာကို သူက အပင်မှရိုက်ချကာ မြေခတဲ့အပွင့်အဖတ်အား နင်းခြေပစ်ခံရသလို။ ရန့်က ဒေါသကို ထိန်းလည်းမရတော့။ ခြေနှစ်လှမ်းခန့် ကျောနေပြီဖြစ်တဲ့ ဒီရေ့နောက်လိုက်သွားကာ…

"ဒီမှာ"

ပြန်လှည့်လာသော အကာအကွယ်မဲ့မျက်နှာ။ ရန့်က လက်ကိုမြှောက်၍ အားပါးတရရိုက်ပစ်သည်။

"ဖြောင်း"

ခနဲမြည်သံနှင့်အတူ ရန့်ရဲ့လက်ဖဝါးတစ်ပြင်လုံး ကျိန်းစက်





ပူထူသွားသည်။ လှည့်ထွက်သွားတဲ့မျက်နှာဟာ သူမဘက်တစ်စ ထက်တစ်စပြန်မော့လာ၏။ ရန့်က ထိုမျက်နှာကို စေ့စေ့ကြည့်ရင်း..

"မှတ်ထား..ကျွန်မကို စော်ကားတဲ့သူမှန်သမျှ အဲဒီလို နာကျင်မှုမျိုး ပြန်ပေးတတ်တယ်ဆိုတာ"

ဒီရေက ငန်ကျိကျိဖြစ်လာတဲ့ ပါးစောင်တစ်ဖက်က သွေးတွေကို ထွီခနဲထွေးထုတ်သည်။ ထို့နောက် ကိုယ်ကိုပြင်ရပ်ကာ ရန့်အား သွေးအေးစွာ စိုက်ကြည့်သည်။ ဒီမိန်းမဟာ မုဆိုးတစ်ပိုင်း မိန်းမရိုင်း။ ဒီလိုပတ်သက်ခဲ့မိတာကိုက မှားသည်။ ကလေးဆန်တာ၊ စွာတေးလန်တာထက် ပိုမိုကျော်လွန်သော လစ်မစ်တစ်ခုမှာ သူမက ရပ်တည်လျက်။ ဒီရေက မိန်းမငယ်အား နောက်ဆုံးအဖြစ် စိုက်ကြည့်ကာ…

"မင်းလည်း မှတ်သွားဦး၊ ငါကလည်း ငါ့ကိုနာကျင်စေတဲ့လူ မှန်သမျှကို လောကကြီးထဲကနေ ထုတ်ပစ်နိုင်တယ်ဆိုတာ"

မထင်မှတ်သော အချိန်ကလေးမှာပင် အဖြစ်အပျက်တို့က လျှင်မြန်စွာ ပြောင်းလဲကုန်ပြီ။ ငြိုးသူရန်ဘက်မဟုတ်ပါဘဲ အမုန်းပွားသော မီးတစ်စက လောင်မြိုက်လိုက်တာ အရှိန်ငြီးငြီး။ အချစ်နဲ့ဝန်တိုမှုက ဖုံးကွယ်၍မရဘူးလို့ ဆိုရိုးရှိခဲ့ရင်။ အောင်မြင်သူတို့ရဲ့ ပစ္စုပ္ပန်ဟာလည်း ဆိတ်ကွယ်ရာအရပ်မရှိကြ။ ဒါကို ဒေါသနှင့် ကျွမ်းလောင်နေသော သူတို့နှစ်ယောက်စလုံး မေ့ထားခဲ့လျှင်..၊ ထိုအကျိုးဆက်တို့၏ ရှေ့ဆက်ရမယ့် မနက်ဖြန်ဟာ…။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ကဲ..ကြည့်စမ်း၊ ငါ တစ်ရက်ကလေး ရိုက်ကွင်းကို မလိုက်တာနဲ့ ဒီလိုကိစ္စကြီးဖြစ်လာရပြီ ရန့်ရယ်၊ ညည်း တော်တော် လက်ရဲဖက်ရဲရှိတဲ့ မိန်းမပါလားဟင်၊ ကိုယ့်ကို မြှောက်ပေး တဲ့သူကိုမှ..အခု ဂျာနယ်တွေထဲမှာ ညည်းတို့ပုံတွေ ပလူပျံပါလာပြီ၊ ညည်းပါးရိုက်လိုက်တာတွေရော၊ ရန့်ဖြစ်တဲ့ပုံတွေပါ ကွက်ကွက် ကွင်းကွင်း၊ အဲဒါကြောင့် ငါအမြဲ သတိပေးနေတာ၊ နေရာတကာ စွာတေးမလန်နဲ့၊ လက်မပါနဲ့ ဆိုတာလေ"

မေမေက ဂျာနယ်ရဲ့မျက်နှာဖုံး၌ အထင်ကရပါလာသော ရန့်တို့ပဋိပက္ခကိုကြည့်ကာ တဖျစ်တောက်တောက် ပြောမဆုံး။ ကြီးကြီးကတော့ မျက်မှန်ကြီးတဝင်းဝင်းနှင့် ဂျာနယ်ခေါင်းစဉ်အား သေချာအောင် အပြန်ပြန်အလှန်လှန်ဖတ်ပြီးမှ...

"နေစမ်းပါဦးအေ၊ ညည်းကလည်း အကြောင်းရင်းမသိ ဘဲ ကိုယ့်ကလေးကို ဖွတ်ရွတ်ပြီးတော့...ရန့်"





မျက်မှန်ပေါ်က ကျော်ကြည့်ပြီးခေါ်တော့...

"ရှင်..ကြီးကြီး"

လို့ ထူးရသည်။ ကြီးကြီးကတော့ အကဲခတ်မျက်ဝန်းတွေ နှင့် ရန့်အားမလွှတ်တမ်းစိုက်ကြည့်ရင်း...

"ဒီဂျာနယ်ထဲမှာ ရေးထားတဲ့အတိုင်း မိတ်ကပ်ဆရာမနဲ့ မောင်ဒီရေက ဘာလိုလိုဆိုတာ ဟုတ်သလား၊ မောင်ဒီရေကရော အဲဒီမိတ်ကပ်ဆရာမဘက်ကပဲ လိုက်နေတယ်ဆိုတာရော အမှန်ပဲ လား၊ ရန့်က အဲဒီကိစ္စအတွက်နဲ့များ စိတ်ခုပြီး ဒီလိုတွေဖြစ်ကြတာ လား"

ကြီးကြီးရဲ့ ဇဝေဇဝါအမေးနောက်မှာ ရူးစမ်းတဲ့မေမေ့ အကြည့်က ပါလာပြီးသား။ ရန့်က မျက်နှာပျက်ကျမသွားအောင် ထိန်းထားရင်းကပင် ကော်ဖီခွက်ကို လတ်စသတ်မော့သောက်ရင်း..

"မဟုတ်ဘူး၊ အဲဒီတစ်ယောက်နဲ့ မဆိုင်ဘူး"

တွင်တွင်ကို ငြင်းပစ်တာ။ မာလေးအတွက် ကာကွယ်ရင်း ဒီရေနဲ့ မှန်ရန့်ပြဿနာဖြစ်ကြတာမှန်ပေမယ့် ထိုအမှန်တရားကို ရန့် မှန်းတီးသည်။ ရန့်ဟာ ကလေးလိုအမြဲတမ်း ရှုံးသူအဖြစ် မရပ်တည် ချင်။ မာလာအား မာလေးဖြစ်မှန်း ပေးမသိထားသော ကြီးကြီးနဲ့ မေမေကတော့ သမားရိုးကျပူပင်မှုတွေ ကိုယ်စီနဲ့။

"တခြားမဟုတ်ပါဘူး၊ သမီးက ကိုယ့်ဝါသနာပါတဲ့ ဒီလောကထဲဝင်ခါစမှာ အားလုံးနဲ့အဆင်တပြေ ဖြစ်စေချင်တာ၊ အခု ပြဿနာက"



www.burmeseclassic.com

www.burmeseclassic.com



"လူငယ်ချင်းဖြစ်တဲ့ ပြဿနာပါမေမေ၊ မစိုးရိမ်ပါနဲ့၊ ဒီလိုဖြစ်တာ ရန့်အတွက် ပိုတောင်ကောင်းသေး၊ ပရိသတ်စိတ်ဝင်စားမှုကို တကူးတကလုပ်ယူစရာ မလိုတော့ဘူးလေ"

"ဟဲ့ ..မောင်ဒီရေနဲ့ကျတော့ ဘယ်ကောင်းမလဲ၊ သူက ရိုက်ကွင်းလည်း မလာဘူးဆို၊ မောင်ကျော့ဆိုင်ရော"

"လာဘူးနေမှာ၊ ဒါပေမဲ့ သူ့အစား လူလွှတ်ပေးပါတယ်၊ မပူပါနဲ့ မေမေရာ၊ ရန့်နဲ့ကိုဒီက နောက် အဆင်ပြေသွားမှာပါ၊ ရန့်သွားပြီ ဒီညနေ အန်ကယ်ကျော့ဆိုင်မှာ ဆိုပေးရမှာ"

ပြောပြောဆိုဆို ရန့်က ထရပ်သည်။ မေမေကတော့ ပဟေဠိတွေနှင့် ရန့်အား စိတ်မချသလိုမှာနေတာ အိမ်ပေါက်ဝရောက်တဲ့အထိ။

"မောင်ကျော်က ကားလွှတ်ပေးလို့ ငါ စိတ်ချတာနော် ရန့်၊ ထပ်ပြီး ရန်ပွားမနေနဲ့၊ မိန်းကလေးဆိုတာ ရန်များတိုင်း ကောင်းတာမဟုတ်ဘူး"

ပြီးစလွယ် ရန့်အခေါင်းညိတ်ပြကာ အန်ကယ်ကျော် လွှတ်လိုက်သောကားပေါ် တက်လိုက်လာရသည်။ စိတ်အစဉ်ကတော့ ဒီရေနှင့်အတူရှိခဲ့သော နေ့ရက်တို့ကို ပြန်လွမ်းလို့။ သွားစမ်းပါ။ မလွမ်းလောက်ဘူးလို့ စိတ်ကိုစိတ်နဲ့ချုပ်ပေမယ့် သူ့အားရိုက်မိတဲ့ လက်ဝါးတစ်ဖက်အား မကြာခဏကြည့်မိပြီး နောင်တတော့ရတာပင်။ ကိုယ့်နှလုံးသားကို မြင်အောင်မကြည့်တတ်သူအတွက် ရန့်က ကြာရှည်မခံစားချင်။ ဒါပေမဲ့ သူ့ရဲ့အေးစက်တဲ့ကြိမ်းဝါးသံ ပြန်ကြား





ရတဲ့အခါမျိုးမှာတော့ နောင်တတွေဟာ ဘယ်ဆီရောက်သွားမှန်း မသိတော့။

"ငါ့ကို နာကျင်စေတဲ့လူမှန်သမျှကို လောကကြီးထဲက ဆုတ်ပစ်နိုင်တယ်"

တဲ့။ ခြိမ်းခြောက်စကားပေမယ့် ရန့်ကတော့ ထူးပြီး ကြောက်ရွံ့မနေ။ စိန်ခေါ်ပစ်ချင်တာ။ ဟွန်း ..ချစ်တဲ့သူက နင်ထုတ်မယ်ဆိုရင်တော့ ရန့်က ထွက်သွားရဲပါသည်လို့လေ။

"ဆိုင်ကို ရောက်ပါပြီ ..မှန်ရန့်"

ကားမောင်းသမားက သတိပေးမှ ရန့်က ဆိုင်ရောက်မှန်းသိသည်။ ကားတံခါး ဖွင့်ဆင်းလိုက်ပြီဆိုတာနှင့် ဘယ်ကတည်းက အသင့်စောင့်နေမှန်းမသိသော အန်ကယ်ကျော်က ရန့်အနားသို့ အုတ်ခနဲရောက်လာပြီ။

"အထဲမှာ သတင်းထောက်တစ်ယောက် ရောက်နေတယ် ရန့်၊ ညည်းမတွေ့ချင်ဘူးဆိုရင် ဘေးပေါက်က လှည့်ဝင်လိုက်၊ သူတို့ ညည်းနဲ့ ဒီရေပြဿနာကိုပဲ မေးမှာ"

အန်ကယ်ကျော်က သူမအခက်တွေ့မှာစိုး၍ထင်သည်။ ကြိုတင် လာသတင်းပေးတာမျိုးပါ။ ရန့်ကတော့ နှုတ်ခမ်းအဖျားလေးတွေကို တွန့်တယ်ဆိုရုံလေး လှုပ်သွားအောင်ပြုံးရင်း...

"ရန့် တွေ့မယ် အန်ကယ်ကျော်"

"ဟော..."

အံ့သြသွားပုံရပြီးမှ အန်ကယ်ကျော်က ခေါင်းကို ဆတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ညိုတ်သည်။

"အေးလေ ညည်းအတွက် အပန်းမကြီးရင်တော့ သဘော ပေါ့"

ရန့်က ဧည့်ခန်းမထဲရောက်တာနှင့် ဖျတ်ခနဲတွေ့ကြည့်သည်။ ခေတ်ပုံကင်မရာမင်းတစ်ယောက်နှင့် သတင်းထောက်တစ်ယောက် ဖြစ်ဟန်တူသည့် မိန်းမသားတစ်ယောက်။ အပြုံးနှင့် လှမ်းနှုတ်ဆက်ရင်း

"ကြွပါ..ရန့်ရဲ့ မိတ်ကပ်ခန်းမှာ စကားပြောကြတာပေါ့"

လို့ ဖိတ်ခေါ်ပစ်သည်။ ဒီနေ့မှာ ရန့်က အဦးဆုံးမျှော်မြေ ရမည့်သူမို့ ဆိုင်ကိုစောပြီး ရောက်လာခြင်းပါ။ မိတ်ကပ်ခန်းထဲမှာ ရန့်နှင့်အတူ မာလေးမှလွဲ၍ တခြားမည်သူမှရှိမနေ။ မာလေးက တော့ သတင်းထောက်နဲ့အတူ ဝင်လာသော ရန့်ကိုမြင်သည့်အခါ အရင်ဆုံးပုန်းကွယ်ရန်နေရာ သို့မဟုတ် ရှောင်ထွက်ရမည့် အကြောင်း အရင်းတစ်ခုကို အသည်းအသန်ရှာနေ၏။ မာလေးက စာမျက်နှ တွေထက် မရောက်ချင်ဆုံး။ ကင်မရာရှေ့ မရပ်ချင်ဆုံး။ ဒါကို ရန့်က သိသည်။ သူ့ရဲ့ဟန်ဆောင်ဘဝကြီး ပေါ်သွားကာ အရှက် တကွဲဖြစ်မှာကို စိုးရိမ်သည်နှင့်တူသည်။ မာလေးရဲ့အားနည်းချက် ကိုသိတဲ့ ရန့်က သူမခုံမှာဝင်ထိုင်ပြီးပြီးချင်းပဲ...

"မာလေး"

မထူးဘဲ အသံတိတ်လှမ်းကြည့်သည်။ ရန့်မျက်နှာပေါ်က အရိပ်တွေထဲမှာ အကွေ့အကောက်များစွာ တွေ့နေရသလို။ ရန့်က သတင်းထောက်ဘက်လှည့်ပြီး ခြေချိတ်ထိုင်သည်။ အညိုရင့်ရော





ဂါဝန်က ရင်အတိ။ ကုပ်ပိုးနောက်သို့ကြိုးတစ်ချောင်းနဲ့ ဖမ်းထိန်းထားသော အဝတ်အစားမျိုးနဲ့ ရန့်အလှဟာ ဘုရင်မတစ်ပါးလို။

"အစ်မ မေးချင်တာမေးပါ"

လို့ဆိုကာ မာလေးအား မေးဆတ်လှမ်းခေါ်သည်။ ထို့နောက် သူမလက်ချောင်းတွေကို မာလေးရှေ့ဆန့်ရန့်ရင်း...

"ဒီလက်သည်းနီအရောင် ငါ မကြိုက်တော့ဘူးမာလေး၊ ဖျက်ပြီး ပြန်ဆိုး၊ ခြေသည်းရောနော်"

ပြောပုံက ကိုယ်ကပဲ သူ့ရဲ့အစေခံလိုလို။ စိတ်ထဲရှိသလောက် တုံ့ပြန်ပစ်ချင်တာက ရင်ထဲအပြည့်။

ငါတာဝန်က မိတ်ကပ်ပဲပြင်ဖို့ဆိုတာမျိုးပြောပြီး ဒီအခန်းထဲက မာလေး ထွက်သွားချင်သည်။ ထိုသို့ထွက်သွားလျှင်လည်း လုချည်းပဲမရ။ ဝါသနာပါစွန့်၍ ဒီလောကထဲမှ ထွက်ရမှာဖြစ်သည်။ မာလေး နောက်ကျောခိုင်းတာနှင့် စားနင့်ပြေးထိုးမယ့်လူက အသင့်။ ရှိစေတော့..ရင်ထဲမှာ တိတ်တဆိတ်မာနတွေ ခဝါချမိသည်။ ဖျတ်ခနဲ အက်ကွဲသွားတဲ့ နှလုံးသားဟာ အက်ကြောင်းရာထင်သွားတဲ့ ဖန်တစ်စလို ကိုယ့်ဘဝဟာ အထိအခိုက်မခံတဲ့ ဖန်တစ်စများ ဖြစ်နေပြီလား။ သူတစ်ပါးလက်ထဲ ပြုသမျှနုရန်ရှိနေတဲ့အတိုင်း။ မာလေးက ခုံအပုလေးဆွဲယူပြီး လက်သည်းဖျက်ဆေးပုလင်းတွေ၊ ဂွမ်းတွေ ပါယူပြီး ရန့်လက်သည်းနီတွေကို ဖျက်ပေးသည်။ အင်တာဗျူး စတင်နေပြီဖြစ်၍ အာရုံက တာဝန်ကျေစွာ နားစွင့်ထား၏။ အစပိုင်းကတော့ ရန့်ရဲ့ရင်ထဲ သတင်းထောက်က တံတားခင်းနေတာမို့



www.burmeseclassic.com

www.burmeseclassic.com



မိသားစုအကြောင်းတို့ မွေးချင်းဘယ်နှယောက်ရှိသလဲ ဆိုတာတို့ မေးပြီးတော့မှ…

"ဒီရေလှိုင်း ဗီဒီယိုထုတ်လုပ်ရေးကစီစဉ်တဲ့ အတွဲခွေမှာ မှုန်ရန့်က အရင်ဆုံးပါဝင်ခဲ့တာနော်"

"ဟုတ်ပါတယ်"

"ဒါဆို စင်ဂယ်အခွေကိုရော ဒီရေလှိုင်းကပဲ စီစဉ်ပေး တယ်ဆိုတာကရော"

"အင်း..ဟုတ်ပါတယ်၊ ကိုဒီပဲ စီစဉ်ပေးတာ၊ တေးရေး ကအစ တီးဝိုင်းအဆုံးပေါ့"

"ဒါဆို ဒီရေလှိုင်းရဲ့ ထုတ်လုပ်သူနဲ့ မှုန်ရန့်ဆက်ပြီး လက်တွဲသွားမှာလား၊ ဒါမှမဟုတ် ဖြစ်ခဲ့ကြတဲ့ ပြဿနာကြောင့် လမ်းခွဲမှာလားဆိုတာ ပရိသတ်က သိချင်နေကြတယ်"

"ဪ..ဒါလား"

ရန့်က ခေါင်းမော့ကာ ဟက်ဟက်ပက်ပက် ရယ်သည်။ သတင်းထောက်က အံ့သြသလိုငေးလို့။ ဖြစ်ခဲ့ပြီးသား ပြဿနာပေါ် သူမက ဘာမှခံစားရပုံမပြဘဲ…

"ဒီလိုပဲ ကိုဒီနဲ့ရန့်က အော်ရင်းဟစ်ရင်းနဲ့ ပြန်တည့်သွား တာပဲ၊ အဲဒါမျိုးဖြစ်ကြတာ ရန့်နဲ့သူ့ကြားမှာ မဆန်းတော့ဘူးလေ ဒီတစ်ခါပဲ ဂျာနယ်ထဲပါသွားတော့ ပရိသတ်က ထူးဆန်းနေတာ မျိုးပါ၊ ရန့်ရဲ့ စင်ဂယ်ကို သူကလည်း အကောင်းဆုံးဖြစ်စေချင် တယ်၊ ရန့်ကလည်း အကောင်းဆုံးလုပ်ချင်တယ်၊ အဲဒါကိုဦးတည်ပြီ





အငြင်းအခုန်ဖြစ်ကြတဲ့ သဘောပါ"

"ဒါဖြင့် ကိုဒီရေဘက်က ဘာဖြေရှင်းချက်မှ မထုတ် တာရော"

သတင်းထောက်ဆိုတာ ဒါမျိုးပဲလား။ သတင်းရသမျှကို ထောက်လှမ်းယူနေတာလို့ ရန့်က ခပ်ချဉ်ချဉ်ရွဲ့တွေးသည်။ ဒါပေမဲ့ အမူအယာပျက်သွားလို့ မရသဖြင့် ရန့်က ခါးကိုဆန့်၊ ခေါင်းကို ဆတ်ခနဲညိတ်ပြရင်း…

"ရန့်ကို စိတ်ကြိုက်ဖြေရှင်းခိုင်းမလို့ နေမှာပါ"

"ကျွန်မတို့ကြားထားတဲ့ မိတ်ကပ်ဆရာမကြောင့် ပြဿ နာဖြစ်ရတယ်ဆိုတာ"

"ဪ..မဟုတ်ပါဘူးရှင်"

ခြေသည်းနီဖျက်နေတဲ့ မာလေး လှုပ်ရှားမှုတွေ တွန့်ဆုတ် ကုန်သည်။ ရန့်အား ဆတ်ခနဲမော့ကြည့်လိုစိတ်ကို ထိန်းထားရ သည်။ ကိုယ့်အကြောင်း ပါဝင်လာတာမို့ စိတ်ကို ဘယ်လိုပင် ထိန်းထားပေမယ့် တုန်လှုပ်မိတာအမှန်။ ရန့်က အလျင်စလိုငြင်းရင်း

"ရန့်ရဲ့ မိတ်ကပ်ပြင်သူက မာလေးပဲရှိတာလေ၊ သူ့ကြောင့် မဟုတ်ပါဘူး၊ သူ့ရဲ့ဘဝအမှန်ကို ကိုဒီလည်းသိတယ်"

နားကကြားရတဲ့အသံဟာ ရင်ကိုဒိုင်းခနဲဆောင့်ခုန်စေသည်။ ဒီတစ်ခါတော့ မထိန်းနိုင်။ ဖျတ်ခနဲ မျက်လွှာပင့်အကြည့်။ စိုက် ကြည့်နေတဲ့ ရန့်မျက်ဝန်းတွေထဲ ပြည့်သိပ်နေတာက လှောင်ပြောင် ရိပ်တွေ။ ကြည့်ပါဦး..ရန့်ဟာ ကိုယ့်ဘဝအမှန်ကို လူတွေသိအောင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြော်ငြာနေတာလား။ တကယ်ဆို အလှဖန်တီးရှင်တွေထဲမှာ ကိုယ့်လိုလူတွေ အများကြီး။ တချို့က ဒီလောကထဲရောက်မှ ဘဝ ပြောင်းပစ်တာမျိုးရှိသလို အစောကြီးကတည်းက ဘဝပြောင်းပြီးမှ ဝင်လာကြတာတွေချည်းပင်။ ကိုယ့်ကျတော့ တကယ့်မိန်းကလေးလို ဟန်ဆောင်ဝင်လာတာဖြစ်သည်။ မာလေးကိုလည်း မိန်းကလေး တစ်ယောက်အတိုင်း အားလုံးက အသိအမှတ်ပြုကြသည်။ ဒီအခြေ အနေရောက်မှ မာလေးက လျှို့ဝှက်ချက်ကို ဖော်ထုတ်မနေချင်တော့။ ဒါပေမဲ့ ရန့်နှုတ်များက စကားလေးတစ်ခွန်းနဲ့တင် ကိုယ့်အနေအထား ဟာ ဘယ်လောက်ထိကျဆင်းခဲ့ပြီလဲ။ ထိန်းချုပ်ထားခြင်းအစွမ်း သာတဲ့ မျက်ရည်တစ်စက်က ရန့်ခြေခုံပေါ် ခုန်ဆင်းသွားသည်။ ဒါကိုပဲ ရန့်က သိသိကြီးနဲ့ခါချရင်း…

"ရန့်နဲ့ ကိုဒီ ဆက်ဆံရေးအားလုံး ပြေလည်ပါတယ်၊ မိတ်ကပ်ဆရာမနဲ့လည်း ပြေလည်တာ အစ်မတို့အမြင်ပဲလေ၊ မာလေးဆိုတာ ရန့်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရမယ့်သူ၊ သူ့ အတွက်နဲ့ ရန့်နဲ့ကိုဒီကြား ဘာပြဿနာမှ ဖြစ်မှာမဟုတ်ပါဘူး"

နင့်လိုအပ်ချက်တွေကို ဖြည့်ဆည်းရမတဲ့လား။ နှုတ်ခမ်း တို့ကို ပြတ်ထွက်လုမတတ် တင်းနေအောင် ကိုက်ထားမိသည်။ ဝမ်းနည်းစိတ်ကသပ်သပ်၊ ယောကျ်ားတစ်ယောက်ကို သူမရှေ့ ဒူးထောက်ခိုင်းထားတဲ့ ရန့်အား နာကြည်းစိတ်ကတစ်ဖက်။ ဒေါသ ကိုသာ လစ်မစ်မထားဘူးဆိုရင် အခုနေအချိန်မှာ မှန်ရန့်ဟာ ကြမ္မာ ရှင့်ဆိုသော သူ့လက်ထဲ တစ်စစီဖြစ်လောက်ပြီ။





"မမရန့်…ကိုဒီရေဆီက ဖုန်း"

ကောင်မလေးတစ်ယောက်က ရန့်လက်ထဲ ဟမ်းဖုန်းလာ ထည့်ပေးသည်။ ရန့်က သတင်းထောက်တွေအား ဖုန်းလေးထောင် ပြရင်း ဂုဏ်ယူဝင့်ကြွားသော အပြုံးမျိုးနှင့်…

"အင်း··ကိုဒီ ပြော၊ ဟင့်အင်း အစောဆုံးပြီးမှာ၊ ကန်တော်ကြီးထဲကလား၊ ဟုတ်ပြီလေ၊ ဒီဆိုင်နဲ့လည်း နီးတာပဲ၊ ရတယ်…ကားမလွှတ်နဲ့၊ ဒီကနေ အန်ကယ်ကျော့်ကားနဲ့ ပို့ခိုင်းမယ်၊ အပြန်မှ ကိုဒီ အိမ်လိုက်ပို့ပေါ့၊ အိုကေ··ခဏနေ တွေ့ကြမယ်နော်"

နှုတ်ဆက်ပြီး ဖုန်းပိတ်သည်။ ထို့နောက် သတင်းထောက် တွေဘက်လှည့်ကာ ခပ်ကြွားကြွားအသံဖြင့်…

"ကိုဒီက ဒင်နာဖိတ်တာလေ၊ အဟင်း··အားနာပေမယ့် အင်တာဗျူးက အဆုံးသတ်မှဖြစ်မှာ၊ ရန့် အချိန်မရတော့လို့"

လို့ ဆိုသည်။ ထိုအကြောင်းကိုပါ ဂျာနယ်ထဲထည့်ရေးရန် သတင်းထောက်ဘက်မှ ခွင့်တောင်းတော့လည်း ရန့်က ကြည်ဖြူစွာ ခွင့်ပေးသည်။ သတင်းထောက်တွေ ပြန်ထွက်သွားတော့မှ ရန့်က ခြေသည်းနီအားလုံး ဖျက်ပြီးသွားသော သူမခြေထောက်ကိုတစ်လှည့် သူ့ကိုတစ်လှည့်ကြည့်ရင်း…

"သဘောပေါက် မာလေး၊ နင့်ဘဝက ငါ့လက်ထဲမှာပဲ ရှိတယ်ဆိုတာ၊ နင့်အတွက် ရပ်တည်ရာနေရာမဲ့သွားအောင် ငါ လုပ်ပြဦးမှာ၊ ဒီညနေ ကိုဒီ့ကို နင့်ဘဝအကြောင်း ဖွင့်ပြောပစ်မယ်၊ ပြီးရင် စာနယ်ဇင်းတွေကတစ်ဆင့် အားလုံးသိအောင် ကြော်ငြာပစ်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ယောကျ်ားချင်း နှလုံးသားထပ်တူ ပုံအပ်ချင်နေတဲ့ အပြစ်မျိုး ရောက်အောင်လေ"

"နင်..မဟုတ်တာ မပြောနဲ့ မှုန်ရန့်"

မာလေးက တုန်လှုပ်ချောက်ချားစွာ ထရပ်ပြီးပြောသည်။ ကိုယ်က အဲဒီလိုကိစ္စတွေ စိတ်မဝင်စားခဲ့တာအမှန်။ ရန့်ကတော့ ဆိုးညစ်တဲ့အကြံတွေရှိပြီးသားလူမို့ မာလေးကို ပြုံးပြတာတောင် အပြုံးလို့မမြင်။ သွားဖြဲပြီးခြောက်နေတဲ့အတိုင်း...

"ငါပြောသမျှ အကုန်ဟုတ်နေရမှာပဲ မာလေး၊ ပြီးတော့ နင် ဒီဘဝရောက်ခဲ့တာ နင့်အမေကြောင့်ဆိုတာတွေပါ ပြောမှ၊ နင့်အမေသတ်လို့ ငါ့အဖေ သေခဲ့ပြီးပြီ၊ ဒါပေမဲ့ နင့်အသက်ကို ငါ မသတ်ဘူး၊ နင့်ဘဝကိုပဲ ငါ သတ်မှာ၊ လူက အသက်ရှင်ရဲ့နဲ့ ဘဝသေသွားတာမျိုး နင်ခံစားကြည့်"

ရန့်က အေးခဲစွာပြောရင်း မျက်ဝန်းတို့ကို မှေးကျဉ်းကာ တမင်ပင်စိုက်ကြည့်နေ၏။ မာလေးကလည်း အမုန်းဖြင့် အားကောင်းသောမျက်ဝန်းတွေဖြင့်။ အကြည့်နှစ်စုံဟာ ဗဟိုချက်မရှိသော လမ်းခုလတ်မှာပဲ သူနိုင်ကိုယ်နိုင် ဇစ်ခင်းနေသည်။ ရန့်ကတော့ စိတ်ထဲကနေ ရဲရဲတောက်ကြွေးကြော်၏။

ငါတို့ဘဝ ပျက်ခဲ့ရသလို နင်လည်း ထပ်တူပြုပျက်ရမယ်။ အဲဒါ ငါ့...သံန္နိဋ္ဌာန်။

◆ ◆ ◆



## အခန်း (၂၄)

"ဟဲလို...ဒီရေပြောနေပါတယ်"

ကားမောင်းရင်းက တော်ရုံဆို သူကဖုန်းပြောကျင့်မရှိ။ ဒါပေမဲ့ ဝင်လာတဲ့နံပါတ်က ကိုကျော်ကြီးရဲ့နံပါတ်။ ပြီးတော့ ဒီအချိန်က ကားရှင်းတဲ့ညအချိန်မို့ သူက ဖုန်းဖွင့်ထူးခြင်းပါ။

"ဒီရေ...ငါပါကွ"

"အင်း...သိတယ်၊ ပြော ကိုကျော်ကြီး"

"အေး...ရန့်ကို မင်းပြန်ပို့မှာလား၊ ငါပဲလာကြိုဖို့ ကားလွှတ်လိုက်ရမလား၊ ဟိုမှာ သူ့အမေ ငါ့အစ်မက တကျိကျိ ပူပ်နေလို့"

"ဗျာ...ရန့် ကျွန်တော်နဲ့အတူမရှိဘူး"

"ဟ...ပြန်သွားပြီလား"

"အာ...မဟုတ်ဘူး ကိုကျော်ကြီးရေ၊ ကျွန်တော့်ဆီကို ရောက်မလာတာ၊ ချိန်းထားတာ ရှစ်နာရီလေဗျာ၊ အခုပဲ ဆယ့်နှစ်



www.burmeseclassic.com

www.burmeseclassic.com



နာရီထိုးနေပြီ၊ ကျွန်တော်က ဒီလောက်အကြာကြီး ရန်ကို ခေါ်ထား ပါ့မလား''

''ဟော''

ကိုကျော်ကြီးရဲ့ ဟောခနဲအသံက တအံ့တသြကြီး။ ခဏ နှုတ်ဆိတ်သွားပြီးမှ…

''မင်းနဲ့ချိန်းတဲ့ဆိုင်ကို သူသွားတာပဲ၊ ငါ့ဆိုင်က ကောင်လေးကိုယ်တိုင် ကားမောင်းပြီး လိုက်ပို့ခဲ့တာလေ၊ ဒီက ရှစ်နာရီခွဲမှ ရန့်ထွက်သွားတာကွ၊ ဒရိုင်ဘာလေးကို စောင့်နေ ကြာသွားတာ''

''ရှစ်နာရီခွဲထွက်ရင် ကျွန်တော်ချိန်းတဲ့ဆိုင်ကို ဆယ်မိနစ် လောက်မောင်းတာနဲ့ရတယ်၊ ကျွန်တော် ကိုးနာရီအထိစောင့်တယ် သူရောက်မလာလို့ နိုက်ဆင်း(န်)ရှိတဲ့ရှုတင်ကို ကျွန်တော်သွားတာ''

''ဟာ…ဒါဆို မင်းနဲ့လွဲပြီးမှ ဒီကောင်မလေး ဘယ်ပျော ပျောက်သွားလဲမသိဘူးကွ''

ကိုကျော်ကြီးရဲ့ ငြီးငြူသံကြောင့် သူကရယ်မောရင်း…

''စိတ်လည်းသိပ်မပူပါနဲ့ဗျာ…ရန်က ကလေးမှမဟုတ် တော့တာ၊ ကလပ်တွေဘာတွေများ သွားလားမသိဘူး၊ သူ့ဖုန်းဆေ ဆက်လို့မရဘူးလား''

''အေး…မရဘူးကွ''

''ကျွန်တော်လည်း ဆက်ကြည့်ဦးမယ်လေ၊ ဒါပဲနော် ကိုကျော်ကြီး ကျွန်တော် ကားမောင်းလက်စကြီးမို့လို့''





''အေး…အေး အားနာတယ်ကွာ၊ ဆောရီး''

''ရပါတယ်၊ ရန့်ကိုတွေ့ရင် ကျွန်တော့်ဆီဖုန်းခေါ်ခိုင်းဦး၊ သူ့စင်ဂယ်ခွေအတွက် ပြောစရာရှိလို့''

''အေး…အေး ဒါပဲဟေ့''

ကိုကျော်ကြီးက နှုတ်ဆက်ပြီး ဖုန်းချသွားတာနှင့် သူ့ခြံဝ ရောက်တာနှင့် ကွက်တိပင်။ သူက အသင့်ဖွင့်ထားသော ခြံတံခါး ကနေ ကားကိုကွေ့ပြီး ဝင်လိုက်သည်။ ကားပေါ်ကအဆင်းမှာပင် ရန့်ဖုန်းအား လှမ်းခေါ်ကြည့်မိသေးသည်။ ဖုန်းက ဆက်သွယ်မှု ဧရိယာပြင်ပမှာ။ သူနှင့်အတူနေတပည့်က သူ့လက်ဆွဲအိတ်ကို လာယူ ရင်းက…

''ဆရာ…ညစာပြင်ထားရမလား''

''မပြင်နဲ့တော့၊ ငါ ရှုတင်မှာစားလာပြီးပြီ''

''ဒါရိုက်တာဦးဆွေ လာသွားတယ်ဆရာ၊ နောက်လရိုက် မဲ့ကားကြီးအတွက် ဇာတ်ညွှန်းက အဆင်ပြေတယ်တဲ့၊ ဒါပေမဲ့ အဲဒီဇာတ်က မင်းသမီးဇာတ်ဖြစ်နေလို့ မင်းသားက လုပ်ကွက်မရှိ ဘူးဆို ငြင်းနေတာတဲ့၊ အဲဒါ ဆရာကြည့်ပြီး ကြားဝင်ပေးပါတဲ့''

''အာ…ဦးဆွေကလည်းကွာ၊ ကိုယ့်ကိစ္စကိုယ်မရှင်းဘူး၊ အဲဒါ ဒါရိုက်တာနဲ့ မင်းသားနဲ့ညှိ၊ ဒါမှမဟုတ်လည်း ဇာတ်ညွှန်း ကို နည်းနည်းပြင်ခိုင်းပေါ့၊ ရော့ ဖုန်းခေါ်လိုက်၊ ငါပြောတဲ့အတိုင်း ဦးဆွေကိုပြော''

အိမ်ထဲမဝင်ရသေး ပြဿနာက အဲဒီလို ဆီးကြိုနေတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီရေက ဖုန်းကို သူတပည့်ကောင်လေးအား လက်နောက်ပြန်ပစ်ပေးသည်။ အိမ်ထဲလှမ်းဝင်လာရင်း လက်ဒွတပ်ထားသော အင်္ကျီကြယ်သီးတွေကို ဖြုတ်ပစ်ကာ လက်ရှည်အင်္ကျီကို ခေါက်တင်လိုက်သည်။ ရင်ဘတ်ကြယ်သီး သုံးလေးလုံးပါ ဆွဲဖြုတ်၊ ရင်ဘတ်ဖွင့်လျက်နှင့် ဆိုဖာမှာဝင်ထိုင်တာ ခြေပစ်လက်ပစ်။ သူ့အရိပ်အကဲကို ကြည့်နေသည့် ဒေါ်လုံးတင်က သံပရာရည်တစ်ခွက်ကို အလိုက်တသိကမ်းပေးသည်။ တစ်ခါတစ်ခါတော့လည်း သူ့ဖက်ဝန်းကျင်ရှိလူတွေကို ဒီရေက သနားမိသည်။ သူများအိပ်ချိန် ညဥ့်သန်းခေါင်ကျော်မှ သူ့အတွက် သံပရာရည်ဖျော်ပေးရ၊ ညစာထမင်းပိုင်းပြင်ပေးရနှင့်။ တစ်ခါတစ်ရံများ သူ့အိမ်ကမာလီရော ခြံစောင့်ပါ မနားရသေး။ နိုက်ဆင်း(န်)ရှိတာမျိုး နောက်နေ့တွေကျ နယ်ဘက်ရှုတင်တည်တာမျိုးကျတော့လည်း သန်းခေါင်ယံမှပြန်လာ၊ ကားသန့်ရှင်းရေးလုပ်၊ သူ့အတွက် အဝတ်အစားထုပ်ပြင်ပေးပြီး ခရီးထွက်ရန်အဆင်သင့်လုပ်ပေးရတာမျိုးလေ။ ကိုယ်တိုင်က ထုတ်လုပ်သူလို့သာ အမည်ခံတာ။ ဒါရိုက်တာကို ငွေပုံချပေး။ ကားထွက်လာတော့ အမြတ်ငွေကောက်သိမ်းတဲ့ သချာတော်သော ပရိုဂျူဆာလိုမဟုတ်။ ဇာတ်လမ်းရွေးလည်းကိုယ်၊ ဇာတ်နှင့်လိုက်ဖက်မှုရှိတဲ့ သရုပ်ဆောင်ရွေးလည်းကိုယ်၊ ဒီကြားထဲ နဂိုကမှ ခရီးထွက်တာဝါသနာပါလို့ နယ်ဘက်ရှုတင်တည်လျှင် ဒီရေတို့မပါမဖြစ်။ မမကတော့ ပြောသားပဲ…

"သူများပရိုဂျူဆာတွေ နင့်လောက်မပင်ပန်းဘူး ဒီဒီ၊





ပြီးတော့ နင့်ထက်ငွေပိုရတယ်"

တဲ့လေ။ သူကလည်း အပြောခံရတိုင်း ချေပရန်စကားကအသင့်။

"စီးပွားရေးကောင်းချင်ရင် ငွေပိုရချင်ရင် တခြားအလုပ်လုပ်မှာပေါ့၊ ဒါက အနုပညာကိုထုတ်လုပ်တာ၊ အနုပညာကို ဖန်တီးတာ၊ ငွေကြေးနဲ့မဆိုင်ဘူး"

လို့လေ။ ထို့ကြောင့် သူ့မှာ အိမ်ကပ်သောအချိန်ဆိုတာမနေ့ကျော်နိုလာတဲ့အချိန်ရယ်၊ အင်း ရန့်နဲ့ စတင်တွေ့ဆုံရတဲ့အချိန်ရယ် ဒါပဲရှိသည်။ ရန့်အကြောင်းတွေးမိပြန်တော့ အရင်တုန်းကတွေ့စအချိန်ကို လွမ်းမိသားပင်။ သို့ပေမဲ့ ခုချိန်ခါမှာတော့ ရန့်နဲ့သူ့ရဲ့ပတ်သက်မှုသည်။

"ဆရာ…ဦးဆွေဆီ ဖုန်းကဆက်လို့မရဘူး"

"မရရင်လည်း မဆက်နဲ့ပေါ့ကွာ"

စိတ်ပေါက်ပေါက်နဲ့ပြောရင်း ဖုန်းကိုလှမ်းယူသည်။ ဖုန်းကသူ့လက်ထဲရောက်ကာမှ အကျယ်ကြီးထမြည်၏။

"ဟဲလို"

"09…ပါလား"

မရင်းနှီးသောအသံ။ ညကြီးမင်းကြီးမှာ ဒီလိုဖုန်းခေါ်ပြီးဒုက္ခပေးတာ ဆိုတာကိုစမေးတာနဲ့ သူ့အသိအကျွမ်းထဲကတော့ မဖြစ်နိုင်။ ထို့ကြောင့် ဒီရေက ဇဝေဇဝါဖြင့်…

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဒုရဲအုပ်ဦးဝင်းပါ"

မျက်ခုံးနှစ်ခုက ထိစပ်လုနီးပါးထိ ကျုံ့သွားသည်။ သူ့ထံ ဆက်သွယ်သူက ပြည်သူ့ရဲဆိုတော့…

"….ရက်စတောရင့်ဘေးက မှောင်ရိပ်ကျတဲ့နေရာမှာ အမည်မသိအမျိုးသမီးတစ်ယောက် သေဆုံးနေပါတယ်၊ သူ့ဖုန်းရဲ့ နောက်ဆုံးအဝင်နံပါတ်မှာ လူကြီးမင်းရဲ့နံပါတ်ပေါ်နေတာမို့ လူကြီး မင်း လာကြည့်ပေးနိုင်မလားခင်ဗျာ"

ခေါင်းထဲ ထိန်းခနဲဝင်ဆောင့်တာက ထိတ်လန့်တုန်လှုပ်မှု အာရုံထဲအရင်ပေါ်လာတာက ရန့်ရဲ့မျက်နှာ။ သူ ကမူးရှူးထိုးထရပ် သည်။ ဒီရေအရိပ်အကဲကို ကြည့်နေသော တပည့်ကျော်က သူ့ဆရာ ရဲ့ ချောက်ချားနေဟန်ကိုကြည့်ပြီး…

"ဘာလဲ…ဘာဖြစ်တာလဲဆရာ၊ ဖုန်းထဲက ဘာပြောလို့ လဲ"

ဒီရေဟာ အသိမဲ့သွားသလို ခပ်ငူငူကြီး ခေတ္တရပ်နေပြီးမှ

"ရန့်…ရန့် သေသွားပြီ"

◆ ◆ ◆



## အခန်း (၂၁)

"အဓိကက ကျန်းမာရေးကိုဂရုစိုက် မှော်ရုပ်၊ ကျန်းမာမှ ကိုယ်ဝါသနာပါတာကို လုပ်နိုင်မှာ၊ ငါ့ပဲကြည့်လေ ကျန်းမာတယ်၊ နပိုတယ်ဆိုတာမျိုးပေါ့"

"သိပါတယ် ကိုခရယ်၊ သူကဆရာကြီး"

"ဟ…ဆရာကြီးပဲလေ၊ နင်က တစ်နေ့တစ်နေ့ သင်တန်းလေးတက်၊ အလှအပလေးပြင်ပြီး ကြွကြွလေး လမ်းလျှောက်ရုံလျှောက်တာ၊ ငါတို့က နယ်မြေအစုံ၊ နေရာအစုံ၊ လူမျိုးစုံနဲ့ တွေ့ကြုံဆက်ဆံနေရတာ"

သူ့ရင်ဘတ်ကို လက်မချွန်ချွန်နှင့် ညွှန်ကော့ပြောနေတဲ့ ကိုခအား မှော်ရုပ်က မျက်စောင်းထိုးပစ်တာများ ဆံပင်ရှည်တွေပါ ဝဲခနဲခါသွားတဲ့အထိ။ ခုတင်ပေါ်မှ ပက်လက်ကြီးပွင့်ထားဆဲရှိသော ခရီးဆောင်သေတ္တာထဲ ကောင်းနိုးရာရာရွေးထားတဲ့ ဝတ်စုံတွေကို နေသားတကျစီထည့်ရင်း ပါးစပ်က ဆီမန်းမန်းသလို ပွစိပွစိရွတ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

''ဟွန်း…ပြောလိုက်ရင် ဒါနဲ့ပဲကိုင်ပေါက်နေတာ၊ လူက သာ လက်တောက်လောက်၊ လေလုံးက ပေတစ်ရာလောက်ဆိုတာ ဒါကိုပြောတာ''

''ဟား…စေတနာကို စေတနာမှန်းမသိပါလား မော်ရုပ် နင်က အခုမှ နာမည်ရစ မော်ဒယ်မို့ ငါကပြောနေရတာ၊ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကလည်း အဲဒီလိုပဲ နာမည်ရစအဆိုတော် အသတ် ခံရတဲ့အကြောင်းလေ''

''ဟယ်…ကိုခနော် ဖွဟဲ့ လွဲပါစေဖယ်ပါစေ၊ ဘာလို့ မော်ရုပ်ကို သေပြီးတဲ့လူနဲ့ လာနှိုင်းရတာလဲ၊ ဒီကခရီးဝေးသွားရဦးမှာ''

''နှိုင်းတာမဟုတ်ဘူး၊ သင်ခန်းစာရအောင်ပြောတာ''

ကိုခက ခုတင်ပေါ် ရွှေ့ခနဲဝင်ထိုင်ရင်းပြောသည်။ မော်ရုပ် က အဝတ်သေတ္တာကို ပိတ်လိုက်ကာ တစ်ဖက်ခပ်ဝေးဝေးသို့ တွန်းရွှေ့လိုက်ရင်း…

''အဲဒီတုံးက ကြားတော့ကြားတယ်၊ ဒါပေမဲ့ အထင်ကရ ကြီး နာမည်ထွက်တာမဟုတ်ဘူးနော် ကိုခ၊ အဲဒီအဆိုတော်က သူ့ဟာသူပဲ ဆူဗိုက်လုပ်သလိုမျိုးကြီးလေ''

''မဟုတ်ပါဘူးဟာ၊ အသတ်ခံရတာ၊ သူကိုယ်တိုင်က အနုပညာအသိုင်းအဝိုင်းက၊ ပြီးတော့ သေသွားတဲ့ မှုန်ရန်နဲ့ ပတ်သက်တဲ့လူကလည်း အဲဒီလောကထဲက တကယ့်ဂရိတ်ကြီးဟာ





သံသယအရှိဆုံးလူပေါ့ဟာ''

''ဟယ်…အဲဒါဆို အဲဒီလူကို စစ်ဆေးပြီးစစ်ပေါ့ဟဲ့''

မော်ရုပ်က ဝတ်ထားသော ဆွယ်တာလက်ရှည်ကို ဆွဲပင့် ရင်း အားမလိုအားမရနှင့်ပြောသည်။ ဆံပင်တွေးကြီးဟာ မွေးရာ ပါအဖြစ် နက်မှောင်သန့်စွမ်းလှပြီး ခါးအောက်နားအထိ အုပ်ဖြာနေ တတ်သည်။ မျက်ခုံးထူထူတန်းတန်းလေးမှာ မျက်ခမ်းစပ်နားက မျက်တောင်တွေက တိုစိပ်ပြီးထူထပ်တာမို့ မော်ရုပ်မျက်နှာဟာ အဝေးကကြည့်လျှင် မျက်ခုံးမျက်လုံးတွေက ထင်းနေတတ်သည်။ နှာတံပေါ်ပြီး နှုတ်ခမ်းသားတွေက ထူအမ်းအမ်းလေး။ ရယ်လိုက် လျှင် ဖောင်းတက်သွားတဲ့ ပါးစုံလေးတွေနဲ့ မော်ရုပ်မျက်နှာလေးဟာ အမြဲတမ်း အပြစ်ကင်းတဲ့ ကလေးတစ်ယောက်လို။ ရုပ်ကသာ ကလေးနဲ့တူတာပါ။ စိတ်က တကယ့်အပျိုစိတ်။ လှချင်ပချင်ပြီး အမြဲတမ်း ကျော့ကျော့ကလေးနေချင်တဲ့ မော်ရုပ်ဝါသနာဟာ မော်ဒယ်(လ်)ဖြစ်လိုတာပါတဲ့။ သိစတုံးက သခ်ကြ ဒေါသတွေ လည်းထွက်။ မလုပ်ရဘူးလို့လည်း တားမူးသည်။ ကိုယ့်မျက်စိ အောက်မှာ ကြီးပြင်းလာတဲ့သူ။ ပြီးတော့ တစ်စထက်တစ်စ လှသွေး ကြွယ်လာတဲ့သူမကို သခ်ကြ လွှတ်လပ်ခွင့်မပေးချင်တာ အမှန်ပင်။

''အလှတရားဆိုတာ ကိုယ်နဲ့ကိုယ့်ပတ်ဝန်းကျင်သိရင် တော်ပြီပေါ့ မော်ရုပ်ရယ်၊ သူများသိအောင် ကြေငြာစရာမလိုပါဘူး၊ ညည်းလှတာ ငါသိရင်ပြီးတာပဲ၊ မတက်နဲ့၊ ဘာသင်တန်းမှ''

လို့ ဖွတ်တားမူးသည်။ အဲဒီတုန်းက မော်ရုပ်မျက်နှာလေး



www.burmeseclassic.com

www.burmeseclassic.com



ဆိုကျသွားကာ…

“ကြေငြာချင်တာမဟုတ်ပါဘူး ကိုခရဲ့၊ မော်ရှပ်က အောင်မြင်ကျော်ကြားချင်တာ၊ ပြီးတော့ မော်ရှပ်မရခဲ့တဲ့ ချစ်ခြင်းတွေအတွက် ပရိသတ်ဆီကမေတ္တာကိုလိုချင်တာ”

တဲ့လေ။ မော်ရှပ်ရဲ့ဆန္ဒသာမဟုတ်။ မေမေကလည်း မော်ရှပ်ဘက်မှ အပြည့်အဝထောက်ခံအားပေးသူ။

“လုပ်ပါစေ သခ်ရယ်၊ မေမေတို့မှာ စည်းစိမ်တွေ ဂုဏ်ဒြပ်တွေအားလုံး ပြည့်စုံပြီးသား၊ မရှိသေးတာ အောင်မြင်ကျော်ကြားမှုပဲ၊ ကျိုကျိုတက်ချမ်းသာတဲ့သူကို လူတစ်ရာလောက်ပဲ သိပေမဲ့ အနုပညာ အရမ်းအောင်မြင်တဲ့သူကို တစ်တိုင်းတစ်ပြည်လုံးက သိကြတယ်သားရဲ့၊ မေမေတို့အစဉ်အဆက်မှာ အနုပညာမျိုးရိုးမှမရှိခဲ့တာ၊ မင်းကရော ဘာအားကိုးလို့ရသလဲ သခ်၊ ဟွန်းသူ့ဝါသနာပါရာ သူလုပ်ပြီးတော့ ကိုယ်ပိုင်ထုတ်လုပ်ရေးထောင်ပြီး ရုပ်ရှင်ရိုက်ပါမယ်ဆိုတာတောင်”

ထိုအကြောင်းကို စကားစပ်မိတိုင်း မေမေက သူ့ထံမျက်စောင်းတဝဲဝဲရှိတုံး။ သခ်ကလည်း လူတစ်မျိုးပင်။ သူက ဘဝကို နှံနှံ့စွာမဖြတ်သန်းချင်။ စွန့်လွှတ်စွန့်စားရမှ ကျေနပ်သူ။ ပြီးတော့ လျှို့ဝှက်သိုသိပ်စွာနေချင်သူ။ အနုပညာသမားဆိုတာ ထင်ပေါ်လာလျှင် ပုန်းကွယ်နေလို့ရတဲ့အမျိုးလား။ အဲဒါကြောင့် မေမေဟာ သူ့တုန်းက မလုပ်ပေးလိုက်ရသမျှ မော်ရှပ်မှာ ပံ့သွန်ပြီး အားပေးသည်။ ထောက်ပံ့ကူညီသည်။ ဒါပေမဲ့ စည်းကမ်းနှင့်





သောင်ခတ်ထား၏။

“ဘယ်လောက်ခေတ်မီတိုးတက်တဲ့ ကမ္ဘာကြီးဖြစ်ပါစေ မြန်မာဟာ မြန်မာပီသရမယ်သမီး၊ ယဉ်ကျေးမှုဆိုတာ လူမျိုးတစ်မျိုးရဲ့ အဆင့်အတန်းပဲ၊ တို့မြန်မာတွေရဲ့ အရှက်အကြောက်ရှိတဲ့ ဣန္ဒြေသိက္ခာကြီးတဲ့ အမျိုးသမီးတွေရဲ့ အလှကို ဝတ်စားဆင်ယင်မှုနဲ့ ထိုးဖောက်ရမယ်၊ ကမ္ဘာကသိအောင် ပြရမယ်၊ အဆောက်အဦးတစ်ခုအတွက် အုတ်တစ်ချပ်သဲတစ်ပွင့်ဟာ အရေးမရောက်ပေမဲ့ မပါမဖြစ်တဲ့ အရေးအတွက်မှာ တစ်ကစပြီးတော့ ရေရတာပဲလေ၊ မော်ရှပ်ဟာ မော်ဒယ်(လ်)ဆိုပေမဲ့ မြန်မာကိုယ်စားပြုမော်ဒယ်(လ်) ဖြစ်ပါစေ”

ဆိုပြီး မော်ဒယ်(လ်)သင်တန်း မတက်ခင်ကတည်းက သြဝါဒတွေချပေးခဲ့တာ။ မော်ရှပ်ကလည်း နာခံပါသည်။ ခေတ်နဲ့လျော်ညီတဲ့ အဝတ်အစားပေမဲ့ အဟိုက်တွေ အတိုတွေ ဘယ်တော့မှမဝတ်။ ဆံပင်ရှည်ကြီးတယမ်းယမ်းနှင့် တီရှပ်လို ဂျင်းပင်(န်) အရှည်တွေသာ အဝတ်များသည်။ မော်ဒယ်(လ်)ရှိုးဆိုလည်း အဝတ်အစားကိုလိုက်၍ ရွေးလျှောက်သည်။ ခေတ်လွန်ရှိုးပွဲဆို မော်ရှပ်က မလျှောက်။ ထို့ကြောင့် အချိန်တိုအတွင်းမှာ မော်ရှပ်အမည်ဟာ သီးခြားခွဲထွက်၍ နေရာတစ်နေရာရလာခြင်းပင်။

“ကိုခ…ဆက်ပြောလေ”

လက်မောင်းကို ဆွဲလှုပ်ပြီးပြောတော့မှ သခ်က ပြောလက်စအကြောင်းထံ ပြန်သတိရသွား၏။

“စစ်ပေမဲ့လည်း သူ့မှာက သူ့အလီဘိုင်နဲ့သူဟ၊ သံသယ



www.burmeseclassic.com

www.burmeseclassic.com

ပဲဝင်လို့ရတာ၊ သတ်သေမရှိတော့ ဘာမှဆက်လုပ်လို့မရဘူးပေါ့၊ အမှုတစ်ခုဖြစ်ပြီဆိုရင် အဲဒီ့သက်သေဆိုတာ အရေးအကြီးဆုံးပဲ၊ လူသက်သေ၊ ပစ္စည်းသက်သေပေါ့''

''အမယ်လေး…ကိုသခ်ကြီးရယ်၊ အမေ့အိမ်ပေါ် အဲဒီ့အကြောင်းတွေ မပြောပါနဲ့ဆိုမှပဲ''

ရုတ်တရက် မော့်ရုပ်အခန်းရှေ့ရောက်လာတဲ့ ကြီးကြီးက လက်တကာကာ မျက်နှာရှုံ့ရှုံ့နဲ့ အော်ပါတော့သည်။ ကိုခကလည်း ကြီးကြီးအဲဒီလိုဖြစ်တိုင်း ပြောလက်စစကားကို ရပ်ပစ်တာတို့၊ လမ်းကြောင်းလွှဲပစ်တာတို့ ဘယ်တော့မှမရှိ။ အခုလည်း ဖွတ်တိုး ပြောမည်ဆိုသော ညစ်ကျယ်ကျယ်မျက်နှာပေးနှင့်။

''မေမေ့ကိုပြောတာ မဟုတ်ဘူးလေ၊ ဒီမှာ မော့်ရုပ် ဗဟုသုတရအောင် ပြောပြနေတာ၊ မော့်ရုပ်က အိမ်နဲ့လည်း တစ်ခါ မှကင်းကွာဖူးတဲ့သူ မဟုတ်ဘူး၊ ပြီးတော့ အဖော်မပါဘာမပါနဲ့''

ဒီလိုပြောလိုက်မှ ကြီးကြီးရဲ့အာရုံက မော့်ရုပ်ထံ ရောက်လာသည်။ ကြီးကြီးက အခန်းထဲအထိ လျှောက်ဝင်ကာကာ ခုတင်ဘေးရှိခုံမှာ ဝင်ထိုင်ရင်း…

''အေးလေ…မေမေက စိတ်ပေးချင်တာပဲ၊ ဒါပေမဲ့ သူတို့အောင်စီကမှ လက်မခံတာ''

ကြီးကြီးပြောတာ အမှန်ပါ။ မော့်ရုပ်တို့အောင်စီမှမဟုတ် ဒီကမ်းခြေဘုရင်မဟု အမည်တပ်ထားသော ဖက်ရှင်ရှိုးပွဲကြီး၌ ရန်ကုန်တွင် နာမည်ရပြီးသား မော်ဒယ်အောင်စီမှ မော်ဒယ်





အယောက်သုံးဆယ်ဝင်ပြိုင်မှာဖြစ်သည်။ ဒီအယောက်သုံးဆယ်ထဲ ကကာတင်ပါဖို့ မော့်ရုပ်မှာ ပြိုင်ပွဲပေါင်းများစွာတို့အား ဖြတ်ကျော် ယှဉ်ပြိုင်ခဲ့ရခြင်းပါ။ အခု ဒီအယောက်သုံးဆယ်ကတော့ မြန်မာ နိုင်ငံ၏ သက်တမ်းအရှည်ဆုံး ကမ်းခြေဖြစ်သည့် ငပလီမှာ သွားရောက်ယှဉ်ပြိုင်ရမှာဖြစ်သည်။

''နေဦးသမီး…သမီးက ဒီနိုင်နာဘယ်သူနဲ့ကျသတဲ့လဲ''

''အာ…ကြီးကြီးကလည်း အဲဒါက ကမ်းခြေရောက်မှ မဲနှိုက်ရမှာလေ၊ ဒီနိုင်နာခြောက်ယောက် ဘယ်သူနဲ့ကျမလဲမသိဘူး''

''သြော်…သြော်''

ကြီးကြီးက ခေါင်းတဆတ်ဆတ်ညိတ်တော့ နားမှ ဖက်ထုပ်သဏ္ဍာန် စိန်နားကပ်ကြီးက ရောင်စဉ်တွေဖြာခဲ့သွား၏။ ကိုခကတော့ ထုံးစံအတိုင်း ညီမအပေါ် အမြဲစိုးရိမ်နေသော အစ်ကို ကြီးအသွင်နဲ့…

''အိမ်ကို ဖုန်းမှန်မှန်ဆက်နော် မော့်ရုပ်''

''ဟုတ်ကဲ့ပါ ကိုခရဲ့''

''ဘာ…ဟုတ်ကဲ့လဲ''

ကြီးကြီးက ခေါင်းညိတ်နာခံနေသော မော့်ရုပ်အား လှည့်ဟောက်သည်။ ကိုခဘက်သို့ ခါးထောက်ပြီးလှည့်ရပ်ရင်း…

''မင်းက အဲဒီလိုမှာရအောင် မော့်ရုပ်ဖုန်းဆက်တော့ရော အိမ်မှာရှိမှာတဲ့လား၊ ဟွန်း ကိုးကျင်းကိုးကုန်းသွားနေတဲ့လူက''


www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ တာဝန်ကိုးမေမေရဲ့"

"အေးလေ...တစ်ခါလာတာဝန်၊ တစ်ခါလာ တိုင်းပြည်နဲ့ပြည်သူကို စောင့်ရှောက်တယ်ဆိုတဲ့ မင်းလေလုံးအောက် ငါပိနေပါပြီ သခ်ရယ်၊ တကတည်းတော် ဒီနေ့ရန်ကုန်မှာတွေ့ မနက်ဖြန် မူဆယ်ရောက်တဲ့လူ၊ ဖအေကို နည်းနည်းမှထည့်မတွက်တဲ့သားမျိုး၊ သြချုပါရဲ့၊ ဒီနေ့တောင် မော်ရှပ်ခရီးထွက်ရမယ်ဆိုလို့ ပြေးလာတာလေ၊ ဒီမှာ အချိန်ကြာကြာ ဖင်ပူအောင်မထိုင်နိုင်ဘူး မဟုတ်လား"

"မေမေကလဲ"

သခ်ဟာ မေမေ့ကို ရယ်ကျဲကျဲနဲ့ကြည့်ရင်း ခါးကို သိမ်းကျုံးဖက်ပစ်သည်။ ဒါကို စိတ်မပြေသေးတဲ့ မေမေက သူသိုင်းဖက်ထားသောလက်ကို ဆွဲဖြုတ်ရင်း...

"သွားစမ်းပါ၊ အခုမှလာပြီး ငါ့ကိုချွဲမနေနဲ့၊ မင်းမရှိရင် လွမ်းနေရမှာစိုးလို့ မင်းချွဲတာမခံချင်ဘူး"

"မေမေကလည်းဗျာ"

သခ်က လက်ကိုမဖြုတ်ဘဲ မေမေ့ရင်ခွင်ထဲ ခေါင်းပါ တိုးဝှေ့ဝင်ရင်း မော်ရှပ်ကို မျက်စိမှိတ်ပြသည်။ မော်ရှပ်က သူ့ရဲ့ ပြောင်စပ်စပ်ရုပ်ကြောင့် ရယ်ချင်စိတ်ကို ထိန်းထားရတဲ့ပုံဖြင့် အောက်နှုတ်ခမ်းကို သွားနှင့်ဖွဖွကိုက်ထားသည်။ ဒါပေမဲ့ ရုပ်က တော့ မချိုမချဉ်နှင့် တစ်ဖက်လှည့်သွား၏။

"ဟဲ့...တကယ်ပြောတာ၊ မေမေကလည်း မဗျာနဲ့၊ ငါ့မှာ





နေ့တိုင်း မင်းအတွက် ရင်တထိတ်ထိတ်နဲ့ စိုးရိမ်နေရတာ၊ တရားခံ ဖမ်းရင်း ပစ်ကြခတ်ကြဆိုရင်ဒုက္ခ၊ ဟော တရားခံဘက်တော်သား တွေကများ ကိုယ့်သားကို ချောင်းမြောင်းလုပ်ကြံမလား တွေးရ တာနဲ့ အိပ်ခါနီး အဲဒီလိုစိုးရိမ်မိရင်လေ ငါ့မှာ တစ်ညလုံး အိပ်လို့ တောင်မရတော့ဘူး"

"မေမေက အဲဒါ ကျွန်တော့်ကို အထင်သေးတာလေ"

"သြော်...မင်းအထင်ကြီးပြီး ရန်သူကိုအထင်သေးလို့ ဖြစ်မလားဟဲ့၊ တကတည်းတော် ဒီလောက်ချောချောလှလှလေး မွေးထားပြီး လုပ်ပစ်တော့ ဒုရဲအုပ်တဲ့၊ ငယ်ငယ်ကတည်းက အရပ် မြင့်အောင်၊ အသားအရည်လှအောင် ငါပြုစုစောင့်ရှောက်ခဲ့ရတာ အကုန်အလကားပဲ"

ကြီးကြီးက မဲ့ကာရွဲ့ကာပြောနေသလောက် ကိုခဟာ- အပြုံးတောင်မပျက်။ ဒါဟာ တကယ်စိတ်ဆိုးလို့ပြောနေတာမဟုတ် မှန်း မော်ရှပ်လို ဘေးလူတောင်သိပါသည်။ မိဘဆိုတာကတော့ ကိုယ့်သားသမီးကို အကောင်းမွန်ဆုံးနေရာ၊ ဘေးရန်အကင်းဆုံး ရပ်ဝန်း၌သာ ကြီးပြင်းစေချင်တာလေ။ ကိုခက ကြီးကြီးပြောလည်း ပြောချင်စရာပင်။ ညိုညက်ပြီး ဝင်းနေတဲ့ အသားအရေပေါ်မှာ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်နဲ့ မေးရိုးအနည်းငယ်ကားချင်ပေမဲ့ ကိုခဟာ တကယ့်လူချောတစ်ယောက်။ အရပ်ကလည်း အမြင့်ကြီး မို့ ယူနီဖောင်းနဲ့များဆို လူချောလူခန့်။ ဒုရဲအုပ်သင်တန်း လျှောက် သောအခါ အိမ်မှာ ကြီးကြီးနဲ့ ကိုခဟာ တကယ့်ရန်ပွဲကြီးတွေကို



www.burmeseclassic.com

www.burmeseclassic.com



နေ့တိုင်းဆင်နွှဲရတော့တာ။

"ငါခွင့်မပြုဘူး သိခ်၊ အဓိပ္ပာယ်မရှိ မင်းအဖေထားခဲ့တဲ့ လုပ်ငန်းတွေကို ဝင်ဦးစီးချင်ဦးစီး၊ ဒါမှမဟုတ် တခြားစီးပွားရေး လုပ်ချင်ရင်လည်းလုပ်၊ ငါ အရင်းအနှီးထုတ်ပေးမယ်၊ ဒီလို မိဆေး ဖဆေးအလုပ်ကို မလုပ်ပါနဲ့"

လို့ အပြင်းအထန်တားခဲ့ပေမဲ့ ကိုခက ပေကပ်ကပ်နှင့် ခေါင်းမာသူ။

"ကျွန်တော့်ဘဝကို သချ်ာမဆန်ချင်ဘူး မေမေ၊ ဒါ ရင်းရင် ဘယ်လောက်မြတ်တယ်ဆိုပြီး တွေးနေရတဲ့ ငွေကြေး ကိုယ်စားလှယ်လည်း မဖြစ်ချင်ဘူး၊ ကျွန်တော်က ဘဝကို အမှန် တရားတွေနဲ့ပဲ တည်ဆောက်ချင်တာ"

အဲဒီလိုကြွေးကြော်ပြီး တားနေတဲ့ကြားကပင် ဒုရဲအုပ် သင်တန်း သွားတက်ခဲ့တာ။ အဲဒီတုံးက မော်ရုပ်ဟာ ဆယ်တန်း ဖြေပြီးခါစမို့ ကြီးကြီးနားမှာနေ၊ ကြီးကြီးအလုပ်တွေကူရင်း အဖော် ပြုပေးနိုင်ပေမဲ့ အခု မော်ရုပ်ကလည်း ကိုယ့်ဘဝလမ်းကြောင်း အတွက် စတင်ချီတက်ရမည့်အချိန်။ မော်ရုပ်ရဲ့ဇာတာကိုက ချစ်ခြင်းမေတ္တာတွေ၊ မိသားစုဘဝတွေနဲ့ နေထိုင်ခွင့်မရှိဘူးနဲ့တူပါရဲ့။ ဒါကလည်း ဘဝအကျိုးပေးကံဆိုတော့။

"တီ...တီ...တီ"

ရုတ်တရက်ထမြည်တဲ့ ဖုန်းသံကြောင့် မော်ရုပ်က မွေ့ရာ ပေါ်က သူမဖုန်းကို လိုက်ရှာသည်။ သိခ်က သူမခေါင်းကို





လှမ်းပုတ်ရင်း...

"ရှာမနေနဲ့၊ ငါ့ဖုန်းကမြည်တာ"

မော်ရုပ်က သူမရဲ့ နမော်နမဲ့နိုင်မှုကြောင့် ဇက်ကလေးပု ကာ လျှာထုတ်ပြသည်။ သူ့ထံက ဖုန်းသံကြားတာနှင့် မေမေက တော့ မျက်စောင်းတဝဲဝဲ။

"ဟဲလို...အေး ပြော ဟာ အဲဒါဆို မျက်မြေမပြတ်စေနဲ့၊ မင်းနဲ့အဖွဲ့တစ်ကှ စောင့်ကြည့်နေ၊ ငါအခုလာပြီ၊ အေး ဆက်လုပ်"

ဖုန်းပိတ်ပြီးတာနဲ့ မတ်တပ်ထရပ်တာ တစ်ပြိုင်နက်။ မော်ရုပ်နဲ့ မေမေ့အကြည့်တွေက သူလှုပ်ရှားနောက်သို့ ရွေ့ပါလာ သည်။

"ကျွန်တော်သွားရတော့မယ် မေမေ၊ မော်ရုပ် ငါသွားပြီ၊ အစစအရာရာဂရုစိုက်"

မော်ရုပ် ခေါင်းကို လက်ဝါးနှင့်အုပ်ကိုင်ခါယမ်းပစ်သည်။ မေမေ့ပါးကို ရွှတ်ခနဲနမ်းတော့ မျက်ရည်ကြည်တွေ ဝေ့နေတဲ့ မေမေက

"ဘေးမသီရန်မခပါစေနဲ့၊ မေမေ့သားလေး ဘေးရန် အပေါင်းက ကင်းရှင်းပါစေ"

လို့ ဆုပေးသည်။ သူက အရင်လိုသောခြေလှမ်းကျဲကြီး တွေနှင့် မော်ရုပ်အခန်းထဲမှ ထွက်လာ၏။ ဒါတောင် သတိပေးနေ ကျ မေမေ့မှာတမ်းဟာ သူ့ကျောပြင်နောက်က ကပ်ငြိပါလာတုံး။

"မော်ရုပ်နဲ့ လက်ထပ်ပြီးရင် မင်း အဲဒီအလုပ်ကထွက်



www.burmeseclassic.com

www.burmeseclassic.com



ရမှာနော် သိန်း"

တဲ့လေ။ တကယ်ဆို လက်ထပ်ခြင်းနဲ့ ဝါသနာက ဆက်စပ်မှုမရှိတာ။ မော်ရုပ်ကတော့ သူ့ဝါသနာကို ပိတ်ပင်မည့်သူ မဟုတ်။ သိန်းဆန္ဒကို စောဒကတက်မည့်သူလည်းမဟုတ်။ မေ ကသာ ဖြစ်လိုရာကိုပြောနေတာ။ သိန်းအတွက် ဝါသနာကို မစွန့်ပ ခိုင်းသလို မော်ရုပ်ကိုရော အဲဒီလိုတွေးလိုက်တိုင်း နယ်မြို့လေးက ဆေးရုံပေါ်မှာ သေအံ့မူးမူး အမျိုးသမီးကြီး။ သူမခုတင်ဘေး ဖရိုဖရဲဆံပင်ရှည်တွေနဲ့။ မျက်လုံးပြူးပြူး ပါးဖောင်းဖောင်းကောင် လေးရဲ့ ညှိုးငယ်သောရုပ်သွင်ဟာ ရင်ထဲကို အတားအဆီးမ တိုးဝင်လာတတ်စမြဲ။ ချစ်ခြင်းဟာ ဘယ်ကစမြစ်ဖျားခံလဲ။ သိ မသိပါ။ ဒါပေမဲ့ မော်ရုပ်ကိုသနားပြီး ကြင်နာချင်တာတော့ သူ့ဝ ချင်ပါသည်။ ဘဝရဲ့အစိတ်အပိုင်းတွေမှာ ဝါသနာနဲ့ အကြင်နာ ထပ်တူကျခဲ့မယ်ဆိုရင် သူ ဘာကိုရွေးချယ်ရမှာပါလိမ့်။

◆ ◆ ◆



## အခန်း (၂၆)

"ရှိ…ဒိုင်း…ဖောင်း"

မီးပန်းရောင်စုံဟာ ကောင်းကင်ယံမှာပေါက်ပြီး ပန်းဖူး တွေအဖြစ် မြေပြင်ဆီပြန်ကျသည်။ ကမ်းခြေတစ်ခုလုံးနှင့် ပင်လယ် ကြီးရော ကောင်းကင်ကြီးပါ အရောင်ရင့်မနေ။ မီးရှူးမီးပန်းတွေရဲ့ အလင်းရောင်။ စားပွဲဝိုင်းတွေဆီမှ မှန်မီးအုပ်ဆောင်းရဲ့ အလင်းရောင် တွေကြောင့် လင်းထိန်နေပုံက နေ့ခင်းအတုလေးတစ်ခုလို။

"ရှီး"

ခနဲအော်ပြီး မီးပန်းတစ်ခု ကောင်းကင်ယံသို့ ပြေးတက် သွားသည်။ ရှည်လျားလှသော စားပွဲရှည်ကြီးတစ်ခုပေါ် ဝိုင်ပုလင်း တွေကို အစီအရီချထား၏။ ဒီညနေက 'ကမ်းခြေဘုရင်မ'လို့ ခေါင်းစဉ်တပ်ထားသော ပြိုင်ပွဲရဲ့အဖွင့်ည။ မော်ဒယ်တွေရော၊ ဒီဇိုင်နာခြောက်ယောက် အပါအဝင် ငပလီကမ်းခြေရှိ တာဝန်ရှိသူ တွေ၊ အကဲဖြတ်ဒိုင်တွေ၊ မိန်းစပွန်ဆာတွေရဲ့ မိတ်ဆုံဒင်နာစားပွဲ။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး လူစုံတက်စုံရောက်နေပြီဖြစ်ပေမဲ့ မော်ဒယ်(လ်)တွေထဲမှာတော့ တစ်ယောက်လိုနေသေးသည်။ နည်းပြအဖြစ် လိုက်ပါရသော ခေါင်းဆောင်ဖြစ်သူ မစုမြတ်ကတော့ လျှောက်နေသော တစ်ယောက်က ဘယ်သူလဲဆိုတာ အသည်းအသန် စစ်ဆေးနေရသည်။ မော်ဒယ်(လ်) အယောက်သုံးဆယ်ကို အုပ်ချုပ်ရန်။ သင်တန်းသူတွေကို ဒီရက်ပိုင်းအတွင်း လေ့ကျင့်ပေးရန် စုမြတ်က ပါလာရခြင်းဖြစ်သည်။ သူမလက်ထဲရောက်ပါမှ အလွဲအချော်ဖြစ်ခဲ့လျှင် ဖြစ်သမျှဟာ စုမြတ်တာဝန်။ မော်ဒယ်(လ်)တွေမှာလည်း အုပ်ထိန်းသူတွေ ပါကြတာမဟုတ်။ စုမြတ်က ဘယ်ရင်အုံ၌ နံပါတ်စဉ်ကဒ်ပြားလေးတွေတပ်ထားရသော မော်ဒယ်(လ်)တွေကို သူတို့နံပါတ်အလိုက် အမည်စာရင်းနှင့် တိုက်ကြည့်သည်။ တွေ့ပါပြီ။ နံပါတ် (၈)။ အမည်က မှော်ရုပ်တဲ့။ မှော်ရုပ်နဲ့တစ်ဖွဲ့တည်းကျတဲ့ အခန်းသူတွေ ဆီမေးရန် ခြေလှမ်းအပြင် ဟိုးဘက်ဘန်ဂလိုအစပ်များကနေ ကသောကမျောပြေးလာတဲ့ အရိပ်တစ်ရိပ်။ သူ့ကို လူသူမြင်သာစေချင်လို့လားမသိ။ လက်ထဲက ပဝါတစ်စတောင်ဝှေ့ယမ်းလို့။ စုမြတ်က အသေအချာစိုက်ကြည့်သည်။ တဖြည်းဖြည်းနီးကပ်လာမှုကြောင့် ရုပ်လုံးကပေါ်လာပြီ။ ရှည်လျားသောဆံနွယ်ကြီး တယမ်းယမ်းနှင့် မှော်ရုပ်။

“ဟွန်း···သင်းက နောက်ကျနေတာကိုး”

ကိုယ့်မှာ လူစစ်လို့မစေ့တာနှင့် တော်တော်ပျာများသွားရတာ။ လာပလေ့စေဦး မချော။ အနားရောက်မှ ဆူပစ်လိုက်မည်ဟု





စိတ်ထဲတေးထားပေမဲ့ မှော်ရုပ်အနားရောက်လာတော့ စုမြတ်မှ ဆူချိန်တောင်မရ။ အဝါ၊ အနီ၊ အနက်၊ အစိမ်း ရောင်စုံရောကွက်ထားသော ရုပ်အင်္ကျီကွက်တစ်ထည်။ ဂျင်းပင်(န့်) အနက်ရင့်အား ခြေသလုံးထိခေါက်တင်ထားပြီး ခြေညှပ်ဖိနပ်အနီရဲနှင့် မှော်ရုပ်။ အနားရောက်တာနှင့် ဗိုက်ကိုပွတ်ပြီး···

“ဗိုက်ဆာတယ် မမစု၊ မစားရသေးဘူးလားဟင်၊ မှော်ရုပ် ရေထဲမှာစိမ်တာ ကြာသွားတော့ ဗိုက်က ဆန္ဒပြလာပြီ”

တဲ့လေ။ ကလေးဆန်တဲ့ရုပ်ရည်၊ ကလေးဆန်တဲ့ အမူအရာရှိပေမဲ့ ရှိုးပွဲလျှောက်တိုင်း ပွဲရွှေးတတ်သော မှော်ရုပ်ကို စုမြတ်က ချစ်လည်းချစ်သည်။ အများတကာ မော်ဒယ်(လ်)တွေထက်လည်း ပိုရင်းနှီး၏။ စုမြတ်လည်း အရွယ်ငယ်စဉ်တုံးက ဒီမော်ဒယ်(လ်)လောကကြီးရဲ့ လှုပ်ရှားမှုမှာ တစ်ထောင့်တစ်နေရာ ပါဝင်ခဲ့သူ။ အခုတော့ ခေတ်ရေစီးကြောင်းအရ အငယ်တွေကို နေရာဖယ်ပေးရမည့်အရွယ်မို့ ရှိုးတွေ၊ ဖျော်ဖြေပွဲတွေမှာ အခမ်းအနားမှူးလုပ်ရင်း ကိုယ်ပိုင်အောင်စီတစ်ခု တည်ထောင်ထားတဲ့သူ။ ထို့ကြောင့် မော်ဒယ်(လ်)မှန်သမျှနှင့် ရင်းနှီးသည်။ ချို့ယွင်းချက်ရှိရင် ပြင်ပေးသည်။ ထိုထဲမှာ မှော်ရုပ်ကိုတော့ ခင်မင်မှုပိုသည်။ မှော်ရုပ်ဟာ အောင်မြင်ကျော်ကြားမှုကို ဖြတ်လမ်းကမလိုက်။ သိက္ခာကို အထိပါးမခံဘဲ မိမိကိုယ်ကို တန်ဖိုးထားတတ်သူမို့ လေးစားစိတ်က ပိုသွားခြင်းဖြစ်မည်။ အခုလည်း ရောက်ရောက်ခြင်း ဆောက်နဲ့ထွင်းဆိုသလိုပင် ဖြစ်ချင်တာတာန်းပြောတဲ့ မှော်ရုပ်ကြောင့် စုမြတ်မှာ မဆူရက်တော့ဘဲ···



www.burmeseclassic.com

www.burmeseclassic.com



''ဟဲ့…အခုမှဖွင့်ပွဲအစကို၊ ဘယ်လိုလုပ်စားရမှာလဲ ဝိုင်လေးဘာလေးသောက်ပြီး ဒီဗိုင်နာတွေမဲနှိုက်ရဦးမှာ၊ အဲဒီ့အစီ အစဉ်ပြီးမှ စားရမှာ''

''ဟင့်…အဲဒီလိုမှန်းသိရင် တစ်ခုခုစားခဲ့ပါတယ်၊ ဒီမှာ မီးပန်းတွေဖောက်နေတော့ နောက်ကျပြီထင်ပြီး ပြေးလာတာ''

ခြေကိုဆောင့်ရင်း နှုတ်ခမ်းချွန်ပြောပုံက ဟန်ဆောင်ခြင်း မရှိ။ စုမြတ်က ဒေါသကင်းသော မျက်စောင်းဖြင့် မော်ရုပ်ကို ချိန်ရွယ်ရင်း…

''အခုလည်းနောက်ကျနေတာပဲ၊ သွားတော့ ဟိုမှာသွား ရပ်''

လို့တွန်းထိုးနေရာချရင်း ကိုယ်က စားပွဲထိပ်ဆီပြန်သွား သည်။ စုမြတ်က ဒီမှာလည်း အစီအစဉ်ကြေငြာရမဲ့သူ။ မော်ရုပ်က တော့ မမစု တွန်းလွှတ်လို့သာ တိုးဝင်သွားရတာ။ ကိုယ့်ဘေးက လူတွေဟာ မော်ရုပ်နဲ့တစ်ဖွဲ့တည်းတော့ မဟုတ်ပေ။ ရုတ်တရက် တိုးဝင်လာတဲ့ မော်ရုပ်ကို မကြည်သလိုအကြည့်တွေနဲ့ လှမ်းကြည့် တာမို့ မော်ရုပ်မှာ မျက်နှာချိုသွေးကာ…

''အဟီး…ဆောရီးနော်''

တောင်းပန်ရသည်။ မော်ရုပ်အဖွဲ့သားတွေကိုလည်း ‌ဝေ့ခဲ လိုက်ရှာရသည့်အခိုက် သူမကို ရှေ့တည့်တည့်မှ စိုက်ကြည့်နေသော မျက်ဝန်းတစ်စုံနှင့် ဒိန်းခနဲ ခလုတ်တိုက်မိတော့တာဖြစ်၏ ဘယ်ဘဝကပါလာသည့် ရင်းနှီးခြင်းရေစက်ဟောင်းလည်းမသိ မျက်အိမ်ကျယ်ကျယ်နဲ့ ကော့ရော့တက်နေသော မျက်တောင်ပိုင်ရှ





မမရဲ့ အကြည့်ဟာ မော်ရုပ်ရင်ကို ဒိုင်းခနဲဆောင့်မြည်စေသည်။

''လှလိုက်တာ၊ ချောလိုက်တာ''

ချိုးကျူးစကားတွေဟာ မော်ရုပ်ရင်ထဲမှာ ပဲ့တင်ထပ်လျက် ချွန်မြသောနှာတံ၊ ပုလဲရောင်စိုအိနေတဲ့ နှုတ်ခမ်းသားတွေကို ငေးပြီး မော်ရုပ်ဟာ ကိုယ့်ရဲ့ပြောင်သလင်းခါနေတဲ့ နှုတ်ခမ်းတွေကို သိမ်းဝှက်ထားချင်တဲ့အထိ။ ရင်ဖုံးလည်ထောင်အကျႌနဲ့ ထဘီက ဝမ်းဆက်နီညိုရောင်။ အပေါ်က အနီရောင်ဖျော့တဲ့ ပဝါဇာစကို ဘယ်တောင်ဆစ်ကွေးနားမှာ ချိတ်တင်ထားသည်။ သိမ်မွေ့ခြင်း၊ လှပ ခြင်းနှင့် တော်ဝင်ဆန်ခြင်းတွေဟာ အဲဒီ့မမထံမှာပဲ ရှိနေသလို။

''အခုချိန်ကစပြီး ဒီဗိုင်နာတွေကို မဲနှိုက်ရွေးချယ်ရမဲ့ အလှည့်ဖြစ်ပါတယ်''

မော်ရုပ်က မမရဲ့အလှမှာ ဘယ်လောက်မျောသွားလဲမသိ။ မမစုရဲ့ ကြေငြာသံကြားမှ သတိဝင်လာသည်။ မဲလိပ်တွေထည့်ထား သည့် ငွေဖလားကြီးက တစ်ယောက်ချင်းစီရဲ့ ရှေ့မှာရပ်တန့်ပေး၏။ ဘေးဘီကိုကြည့်လိုက်တော့ မော်ဒယ်(လ်)အားလုံးရဲ့ လက်ထဲမှာ ဖန်ခွက်တွေကို ကိုင်ထားကာ တချို့ကလည်း နှုတ်ခမ်းနှစ်လွှာဖွင့် ပြီး ခပ်မော့မော့လေးသောက်နေတာက ခွက်ထဲမှ နီညိုရောင်အရည် တွေ။ အမယ် ရှေ့ကမမလည်း သောက်လို့ပါလား။ မော်ရုပ်လည်း ကိုယ့်ရှေ့ရှိဖန်ခွက်ကို ကောက်ကိုင်ရင်း မမဆီတောင် လှမ်းမြှောက် ပြကာ မျက်စိပါတစ်ပါတည်း မှိတ်ပြသည်။

''ဟင်…ဘယ်လိုဟာလေးပါလိမ့်''

မာလေးက အဲဒီလိုတွေးရင်းက ထပ်ပြီးမျက်လုံးပြူး



www.burmeseclassic.com

www.burmeseclassic.com



သွား၏။ မာလေးရှေ့က ဗရုတ်သုတ်ခမလေးဟာ ရှန့်ပိန်ကိုကိုင်ပြီး သူများတွေလို ခိမ်ခွဲမသောက်။ တစ်ရှိုက်ထိုး မော့ချခြင်းပင်။ ပြီးတော့

"ရှူး…အား"

ဆိုပြီး နှုတ်ခမ်းကို လျှာနဲ့သပ်ကာ အသံတွေဘာတွေပေးနေ၏။ ဟိုတယ်ရဲ့ဝိတ်တာကလည်း သူ့တာဝန်ကျေရင်ပြီးရော။ ရှန့်ပိန်လျှော့သော ခွက်တွေကို တရစပ် ဖြည့်ပေးနေရာ ကောင်မလေးခွက်ထဲ ထပ်ထည့်ပေးလိုက်ပြန်၏။ ကောင်မလေးကလည်း ဒါကို သစ်သီးဖျော်ရည်များ မှတ်နေသလားမသိ။ သောက်ချလိုက်တာ တဂွပ်ဂွပ်နှင့်။ မာလေးကသာ သူမကိုကြည့်ပြီး မျက်လုံးပြူးနေတာ။ ဆံရှည်မလေးကတော့ အေးအေးဆေးဆေးပင်။ သူနဲ့အကြည့်ချင်းဆုံတာနှင့် ပါးဖောင်းကာ မျက်လုံးပါ ထပ်မှိတ်ပြ၏။ မာလေးမှာ ရယ်ရလည်းအခက်၊ တည်နေလည်းအခက်နှင့် မသိမသာမျက်နှာလွှဲလိုက်ရ၏။ လူကိုများ ဘာထင်နေလို့လဲမသိ။ ဒီဝိုင်းထဲစရောက်ကတည်းက မာလေးကိုကြည့်တာများ မျက်စိကျွတ်ထွက်တော့မတတ်။ ဒီကလည်း ကိုယ့်အကြောင်းနဲ့ကိုယ်မို့ မလုံမလဲ။ ကောင်မလေးကို စိတ်ဝင်စားနေတာနဲ့ ကိုယ်ဒီဇိုင်းဆင်ပေးရမဲ့သူတွေက ဘယ်သူလဲဆိုတာတောင် သိခွင့်မရလိုက်။ ထိုအခိုက် ကောင်မလေးရှေ့ ငွေဖလားကြီးရောက်လာသည်။

"မော်ရုပ်ပါရှင်…ဘယ်ဒီဇိုင်းနှာနဲ့ကျမယ်ဆိုတာကို ကြည့်လိုက်ရအောင်လားရှင်"

မော်ရုပ်က မဲလိပ်တစ်လိပ်ကိုရွေးချယ်ရင်း ခေါင်းထဲက ရီတီတီဖြစ်လာတာ သတိထားမိသည်။ ဗိုက်ဆာဆာနှင့် စွတ်သောက်





မိသော နီညိုရောင်အရည်တွေကတော့ အစွမ်းပြပြီနဲ့တူသည်။ မဲလိပ်ကို မနည်းဖြေပြီးမှ အထဲကအမည်ကို ဖတ်ကြည့်၏။

"ကြမ္မာရှင့်"

မော်ရုပ်က တိုးတိုးလေးဖတ်သည်။ မမစုက မော်ရုပ်လက်ထဲက မဲလိပ်ကိုလှမ်းယူပြီး မိုက်(ခ်)နှင့် ကြေငြာပေးပါသည်။

"ဟော…ကြမ္မာရှင့်ပါတဲ့ရှင်၊ ကြမ္မာရှင့်ရဲ့ ပထမဆုံး မော်ဒယ်(လ်) မော်ရုပ်ပါ"

မမစုက မိတ်ဆက်ပေးသည်။ သူကလက်ကမ်းသည်။ မော်ရုပ်က လက်ဆွဲနှုတ်ဆက်၏။ တဖြောင်းဖြောင်းနဲ့ ဆူညံသွားတဲ့ လက်ခုပ်သံတွေကို ထွင်းဖောက်ပြီး မော်ရုပ်က စကားတစ်ခွန်းအော်ပြောသည်။

"မမက အရမ်းလှတာပဲ"

တဲ့လေ။ ထိုစကားဟာ ကြားနေကျဖြစ်ပေမဲ့ မော်ရုပ်ပြောသောအခါ သူ့သွေးကြောတွေထဲ ရှိန်းခနဲဖြစ်သွားသည်။ ရှက်ရွံ့စွာ ပြုံးပြပေမဲ့ အပြုံးကမပီပြင်ခဲ့။ သူ့လက်ဖဝါးထဲက နူးညံ့တဲ့ မော်ရုပ်လက်ဖဝါးလေးကြောင့်လား။ သူ့ကို မမလို့ခေါ်လိုက်ခြင်းကြောင့်လား။ မာလေး မဝေခွဲတတ်။ သို့ပေမဲ့ ဒီညကတော့ မာလေးခံစားချက်တို့ကို ပြောင်းလဲစေတဲ့ည။ ရင်ခုန်လှုပ်ရှားရတဲ့ည။ ပြီးတော့ သူမလေးကို မေ့မရတဲ့ည ဖြစ်လေ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၅)

''ဘယ်သူလဲ…ဟာ…ဟေ့…မင်း''

ရုတ်တရက် နှုတ်ဖျားမှစကားတွေက အစီအစဉ်တကျ မရှိ။ ကိုယ့်ရှေ့ကမြင်ကွင်းကိုပဲ မာလေးဟာ အံ့သြတကြီးငေးနေတာ တောင့်တောင့်ကြီး။ မော်ရုပ် မော်ရုပ်စစ်စစ်ဖြစ်သည်။ ခါးအောက် ကျော်တဲ့ ဖြောင့်စင်းလှပသော ဆံနွယ်တွေဟာ ပခုံးမှတစ်ဆင့် ရင်ညွန့်တဝိုက်ကျနေတာ ချက်နှာတောင်ကောင်းစွာမမြင်ရတော့။ ခြေလှမ်းတွေက သိုင်းကွက်နင်းပြီး လူက ဒယိမ်းဒယိုင်။ အခန်းဝ ကနေ ဝင်လာတဲ့ တောက်လျှောက် ဟိုဘက်နံရံဆီဦးတိုးသွားလိုက်၊ ဒီဘက်နံရံဆီ ပြန်တိမ်းလာလိုက်နှင့် ဖြစ်ချင်တော့ နံရံနဲ့နဖူးက ဒိန်းခနဲမိတ်ဆက်သည်။

''အား…လား…လား''

ပြင်းလိုက်တဲ့အရှိန်။ သူမတောင်အော်ယူရသည်။ ဒီတော့မှ မာလေးက သတိဝင်လာပြီး…





''မော်ရုပ်…ဟေ့ မော်ရုပ်''

အနားလည်းသွားမရပ်ရဲ။ အဝေးခပ်လှမ်းလှမ်းမှ လှမ်းခေါ်သည်။ မော်ရုပ်ဟာ ကျောနဲ့နံရံကိုမှီရင်း နာသွားတဲ့နဖူးပြင်ကို ပွတ်ကာ ခေါင်းသံကြားရာလှမ်းကြည့်သည်။ ဒါတောင် မနည်းကြီး အားယူပြီး မျက်ခွံတို့ကို ဖွင့်ကြည့်ရဟန်တူသည်။ မာလေးကိုတွေ့ တော့ ပါးစုံတွေ ဖောင်းတက်အောင်ပြုံးပြကာ…

''မမ''

''အင်''

အာလေးလျှာလေးနဲ့ ခေါ်သံကြောင့် မာလေး အခက်တွေ့ သွားသည်။ မော်ရုပ်ကတော့ တည့်မတ်စွာမထိုးနိုင်တဲ့ လက်ညှိုးနှင့်…

''ချစ်မမ…ဒီ…မှာ…လား…မော် မော်ရုပ်နဲ့အတူတူ''

''မတူပါဘူး၊ အခန်းမှားပြီးဝင်လာတာ''

''အခန်း…မှား…တာ၊ အဲဒါဆို ထွက်…လေ…သွား တော့၊ မော်ရုပ် အိပ်တော့မှာ''

စကားတစ်ခွန်းအားယူပြောပြီးတိုင်း ခေါင်းပါ ငိုက်စိုက် ကျသွားသည်။ မာလေးက စိတ်ရှုပ်ထွေးစွာပင် ကုတ်ထောက်ဆံပင် တွေအား ဆွဲဖွပစ်ရင်း…

''ကျစ်…ဒုက္ခပါပဲ၊ ငါ ဒါမျိုးကြုံမှာစိုးလို့ တစ်ခန်း သီးသန့်ငှားနေတာကို၊ ဟေ့ ဒီမှာ''

ကိုယ့်ဟာကိုယ် ညည်းတွားရင်း သူမကိုပါ တစ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



တည်း လှမ်းခေါ်ကာ…

"ငါမှားတာမဟုတ်ဘူး၊ ဒါ ငါ့အခန်း၊ မင်းမှားတာ မော်ရုပ်၊ မင်းအခန်းဘယ်မှာလဲ၊ ငါရီဆက်ရှင်ကို အကြောင်းကြား ပြီး လိုက်ပို့ခိုင်းမယ်"

"No…No မော်ရုပ် မမှားဘူး၊ ဒါ မော်ရုပ် အခန်း"

လက်ဝါးတယမ်းယမ်းနှင့် အတင်းငြင်းရင်း လူကလည် နံရံကို ထောက်ကန်ထားရသေးသည်။

"မော်ရုပ် မှတ်မိတယ်၊ ဒီမှာ အိမ်သာ၊ ရေချိုးခန် အိပ်ရာခင်းလည်းတူတူပဲ၊ အဖြူရောင်"

"ဟဲ့"

မာလေး ဘာပြောရမှန်းမသိတော့။ လည်ပင်းပွတ်လိုက် ခေါင်းကုတ်လိုက်နှင့်ပင်…

"ဟိုတယ်အခန်းတွေပဲ တူမှာပေါ့၊ ဒါပေမဲ့ အခန်းချင် မတူဘူး၊ ဒါ ငါသီးသန့်ငှားထားတာ"

"မသိဘူး၊ အိပ်တော့မယ်"

ပြောရင်း ဒယိမ်းဒယိုင်နဲ့အလျှောက် နံရံမှလွတ်တာ ယိုင်ခနဲဖြစ်သွားသည်။

"ဟဲ့…မော်ရုပ် ဟိတ်"

မာလေး ဒီအတိုင်းကြည့်မနေနိုင်။ လက်တကမ်းလေးကွ တာမို့ မော်ရုပ်ကို ပြေးပွေ့ရသည်။ အိစက်နူးညံ့သော ကိုယ်လုံး လေးသည် မာလေးရင်ခွင်ထဲသို့ ထွေးခနဲ ပစ်ကျလာ၏။





"ကျေး…ကျေးဇူး"

ပြောပြီး သူ့ရင်ခွင်ထဲက ကြုံးထသည်။ ပြန်လဲသည်။ မာလေးက စိတ်မရှည်တော့ ကလေးတစ်ယောက်လို ကျောနဲ့ တံတောင်ကွေးကြား လက်လျှိုပြီး ဆွဲ့ခနဲချီကာ ခုတင်ပေါ်ချပေး လိုက်သည်။ အိပ်ရာခင်းဖြူဖြူပေါ် ဆံနွယ်တွေးကြီးတွေကြား နစ်မြုပ် သွားပုံက အပြစ်ကင်းစင်သော ကလေးနှယ်။ ဝိုင်တွေ ဘယ်လောက် တောင် အသောက်များခဲ့လဲမသိ။ ပါးမို့တွေရော၊ မျက်နှာတစ်ပြင် လုံးက အရောင်ရင့်သည်။ စင်းကျဝိတ်ယှက်ထားသော မျက်ခွံမို့မို့ နဲ့ နှုတ်ခမ်းသားထူအမ်းအမ်းတွေဟာ။

အို…ငါဘာတွေလျှောက်တွေးနေမိတာလဲ။ အသိဝင်တော့ လူက ထိတ်ခနဲဖြစ်သွားသည်။ ခုတင်ဘေးမှာရပ်ပြီး မော်ရုပ်ကို စိတ်ပါလက်ပါ ငေးနေရာမှ ကျောခိုင်းပစ်သည်။ ဘုရားရေ ကျယ်လောင်စွာမြည်ဟီးနေသော သူ့ရင်ခုန်သံတွေဟာ ဆူညံလို့။ အသံရဲ့တုန်ခါအားဖြင့် ရင်ဘတ်ကြီး ပေါက်ထွက်တော့မတတ်။ မာလေးက လက်တင်းတင်းပိုက်ရင်း ရင်ခုန်သံကို ထိန်းရန် ကြိုးစားသည်။ မျက်ဝန်းတို့ကို မှိတ်ပစ်သည်။ မြင်ကွင်းက ခေတ္တ မဲမှောင်သွား၏။ အာရုံထဲမှာ သွေးကြောမျှင်တွေ ယှက်သန်းနေသော ပါးမို့မို့။ နှင်းဆီပွင့်လွှာလို နှုတ်ခမ်းသား။ မာလေး လည်ချောင်းတွေ ခြောက်ကပ်လာသည်။ ဒါ ဒါ ဘာဖြစ်တာလဲ မာလေး။ တုန်လှုပ် စရာမဟုတ်ဘူး။ မင်း မိန်းမတွေအများကြီးနဲ့ ဆက်ဆံခဲ့တဲ့ မိတ်ကပ် ဆရာမ ကိုယ့်ကိုယ်ကို အားပေးလည်း အရာမရောက်။ ပြင်းထန်စွာ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားနေတဲ့စိတ်ရိုင်းကို ချုန်းမအုပ်နိုင်။ တွေ့စကတည်းက မျက်စိတွေမှိတ်ပြ၊ လျှာတွေထုတ်ပြနှင့် ကျီစယ်ခဲ့သောသူမ။ သူ့မျက်ဝန်းထဲ စွဲထင်ခဲ့သော သူမဟာ အခု သူ့အခန်းထဲရောက်နေပြီ။ သူ့ဘဝရဲ့ ကံဇာတ်ဆရာဟာ ဘယ်လိုအချိုးအကွေ့မျိုးကို ဖန်တီးပြီး မော်ရုပ်ကို ဒီထဲရောက်အောင် စေလွှတ်ခဲ့တာလဲ။ အတွေးနဲ့အတူ နဖူးမှ ချွေးစေးတွေကို ပင့်သုတ်သည်။ မာလေးက ကိုယ့်ဘဝကို ဖုံးကွယ်ထားချင်သူမို့ စပွန်ဆာပေးသော ဒီနိုင်နာတွေစုအိပ်ခွင့်ရတဲ့ အခန်းကို မယူခဲ့။ တသီးတသန့် ခွဲထွက်ကာမှပဲ။ တော်သေးသည်။ သူရောက်ပြီးမကြာမီ သူမရောက်လာလို့ပေါ့။ အဝတ်အစားတောင် မလဲရသေး။ ညနေခင်းက ပွဲတက်ဝတ်စုံနဲ့ပဲ ရှိသေးသည်။ မာလေးဟာ ခုတင်ကို ကျောခိုင်းထားရက်ကပဲ အတွေးတွေက တောင်ရောက်မြောက်ရောက်။ ခုတင်ဘက်လည်း မလှည့်ရဲ။ ဒုတိယအကြိမ် ချိတက်လာမည့် ရင်ခုန်သံနှင့် စိတ်လှုပ်ရှားခြင်းရသကို သူမခံစားနိုင်။

"အင့်"

ညည်းညူသံ။

"အင်း…အိုက်လိုက်တာ"

အော်သံပါ ပီသစွာထွက်လာပြီး…

"ညအိပ်…အကျီလဲမယ်"

"ဟင်"

ကြားရသောတောင်းဆိုသံကြောင့် မာလေး မျက်လုံးပြူး





သွားသည်။ လူက လက်ဖျားခြေဖျားတွေပါ အေးစက်လာတဲ့အထိ တုန်လှုပ်သွားတာ။ မာလေးက အတုန်တုန်အရီရီနှင့် ပခုံးကိုကျော်ကာ ခိုးပြီးငဲ့ကြည့်သည်။ မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် မျက်လုံးတွေပြာကာ နှုတ်မှတားမြစ်သံကလည်း အလျင်စလို ထွက်သွား၏။

"ဟိတ်…နေဦး မချွတ်နဲ့ဦး"

မယ်မင်းကြီးမက ငုတ်တုတ်ထထိုင်ကာ ရင်ဘတ်ကြယ်သီးကို စတင်ဖြုတ်နေပြီ။ ဒီနေရာမှာ သူမမူးနေတာက ကယ်သွား၏။ ကြယ်သီးတစ်လုံးဖြုတ်ဖို့အရေး စမ်းတဝါးဝါးဖြစ်နေတာကြောင့် မာလေးတားချိန်မှီသွားသည်။ တားလည်းတား၊ ကြယ်သီးဖြုတ်သော လက်ကိုပါ လှမ်းကိုင်လိုက်တာကိုပဲ မော်ရုပ်က မကျေမနပ်နှင့်…

"အာ…လွှတ်၊ ဒီမှာအိုက်နေပြီ၊ အိုက်ရင် မော်ရုပ်က မအိပ်တတ်ဘူး၊ ပေး ညဝတ်အကျီ"

"အေး…ပေးမယ်၊ နေဦး ခဏ"

ပြောပြီး ခုတင်ဆီ သီးသန့်ဖြစ်အောင်ကာဖို့လုပ်ပေးထားတဲ့ လိုက်ကာကြီးကို အရင်ဆွဲပေး။ ပြီးတော့ ဗီရိုဆီပြေးကာ ကိုယ့်ရဲ့ ညဝတ်ဂါဝန်တစ်ထည်ဆွဲထုတ်ပြီး လိုက်ကာကြားမှ ခုတင်ပေါ် လှမ်းပစ်ပေးရသည်။ ထို့နောက်တော့ လိုက်ကာလည်း ပြန်မဖွင့်တော့ဘဲ ဒီအတိုင်းထားလိုက်ရ၏။ အဆုံးသတ်တော့ မာလေးမှာသာ ဆိုဖာပေါ် ခွေခွေခေါက်ခေါက်နဲ့လှဲရင်း ထိုညအဖို့ အဝတ်လည်းထမလဲရဲ။ အသက်တောင် ရဲရဲမရှူဝံ့ဘဲ ကိုယ့်အခန်းထဲ သူမရောက်လာဝင်အိပ်နေတာကိုပဲ ထူပ်တလဲလဲပြန်တွေး ထပ်တွေးပါ



www.burmeseclassic.com

www.burmeseclassic.com



လဲ ရင်မောလို့။ ဘယ်အချိန် တံခါးခေါက်သံကြားမလဲ။ သူမကို မည်သူတွေ လာရှာမလဲလို့ မျှော်လင့်ရင်းက သူ့ရင်ခုန်သံတွေကို ပြန်ဆန်းစစ်အံ့သြရတဲ့ည။ သူ့နှလုံးသားဟာ မောပန်းနွမ်းနယ်ခြင်း၊ နာကြည်းခြင်းနဲ့ အယောင်ဆောင်ဘဝအတွက် ရင်မောခြင်းတို့နဲ့သာ ပြည့်နှက်နေတယ်လို့ ထင်ထားခဲ့တာ။ မော်ရုပ်ဆိုသော သူမနဲ့တွေ့မှ ရင်ခုန်တတ်ခဲ့တယ်ဆိုရင်တော့ သူ့နှလုံးသားက ရှင်သန်ခြင်းရဲ့ ပြယုဂ်တစ်ခု။ ညဟာ တိတ်ဆိတ်ခြင်းများစွာနဲ့ သူ့ရင်ခုန်သံကို နားထောင်နေ၏။

◆ ◆ ◆



## အခန်း (၂၈)

"ဆောရီး…ဆောရီးပါ မမရယ်၊ မော်ရုပ်တာကယ် အမူး လွန်သွားတာပါ၊ မော်ရုပ်ကလေ ဗိုက်တွေတအားဆာနေတဲ့အချိန် ဟိုဝိုင်ကလည်း ချိုရှရှလေးဆိုတော့ သတိမထားမိဘဲ တအား သောက်ပစ်လိုက်တာ၊ အဲဒီမှာ လူက ချာချာကိုလည်သွားတော့ တာ၊ အဟီး အခန်းမှားဝင်တာကလေ မော်ရုပ်တို့အခန်းက အပေါ် ထပ်ဓာတ်လှေကားက ဆင်းဆင်းချင်း ညာဘက်အစွန်ဆုံးအခန်း၊ အခု မမကလည်း အဲဒီလိုအခန်းပဲလေ၊ အောက်ထပ်ပဲဖြစ်သွားတာ၊ မော်ရုပ် အဲဒီမှာ မှားသွားတာ"

မော်ရုပ်ဟာ အိပ်ရာမှနိုးနိုးချင်း အမူးလဲပြေသွားပြီဖြစ်ရာ ဒါ ကိုယ့်အခန်းကိုယ့်ခုတင်မဟုတ်မှန်း တန်းသိပါသည်။ အသိသာ ဆုံးက ခုတင်နှင့် အခန်းရဲ့အရှေ့ပိုင်းကို ကာထားသော လိုက်ကာ စကြီးကိုပင်။ ထို့ကြောင့် ရုတ်တရက် ထထိုင်တော့ သူမကိုယ်ပေါ် မှာ ပြောင်းလဲနေတဲ့ ညဝတ်အင်္ကျီ။ ကြိုးတစ်ချောင်းတည်းဂါဝန်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဟန်းနုရောင်ပိုးဂါဝန်ပျော့ကြောင့် မော်ရုပ်မှာ တစ်ယောက်တည်းနေရင်း ရှက်ရွံ့သွားရသေးတာ။ မော်ရုပ်က ညအိပ်အင်္ကျီတောင်လုံခြုံသော ချည်ထည်အင်္ကျီနှင့် ဘောင်းဘီပွပွအံ့ရှည်တွေပဲ ဝတ်တတ်တာလေ။ အိုက်လွန်းလို့သာ အင်္ကျီချွတ်လဲတာတော့ မှတ်မိသည်။ ဒါပေမဲ့ ဘယ်သူဘယ်ဝါ အခန်းထဲရောက်နေမှန်း မော်ရုပ် မသိရ။ ထို့ကြောင့် လိုက်ကာစကို အသာလှပ်၍ အပြင်သို့ ခေါင်းပြူကြည့်မှ ဆိုဖာပေါ်တွင် ခွေခွေခေါက်ခေါက်လှဲနေသော မမကို တွေ့ရတာဖြစ်သည်။ သူမကလည်း မမကိုတွေ့တော့ ထိတ်လန့်။ မမကလည်း သူမကိုတွေ့တော့ ရုတ်တရက် လန့်သွားပြီး ထထိုင်သည်။ ထိုတော့မှ မော်ရုပ်က မျက်နှာကို တွင်တွင်ပြုံးပြီး တောင်းပန်စကားကို အသည်းအသန်ပြောရတာပဲဖြစ်၏။ မမကတော့ သူမပြောသမျှကို ခပ်မတ်မတ်ထိုင်နားထောင်နေပြီးမှ…

"အခု…မင်းအမူးပြေသွားပြီပေါ့ ဟုတ်လား"

"ဟုတ်"

မမက လက်၌ပတ်ထားသော ရွှေရောင်နာရီသေးသေးလေးကို တစ်ချက်ငုံ့ကြည့်ပြီး…

"အခုမှ မနက်သုံးနာရီပဲရှိသေးတာ၊ မိုးမလင်းခင် မင်းအခန်းကိုပြန်လေ၊ ဒါမှ တစ်ညလုံး မင်းပျောက်နေတာကို မရိပ်မိမှာ"

"အဟင်း…ပြန်ပါ့မယ်မမရဲ့၊ ဒါပေမဲ့ မော်ရုပ်ကသာ လျှာထွက်မတတ်တောင်းပန်နေတာ မမက ခွင့်လွှတ်တယ်လို့





မပြောသေးတာ"

ဟုတ်သားပဲ။ မာလေးက ကိုယ့်အကြောင်းနဲ့ကိုယ် သူမကို အခန်းထဲက အမြန်ပြန်လွှတ်ချင်နေတာလေ။ လူတွေရဲ့သဘာဝဟာ ဆန္ဒများစောသွားရင် တခြားဘာကိုမှ မမြင်တတ်တော့ဘူးဆိုတာ အခု မာလေးလက်တွေ့။ မာလေးက ရှေ့မှ ကျုံ့ကျုံ့လေးထိုင်နေသည့် ကောင်မလေးအား စိုက်ခနဲ ကြည့်မိပြန်သည်။ မာလေးရဲ့ ဂါဝန်ဖြစ်ပေမဲ့ သူမနဲ့က တိုင်းချုပ်ထားသလို အံဝင်ခွင်ကျ။ အင်္ကျီရဲ့ အကာအကွယ်မဲ့နေရာကနေ စကားဝါရောင်ဝင်းသော အသားအရေတွေဟာ နှမြောလတ်ဆတ်ခြင်းများစွာနှင့်။ အနီရင့်ရောင်ကနေ ဟန်းနုရောင်ပြောင်းသွားပြီးဖြစ်တဲ့ မျက်နှာပေါ်က အစိတ်အပိုင်းတွေဟာလည်း သူ့နေရာနဲ့သူ အချိုးတကျ။ ပခုံးကနေကျော်ပြီး ကျနေတဲ့ မဟူရာရောင်ဆံနွယ်တွေကြောင့် သူမလေးရဲ့ အသားအရေဟာ ရွှေရောင်လို လင်းသွားသလိုထင်ရသည်။

"ဟင်…မမကလည်း မော်ရုပ်ကိုစိုက်ကြည့်ပြီး ဘာမှလည်းမပြောဘူး၊ ဘာလဲဟင် မော်ရုပ်ကို စိတ်တကယ်ဆိုးနေတာလား"

ဒီတော့မှ အကြည့်ကို တခြားတစ်ဖက်သို့ရွှေ့ရသည်။ ဒါပေမဲ့ စွဲငင်တတ်သောရုပ်ဝန်းမှ ဝေးဝေးမသွားနိုင်သလို။ အပြစ်ကင်းတဲ့ အဲဒီမျက်နှာလေးနားမှာပဲ အကြည့်က တဝဲလည်လည်ဖြစ်ရင်း…

"မဟုတ်ပါဘူး၊ တို့ခွင့်လွှတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လက်ခနဲတောက်ပသွားတဲ့ မျက်ဝန်းတွေထဲမှာ အပျော်ရိပ်ကို တွေ့ရသည်။

''တကယ်…တကယ်နော် မမ''

''တကယ်ပါ''

ဒုတိယအကြိမ် အတည်ပြုပေးသည်။ ထိုအခါ ရုတ်ခနဲထလာပြီး ဝင်ထိုင်လိုက်တာ မာလေးဘေးနားမှာ။ ရုတ်တရက်မို့ ကိုယ့်ရင်ခွင်ထဲ ပစ်ဝင်လာတဲ့အထိ နီးကပ်မှုကို မာလေးက မရှောင်လိုက်နိုင်။ သူမကသာ မာလေးပခုံးပေါ် ခေါင်းမှီရင်း…

''ကျေးဇူးပဲ မမ၊ အဟင်း မော်ရုပ်က မမစိတ်ဆိုးသွားမှာ ကြောက်နေတာ၊ ဒင်းနှာမှာတွေ့ကတည်းက မမကိုခင်ချင်နေတာလေ၊ အဲဒါဘာကြောင့်လဲ သိလား''

မေးခွန်းနှင့်အတူ မာလေးပခုံးပေါ်က သူမခေါင်းကို ပြန်မတ်သည်။ မာလေးအား စေ့စေ့ကြည့်ပြီးပြုံးသည်။ ဒါကိုပဲ မာလေးက အခွင့်ကောင်းယူကာ ဆိုဖာရဲ့ ဟိုဘက်အခြမ်းဆီ ရွေ့ခနဲတိုးသည်။ သူမလေးကတော့ မာလေးရဲ့စိုးရိမ်မှုကို သတိမထားမိဘဲ ပါးပြင်လေးကို လက်ညှိုးနှင့်လှမ်းတို့ထိကာ…

''မမက အရမ်းချောလို့၊ ကိုယ်လုံးလေးလည်း အရမ်းလှလို့''

''အင်''

ကိုယ့်ဟာကိုယ် တံတွေးနင်သွားသည်။ ဒါကိုပဲ သူမပြောစကားကို မာလေးက မယုံဘူးထင်၍လားမသိ…





''အဟုတ်…တကယ်ပြောတာ မမရဲ့၊ မမကိုယ်လုံးလှပုံကလေ တခြားလူတွေလှပုံနဲ့မတူဘူး၊ ပေါ်ပေါ်တင်တင်ကြီး ထင်ရှားအောင်လုပ်ထားတာမျိုးကို ပြောတာပါ၊ မမက သူ့နေရာနဲ့သူ အချိုးအဆစ်ကျတယ်၊ မရိုင်းဘူး၊ ယဉ်ကျေးတဲ့ကိုယ်လုံးလေး''

ဒီတစ်ခါတော့ တံတွေးတွေနင်တာများ လည်ချောင်းတစ်ခုလုံးတောင် နာသွားရတဲ့အထိ။ ကိုယ်ဖန်တီးထားသော အလှတွေအတွက် ဒီလိုချီးမွမ်းခံရတာ ဂုဏ်ယူစရာ။ ဒါပေမဲ့ မာလေးအတွက်တော့ ရှက်ရွံ့သိမ်ငယ်စရာ။ ကိုယ့်ဘဝဟာ အငှားခန္ဓာကိုယ်နဲ့နေရတာမျိုး။ မော်ရုပ်ကတော့ ပြောချင်ရာပြောပြီး ဆိုဖာမှ ဆတ်ခနဲထရပ်ကာ…

''ဒီမှာကြည့်''

ဆိုပြီး သူ့ကိုတစ်ပတ်လှည့်ပြသည်။ ပြီးတော့ စိတ်ပျက်လက်ပျက်နှင့်

''မမလိုမလှဘူး တွေ့လား''

ပြောပြီး ရွေ့ခနဲပစ်ထိုင်တာက မာလေးဘေးနားဆီ။ မာလေးမှာ ထပ်ရွှေ့စရာနေရာလည်း မရှိတော့။ ဘေးမှာက ဆိုဖာလက်တန်းကြီး။ အတူတူအကြာကြီးလည်း ပူးကပ်မထိုင်ချင်။ သူမလက်မောင်းသားတွေနဲ့ ကိုယ့်လက်နဲ့ မတော်တဆ လာထိတာတောင် ရင်ထဲမှာ ဘုရားပွဲလှည့်နေသလို နားထဲဆူကာအူနေပြီး မိန်းခနဲ ရှိန်းခနဲ ခံစားမှုဟာ ဘယ်လိုကြီးမှန်းကိုမသိ။

''ဒီလိုပဲကြိုးစားကျင့်ပေါ့၊ ကဲ အခန်းပြန်တော့၊ နောက်ရေး



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ပွဲအတွက် ပြင်ဆင်ရဦးမှာ၊ တို့လည်းအိပ်တော့မယ်''

''ဟုတ်…ဂွတ်နိုက် မမ၊ စိတ်မဆိုးတဲ့အတွက် ကျေးဇူး''

ဘာမပြောညာမပြောနဲ့ မာလေးပါးပြင်ကို နမ်းသွားတာ ရွှတ်ခနဲ။ မာလေးမှာ မျက်လုံးကြီးအပြူးသား၊ ရင်တွေဆတ်ဆတ်ခုန်ပြီး လူကတော့ နေရာမှာတင် မလှုပ်မရှားဘဲ အဲဒီဆိုဖာပေါ်မှာတင် ငုတ်တုတ်ကြီးမှိုင်းလင်းခဲ့ရသည်။ မော်ရုပ်ရဲ့ အနမ်းတစ်ချက်ကြောင့် သူ့နှလုံးသား ခါတ်လိုက်ခံခဲ့ရသည်ဟုဆိုလျှင်…

◆ ◆ ◆

## အခန်း (၂၉)

''ဟုတ်လို့လား ငွေရီရယ်၊ နင်ဘယ်ကကြားတာလဲ''

''သြော်…တကယ်ပါဆို၊ ငါ့အစ်မတွေလည်း မော်ဒယ်(လ်)မလုပ်ပေမဲ့ ဒီလောကနဲ့ဆက်စပ်နေတာလေ၊ Beauty Spa ဖွင့်ထားတဲ့ သူ့ပဲဟာ၊ ငါက ဒီဇိုင်နာအုပ်စုထဲမှာ ကြမ္မာရင့်ပါတယ်ဆိုတော့ မမက သူသိတဲ့သူလားမသိဘူးတဲ့၊ ဒါပေမဲ့ မမ သိခဲ့တဲ့သူ့နာမည်က ကြမ္မာရင့်တော့မဟုတ်ဘူး''

''ဟယ်…နင့်ဟာက နာမည်လွဲနေတော့ လူပါတည့်ပါတော့မလား၊ အရူးမ တောင်စဉ်ရေမရပြောနေတာ''

ထွန်းက ထပြောသည်။ မော်ရုပ်ရယ် ထွန်းနဲ့ ငွေရီဟာ အောင်စီတစ်ခုတည်းက အဖွဲ့သားတွေ။ ဒီပွဲမှာ သူမတို့အောင်စီကိုယ်စားပြု လာပြိုင်ကြခြင်းဖြစ်သည်။ နေတော့လည်း တစ်ခန်းတည်း။ သွားလေရာလည်း တတွဲတွဲပင်။ သင်တန်းမှာကတည်းက အကျွမ်းတဝင်ဖြစ်ပြီးသားမို့ တကယ်ငယ်ပေါင်းကြီးဖော်တွေ





www.burmeseclassic.com

www.burmeseclassic.com



ခရီးထွက်လာရသလိုပင်။ အခုလည်း ညနေပိုင်းကမ်းခြေမှာ လမ်းလျှောက်ထွက်လာရင်း ဘယ်လိုစကားဆက်မိပြီး ကြမ္မာရှင့် အကြောင်း ရောက်သွားသလဲမသိ။ မော်ရုပ်ကတော့ ကိုယ်မသိသေး တဲ့ မမအကြောင်းမို့ ရှုးမိုက်စွာနားထောင်ရင်း ဘာမှဝင်မပြောမိ။ ထွင်နဲ့ ငွေရီနဲ့သာ အပြန်အလှန်ပြောနေကြတာ။

''ပဲ့…တကယ်ပါဆို၊ နာမည်သာလွဲတာ၊ ဒီရောက်တော့ ကြမ္မာရှင့်ပုံစံက မမပြောတာနဲ့ တစ်ထပ်တည်း၊ ကိုယ်လုံးလှတာ ရော၊ အရမ်းချောပြီး အရပ်မြင့်တာရော၊ ပြီးတော့ မေးဖျားနှစ်ခွ ဖြစ်နေတာရော အကုန်ကွက်တိ''

''ဟင်…နင့်ဟာက နာမည်နဲ့လူနဲ့မှမတူတာ''

''သြော်…ဒီလောကမှာ နာမည်ဆိုတာ အမျိုးမျိုးပြောင်း လို့ရတာပဲ ထွင်ရဲ့၊ အနုပညာသမားဆိုတာ ဒီနာမည်နဲ့ မအောင်မြင် ရင် တခြားနာမည်ပြောင်းကြတာ ဆန်းမှမဆန်းတာ၊ ငါ့အစ်မပြော တာ အဲဒီကြမ္မာရှင့်က မိတ်ကပ်ပြင်တာအရမ်းတော်တာတဲ့၊ သူနိုင်ငံ ခြားထွက်သွားတာက ဟိုမှာ ဒီဇိုင်နာသင်တန်းအတွက် ဘွဲ့တွေ ဒီပလိုမာတွေ ထပ်ယူတာဆိုပဲ''

''ဒါပေမဲ့ ငါတို့က ကြမ္မာရှင့်ရဲ့အုပ်စုမှာ မပါဘူးလေ ပါတာက သူ''

ထွင်က ပခုံးချင်းတိုက်ပြီး မော်ရုပ်ကိုပြောသည်။ မော်ရုပ် က ယိုင်သွားတဲ့ဟန်ချက်ကို ပြန်ထိန်းရင်း…

''မိန်းမတွေ စွတ်ပြီးမလုပ်နဲ့၊ အရှိန်လွန်ပြီး ပင်လယ်ထဲ





ကျသွားမှဖြင့်''

''ဟုတ်တယ် မိထွင်၊ သူ့ကို ကိုခကြီးက ဒီခရီးကိုလွှတ် တာတောင် စိတ်မချဖြစ်နေတာ၊ နင် မော်ရုပ်ထိခိုက်အောင် သွားမလုပ်နဲ့၊ အမှုဆင်ပြီး နင့်တစ်ခါတည်းဖမ်းသွားမှာ''

''ဟွန်း…ဒါဆို ကိုသိန်းကြီးက ပြည်သူ့ရဲမဟုတ်ဘူးပေါ့ မော်ရုပ်ရဲကြီးပေါ့''

ထွင်ရဲ့ ချေပစကားကြောင့် ကျောက်ဆောင်ပေါ်က မော်ရုပ် တို့ရယ်သံဟာ လှိုင်းလုံးအော်သံနှင့်အပြိုင်။ မော်ရုပ်ကတော့ ရယ်လို့ သာရယ်၊ ပြောလို့သာကြားနေရတာ အာရုံထဲ သိပ်မရှိတာအမှန်။ အခုနေခါမှာ မော်ရုပ်အာရုံကို ဖမ်းစားထားနိုင်တာ မမပင်။ မမ မိတ်ကပ်ပြင်တတ်တာ တကယ်ဟုတ်မဟုတ် မော်ရုပ် မေးကြည့်ချင် သည်။ မနက်သုံးနာရီကျော်ကတည်းက လမ်းခွဲခဲ့ရသော မမနှင့် မော်ရုပ်က ဒီတစ်နေ့လုံး ဆုံကိုမဆုံသေးတာ။ သောင်ပြင်က ဟိုတယ်ဆီ လမ်းလျှောက်အပြန်မှာတော့ မော်ရုပ်က မမကိုဝင်တွေ့ ရန် အားခဲထားသည်။ ထူးဆန်းစွာပင် မော်ရုပ်ဆုတောင်းပြည့်၏။ ကမ်းခြေက စားသောက်ဆိုင်တန်းမှာ မမနှင့် တခြားဒီဇိုင်နာတွေ။ မမကလည်း မော်ရုပ်ကို လှမ်းမြင်ပုံပေါ်သည်။ မော်ရုပ်က လက်လှမ်းပြသည်။ မမက ခေါင်းတစ်ချက်ဆတ်ကာ ဒီဇိုင်နာတွေ နှင့် အကြောင်းအရာတစ်ခုကို ထက်သန်စွာ ဆွေးနွေးနေ၏။

''ဟိုမှာ မော်ရုပ်၊ ကြမ္မာကိုခေါ်နေတာနဲ့တူတယ်''

ဒီဇိုင်နာဝင့်ဝါက…



www.burmeseclassic.com

www.burmeseclassic.com



''အင်း…သိတယ်၊ ပြီးမှသွားလိုက်မယ်၊ ဒါဆို ရပြီနော်၊ မာလေးတို့ပွဲမှာ ပထမတစ်ကြိမ်က မြန်မာဝတ်စုံတွေ၊ ဒုတိယအကြိမ် ဖိုင်နယ်ပေါ့၊ အဲဒီမှာ အီဗနင်းဒရက်(စ်)ဟုတ်တယ်နော်''

လို့ မာလေး၏ အစီအစဉ်ကို ရှုတ်ပြသည်။ ဒီဇိုင်နာ ခြောက်ယောက်။ တစ်ဦးလျှင် မော်ဒယ်ငါးယောက်စီ တာဝန်ယူ ပြင်ဆင်ပေးရမည်။ ဝတ်စုံဆယ်စုံနှင့် အပိုသုံးစုံကို ရန်ကုန်မှာ ကတည်းက စိတ်ကြိုက်ချုပ်ထားပြီးသား။ ဒီရောက်မှ မော်ဒယ်လေး တွေကို ဆင်ပေးရင် လိုအပ်တာပြင်ဆင်ရုံသာ။ ကိုယ်ချုပ်ပေးသော ဒီဇိုင်းနဲ့ ကိုယ့်မော်ဒယ်က အံဝင်ခွင်ကျရှိလျှင် ပြိုင်ပွဲမှာ ဆုတစ်ခု တော့ချိတ်နိုင်သည်။ ဒါဆို ဒီဇိုင်နာလည်း အောင်မြင်နိုင်၏။ ဒီလိုပြိုင်ပွဲမျိုး၌ ဆုကိုမျှော်လင့်ကြခြင်းဟာ ဒီဇိုင်နာတိုင်းရဲ့အိပ်မက်။

''အင်း…ဟုတ်တယ်၊ ပထမပွဲမှာ ဆယ့်ငါးယောက်ရွေး မယ်၊ အဲဒီဆယ့်ငါးယောက်ထဲက သုံးဆုပြန်ရွေးပြီး ကျန်တာက နှစ်သိမ့်ဆုနှစ်ဆုရယ်၊ ဖိုတိုဂျဲနစ်ရယ်၊ အသားအရေအလှပဆုံးဆုနဲ့ ဖက်ရှင်အကျဆုံးဆုဆိုပြီး သတ်မှတ်ထားတာလေ၊ ကိုယ်ဆင်ပေးတဲ့ ဒီဇိုင်းနဲ့ ကိုယ့်မော်ဒယ်(လ်)ဆုရအောင် ကြိုးစားရမှာက ဒီဇိုင်နာတွေ ရဲ့တာဝန်''

စုမြတ်က စကားပိတ်ကို အပြုံးနဲ့ဆိုရင်း ဆွေးနွေးပွဲကို အဆုံးသတ်၏။ မာလေးက အချက်အလက်တွေ မှတ်ထားသော ဖိုင်ကိုပိုက်၍ အပြင်ထွက်တော့ ကမ်းခြေမှာ ဆည်းဆာရောင်တောက် နေပေပြီ။





''ဟေး…မမ''

ကျောက်ဆောင်အကွယ်ကနေ လက်လှမ်းပြရင်း သူရှိရာ ပြေးထွက်လာတဲ့ မော်ရှပ်။ မာလေးက နေရာမှာပဲ ခြေစုံရပ်စောင့် ကာ တည်ငြိမ်ချင်ဟန်ဆောင်နေပေမဲ့ ရင်ခုန်ခြင်းဟာ သူမနဲ့တွေ့ တိုင်း အသစ်တစ်ဖန် နိုးထလာစမြဲ။ မော်ရှပ်ကတော့ အပြေးလာရ သည့်အတွက် သူ့အနားရောက်သောအခါ ဒူးပေါ်လက်နှစ်ဖက် ထောက်ပြီး ခါးလေးကိုင်းကာ အမောဖြေသည်။ ဒီအတိုင်းကြီး ဆက်ရပ်နေလည်း ရင်ခုန်သံတွေက မငြိမ်နိုင်သည့်အတွက် မာလေး က စကားစရန် လမ်းကြောင်းရှာရ၏။ အဓိကက ကိုယ့်အာရုံတွေ ပြောင်းလဲအောင်။

''ညက မင်းအခန်းဖော်တွေ လိုက်မရှာကြဘူးလား''

''အဟင်း…မရှာဘူးမမရဲ့''

မော်ရှပ်က မောဟိုက်သံနှင့် ဖြေရင်း ရယ်ပြသည်။ ပါးစုံ တွေ ဖောင်းတက်သွားတာနှင့် မျက်ဝန်းတွေပါ မှိတ်ကျသွားသည်။ ပိုချွန်ထွက်လာသယောင်ထင်ရတဲ့ နှာတံကြောင့် သူမအသွင်က တွေ့လိုက်တိုင်း အမြဲချစ်စဖွယ်။ ဝတ်စားပုံလည်းကြည့်ဦး မော်ဒယ်(လ်)ဆိုပြီး တွေလီကာလီတွေနဲ့ ရှုပ်ပွနေအောင် မပြင်ဆင်။ တီရှပ်ဖြူတစ်ထည်နှင့် သရီးကွာတားဘောင်းဘီက လီမွှော်ရောင်မို့ ပေါ့ပေါ့ပါးပါးပင်။ တွေ့တဲ့အချိန်တိုင်း သူမက ထူးပြီးလှမနေ။ ဒါပေမဲ့ မာလေးကတော့ ရူးသွပ်စွာငေးရတာချည်းပင်။ မော်ရှပ်က ဆံပင်တွေကို ဝဲခနဲခါပစ်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ဟိုတယ်မှာ အလကားတည်းခွင့်ရတဲ့ မာဆတ် သွားအနှိပ်ခံတဲ့လူနဲ့၊ ကလပ်သွားတဲ့လူနဲ့ဆိုတော့ မနက်လေးနာရီ ကျော်မှ ပြန်ရောက်တာလေ၊ အဲဒီအချိန် မော်ရုပ်က အခန်းထဲဝင်နှပ် နေတာ နှစ်ရေးလောက်တော့ အသာလေး"

"ဩော်"

သူမရဲ့ပြောဟန်ကိုကြည့်ရင်းက ခြေလှမ်းတွေက ကမ်းစပ် တစ်လျှောက် လှမ်းမိရက်သား။ မာလေးက သူမနဲ့တွေ့တိုင်း ကိုယ့်ကိုယ်ကို မအုပ်ချုပ်နိုင်တော့။ သူမပြောပုံ၊ သူမသွားပုံ၊ သူမ ရယ်ပုံ အစရှိသော အမူအရာတွေကိုငေးရင်း မော်ရုပ်ဦးဆောင်မှု အောက် မျောပါသွားစမြဲ။

"မမ"

"ဟင်"

မမလို့ တစ်ခါအခေါ်ခံရတိုင်း တစ်ခါကြက်သီးထသည်။ မခေါ်ပါနဲ့လို့ တားရအောင်လည်း ကိုယ့်ဝတ်စားပုံက လည်ထောင် ရင်ဖုံးနှင့် ထဘီနဲ့ဆိုတော့ မာလေးက ကိုယ့်ကိုယ်ကို စိတ်အိုက်စွာ ငုံ့ကြည့်ရင်း မော်ရုပ်ဘာစကားဆက်ပြောမလဲဆိုတာ မသိစိတ်က နားစွင့်ရသည်။

"မမ…မိတ်ကပ်ပြင်တတ်တယ်ဆို"

အလန့်တကြားဖြစ်သွားတဲ့စိတ်က မျက်ဝန်းတို့ကို မထိန်း ချုပ်နိုင်။ ဖျတ်ခနဲမျက်လွှာပင့်ကြည့်သည်။ အကဲခတ်မျက်ဝန်း‌‌ေ တည်နေရာက မာလေးမျက်နှာထက်မှာ ရှုးစိုက်လျက်။ မှသား





မသုံးချင်ပေမဲ့ ရင်ထဲက အနှစ်မပါတဲ့ ဟန်ဆောင်ခြင်းကြောင့် မာလေးကပြုံးရင်း…

"အင်း…နည်းနည်းပါးပါးပါ၊ မင်းက ဘယ်လိုသိလဲ"

ဒီတစ်ကြိမ် အကဲဖမ်းရမည့်သူက ကိုယ်။ ခေါက်တုံ့ ခေါက်ပြန်အကြည့်တွေနဲ့ မော်ရုပ်မျက်နှာထက်က အရိပ်ကိုဖမ်းရန် ကြိုးစားသည်။ ခက်တာက ကောက်ကွေ့ခြင်းမရှိတဲ့ အဖြူရောင် သက်သက် ရိုးသားခြင်းတွေနဲ့ မော်ရုပ်က။

"သူငယ်ချင်းတွေကပြောလို့လေ၊ အဲဒါ မော်ရုပ်မမကို အကူအညီတောင်းမလို့"

"ဘာကိုလဲ"

"မော်ရုပ်ကို မိတ်ကပ်ပြင်ပေးဖို့"

"အယ်…မဖြစ်နိုင်တာ"

ကြိုတင်စဉ်းစားထားခြင်းမရှိပေမဲ့ အငြင်းစကားက စဉ်းစားစရာမလိုအောင် သေချာပြီးသား။ မိတ်ကပ်ဆရာမဘဝကို မာလေး နှစ်သက်သည်။ ဝါသနာပါသည်။ သို့ပေမဲ့ စွန့်လွှတ်ခဲ့ရ ပြီ။ ကိုယ့်အနုပညာဖန်တီးမှုကို ချီးကျူးချင်သူများရှိသလို မြေမှာ ချပြီး ခြေနဲ့နင်းချေသူအများအပြား။ ကိုယ့်ဝါသနာကြောင့်ပင် ရင်နာ ရတဲ့အဖြစ်တွေ ကြုံခဲ့ရပြီးပြီ။ အတိတ်ကို ပြည်ဖုံးကားချဖို့အတွက် အချိန်ဘယ်လောက်လိုမလဲ။ မာလေးမသိ။ သိခဲ့တာက ထိုဝါသနာ ထဲက စွန့်ထွက်ဖို့ပင်။ မိတ်ကပ်ပြင်သူရဲ့ဘဝသို့ မာလေး ဘယ်တော့ မှ ခြေဦးပြန်လှည့်မည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



''ဘာလို့မဖြစ်နိုင်ရမှာလဲ မမရဲ့''

''ပြိုင်ပွဲစည်းကမ်းနဲ့လည်း မညီဘူးလေ''

''အင်းလေ…ပြိုင်ပွဲစည်းကမ်းက မော်ဒယ်(လ်)တွေ ကိုယ်တိုင် ပြင်ရမှာလေ''

''မင်းသိရဲ့သားနဲ့၊ တို့ပြင်ပေးလို့မှမရတာ''

''မမက ပါးစပ်ကညွှန်ကြားလေ၊ မော်ရုပ်က မမပြောတဲ့ အတိုင်း လုပ်မယ်၊ အဲဒါဆို စည်းကမ်းလည်းချိုးဖောက်ရာ မကျ တော့ဘူး၊ မော်ရုပ်လည်း လှသွားမှာ လုပ်ပါ မမရဲ့၊ မော်ရုပ် ဒီပြိုင်ပွဲမှာ ဆုရအောင်''

''ဟို…တို့က''

''ဟင့်အင်း…မမ မငြင်းရဘူး''

ပြောပြောဆိုဆိုနဲ့ မာလေးခါးကို ကျုံးဖက်သည်။ ရင်ခွင် မှာ ပါးတစ်ခြမ်းအပ်ရင်း သူ့ကိုမော့ကြည့်သည်။ အပြင်မှာ လှိုင်းလုံး တွေက ကျောက်ဆောင်တွေကို ဝင်ဆောင့်နေသလို မာလေးရင်ထဲ ဘာတွေဝင်ဆောင့်နေမှန်းမသိ။ ရင်ဘတ်ထဲ အုန်းဒိုင်းကြဲ ပြုလဲသံ တွေသာ ကြားနေရသည်။ မော်ရုပ်ကတော့ တကယ့်တဇွတ်ထိုး။

''မော်ရုပ်တောင်းဆိုတဲ့အတိုင်း လိုက်လျောပေးပါမမရဲ့၊ မော်ရုပ်က အောင်မြင်ခြင်းဆိုတာထက် အဲဒီနောက်က ကပ်ပါလာ မဲ့ လူတွေရဲ့ ချစ်ခြင်းမေတ္တာတရားကို ခံစားကြည့်ချင်လို့ပါ၊ မော်ရုပ် ဘဝရဲ့ ကွက်လပ်တစ်ခုကို အဲဒီပရိသတ်ရဲ့အားနဲ့ ဖြည့်ဆည်းပေး ချင်လို့ပါ''





ခံစားမှုတစ်မျိုးနဲ့ တိုးနင့်နေတဲ့အသံလေးဟာ သူ့ရင်ရဲ့ တစ်လွှာချင်းဆီထိုးခွဲဝင်ရောက်နေသလို။ မာလေးက မော်ရုပ်ကျော ပြင်လေးကို ဖွဖွလေးသိုင်းဖက်ထားမိသည်။ ဒီအထိအတွေ့မှာ တပ်မက်ခြင်းမပါတဲ့ ရင်ခုန်ခြင်းကင်းတဲ့ ပကတိနှစ်သိမ့်ခြင်းဆိုလျှင်။

ကမ်းခြေရဲ့ ဆည်းဆာဟာ အားကောင်းစွာ အရောင်ဖျော့ မှေးမှိန်လာသည်။ မော်ရုပ်ရင်ထဲမှာလည်း မှေးမှိန်နေမည့်အတိတ် တချို့ ရှိလေသလား။ မာလေးကောင်းစွာမသိပေမဲ့ သူမရဲ့ အတိတ် ဒဏ်ရာကို သူ့ရင်ငွေ့နှင့် လွှမ်းခြုံပေးချင်သည်။ သူမရဲ့ကွက်လပ် တချို့ကို သူ့အင်အားဖြင့် ဖြည့်ဆည်းပေးချင်သည်။ ဆည်းဆာချိန် ဟာ နောက်ကနေ့ အရုဏ်ဦးအတွက် အားယူခြင်းလို့ဆိုရင်။ သူ့ရဲ့ ပြောင်းလဲလာတဲ့ စိတ်အစဉ်ဟာ မော်ရုပ်အတွက် အင်အားတစ်ခု ဖြစ်ပါရစေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

''အမယ်လေး…ကျားသားမိုးကြိုးတော်၊ ဒီတစ်ခါတော့ ခရီးထွက်မယ် လာအကြောင်းကြားတာကို ထူးဆန်းရမလား၊ ဝမ်းသာရမလားလို့ ဖြစ်သွားတာ၊ ဘယ့်နှယ် အရင်တုန်းက ဘယ်မြို့ ဘယ်ရွာကို ဘယ်အချိန်က ထွက်သွားတယ်ဆိုတာ တစ်ဆင့်စကားကပဲ ကြားခဲ့ရတာပါ''

''အဲဒီတုံးက အခုလိုအချိန်မရဘူး မေမေရ၊ အရေးကြီးတဲ့ တရားခံတွေနောက်လိုက်ရတာ၊ မေမေ့ကို အကြောင်းကြားဖို့မပြောနဲ့ ကိုယ့်ဟာကိုယ်တောင် ခလုတ်တိုက်မလဲအောင် သတိထားပြီး သွားရတဲ့ အပြေးအလွှားခရီးမျိုးလေ၊ အထက်က အမိန့်ကျတာနဲ့ နေ့ညမခွဲအားဘူး တန်းသွားရတာ၊ နိုင်ငံတာဝန်ထမ်းဆောင်ရတယ်ဆိုတာ သံယောဇဉ်တွေနဲ့ နောက်ဆံတင်းနေလို့ ရတာမျိုးမှမဟုတ်တာ''

''သိပ့်ါတော်၊ အဲဒါကြောင့်လည်း မော်ရှပ်နဲ့ လက်ထပ်ပြီး





ရင် မင်းကို ဒီအလုပ်ကထွက်လို့ပြောတာ''

မေမေက ကနုတ်တွေနှင့် အလှဖော်ထားသည့် ဆိုဖာတွင် ဝင်ထိုင်ပြီးပြောသည်။ ခါးအညွတ်၊ ခေါင်းအလှုပ်မှာပင် ချက်ထောက်နေသော ဆွဲကြိုးနဲ့ စိန်လော့ကတ်ကြီးက တယမ်းယမ်း။ တကယ်ဆို မေမေ့ဆန္ဒဟာ သူ့ကို ဒီလို ပင်ပင်ပန်းပန်းလုပ်စေချင်တာမျိုးမဟုတ်။ ဖေဖေမဆုံးခင် ထူထောင်သွားသော လုပ်ငန်းတွေဟာ မြေလွှတ်မှာ မျိုးစေ့တွေ ကြဲချသွားသလို အများအပြားရှိခဲ့သည်။ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ အဝေးပြေးကားတွေတည်ထောင်ထားသော လုပ်ငန်းတွေအပြင် ဘိုးဘွားအမွေအနှစ် ဆန်စက်၊ ဆီစက်တွေ ရှိသေးသည်။ ဒီလုပ်ငန်းတွေအားလုံးကို ဖေဖေမရှိတော့သောအခါ သူ့အားကိုးနှင့် လည်ပတ်ရန် မေမေ ကြံရွယ်ခဲ့မည်။ မေမေ့အကြံအစည် မအောင်မြင်ခဲ့။ သိခ်က ဝါသနာပါရာ ဒုရဲအုပ်လုပ်သောအခါ မေမေက အရင်ထက်နှစ်ဆတိုး ပင်ပန်းခဲ့သည်။

''လူရင်းတွေကို လူယုံခန့်ရပေမဲ့ သွေးသားရင်းလောက် ဘယ်ယုံရမလဲ''

ဆိုတာ မေမေ့လက်သုံးစကား။ အခုလည်း မေမေက ဆန္ဒနောက်တစ်ခုဖြင့် သူ့အား ချည်နှောင်ရန်ကြိုးစားနေပြန်ပြီ။ မော်ရှပ်နဲ့ လက်ထပ်ရမတဲ့။ သိခ်က ခေါင်းမညိတ်ခေါင်းမခါဘဲ ငြိမ်နေတော့ မေမေက အားမရစွာ သူ့လက်မောင်းအား ဖြန်းခနဲ လှမ်းရိုက်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



''မအေကို အင်းမလှုပ်အဲမလှုပ်နဲ့၊ ဒီတစ်ခါတော့ ဆန့်ကျင်ဖို့မကြိုးစားနဲ့ သိန်း၊ ငါလည်း အသက်ကြီးပြီ၊ သားတွေသမီးတွေ မြေးတွေနဲ့ သိုက်သိုက်ဝန်းဝန်းနေချင်ပြီ''

''အဲဒီကိစ္စက ကျွန်တော်တစ်ယောက်တည်းနဲ့ မပြီးဘူးလေ မေမေရာ၊ မော်ရုပ်ပါ သဘောတူဦးမှ''

''ဟဲ့…တူရမှာပေါ့၊ ဘာမတူစရာရှိလဲ၊ ငါစီစဉ်တဲ့ကိစ္စကို''

မေမေက ရင်ဘတ်ကို တဖျတ်ဖျတ်ပုတ်ရင်း မာန်နှင့် ခပ်ထန်ထန်လေးပြောသည်။ သိန်းကတော့ အပြုံးနှင့် ခေါင်းယမ်းရင်း…

''အိမ်ထောင်ရေးကို ကျေးဇူးတရားကြီးနဲ့ သွားမချုပ်ပါနဲ့ မေမေရာ၊ မော်ရုပ်လည်း သူ့ဟာသူဆုံးဖြတ်ပါစေ''

''အလိုတော်…မင်းပြောပုံက ငါ့ကို မိန်းမရိုင်းကြီးလို့ သတ်မှတ်တာနဲ့ အတူတူပဲ၊ ငါက ဒါဆို မော်ရုပ်က ခေါင်းညိတ်ပြီးသားပဲ၊ မင်းသာ ခေါင်းညိတ်ဖို့ပြင်ထား၊ ကဲ အဲဒီကိစ္စအသာထားဦး အခု မင်းခရီးသွားဖို့ မေမေ ဘာတွေပြင်ဆင်ပေးရမလဲ''

''မလိုပါဘူး မေမေရ၊ အင်္ကျီအဝတ်အစား သုံးစုံလောက်ပဲ''

''ဟဲ့…ခရီးသွားမှာ အဲဒီလောက်နဲ့ရမလား''

မေမေက အလန့်တကြားထအော်သည်။ သူက ဟက်ခနဲ ရယ်ရင်း…





''အကြာကြီးမဟုတ်ဘူး မေမေရ၊ တစ်ရက်နှစ်ရက်ပဲ၊ အဆိုတော် မှုန်ရနံ့ရဲ့အမှုကို ပြန်လိုက်ရမှာ''

''သြော်…မေမေ မှတ်မိပြီ၊ မင်းသားမင်းသမီးတွေစုဆိုတဲ့ အခွေထဲမှာပါတာလေ၊ ချောချောလေးဟဲ့ သူက''

''အင်း…အခု သူ့အမှုကိုပြန်လိုက်ရမှာ၊ ကျွန်တော့်ကို တာဝန်လွှဲလိုက်ပြီ၊ သူ့ဇာတိကို သွားစုံစမ်းရမှာ၊ သူ့အမှုတွဲကိုလေ့လာလိုက်တော့ အငြိုးနဲ့ အသတ်ခံရတဲ့ပုံမျိုး မေမေရ''

''ဘယ်လိုအသတ်ခံရလို့လဲ''

စိတ်ဝင်တစားနဲ့ သားဖြစ်သူကို မေးမိသည်။ အဲဒီတုံးက ဒေါ်မမဟာ မော်ရုပ် မော်ဒယ်သင်တန်းစတက်မယ်ဆိုတော့ အနုပညာလောကအကြောင်းကို တတ်နိုင်သမျှ လေ့လာထားသည်။ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေဖတ်ရင်း ကိုယ်တိုင်ကလည်း အနုပညာဝါသနာပါတဲ့သူ။ ထို့ကြောင့် ပရိဂျူဆာတစ်ဦး တင်ပေးလိုက်သော မှုန်ရနံ့နှင့်တော့ မစိမ်းပေ။ မှုန်ရနံ့ သေဆုံးသွားပြီဆိုသောအခါ စုတ်တသတ်သတ်နှင့် ကရုဏာမစဲနိုင်အောင် ဖြစ်ခဲ့ရဖူးသည်။

''ဆေးမှတ်တမ်းထဲမှာတော့ ချွန်ထက်တဲ့အရာနှစ်ခုနဲ့ ဗိုက်ထဲထိုးပြီး မွေ့ပစ်ခဲ့တာတဲ့၊ အူတွေတောင် အပိုင်းပိုင်းပြတ်ကုန်တယ်''

''ဘုရားရေ…ရက်စက်လှချည်လားဟင်''

ဒေါ်မမက ရင်ဘတ်ဖိရင်း မချိတင်ကဲပြောသည်။ သိန်းကတော့ ထိုအမှုဖတ်ကြည့်ကတည်းက အငြိုးတကြီး သတ်ခဲ့တာလို့ ကောက်ချက်ချမိသည်။ ဓားနှစ်ချောင်းနဲ့ ဝမ်းဗိုက်ထဲထိုးမွှေခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဟာ တော်ရုံစားထိုးမှုမျိုးမဟုတ်။ မသေသေအောင် အငြိုးဖွဲ့သတ်ခြင်းမျိုး။

"သူ့မိဘတွေတော့ တော်တော်ယူကျုံးမရဖြစ်မှာနော်"

"မှုန်ရန့်မှာ အမေမရှိတော့ဘူးတဲ့၊ အမေနဲ့ကြီးတော်နဲ့နေတာတဲ့လေ၊ ကျွန်တော်ကတော့ သူနဲ့ပတ်သက်တဲ့လူတွေ၊ သူကျင်လည်ဖူးတဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွေထဲ နောက်တကျော့ ပြန်ဝင်စုံစမ်းရမှာ မေမေ"

အတွေးထဲမှာ ဒီရေလှိုင်း ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ပိုင်ရှင် ဒီရေဆိုသူကို မြင်ယောင်လာသည်။ စုစည်းထားသော သတင်းတွေအရ ဒီရေဆိုသူဟာ နိုင်ငံရပ်ခြားမှ ဒီမြန်မာနိုင်ငံသို့ ပြန်ရောက်တာ ရက်ပိုင်းမျှပင်ရှိသေးသည်။ သူဝင်စုံစမ်းခဲ့တဲ့ ရုပ်ရှင်အသိုင်းအဝိုင်းက ပေးသောသတင်းအရ…

"ဒီရေနဲ့ မှုန်ရန့်ဟာ ချစ်သူတွေဖြစ်ပြီး လက်ထပ်ဖို့အထိ ရည်စူးထားတဲ့သူတွေ၊ ဒါပေမဲ့ ဒီရေ့အရုပ်တော်ပုံကြောင့် မှုန်ရန့်နဲ့ ပဋိပက္ခဖြစ်တာ တော်တော်ကို ကြီးကျယ်ခဲ့တာ၊ ရှုတင်မှာ ပါးရိုက်ပွဲဖြစ်တဲ့အထိပဲ၊ အဲဒီနောက်ပိုင်းမှာ မှုန်ရန့်ဆုံးခဲ့တာ"

မှုန်ရန့်နှင့် ပတ်သက်သော အသိုင်းအဝိုင်းကလည်း ထိုသို့ ထင်မြင်ချက်ပေးခဲ့တာပင်။ မှုန်ရန့် မိခင်ဖြစ်သူကတော့ သမီးစိတ်ကြောင့် ရိပ်သာဝင်နေရသည့်နေရာအထိ သူသွားရောက်မေးမြန်းခဲ့သည်။

"အန်တီကတော့ အတိတ်ကံပါလာလို့ ဒီလိုဖြစ်သွားတယ်လို့ပဲ တွေးပါတော့တယ် မောင်ရင်ရယ်၊ ဘယ်သူ့ဘယ်သူ့အပေါ်





မှာလည်း ထိခိုက်ပါစေလို့ စိတ်မျိုးမရှိတာအမှန်ပါ၊ ဒါပေမဲ့ သမီးလေး အခုလိုဖြစ်တာ ဘာကြောင့်ဆိုတဲ့ အကြောင်းပြချက်မရတာတော့ အန်တီစိတ်မကောင်းပါဘူး၊ အဲဒီညနေက သမီးက သူ့ဦးလေးဆိုင်မှာ သီချင်းဆိုဖို့သွားတယ်၊ မသွားခင်အထိ အန်တီက သူ့ကိုဆူမိသေးတာ"

"ဘာအကြောင်းကြောင့်များပါလိမ့် အန်တီ"

အမျိုးသမီးကြီးရဲ့ တည်ငြိမ်သောမျက်နှာပြင်ဟာ ခဏတော့ လှုပ်ခတ်သွားသလိုထင်ရသည်။ ပြီးမှ ပင့်သက်ကို အားတစ်ခုယူသလို ရှိုက်သွင်းရင်း…

"မောင်ဒီရေနဲ့ ပြဿနာပါ၊ ဂျာနယ်တွေထဲပါလာတဲ့အထိလေ၊ တော်တော်ဟိုးလေးတကျော် ဖြစ်သွားတဲ့သတင်းပါ"

ဒီလောက်အထိပဲ ဖြေသွားသည်။ ကြည့်ရတာတော့ တရားအရိပ်ခိုနေသူမို့ မိမိကြောင့် တစ်ပါးသူ ထိခိုက်သွားမှာစိုး၍ထင်သည်။ သူ ဒုတိယမေးမြန်းခဲ့တာ ကိုကျော်ထွဋ်။ ကျော် ရက်စတောရင့်ပိုင်ရှင်။

"အဲဒီညက ဒီရေနဲ့ချိန်းထားတဲ့ဆိုင်ကို ကျွန်တော့်ဒရိုင်ဘာကိုယ်တိုင် လိုက်ပို့ခဲ့တာပါ"

"ဂျာနယ်ခေါင်းစီးအရ ဒီရေနဲ့ မိတ်ကပ်ဆရာမရဲ့သတင်းကရော ခင်ဗျာ"

လို့ သူမေးခဲ့သည်။ ဦးကျော်ထွဋ်က တည်ငြိမ်စွာ နားထောင်ရင်းက ခဏစဉ်းစားပြီးမှ…

"မဖြစ်နိုင်ဘူးဗျ၊ ရန့်ကလည်း ငြင်းထားတာပဲ မာလာ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ရိုးရိုးအေးအေးပါ၊ မောင်ဒီရေနဲ့ မာလာနဲ့ နှုတ်ဆက်စကား ပြောတာတောင် မတွေ့ဖူးဘူး''

''အဲဒီမမာလာဆိုတဲ့သူကိုရော ကျွန်တော်တွေ့လို့ရ မလား''

''မရှိတော့ဘူးဗျ၊ ကျွန်တော်နဲ့သူနဲ့ စာချုပ်သက်တမ်းနေ တာနဲ့ သူ ဒီကထွက်သွားတာပဲ''

''ဒါဆို အဲဒီညက ဦးကျော်ထွဋ်က ဒီဆိုင်မှာ ဆိုင်ပိတ် ချိန်ထိရှိတယ်ပေါ့''

''အင်း…ရှိပါတယ်''

''ဒီကို မှန်ရန့် ပြန်မလာဘူးပေါ့''

''မလာပါဘူး''

''အရင်စစ်ခဲ့တဲ့သူတွေကို ပြန်ခေါ်ပေးလို့ရမလား''

''လက်ရှိလူတွေတော့ ခေါ်ပေးလို့ရပါတယ်၊ တချို့သီချင်း ဆိုတဲ့သူတွေကတော့ မရှိတော့ပါဘူး၊ ဒါပေမဲ့ သူတို့လိပ်စာတော့ ရှိတယ်၊ ခင်ဗျားလိုအပ်ရင်တော့ ကျွန်တော်ပေးပါ့မယ်''

ထိုလိပ်စာတွေလည်း သူယူထားသည်။ အရင်စစ်ခဲ့တဲ့သူ တွေကို ပြန်မေးကြည့်တော့လည်း ထူးခြားတဲ့သဲလွန်စမရ။ ဆိုင်ရှိ လူကုန်က ဆိုင်ပိတ်မှ ဖယ်ရီနဲ့ပြန်ကြောင်း ဘယ်သူမှစောမပြန် ကြောင်း။ မှန်ရန့်နဲ့ ရန်ငြိုးရန်စ ဘယ်သူမှမရှိကြောင်း သိရတဲ့အခါ အခြေအနေအရပ်ရပ်တို့၏ မြှားဦးတို့သည်…

◆ ◆ ◆



## အခန်း (၃၁)

''ဟယ်…ကြည့်စမ်း''

မာလေးအခန်းထဲမှာ လက်ပံပင်ဆက်ရက်ကျတယ်ဆိုရ မလား၊ ကုလားသိုက်ကျားဝင်ကိုက်တယ်ပဲ ပြောရမလားမသိ။ နိုးနိုးခစ်ခစ်ရယ်မောသံတွေ၊ စကားနိုင်လုပြောသံတွေနှင့်အတူ မိန်းက လေးခြောက်ယောက်တို့၏အသံက ညံစီလျက်။ မနက်ဖြန်မှာ သူတို့ အတွက် ပြိုင်ပွဲကစပြီ။ ထို့ကြောင့် ဒီနေ့ ဝတ်စုံတွေ ရီဟာဇယ်ကြို ဝတ်ခြင်း၊ လိုအပ်တာပြင်ဆင်ခြင်းတို့အတွက် မာလေးအခန်းထဲ ရောက်နေကြခြင်းပင်။ တစ်ယောက်က ကိုယ့်ကိစ္စပြီးလို့ ပြန်ထွက် သွားမည်မစဉ်းစား။ နောက်တစ်ယောက်ဝတ်တာကိုကြည့်ပြီး သူ့အင်္ကျီက ပိုလှတယ်၊ သူ့ကျတော့မလှဘူး။ မမပြန်ပြင်ပေး အစရှိ သမျှ နားပူအောင် အော်ဟစ်စမြဲ။ အခုလည်း သုံးယောက်မြောက် ဝတ်ပြီး လေးယောက်မြောက်အလှည့်ကျသူက မော့်ရုပ်။ သူမဝတ်စုံ က အဖြူရောင်လည်ဟိုက်ရင်ဖုံးနှင့် ထဘီကလည်း အဖြူစွတ်စွတ်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအပေါ်ကမှ အနီရောင်ပန်းပွင့်တွေအား စလွယ်ချထားသလို တဆောင်းပတ်သီထားသောဝတ်စုံ။ သန့်စင်ခြင်းနဲ့ ရဲရင့်ခြင်းအား ကိုယ်စားပြုသောဝပ်စုံ။ သူက သူမခန္ဓာကိုယ်ပေါ် အချိုးကျမကျ စစ်ဆေးနေသည့်အမျိုး၊ အလန့်တကြား မော်ရုပ်ရဲ့အော်သံကြောင့် မာလေးက မော်ရုပ်မျက်နှာကို ဖျတ်ခနဲ မော့ကြည့်သည်။ မော်ရုပ် အကြည့်က သူ့ပခုံးကိုကျော်၍ သူ့ကျောနောက်သို့ ရောက်နေတာမို့ မာလေးပါ စိတ်ဝင်စားသွားပြီး လှည့်ပင်းလိမ်ကာ ငဲ့ကြည့်၏။

"ဟာင်"

နှုတ်ခမ်းနှစ်လွှာပွင့်ဟသွားသည်။ ခြောက်ယောက်အုပ်စု ထဲမှ အဝတ်အစား ရှိဟာဇယ်ဝတ်ပြီးသွားသော သီရိစံ။ သူမကုတ် အင်္ကျီအိတ်ထဲမှ တစ်ရှူးစနှင့် လုံခြုံစွာပတ်ထားသော အထုပ်ကို ထုတ်ယူပြီး တစ်ရှူးစကို ဖြေသည်။ အထဲမှထွက်လာတာက အညို ရောင်အိရွဲနေသော ချောကလက်ကိတ် မုန့်တုံးကြီး။

"အငတ်မ"

ဘယ်သူက အရင်ကောင်းချီးပေးလိုက်သလဲမသိ။ နောက် တစ်ယောက်က ထအော်သည်။

"မဟုတ်ဘူး၊ သူခိုးမ"

တဲ့လေ။ တဟီးဟီးရယ်သံတွေကြားမှာ မော်ရုပ်ကာ အားကျမခံ။

"အဲဒါ ငါတို့ထမင်းစားပြီးတော့ အချိုတည်းဖို့ချပေးတဲ့ ဝိုင်းက ကိတ်မုန့်ကြီးမဟုတ်လား သီရိစံ"



"ဒီလိုဆို ညီမလေးရဲ့အဖြေက မှန်ပါတယ်"

"အံမယ်...အရေးထဲ နင့်ကိုယ်နင် ရုပ်ရှင်ပဟေဠိအဖြေ ညှိနေတယ်ထင်သလား"

တစ်ယောက်က ဝင်အော်သည်။ သီရိစံက ပလုတ် ပလောင်းနှင့်

"ဟဲ့...သူဖြေတာမှန်တာကိုး"

"နင် ဘာလို့ အဲဒါကြီးကိုယူခဲ့တာလဲ"

"အေးလေ...တခြားသူတွေမြင်ရင် ရှက်စရာကြီး"

"ဘာရှက်စရာရှိလဲ၊ ကိုယ်စားချင်တာထုတ်ယူခဲ့တာပဲ"

ဝေဖန်ရေးတွေက ထုံးစံအတိုင်း တစ်ယောက်တစ်ပေါက်။ မာလေးကတော့ သိချင်တာသိပြီမို့ သူမတို့လောက် စိတ်မဝင်စား နိုင်။ မော်ရုပ်ကိုယ်ပေါ်က အင်္ကျီကိုပဲ အပိုအလိုရှိမရှိ စစ်ဆေးပြီး

"ကဲ...မှန်ထဲကြည့်ပါဦး"

လို့ ပြောလိုက်သည်။ မော်ရုပ်က ကိုယ်ကိုပတ်ချာလည် ကြည့်ပြီးမှ...

"အတော်ပဲနော် မမ၊ မော်ရုပ်နဲ့ တိုင်းချုပ်ထားတဲ့အတိုင်း ပဲ၊ ဒါပေမဲ့ ထဘီက နည်းနည်းရှည်သလားလို့"

"ပင်(န်)ဆယ်ဟီး(လ်)အနီရဲရဲစီးမှာလေ"

"ဩော်...အဲဒါဆိုရင်တော့ အတော်ပဲ၊ အဟင်း ဒီပွဲမှာ မော်ရုပ်ဆုရပါစေ"

လက်အုပ်ချီမျက်လုံးမှိတ်ပြီး ဆုတောင်းသည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတို့ကို ဖျတ်ခနဲပြန်ဖွင့်ပြီး…

"မမ…မော်ရုပ်ကို မိတ်ကပ်အစမ်းလိမ်းပေးဖို့"

"ရှူး"

နှုတ်ခမ်းပေါ် လက်ညှိုးကန့်လန့်ဖြတ်တင်ပြီး သူ့ကတားသည်။ ဒီတော့မှ မော်ရုပ်က ငြိမ်ကျသွားကာ အရိုန်လွန်သွားသော သူမပါးစပ်ကို လက်ဝါးနှင့်အုပ်ထား၏။ ကိုယ်ကသာ ကြားသွားမှာ စိုးရိမ်နေတာ။ နောက်ကအုပ်စုကတော့ သူ့အရှိန်နဲ့သူ သောသော ညံလို့။

"ဟယ်…မစားချင်ပါဘူး၊ နင့်မုန့်ကြီးက ပျော့ရွဲပလဲနေပြီ"

"ဟဲ့…လိုက်မတို့နဲ့၊ ချောကလက်တွေ ပေကုန်လိမ့်မယ်"

"စားဟာ…မြန်မြန်၊ ကြည့်ရတာ ရွံစရာကြီး"

"ရွံစရာကြီးလို့ ပြောတဲ့နင့်ကိုကျွေးမှာ အင့်"

သီရိစံက အတင်းထိုးထည့်သည်။ ချောကလက်အနှစ်တွေက ခွံ့ကျွေးခံရသူရဲ့ နှုတ်ခမ်းဘေးနားတဝိုက် ပေကျံကုန်၏။

"ဟယ်…ပေကုန်ပြီ၊ လူယုတ်မာမ၊ အစုတ်ပလုတ်မ"

ပေသွားတဲ့သူက သူမလက်နှင့် ချောကလက်အနှစ်တွေကို သပ်ချပြီး သီရိစံအား လိုက်သုတ်သည်။ သီရိစံက ကိတ်မုန့်တုံး လက်ကျန်ကြီးအား ကိုင်ပြီး ပတ်ပြေးနေ၏။ သူ့အခန်းထဲမှာ ဝရုန်းသုန်းကား။ မာလေးက လှည့်မကြည့်နိုင်။ နောက်ဆုံးတစ်ယောက်ကို ဝတ်ပေးမည့်ဝတ်စုံရဲ့ စီးကွင်းလေးတွေက ပြုတ်ထွက်နေသည်။





ပြီးတော့ ထိုတစ်ယောက်ရဲ့ခါးနားမှာ နည်းနည်းပွနေ၏။

"အယ်…သူများတွေကွက်တိ၊ သမီးကျမှ မလှမပဖြစ်တော့မှာပဲ၊ မမလုပ်ပေးဦး"

"အေးပါ၊ ငါသေချာလုပ်ပေးပါ့မယ်၊ ကဲ သွားချွတ်၊ ညကျ တစ်ခေါက်လာဝတ်ကြည့်"

ထိုအခိုက်မှာပင်…

"အယ်…ပေသွားပြီ၊ မော်ရုပ်ဆံပင်တွေမှာ"

"အာ…သွားပြီပေါ့၊ ငါမနက်ကမှ ခေါင်းလျှော်ထားတာကို"

"ဟဲ့…နင့်ဆံပင်တွေမခါနဲ့လေ၊ တစ်ခါယမ်းတိုင်း အင်္ကျီတွေဆီပါ ပေကုန်ပြီ"

အသံကြောင့် မာလေးက အခန်းဝဆီ လှမ်းကြည့်သည်။ အိပ်ခန်းနဲ့ စည့်ခန်းဆက်ထားသည့် အခန်းကျယ်ကြီးထဲမှာ သူက ဝတ်စုံတွေကို နေရာတကျပြန်ထားနေတာဖြစ်ပြီး သူမတို့ခြောက်ယောက်အုပ်စုကတော့ တံခါးပေါက်နားက ရေချိုးခန်းအိမ်သာတွဲရက် စင်္ကြံထဲမှာ။

"ဟယ်..ဒုက္ခပဲ၊ ငါပြန်သုတ်မှာနော် သီရိစံ"

"ဟဲ့…သွားမယ်၊ သွားမယ်၊ သူ့ဆံပင်မှာ အများကြီးပဲ၊ ပြန်သုတ်ရင်မလွယ်ဘူး"

"ဒီလိုမရဘူးလေ၊ လာပြီ၊ လွတ်အောင်ပြေးပေတော့"

အခန်းတံခါးဆွဲဖွင့်သံ၊ အော်ဟစ်ခြိမ်းခြောက်သံ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့တစ်ယောက် တွန်းထိုးရယ်မောသံနှင့် ခြေသံတွေက ဝုန်းဒိုင်းကြဲ။ အားလုံးတိတ်ဆိတ်သွားပြီဆိုတော့မှ မာလေးက သူ့အလုပ်ကို လက်စသတ်သည်။ ထို့နောက် အခန်းတံခါးကို လော့(ခ်)ချပြီး အကျႌတွေကို ခပ်သွက်သွက်ချွတ်သည်။ သဘက်တစ်ထည်ကို မှန်ချပ်ကြီးပေါ် လှမ်းအုပ်သည်။ အကာအကွယ်မဲ့သော ပကတိခန္ဓာကိုယ်ကို ဘယ်အခါမှ မာလေး ရဲရဲမကြည့်ရဲချေ။ ပြီးမှ တစ်ဘက်ပိုင်းတစ်ထည်ကို ခါးအောက်ပတ်ကာ ရေချိုးခန်းသို့ လျှောက်လာခဲ့သည်။ ငြီးစီစီဖြစ်နေသော ခန္ဓာကိုယ်အား ရေလောင်းချ၍ သန့်စင်ရမည်လေ။ ထုံထိုင်းလေးလံသော စိတ်အစဥ်အားလည်း အဲဒီလိုရေလောင်းချ၍ အေးမြစေလို့ရလျှင်။

◆ ◆ ◆

## အခန်း (၃၂)

''ကလစ်''

အသံပေး၍ တံခါးလက်ကိုင်ဖုက လည်လာသည်။ မော်ရုပ်က ဆံပင်အမှားရှိရေတို့ကို ညှစ်ချပြီး အလျှင်အမြန် ထိုတံခါးနောက်ကွယ်မှာ ကပ်၍ပုန်းနေ၏။ မမပဲနေမှာ။ အပြင်က မိန်းမတစ်သိုက်ရဲ့အသံလည်း တိတ်သွားပြီဥစ္စာ။ မော်ရုပ် အတွေးမဆုံးခင် တံခါးကပွင့်လာ၏။ မော်ရုပ်က တောင့်တောင့်ကြီးရပ်နေရာမှ ရှေ့မှတံခါးချပ် ပြန်ပိတ်သွားသောအခါ...

''ဟိတ်''

ဝမ်းသာအားရအော်သံ။

''ဟင်...မော်ရုပ်''

အလန့်တကြားပြန်အော်သံ။

''မမ''

မယုံနိုင်သလိုခေါ်ရင်း မော်ရုပ်အကြည့်တွေဟာ မမ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သော ခန္ဓာကိုယ်ဆီ အစုန်အဆန်။ အပေါ်ပိုင်းက ဇလာကျွင်းထားပြီး အောက်က သဘက်ပိုင်းအဖြူတစ်ထည်ပတ်ထားသည်။ မိန်းမသားတို့၌ ရှိအပ်သော သဘာဝအလှတရားတွေက ဇလာနှင့်ထို။ ဒါဆို မော်ရုပ်သိသော မမဟာ အခုမြင်နေရသော မမ မဟုတ်။ မော်ရုပ်က မယုံနိုင်ခြင်း၊ အံ့ဩခြင်းတို့ဖြင့် မမထံ လက်ညှိုးထိုးကာ…

"မမ…မမက"

"အို"

မာလေးကလည်း ငေးကြောင်နေရာမှ သတိဝင်သွားသည်။ ရင်ဘတ်ကို လက်နှစ်ဖက်နှင့်ယှက်ကာသည်။ ပြီးမှ ကနဲ့ကလျှပ်ဖြစ်သွားမလား စိုးရိမ်၍ ဘေးကိုလက်ချထားတော့ မလုံမလဲ။ လက်နှစ်ဖက်က လေထဲမှာပဲ ဟိုဒီဝဲခါရင်း။ မော်ရုပ်ကတော့ ထူးဆန်းတဲ့အသွင်နဲ့ မမကို စေ့စေ့ကြည့်ရင်း မျက်နှာလေးက အရောင်ရင့်လာသည်။ ကြည့်စမ်း ဒီယောကျ်ားသားနဲ့အတူ တစ်ခန်းတည်းမှာ သူမနေဖူးသည်။ ဒီရင်ခွင်ကို ခိုလှုံဖူးသည်။ ပြီးတော့ ဒီယောကျ်ားအား သူမနမ်းရှိုက်ဖူးသည်။ အခုတော့ အတွေးထဲမှာပင် မျက်နှာက ထားစရာနေရာမရှိအောင် ဖြစ်လာကာ မော်ရုပ်က ခေါင်းကြီးငုံ့ချလိုက်ပြီး…

"ဆောရီး…မော်ရုပ် သွားတော့မယ်"

ကမူးရှူးထိုးအသံကြီးနဲ့ ပြောလည်းပြော မာလေးပခုံးတစ်ဖက်ကို ဆောင့်ခနဲဝင်တိုက်ပစ်ကာ ရေချိုးခန်းထဲမှ ထွက်သွား





ပြီ။ မာလေးကလည်း ရှိုးတိုးရှန့်တန်းနှင့် ကြည့်နေပြီးမှ သတိရသွားကာ…

"ဟိတ်…မော်ရုပ် ခဏ"

လှမ်းအော်ပြီး ရေချိုးခန်းထဲက ခြေလှမ်းကျဲနှင့် ပြေးထွက်သည်။ တံခါးပေါက်နားမှာ မော်ရုပ်က ကျောခိုင်းလျက်သားရပ်လျက်။ မာလေးက မော်ရုပ်နောက်နားမှာ သွားရပ်ရင်း…

"ဟို…တို့က…အဲ…ကျွန်…ကျွန်တော် တမင်မရည်ရွယ်ဘူး"

နာမ်စားတို့ ပြောင်းသုံးလို့ အဆင်ပြေသည်။ ခက်တာက ကျင့်သားရနေပြီဖြစ်သော ခပ်နွဲ့နွဲ့အသံကြီး။ ပြောနေကျကို ကြားနေကျလိုမဟုတ်သဖြင့် စကားသံက ထပ်ထွက်လာလို့မရ။

"ဟို"

ဆံပင်သပ်လိုက်၊ ယောင်ပြီး နားရွက်နောက်ထိုးထည့်လိုက်နှင့် လုပ်ပြီးမှ…

"အားလုံးက ဒီလိုပဲသိကြတော့"

"မော်ရုပ်လည်း တောင်းပန်ပါတယ်"

မော်ရုပ်အသံက တိုးတိုးလေး။ မာလေးကတော့ မော်ရုပ်ရဲ့ ဆံပင်အဖျားကနေ ရေတွေတစ်စက်စက်ကျနေတာကိုငေးကာ ဘာဆက်ပြောရမှန်းမသိ။ သူသိတာက မော်ရုပ် သူ့ကို အထင်လွဲသွားမှာ၊ အထင်သေးသွားမှာကို စိုးရိမ်တဲ့စိတ်ဟာ ထိန်းချုပ်မရနိုင်။ ဒါပေမဲ့ ဖြေရှင်းပြဖို့လည်း သူ့စိတ်ဟာ မဝံ့မရဲ။ မော်ရုပ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို လှည့်မကြည့်တော့ဘဲ။

"မော်ရှပ်သွားတော့မယ်၊ အပြင်ကိုလိုက်မလာနဲ့"

ပြောပြီး တံခါးချပ်ကို ဆွဲဖွင့်ကာ ထွက်သွားပြီ။ တံခါးကို အပြင်ကလည်း ပြန်ဆွဲပိတ်ပေးသည်။ ဒါတောင် အမှတ်မရှိတဲ့သူက တံခါးဖွင့်ရန် လက်ကိုင်ဘုကို ဆွဲလှည့်လိုက်ပြီးမှ…

"အပြင်ကိုလိုက်မလာနဲ့"

တဲ့။ မော်ရှပ်စကားကို နားထဲကြားယောင်သည်။ ချက်ချင်း တံခါးချပ်ကို ကျောနဲ့မှီကပ်ရပ်၏။ စိုးရိမ်မှုနဲ့လှုပ်ရှားနေသော စိတ်ဟာ အခုမှငြိမ်သက်သွားပြီး ရင်ခုန်ခြင်းက စတင်၍ တရေးနိုးလေသည်။ အချစ်နဲ့စိမ်းသက်သော နှလုံးသားက အရှိန်ဆန်စွာ လှုပ်ရှားလွန်း၏။ ခရီးကမစရသေးဘဲ ဆုံးတာလား။ ဒါမှမဟုတ် အခုမှစတင်တာလား။ မာလေး မဆုံးဖြတ်တတ်။ သေချာတာက ဝင်ကစွပ်လို အငှားခန္ဓာနှင့်ဘဝကို သူငြီးငွေ့စပြုနေပြီ ဆိုကြောင့် ကြေပြာခွင့်တော့ပြုပါ။ သူ့ရင်ခုန်သံကတော့ အစစ်ဖြစ်ကြောင်းဆိုတာကို။

◆ ◆ ◆



## အခန်း (၃၃)

"ဟဲ့…ဘာဖြစ်နေတာလဲ"

"အေးလေ…ဟိုမှာသွားထိုင်ပါလား၊ အလွတ်ကြီးကို"

"ငါ့ခြေထောက်တက်နင်းမိဦးမယ်၊ မမြင်မစမ်းနဲ့"

"ဘယ်မြင်မလဲ၊ ဆံပင်ကြီးက မျက်နှာရှေ့မှာ တကွယ်ကွယ်နဲ့"

မာလေးက မော်ဒယ်(လ်)တစ်ယောက်အား ဝတ်စုံကို နေသားတကျဖြစ်အောင် ဝတ်ဆင်ပေးရင်း နှုတ်ခမ်းဖျား၌ အပြုံးတို့ လွှန့်လွှန့်ထင်သွားသည်။ မော်ရှပ် သူ့ကိုရှက်နေသည်နှင့်တူသည်။ အဝတ်လဲခန်းထဲ စဝင်လာကတည်းက ဟိုတိုးဒီတိုက်နှင့်။ ဒီနေ့က ပြိုင်ပွဲအစပထမနေ့။ ကိုယ့်မော်ဒယ်(လ်)နှင့်ကိုယ် ဝတ်စုံလှပနေဖို့အတွက် အာရုံစိုက်ထားမှုဖြစ်မည်။ စိတ်တွေကို ချုပ်ထားတာတောင် မနေ့က ရေချိုးခန်းထဲ၌ ဆုံခဲ့ရတဲ့ မော်ရှပ်ရဲ့ မျက်ဝန်းပြုံးပြုံးတွေ။ အံ့သြသွားတဲ့ နှုတ်ခမ်းဟဟလေးတွေဟာ စိတ်ရဲ့ပုံရိပ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ပေါ်လာတတ်စမြဲ။

''မမ…သမီးဆံထုံးက အဆင်ပြေရဲ့လားဟင်''

''အင်''

စိတ်နဲ့လူကအတူမရှိ။ မေးလိုက်တဲ့မေးခွန်းကို မကြားဘဲ မော်ဒယ်(လ်)ကောင်မလေးကို ကြောင်တက်တက် မော့ငေးမိသည်။ ကောင်မလေးက သူ့ဖြစ်အင်ကို ရိပ်မိစွာနှင့်…

''မမ စိတ်လွှပ်ရှားနေတယ်နဲ့တူတယ်၊ သမီးပြောတာက ဆံထုံးနဲ့အဆင်ပြေရဲ့လားလို့''

''အင်း…ပြေပါတယ်''

ပြောရတာ ရင်ထဲကမပါ။ စိတ်လှုပ်ရှားနေတာတော့ မှန်သည်။ ဒါပေမဲ့ ပြိုင်ပွဲကြောင့်မဟုတ်။ မော်ရှပ်နှင့် ရင်ဆိုင်ရမှာကြောင့်။ ရင်ဆိုင်မိတိုင်း ထိန်းမရအောင် အခုန်မြန်သည့်နှလုံးသားကြောင့်ဖြစ်သည်။

''တောဝတီ''

နောက်အလှည့်ကျအမည်ကိုခေါ်ရင်း မော်ဒယ်(လ်)တွေကို ဝေ့ကြည့်သည်။ မာလေးအား နိုးဝှက်ငေးနေသည့် မျက်ဝန်းတစ်စုံနှင့် တန်းခနဲတိုးသည်။ မျက်ဝန်းပိုင်ရှင်က ဖျတ်ခနဲ မျက်လွှာချ၏။ တကယ်ဆို ပြောင်းပြန်။ အရှက်သည်းရမှာက ကိုယ်၊ မတွေ့ဘဲ နေလို့ရမှာမဟုတ်ဘဲနဲ့ မော်ရှပ်ရယ်လို့ သူမကို သနားစွာ စိတ်ထဲမှ ညည်းညူမိတဲ့အထိ။ မနေ့ကတည်းက ရီဟာဇယ်မှာ ကြိုတင်ပြင်ဆင်ပြီးသားမို့ အကျီဝတ်ရာ၌ အခက်အခဲမရှိ။ မြန်ဆန်ချော





မွေ့သည်။

''မော်ရှပ်''

လူက ဆတ်ခနဲတုန်သည်။ သတိထားနေရင်းကြားမှ ခြေလှမ်းက ပျက်ချင်ချင်။ ဒီနေ့မှ သူက ထူးခြားစွာ အရင်လို မြန်မာဝတ်စုံမျိုးမဟုတ်။ ရှပ်ပွပွတစ်ထည်နှင့် ဂျင်း(န်)ပင်ဝတ်ထားသဖြင့် ဒီဇိုင်နာအချင်းချင်းတောင် အံ့သြလို့။ မော်ရှပ်ကတော့ သူ့ပြောင်းလဲမှုအတွက် ဝမ်းသာရမလိုလို ရင်ဖိုရမလိုလို။ အဲဒီသလိုလို မကွဲပြားသော ခံစားချက်ကြီးနှင့် သူ့ရှေ့မှောက်ရောက်လာသည်။ သူက မော်ရှပ် မနေ့ကဝတ်ဆင်ခဲ့ပြီးသော ဝတ်စုံအား ကမ်းပေးရင်း အနားနားကပ်ကာ…

''ညက ဘာလို့မလာတာလဲ''

''ဟင်…ဘာလဲ''

ရုတ်တရက်မို့ လန့်သွားသည်။ ပြီးတော့မှ သူ့မျက်နှာကို မော့ကြည့်၏။ သူက ရယ်မြူးရိပ်စွန်းသောအကြည့်ဖြင့်…

''မိတ်ကပ်အစမ်းပြင်ဖို့လေ''

''ဟို…အဲဒါက''

တကျူးတကကြီး ချလာရသော နားသယ်စပ်နားက ဆံပင်ခွေလိမ်လိမ်အမျှင်လေးတွေအား ယောင်ယမ်းပြီး နားနောက်ထိုးသွင်းသည်။ ပြီးမှ ပုံသွင်းထားတာကို သတိရပြီး ပြန်ထုတ်ဖို့ကြိုးစား၏။

''လုပ်မနေနဲ့၊ မြန်မြန်အကျီလဲ၊ ပြီးရင် တို့အလှည့်ရောက်တော့မှ နှုတ်ခမ်းနီကို အရောင်နည်းနည်းထပ်တင်၊ အိုင်းလိုင်နာကို



www.burmeseclassic.com

www.burmeseclassic.com



ထူထူဆွဲ၊ မက်(ခ်)ကာရာကိုလည်း ထပ်တင်''

သူကပြောပြီး ဘေးနားကထွက်သွားသည်။ ပတ်ဝန်းကျင်ရဲ့အမြင်မှာတော့ ဒီဇိုင်နာနှင့်မော်ဒယ်(လ်) ဒီလိုနီးနီးကပ်ကပ်မြင်နေတာ အမြင်မဆန်းပေမဲ့ မော်ရုပ်စိတ်ထဲမှာတော့ အရင်နဲ့မတူဆန်းနေသည်။ သူက မော်ရုပ်သိထားသလို၊ အို···တစ်ခါတွေးတိုင်း သူနဲ့ထိတွေ့ဖူးတဲ့ နှုတ်ခမ်းတွေ လက်တွေက ပူထူရှိန်းတက်လာစမြဲ။ အတွေးစကိုဖြတ်၍ အဝတ်လဲခန်းထဲကထွက်သည်။ ပြိုင်ပွဲအတွက် ဓာချွေးမပြန်ဘဲ သူနဲ့တွေ့ရမဲ့ အရေးအတွက် ချွေးတွေကရွှဲလို့။ အပြင်ပြန်ရောက်တော့ မော်ရုပ်တို့အဖွဲ့ လျှောက်ရမည့်အလှည့်နီးကပ်လာပြီ။ မော်ရုပ်က ဖျော့နေသော မိတ်ကပ်ကို သူညွှန်ကြားချက်အတိုင်း ကာလာထပ်တင်သည်။ စိုလဲ့တောက်ပသွားတဲ့အရောင်တွေကြားမှာ မျက်နှာက ပိုလင်းသွားသလို။ သူက အင်္ကျီတွေနဲ့လိုက်ဖက်မည့် ဖိနပ်ဗူးတွေ လိုက်ဝေပေးရင်း မော်ရုပ်နားထပ်ရောက်လာ၏။ ရန်ကုန်က ရှိုးပွဲတွေဆိုရင်တော့ မော်ဒယ်(လ်)တွေအတွက် မိတ်ကပ်ပြင်ဆရာမတွေ၊ ဒီဇိုင်နာမှာလည်း သူ့အကူနဲ့သူရှိကာ ကိုယ်တိုင်ကိုယ်ကျ ပြင်စရာမလို။ ကိုယ့်နောက်မှာလည်း အကူမိန်းကလေးဆိုတာ အနည်းဆုံး တစ်ယောက်လောက်ပါတတ်တာမျိုး။ ဒီမှာတော့ မော်ဒယ်(လ်)ရော ဒီဇိုင်နာပါ ကိုယ်ထူကိုယ်ထပင်။ မော်ရုပ်အတွက် အမှတ်စဉ်တပ်ထားသော ဖိနပ်ဗူးကို သူကဖွင့်ကာ ဖိနပ်ကို ခြေဦးထိပ်ချပေးရင်း···

''ဒီည တွေ့ကြရအောင်''





အရင်ကတော့ ထိုချိန်းဆိုမှုအတွက် မော်ရုပ်က မခံစားမိ။ အခုက အရင်နဲ့မှမတူတော့တာ။ သူကလည်း မော်ရုပ်မျက်နှာပေါ်က ကောက်ကြောင်းတွေကို ဖတ်မိသွားဟန်တူသည်။

''ဆောရီး''

သွက်သွက်တောင်းပန်ပြီးမှ···

''တို့ချိန်းတာက တို့အကြောင်းတွေ ပြောပြချင်လို့ပါ၊ ပြီးတော့ အပြောင်းအလဲအတွက် သတ္တိမွေးချင်လို့၊ ဟို မော်ရုပ်ဆီက အားပေးစကားတစ်ခုခုလောက်''

ပြောရင်း အကျင့်ပါနေသောလက်တို့က အချိုးမကျသော မော်ရုပ်ကိုယ်ပေါ်က အဝတ်အစားတွေကို ပြင်ဆင်ပေးမိသည်။ ဒါကိုပဲ မော်ရုပ်က ဟိုယိမ်းဒီတိမ်းမို့ သူက

''ဘာဖြစ်နေတာလဲ''

နီးကပ်လွန်းတဲ့အနေအထား။ ကြည့်လေ သူနဲ့မော်ရုပ်က ကိုယ်လုံးပေါ်မှန်ကြီးရှေ့မှာ ကျောနဲ့ရင်ကပ်လျက်သားပုံစံနဲ့ ရပ်နေသည်။ မော်ရုပ်ထက် အရပ်ပိုမြင့်သော သူက အင်္ကျီလက်တွေ၊ အင်္ကျီပေါ် အလှဆင်ထားတဲ့ပန်းပွင့်တွေကို မှန်ထဲကြည့်ပြီး ပြင်ပေးနေတာကြောင့် သူမက သူ့ရင်ခွင်ထဲမှာ။ မော်ရုပ်က ခိုင်းခံနဲ့မျက်စောင်းပစ်ထိုးရင်း···

''ခင်ဗျားက မော်ရုပ်ထင်ထားတဲ့လူမှ မဟုတ်တာ''

''မော်ရုပ်ကဘာထင်လို့လဲ''

မချိုမချဉ်နဲ့ မေးလာတဲ့ရုပ်။ သူက မနေ့နဲ့ဒီနေ့တောင်မတူ



www.burmeseclassic.com

www.burmeseclassic.com



သူ့အသွင် သူ့အမူအရာက တကယ့်ယောကျ်ားတစ်ယောက်နဲ့ ပိုတူသလို။

''တော်ပြီ''

အကြည့်လွှဲပြီး တိုးတိုးပြောတာကိုလည်း သူကကြားပုံရသည်။ သဲ့သဲ့ရယ်ပြီး သူမဆံထုံးဘေး၌ ချထားသော ဆံနွယ်ခွေတွေကို လက်ညှိုးလေးနှင့် လက်မညှပ်ကာ သချာပုံဖော်သည်။ မော်ရုပ်က မှန်ထဲမှတစ်ဆင့် မြင်နေရတဲ့သူ့သားတစောင်းမျက်နှာကို ငေးနေမိသည်။ ကုတ်ထောက်ရုံ ဆံပင်ကုပ်ကုပ်မှလွဲ၍ သူ့မျက်နှာပေါ် နှုတ်ခမ်းနီပါးနီတွေ ကင်းရှင်းစွာ။ ဖျော့ဖျော့နေတဲ့ မျက်နှာပေါ်မှာ ယောကျ်ားပီသတဲ့ ချောမောခြင်းတွေ ပေါ်ထွက်လာသလို မော်ရုပ်က စိတ်ထဲမထားနိုင်တဲ့စကားတစ်ခွန်း လှစ်ခနဲထွက်ကျသွား၏။

''ခင်ဗျားက ယောကျ်ားလိုနေလည်း ချောတာပဲ''

''မနေချင်ပါဘူး''

''ဟင်…ဒါဆို ခင်ဗျားက''

တအံ့တသြစိုက်မေးလာတဲ့ မျက်ဝန်းတွေကို ကြည့်ပြီးမှ

''မိန်းမလိုပြောတာ''

တဲ့လေ။ ထိုနေ့က ပြိုင်ပွဲဝင်တော့လည်း မော်ရုပ်က တည်ငြိမ်စွာ ယှဉ်ပြိုင်နိုင်ခဲ့သည်။ မနေ့က စိတ်လှုပ်ရှားမှုလောက် ဒီနေ့က မှိုနိုင်မယ်မထင်။ အကဲဖြတ်ဒိုင်တွေမေးသော မေးခွန်းကိုလည်း လိုရင်းတိုတိုရှင်းရှင်း ဖြေဆိုခဲ့သည်။ အမှတ်ပေးတော့





မော်ရုပ်က ဇကာတင်ဆယ့်ငါးယောက်အဖွဲ့၌ ပါသွားသည်။ ဖိုင်နယ်ယှဉ်ပြိုင်ရန်သာ ရှိတော့သည်။ ပွဲပြီးဆုံးခါနီးကျတော့ ကိုယ့်ဒီဇိုင်နာတွေနှင့် မော်ရုပ်တို့တွဲပြီး ဓါတ်ပုံရိုက်မှတ်တမ်းတင်ခွင့်ရသည်။ ကြမ္မာရင့်ထုတ်လုပ်သော ဝတ်စုံများက မြန်မာဆန်ပြီး ယဉ်ကျေးသိမ်မွေ့ခြင်း၊ ဝတ်ဆင်သူနဲ့ လိုက်ဖက်ခြင်းတို့ကြောင့် ပြိုင်ပွဲဝင်ခြောက်ယောက်စလုံး ဆန်ကာတင်ကျန်ရစ်၏။ ထို့ကြောင့် မြန်မာဝတ်စုံရဲ့ ဒီဇိုင်နာဆုကို ကြမ္မာရင့်ကရသည်။ မိန်းစပွန်ဆာပေးသော ကုမ္ပဏီက ယန်းစည်းနှင့် ဂုဏ်ပြုသည်။ စတိတ်စင်ပေါ် သူနှင့်ပြိုင်ပွဲဝင် ခြောက်ယောက်ကျန်ရစ်သောအခါ မော်ရုပ်မှလွဲ၍ ကျန်ငါးယောက်က အနမ်းဖြင့် ဂုဏ်ပြု၏။ သူ့ပါးပြင်နှစ်ဖက်၌ နှုတ်ခမ်းနီရာရဲရဲတွတ်။ သူကတော့ မော်ရုပ်နားရောက်လာကာ

''ဂုဏ်မပြုတော့ဘူးလား''

တဲ့လေ။ ဟိုတစ်ညကိုသတိရသွားပြီး မော်ရုပ်ရင်ထဲ ရှိန်းခနဲ။

''ရတယ်၊ အကြွေးပေါ့''

တိုးတိုးလေးကပ်ပြောသွားတာကိုလည်း ကြားသည်။ ပွခြင်းအေးခြင်းရာသီရဲ့ ခြားနားချက်ကြားမှာ လူတွေနေထိုင်ရခက်သလို သူ့ပြောင်းလဲခြင်းကြားမှာ မော်ရုပ်က ရပ်တည်မှုခက်လျှင်။

ကြမ္မာရင့်က မော်ရုပ်ရဲ့ ခြားနားခြင်းရာသီ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

"ကျွန်တော်…ရန်ကုန်ကလာတာပါ"

ဒီစကားတစ်ခွန်းပဲ ပြောရသေးသည်။ ခြံတံခါးအတွင်းဘက်မှ မိန်းမကြီးရဲ့မျက်နှာပေါ် အရောင်တွေဖြတ်ပြေးသွားသလို ဝမ်းသာအားရဖြစ်သွားတာ ဖုံးဖိမရ။ ခြံတံခါးသော့ကို အလျှင်စလို ဖွင့်ချလိုက်ပြီး…

"လာ…လာ ဝင်ပါမောင်ရင်၊ လူလေးလွှတ်လိုက်တာနဲ့တူတယ်၊ ကြီးတွေးက လူလေးဆီကသတင်းစကားကို အမြဲမျှော်နေတာ၊ သူကတော့ လူငယ်ဆိုတော့ နေနိုင်မှာပေါ့လေ၊ ကြီးတွေးကတော့ လူကြီးဆိုတော့ အမြဲပူပင်နေရတာမျိုးကွဲ့"

ရှေ့မှ ဝဖိုင့်ဖိုင့်ကိုယ်လုံးကြီးကို အိပ့်ပွဲ့သယ်သွားရင်း နှုတ်ကလည်း တတွတ်တွတ်ပြောသည်။ ပြောသမျှ သူကနားမလည်။ ဒါပေမဲ့ ချိုသည်ခါးသည် တစ်ခွန်းမှမပြောဘဲ ခြံဝင်းကြီးထဲ လိုက်ဝင်လာမိသည်။ ဘောင်းဘီအိတ်ထဲ စုံလက်နှိုက်ပြီး

ခြေလှမ်းတို့က ဦးတည်ရာရှိပေမဲ့ အကြည့်တို့ကတော့ ဦးတည်ရာမဲ့စွာ။ တစ်ခြံလုံးကို ရှပ်တိုက်အကဲခတ်ပြီးသား။ M.Y.Y ခြံဝင်းကျယ်ကြီးထဲက ပွတ်လုံးတိုင်ဖြူဖြူမြင့်မြင့်ကြီးနဲ့ တည်ဆောက်ထားတဲ့ M.Y.Y ဂေဟာ။ တစ်ခြံဝင်းတည်းမှာပဲ ဟောင်းနွမ်းနေပြီဖြစ်တဲ့ နှစ်ထပ်တိုက်အိုဟောင်းကြီးကိုလည်း သေးတစောင်းမြင်နေရသည်။ သူနားထဲ၌ ဒီမြို့ရှိ စခန်းမှူးဦးသူရခင်အသံက ပဲ့တင်ထပ်လာ၏။

"နဂိုက M.Y.Y နဲ့ မှန်နံ့သာခြံကြီးက သေးချင်းယှဉ်ရက်ပဲ ကိုသိန်းရ၊ နောက် လူမှုရေးအရှုပ်အထွေးတွေဖြစ်ခဲ့ကြပြီး M.Y.Y ရဲ့ပိုင်ရှင်က မှန်နံ့သာခြံကိုပါ ဝယ်ခဲ့တာ"

"လူမှုရေးအရှုပ်အထွေးဆိုတာက"

နားမရှင်းတာကို သူထပ်မေးခဲ့သည်။ ဦးသူရခင်က ပြောရခက်သလို မျက်မှန်ကို လက်ညှိုးနဲ့ပင့်တင်ပြီးမှ…

"အင်း…အတိအကျပြောလို့မရဘူးဗျ၊ ဒါမျိုးဆိုတာ သက်သေသက္ခာရနဲ့ရှင်းလို့ရတဲ့ တိကျတဲ့အမှုမျိုးမဟုတ်ဘူး၊ အရပ်စကားပေါ့လေ၊ M.Y.Y ပိုင်ရှင် ဒေါ်မာယာရင့်နဲ့ မှန်နံ့သာအရှင်သခင် ဦးစိုင်းကြွယ်က သာမန်ထက်ပိုတဲ့ ရင်းနှီးမှုမျိုးနဲ့ ဆက်ဆံခဲ့ကြတာတဲ့၊ M.Y.Y ကို ဦးစိုင်းကြွယ်က ထူထောင်ပေးခဲ့တာဆိုပဲ"

"ဒီလောက်ကြီးမားတဲ့ စိန်ရတနာဆိုင်ကြီးကို"

ရယ်လို့ သိန်းတောင် တအံ့တဩဖြစ်ခဲ့သည်။ M.Y.Y ဆိုတာ တကယ်ဆိုင်ခန်းကျယ်ကြီးထဲမှာ ဆိုင်ဝန်ထမ်းပေါင်း မြောက်



www.burmeseclassic.com

www.burmeseclassic.com



များစွာနှင့် ဖွင့်ထားသော သုံးထပ်အဆောက်ဦးကြီး။ အောက်ဆုံးထပ်က ရွှေထည်နဲ့ပလက်တီနမ်။ ဒုတိယထပ်က စိန်တိုက်နှင့် တတိယထပ်က M.Y.Y ရဲ့လက်ရာအမြောက်ဆုံး ဖန်းတီမ်ရုံ။ အနယ်နယ်အရပ်ရပ်မှာလည်း M.Y.Y ရဲ့ဆိုင်ခွဲတွေရှိသေးသည်။ ဒါဆို ဦးစိုင်းကြွယ်ထူထောင်ပေးခဲ့သော အရင်းအနှီးက အသေးအဖွဲတော့ မဟုတ်။ သူ့အတွေးကို ရိပ်မိသော စခန်းမှူးကြီးက ခေါင်းတစ်ချက်ညိတ်ပြီး . . .

"ဟုတ်တယ်ဗျို့ . . . အဲဒါကြောင့်လည်း မှုန်နှံ့သာကရောင်းပြီး ဒီမြို့ကထွက်သွားတဲ့အထိ ဖြစ်သွားတာတဲ့လေ၊ ဦးစိုင်းကြွယ်တို့လည်း တော်တော်စီးပွားပျက်သွားတယ်လို့ သိရတာပဲ၊ ဒေါ်မာယာရင့်အပေါ် ဦးစိုင်းကြွယ်သမီး အခုမောင်ရင်လာစုံစမ်းတဲ့ မှုန်ရနံ့က မကျေနပ်ဘူးလို့ကြားတာပဲ"

"ဒေါ်မာယာရင့်သေဆုံးတာကရော"

"ရိုးရိုးကားအက်ဆီးဒင့်ဖြစ်တာ"

"သူ့သားဆိုတဲ့သူကိုရော မြင်ဖူးလိုက်လား"

စခန်းမှူးကြီးက ခေါင်းယမ်းပြသည်။

"ကျုပ် ဒီမြို့ရောက်ကတည်းက မတွေ့ဖူးသေးဘူး။ လာလည်းခဏပဲတဲ့၊ မှုန်ရနံ့နဲ့ပတ်သက်ခဲ့တဲ့ ရာဇဝင်ရှိခဲ့တဲ့အကြောင်း အရာက ဒါလောက်ပဲ၊ ကိစ္စက အငြိုးထားလည်းရတယ်၊ မထားလည်းရတယ်၊ ဒါပေမဲ့ ငြိုးမဲ့လူက မှုန်ရနံ့ပဲဖြစ်ရမှာလေ၊ အခု မှုန်ရနံ့က သေဆုံးသွားတာဆိုတော့"





စခန်းမှူးကြီးပါ အတွေးနက်သွားပြီးမှ . . .

"အေးလေ . . . မောင်ရင်သွားကြည့်ပေါ့၊ ကျုပ်သိသလောက်တော့ ဒါလောက်ပဲ"

တဲ့။ ထို့ကြောင့် သူက M.Y.Y ဂေဟာဆီ ရောက်ခဲ့တာဖြစ်သည်။ အခု ဒီရောက်တော့လည်း ဘယ်သူဘယ်ဝါလို့ သူ့ကို စုံစမ်းခြင်းမရှိဘဲ လှူလေးချင်းထပ်ကာ အိမ်ထဲသို့ ဖိတ်ခေါ်ခံရသည်။

"M.Y.Y က ဟိုးအရင်ကတည်းက လှုယုံလင်မယားနှစ်ယောက်တော့ရှိတယ်ဆရာ၊ သူတို့ကြည့်ရတာလည်း ရိုးရိုးအေးအေးကြီးတွေပါ"

လို့ နယ်မြေတာဝန်ခံက သူ့အားမိတ်ဆက်ပြောထားဖူးသည်။ ဒီအိမ်ထဲရောက်မှ မီးစင်ကြည့်ကမည်လို့ သိခဲ့ကတွေးထားသည်။

"ကဲ . . . ထိုင် မောင်ရင်၊ ပြောပါဦး လှူလေးက ဘာတဲ့လဲ"

ဧည့်ခန်းကျယ်ကြီးထဲရောက်တာနှင့် သူ့အားနေရာပေးပြီး မိန်းမကြီးက ဟန်မဆောင်စတမ်းမေးသည်။ ဒီမေးခွန်းကို သူ မီးစင်ကြည့်ကလို့မှမရတာ။ လှူလေးဆိုတာ ဘယ်သူ့ကို ရည်ညွှန်းမှန်းသူမသိ။ ထို့ကြောင့် . . .

"ကျွန်တော်က မှုန်နံ့သာမိသားစုနဲ့ တွေ့ချင်လို့လာခဲ့တာပါ"

"ဟော"



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြီးက တအံ့တသြဖြစ်သွားပြီး သူ့ကို အစုန်အဆန် အကဲခတ်သည်။ ပြီးမှ မျက်ခုံးနှစ်ခု ထိစပ်လုနီးပါးကျုံ့ပစ်ရင်း…

"နို့…မောင်ရင်က ရန်ကုန်ကဆို"

ဖေ့ာဖော့ကပုံစံနှင့် ကွာခြားသွားပြီ။ မလိုလားဟန်အပြည့်နှင့်။ ခြံဝကတည်းက အမှန်အတိုင်းသာ ဖွင့်ပြောမိလျှင် သူ ဧည့်ခန်း၌ထိုင်ရဖို့ဆိုတာ ဝေလာဝေး။ ခြံထဲခြေချခွင့်တောင် ရှိမည်မထင်။ M.Y.Y နဲ့ မှုန်နှံ့သာရဲ့အာဃာတက ဒီနေ့ဒီအချိန်အထိ မကျေပျက်နိုင်သေးဘူးလား။ သိခ်က တမင်တကာ ရှိကျိုးသောအသွင်ကို ဖမ်းယူလိုက်ရကာ…

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်နဲ့ မှုန်ရန်က ငယ်သူငယ်ချင်းတွေပါ၊ ဟိုးငယ်ဘဝက သိခဲ့တာပေါ့၊ အခု သူတို့ လိပ်စာပေးတဲ့အတိုင်း စုံစမ်းလာတာပါ"

"သြော်…သူတို့က ပြောင်းသွားပြီကွဲ့"

မိန်းမကြီးက အေးစက်စက်ပုံစံနှင့် ဖြေသည်။ သူကလည်း အရေးတကြီးသိချင်ဟန်ဖြင့်…

"ဘယ်ပြောင်းသွားတာလဲခင်ဗျာ"

"မသိဘူးကွဲ့"

"ဒီအိမ်ပိုင်ရှင်က မှုန်နှံ့သာကိုဝယ်တာဆို"

"အေးလေ"

"ဒီအိမ်ပိုင်ရှင်ရော"

"ဆုံးသွားပြီ"





ခပ်ပြတ်ပြတ်ဖြေသည်။

"M.Y.Y ရဲ့ လက်ရှိသူဌေးကရော"

"သြော်…မာလေးက ရန်ကုန်မှာ"

"မာလေး"

"အင်း"

သူ့သံယောင်လိုက်မှုကို မိန်းမကြီးက အင်းတစ်လုံးတည်းသာ ဖြေသည်။ သူက ထိုမိန်းမကြီးရဲ့ စကားလမ်းကြောင်းအတိုင်း နင်းလျှောက်ကာ…

"အဲဒီမာလေးဆိုတဲ့သူများ သိမလားမသိဘူးနော်"

"အို…ရှုပ်ရှုပ်ယှက်ယှက်၊ မာလေးက အဲဒါတွေ စိတ်ဝင်စားတာမဟုတ်ဘူး၊ အလုပြင်ပေးမယ်၊ အကျိုးအဝတ်အစားချုပ်မယ်၊ ဒါပဲ စိတ်ဝင်စားတာ၊ မာလေးက ဟိုတလောကမှ နိုင်ငံခြားက ပြန်လာတာ၊ ဒီပလိုမာလား သွားယူတာတဲ့"

"သြော်…မာလေးလိပ်စာကရော"

"နဂိုကတော့ ကျော်ဆိုတဲ့ဆိုင်မှာလုပ်တာ၊ အခုတော့ မသိဘူး"

ခေါင်းထဲမှာ ကျော်ရက်စတောရင့်ဆိုတဲ့ ဆိုင်ဆိုတာ ဘာန်းခနဲသိသည်။ ဒါပေမဲ့ စကားစထောက်မပေးတော့။ အရှိန်နှင့် ဆက်ပြောနေမည့် မိန်းမကြီးစကားကို အလိုက်သင့်နားထောင်နေမိသည်။

"မာလေးက သူဆက်သွယ်ချင်တဲ့အခါလာတယ်၊ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

သူက ခေါင်းတညိတ်ညိတ်လုပ်ရင်းက ထိုင်ရာမှထရပ်လိုက်ကာ...

"ကိုယ်က မိတ်ဆွေတို့ဝတ္ထုရားအရ လာရှာတာ ကိုယ့်တာဝန်ကျေပြီပေါ့လေ၊ မတွေ့တာတော့ ဘယ်တတ်နိုင်ပါ့မလဲ၊ ဒါဆိုလည်း ခွင့်ပြုပါဦးဒေါ်ဒေါ်၊ အချိန်ပေးပြီး ဧည့်ခံရတဲ့ ဒေါ်ဒေါ်ကို ကျေးဇူးတင်ပါတယ်"

"ရပါတယ်"

မိန်းမကြီးက မျက်နှာထက်က ကောက်ကြောင်းတွေကို အခုမှလျော့ချလိုက်ဟန်တူသည်။ ဖော်ရွေခြင်းကင်းပေမဲ့ ပြေပြစ်ခြင်းသဘောဆောင်ကာ သူနှင့်အတူထရပ်သည်။ ပြီးမှ စိတ်မကောင်းဟန်ဖြင့်...

"မင်းရှာတွေ့လည်း အကြောင်းထူးမယ်တော့မထင်ဘူး"

"ဘာဖြစ်လို့လဲခင်ဗျာ"

"မှုန်ရန့်က လွန်ခဲ့တဲ့တစ်နှစ်ကျော်ကျော်က ဆုံးသွားတာလေ"

ခံစားချက်တစ်စုံတစ်ရာမပြဘဲ M.Y.Y ထဲကသူထွက်တော့ အပြင်မှာ အလင်းရောင်အားနည်းနေပြီ။ အမှောင်ထုက သူ့အားအုပ်မိုးရန် ကြိုးစားနေ၏။ ဒါပေမဲ့ သူ့ခေါင်းထဲ၌ အတွေးတွေက လင်းလက်စွာ။ ကျော်စားသောက်ဆိုင်က မိတ်ကပ်ပြင်ဆရာမ မာလာ။ မိတ်ကပ်ပြင်တာ ဝါသနာပါတဲ့ ကြမ္မာရှင့်ခေါ် မာလေး





နောက် မှုန်ရန့်နဲ့ ခြံချင်းကပ်နေခဲ့သူ။ စပ်ဆက်မှုတွေကြားက ကွာခြားချက်တွေ။ သူ သက်ပြင်းရှိုက်ရင်း ဆုံးဖြတ်ချက်တစ်ခုပါ ရင်ထဲရောက်သွား၏။

ကျော် ရက်စတောရင့်ဆီ သူနောက်တစ်ကြိမ်သွားရန် လိုအပ်ပြီ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

''အဖေက တံငါသည်၊ အမေက အဖေဖမ်းရသ
ငါးတွေရောင်းရတဲ့ ငါးစိမ်းသည်၊ ဒီလိုပင်လယ်ကြီးရဲ့ဘေး
သောင်ပြင်တစ်ခုမှာ ရွာဖွဲ့ပြီးနေကြတဲ့ တံငါရွာကလေးမှ မော်ရ
က မွေးဖွားလာရတာ''

ကျောက်ဆောင်ပေါ်မှာ ပုဆစ်ဒူးတုပ်ထိုင်သည်။ ဒူး
ဖက်ကို လက်နဲ့ကျုံးပွေ့ထားကာ ဒူးပေါ်မေးဖျားတင်၍ ပင်လ
ကြီးကို လှမ်းငေးသောမျက်ဝန်းတွေက ဆွေးဆွေးမြေ့မြေ့။ သူ
ကျောက်ဆောင်ဘေး၌ မတ်တပ်ရပ်ကာ သူမကို တစ်ဖန်ပြန်ငေး
သည်။ အဖြူဖျော့ဖျော့ လည်ပိတ်ဆွယ်တာနှင့် အဖြူရောင်ချည်
ဘောင်းဘီပွပွ။ နက်မှောင်နေသော ဆံနွယ်တွေးကြီးကြောင့် သူ
ဟာ အဝေးကလှမ်းကြည့်လျှင် အဖြူရောင်ကျောက်ရုပ်တစ်
အလား။

''အဲဒါကြောင့် မော်ရုပ်က ပင်လယ်ကြီးကိုချစ်တ



ဒီပင်လယ်ကြီးနားမှာ စခဲ့တာကိုး''

''အခု မော်ရုပ်မိဘတွေရော''

''အဖေက ထုံးစံအတိုင်း တစ်ညနေမှာ ပင်လယ်ထဲ
ငါးဖမ်းဖို့ထွက်သွားတယ်''

ညနဲ့အပြိုင် သူမမျက်ဝန်းတွေ အရောင်ရင့်သွားခဲ့သည်။
အဲဒီတုံးက အဖြစ်အပျက်တွေဟာ ခေတ်ဟောင်းရုပ်ရှင်တစ်ကား
ပြန်ကြည့်နေရသလို။ မှုန်ဝါးဝါးနဲ့ဆိုပေမဲ့ မော်ရုပ် အစအဆုံးမှတ်မိ
သည်။ အဖေက လှေကို ရေစပ်အထိ တွန်းချသွားသည်။ အမေက
သောင်ပြင်ပေါ်ပြေးထွက်သွားရင်း...

''ကိုဒင်ကြီး...ဒီနေ့မသွားပါနဲ့တော်''

အဖေက ဂရုမစိုက်။ လှေပေါ်တက်ထိုင်ပြီး လှော်တက်
ပြင်သည်။ မိုးရာလှေနောက်မြီးကို အမေက လှမ်းဆွဲထားရင်း...

''ပြောနေတာမရဘူးလား၊ ဒီည မုန်တိုင်းဝင်မတဲ့၊ အခု
တောင် မိုးကမစဲတာ၊ တော် မသွားနဲ့၊ ရွာမှာ ဘယ်သူမှပင်လယ်
မထွက်တာ တော်အသိ''

''ဟ...သာမောင်တို့ထွက်သွားပြီ မယ်မြရ''

''အို...ထွက်ထွက်တော်၊ ရှင် မထွက်နဲ့''

တံစက်မြိတ်က မိုးတွေက တဖျောဖျောရွာကျနေသည်။
ပင်လယ်ပြင်နှင့် ထိစပ်နေသော အဝေးက ကောင်းကင်ဟာ ညို့မှိုင်း
အုံ့ဆိုင်းနေ၏။ အင်တိုက်အားတိုက်ရွာချတော့မလို။ အဲဒီတုံးက
သူမဟာ အဖေတို့နဲ့ဝေးနေသဖြင့် အဖေပြောသမျှစကားကို သဲကွဲ

ဒိုး၊မိုး၊၁၁၈၀

www.burmeseclassic.com

www.burmeseclassic.com



စွာမကြားရပေမဲ့ အဖေ့ကိုတားမြစ်နေတယ်ဆိုတာတော့ ရိပ်မိသည်။ အမေက လှေကိုဆွဲယား၊ အဖေက လှော်တက်ကပြင်ပြင်နှင့် မိုးရေစက်တွေကြားမှာ အော်ပြောနေတာ လှိုင်းလေတွေနဲ့အပြိုင်။

''မထွက်လို့မဖြစ်ဘူး မယ်မြ၊ ငါတို့သမီးကို ကျောင်းထားရတော့မှာ၊ ဒီတစ်ပတ်တည်းပဲ ကျောင်းအပ်လက်ခံတာလေ၊ သတ်မှတ်ရက်မှ မအပ်နိုင်ရင် ကလေးက နောက်တစ်နှစ်နောက်ကျသွားဦးမှာ''

မယ်မြ တွေခနဲဖြစ်သွားသည်။ လှေမြီးကိုဆွဲထားသော လက်လည်း တွန့်သွား၏။ ဟုတ်သည်။ သမီးက ဒီနှစ်ဆိုခြောက်နှစ်။ မနှစ်ကတည်းက ကျောင်းအပ်ရမှာဖြစ်၍ ဒီလိုပဲ ရက်ကျော်ကာ တစ်နှစ်နောက်ကျခဲ့သည်။ မယ်မြက ဒီသမီးလေးကိုတော့ ပညာတတ်ဖြစ်စေချင်သည်။ ဒါကိုသိသော ကိုဒင်ကြီးက မယ်မြတွေဝေမှုကိုကြည့်ရင်း . . .

''ကဲ . . . သွားမယ်၊ မိုးမကြီးခင် ငါပြန်လာခဲ့မယ်''

လို့ နှုတ်ဆက်လိုက်တာနှင့် အားလျော့စွာ ဆွဲထားသော လှေမြီးဖျားလေးက မယ်မြလက်မှ လျှောခနဲထွက်သွား၏။ ထို့နောက် တဆုံးတစ ကျယ်ပြန့်သောပင်လယ်ပြင်ကြီးထဲ တိုးဝင်သွားသည်မှာ တစ်စထက်တစ်စ ဝေးကွာ၍ သူမတို့မျက်စိအောက်က ပျောက်သွားသည်အထိပင်။ ထိုစဉ်ကတည်းက အဖေဟာ သူမတို့ဘဝထဲက အပြီးတိုင်ထွက်သွားခြင်းပင်ဖြစ်၏။

''ပြန်မတွေ့တော့ဘူးပေါ့ ဟုတ်လား မော်ရုပ်''





သူမက လေးပင်စွာ ခေါင်းညိတ်ပြသည်။ ညဦးနက် လေပြင်းစွာတိုက်လေဖြစ်သော ပင်လယ်လေကြမ်းကို သူမနှင့် မာလေး မခံစားနိုင်။ မော်ရုပ်ရဲ့ သောကက မာလေးထံ ကူးစက်သွားပြီထင်သည်။ လှိုင်းအော်သံတွေကို ထွင်းဖောက်ပြီး မော်ရုပ်ရဲ့ စကားသံက ဆွေးမြေ့စွာထွက်ပေါ်လာသည်။

''အဖေထွက်သွားပြီး သိပ်မကြာဘူး မုန်တိုင်းကြီးလာတော့တာပဲ၊ ရွာကမ်းပါးဆီ လှိုင်းတွေအော်ပြီးတက်လာတယ်၊ တစ်ရွာလုံးကလူတွေက တစ်ခုတည်းသော ဘုရားကုန်းမြင့်ဆီ ပြေးကြရတယ်၊ ဒါပေမဲ့ မော်ရုပ်က မပြေးနိုင်ခဲ့ဘူး''

ဝေ့တက်လာတဲ့ မျက်ရည်က မျက်ခမ်းစပ်ကို ကျော်လွန်၍ ပါးပြင်ပေါ်ခုန်ဆင်းသည်။

''မော်ရုပ်တစ်ကိုယ်ကောင်း မဆန်ချင်ဘူးလေ၊ ပင်လယ်ထဲမှာ အဖေ့အတွက် ပြေးစရာမြေမှမရှိတာ၊ မော်ရုပ်အတွက် ငွေသွားရှာတဲ့အဖေ့ကို ပစ်ပြီး မော်ရုပ်ထွက်ပြေးရင် အတ္တသိပ်ကြီးရာကျသွားမှာပေါ့၊ ဒါပေမဲ့ မော်ရုပ်ကို ရွာကလူကြီးတွေ ပွေ့ချီပြီးသယ်သွားကြတယ်၊ အဲဒီကတည်းက မော်ရုပ်သိလိုက်ပါတယ်၊ အဖေပြန်မလာနိုင်တော့ဘူးဆိုတာ၊ အဲဒါကြောင့် ပင်လယ်ကိုချစ်တာ၊ အဖေက ပင်လယ်ထဲမှာရှိတယ်လေ''

ရှိုက်သံမပါဘဲ မျက်ရည်တွေကျဆင်းနေသော မိန်းကလေး။ မာလေးရင်ထဲ နင့်သွားသည်။ မျက်ရည်တွေနဲ့ စိုလက်နေတဲ့ မျက်ဝန်းတွေထဲမှာ ချစ်ခြင်းမေတ္တာကြောင့် ပိုအရောင်တောက်



www.burmeseclassic.com

www.burmeseclassic.com



ပနေသလို။ မထင်မရှား တံငါရွာကလေးက မိန်းကလေးဟာ ဒီနေ့ ဒီလိုအောင်မြင်လာတာ ယုံနိုင်ဖွယ်တောင်မရှိ။ ထို့ကြောင့် အောင်မြင်ကျော်ကြားသူတို့ရဲ့ အတိတ်ဟာ အကျည်းတန်လွန်းသည်ဆိုသော စကားကို လက်တွေ့သူမြင်ခဲ့ပြီ။

"မှော်ရှပ် အမေကတော့ အခုအတူရှိတာပေါ့ ဟုတ်လား"

မျက်ရည်တွေနှင့် စိုကပ်နေသော မျက်တောင်ဖျားတွေခတ်ပြီး သူထံမော့ကြည့်သည်။ ပြီးမှ ပြုံး၍ခေါင်းယမ်းပြကာ…

"မရှိတော့ဘူး"

"ဒါဆို"

"မှော်ရှပ်ကို မွေးစားမိဘတွေဆီ ပေးပစ်ခဲ့တာ"

"သြော်…မှော်ရှပ်မေမေကရော"

"ဆုံးသွားပါပြီ"

"ဟင်"

အံ့သြခြင်း အာမေဋိတ်။ အနိဋ္ဌာရုံဟာ သူမထံ နှစ်ကြိမ်တောင် အလည်လာခဲ့တာလား။

"အမေ့တုံးက မှော်ရှပ်ပြုစုလိုက်ရတယ် သိလား"

"ဟုတ်လား…မှော်ရှပ်က လူကြီးဖြစ်နေပြီပေါ့"

"အင်း…အရင်ထက်စာရင် ကြီးလာတာပေါ့၊ ရှစ်နှစ်သမီးလေ"

ဒီတစ်ကြိမ် အာမေဋိတ်တောင်မထွက်နိုင်။ မျက်လုံးပြူးကြီး





နဲ့ စိုက်ကြည့်နေတာက သူ့ရဲ့အံ့သြခြင်းသက်သေတ။

"အမေက အဖေနဲ့မယူခင်က မြို့ကြီးသူလေ၊ အမေ့မိဘတွေ ဘယ်သူဘယ်ဝါဆိုတာတော့ မှော်ရှပ်ကို မပြောဖူးဘူး၊ အဖေနဲ့လက်ထပ်လို့ အမေ့ကိုစွန့်လွှတ်ခဲ့တာမျိုး၊ အမေ့မှာ အချစ်ဆုံး သူငယ်ချင်းတစ်ယောက်ရှိတယ်၊ အဖေမရှိတော့ အမေလည်း ဘာမှ လုပ်ကိုင်မစားတတ်တာနဲ့ မှော်ရှပ်လက်ကိုဆွဲပြီး ရန်ကုန်ကိုတက်လာတယ်၊ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာတဲ့၊ မိုးရွာတာကမှတော်ဦးမယ်၊ အမေ့ကံဇာတာက နိမ့်နေတော့ မှော်ရှပ်တို့စီးလာတဲ့ ကားက မှောက်သွားတယ်၊ ခရီးသည်တွေထဲမှာ အမေက ဒဏ်ရာအပြင်းဆုံး"

ငယ်နုစဉ်အခါက မှတ်ဉာဏ်အားကောင်းသည်ဆိုတာ မှော်ရှပ် လက်ခံသည်။ ထိုစဉ်အခါက အကြောင်းအရာတွေကို မှော်ရှပ် မှတ်မိ၏။ အသေးအဖွဲကအစ။ အမေက ဒဏ်ရာကြီးကြားထဲကပင် သူငယ်ချင်း ဒေါ်မမရဲ့လိပ်စာကို တာဝန်ရှိသူတွေထံပေးပြီး ဆက်သွယ်နိုင်းသည်။ ထိုကာလအတွင်း မှော်ရှပ်က ဆေးရုံရဲ့ လက်တိုလက်တောင်း။ ဘေးခုတင်တွေရှိ လူနာစောင့်တွေက အပင်ပန်းမခံချင်သည့်ကိစ္စမျိုး၌…

"ဟဲ့…ကလေးမ ရေနွေးဝယ်ပေးစမ်း"

ဆိုတာမျိုး။

"ထမင်းဖြူတစ်ထုပ်ဝယ်ခဲ့"

"ဒီပန်းကန်တွေဆေးပေး၊ ဆပ်ပြာနဲ့ဆေးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိုးသွန်ပေး"

ဆိုသည့် အညစ်အကြေးအိုးပါမကျန် မော်ရှပ် သွန်ပေးခဲ့ရသည်။ ထိုအတွက်ရလာသည့် အဖိုးအခထဲမှ အမေ့ကို ကောင်းနိုးရာရာမုန့်လေး ဝယ်ကျွေး။ မော်ရှပ်လည်း ကိုယ့်ဝမ်းကိုယ်ရှာစားရသည်။

"မွေးစားမိဘတွေရောက်လာတော့ရော"

မာလေးက အခွေတွေကိုရစ်ပြီး ကျော်သလို မေးခွန်းကိုကျော်မေးသည်။ မော်ရှပ်ရဲ့ ငယ်ဘဝထဲ သူပါမွှန်းကြပ်လာပြီ။ အတိတ်ထဲက သူနှင့်အတူ မော်ရှပ်ကို လွတ်မြောက်စေချင်ပြီ။

"သူတို့ရောက်တာနဲ့ အမေက မော်ရှပ်ကိုအပ်ပေးပြီး ဆုံးသွားတယ်"

မော်ရှပ်ထံမှ အသံတိတ်ကျသွား၏။ မော်ရှပ်က သူမ အတိတ်ကို အဆုံးသတ်လိုက်ပြီးမှ...

"ကြမ္မာ"

လူကဆတ်ခနဲ။ အယောင်ယောင်အမှားမှားနှင့် ငဲ့ကြည့်တော့ ပြုံးနေသော မော်ရှပ်နှုတ်ခမ်းတွေက ရင်ထဲတိုးဝင်လာ၏။

"မာလေးလို့မခေါ်ချင်ဘူးနော်၊ ကြမ္မာ့ကို အများက သတ်မှတ်ထားတဲ့ လူတစ်ယောက်လို မော်ရှပ်က မမြင်ချင်ဘူး၊ ကြမ္မာကို မော်ရှပ်က ယောကျ်ားပီသတဲ့သူအဖြစ်ပဲ မြင်ချင်တာ"

ရှက်တာလား။ ရင်မဆိုင်ချင်တာလား မသိ။ ခေါင်းငုံ့ပြီး ခြေဦးထိပ်က သဲမှုန့်တွေကို အကြောင်းမဲ့ငေးနေမိ၏။





"မော်ရှပ်က မိဘအမွေပေးထားခဲ့တဲ့ ဒီဘဝကို ချစ်တယ်၊ တန်ဖိုးထားတယ်၊ ပိုမြင့်မားအောင် ကြိုးစားတယ်၊ ဒါက သူတို့ကို ကျေးဇူးဆပ်ရာရောက်တာပဲလေ ကြမ္မာရဲ့ နော်"

သူနဲ့အတူ ယှဉ်တွဲရပ်ရင်းက...

"ကြမ္မာကကြတော့ ကိုယ့်ဘဝကို တန်ဖိုးမထားသလိုပဲ၊ အဲဒါ မွေးထုတ်ထားတဲ့မိဘကိုပါ တန်ဖိုးမထားရာကျတာပေါ့၊ ယောကျ်ားပီသတယ်ဆိုတာ ရုပ်ရည်ချောမောဖို့ သိပ်တော့မလိုဘူး ထင်တာပဲ ကြမ္မာရဲ့၊ သိပ်ချောနေပြန်ရင်လည်း အဲဒီယောကျ်ားက သူ့ရုပ်ရည်ကို အားကိုးသွားတတ်ပြန်ရော"

"ဟင်...ဒါဆို ယောကျ်ားတွေက ဘာကိုအားကိုးရမှာလဲ၊ ဘာလဲ လက်ရုံးရည်လား"

မော်က အပြုံးနဲ့ ခေါင်းယမ်းပြီး...

"မဟုတ်ဘူး ကြမ္မာရဲ့၊ ယောကျ်ားကောင်းတွေအတွက် တကယ်အားကိုးရမှာ စိတ်ဓာတ်ပါ၊ သူ့ရဲ့ကောင်းစိတ်ဓာတ်မျိုးပေါ့"

"အဲဒီလိုစိတ်ထားရင် တကယ်ယောကျ်ားပီသပြီပေါ့ ဟုတ်လား မော်"

"ကြမ္မာနော်..အဲဒီအချက်တွေနဲ့ ကိုက်ညီတဲ့ယောကျ်ားကို ရှာနိုင်းတာမဟုတ်ဘူး၊ ကြမ္မာ့ကို ကျင့်သုံးစေချင်တာ"

လက်ဖဝါးချင်း ထပ်ညပ်ပွတ်ကာ သူမှာ ပြောစရာစကားက ရှားပါးပစ္စည်း။ မော်ရှပ်က သူ့ကိုစေ့စေ့ကြည့်တော့ ရင်မဆိုင်ရဲတဲ့သူက ကြမ္မာရင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားဆိုတာ လုပ်ရဲရင်ခံရဲရတယ်၊ ဘဝအတွေ တောင် ပြောင်းရဲသေးတာပဲ၊ အစစ်ကိုပြန်ပြောင်းဖို့ သိပ်ခက်ခဲလို့ လား ကြမ္မာ ဟင်"

သူ ခေါင်းခါပြသည်။ မော်ရှပ်ရှေ့ရောက်နေသော သူက အပြစ်လုပ်ထားတဲ့ ကလေးငယ်လို။

"ဝါသနာနဲ့ ဘဝကို ရှင်သန်တိုးတက်အောင် လုပ်ရတာ ကိုယ့်အရည်အချင်းပါ ကြမ္မာရဲ့၊ ကိုယ့်ဘဝ ကိုယ့်လက်ထဲမှာပဲရှိ တာ၊ ကိုယ်သာဖန်တီးရင်၊ သူများကိုတောင် အလှဆင်ပေးနိုင်တာပဲ ကြမ္မာရယ်၊ ကိုယ့်ဘဝကိုလှအောင် ဖန်တီးလို့ရပါတယ်၊ ဘဝအစစ်၊ အတွေးအခေါ်အစစ်တွေနဲ့ ကြမ္မာကိုပဲ မော်ရှပ်မြင်ချင်တယ်"

စကားအဆုံး သူ့လက်ကို မော်ရှပ်က ဖျတ်ခနဲအုပ်မိုးကိုင် သည်။ အားပေးခြင်းတွေဟာ မျက်ဝန်းနှင့်အတွေ့အထိမှတစ်ဆင့် ရိုးတွင်းခြင်ဆီထိ စိမ့်ဝင်သွားသည်။ ကြမ္မာ့ရင်ခုန်သံဟာ လှိုင်းပုတ် သံနှင့်ထပ်တူ စည်းချက်ညီညီ ဝုန်းဒိုင်းကြဲလို့။ တကယ်ဆို မော်ရှပ် ဟာ သူ့ရဲ့လက်ရည်တူနလုံးသား။ ပြီးတော့ မမြင်ရသော ချစ်ခြင်း မေတ္တာအမြုတေဆိုရင်။

ကိုယ်ပြောင်းလဲချင်တာ မင်းကြောင့်ပါ မော်ရှပ်။

◆ ◆ ◆



## အခန်း (၃၆)

"ကျွန်တော်က ဒီရေလှိုင်းရှပ်ရှင်ထုတ်လုပ်ရေးက ဒီရေ ပါ"

ဆန့်တန်းပေးလာတဲ့လက်ကို သိန်းကအံ့ဩယုန်တွတ်ဆက်သည်။ ဒီရေက လက်အဖြတ်မှာ သူနှင့်မျက်နှာချင်းဆိုင် ဆိုဖာမှာဝင်ထိုင် ပြီး ခြေနှစ်ချောင်းချိတ်ထိုင်သည်။ စမတ်တကျပုံစံဖြင့် ကျောမှီကို ပက်ခနဲမှီချပြီးမှ...

"ဒုရဲအုပ်သိန်းဆိုတာ သိထားပါတယ်၊ ကိစ္စက"

"လွန်ခဲ့တဲ့တစ်နှစ်ကျော်က အသတ်ခံလိုက်ရတဲ့ မှုန်ရှုန်း ကိစ္စပါ"

မျက်ခုံးတို့ကို ဖျတ်ခနဲပင့်ပြပြီးမှ...

"တစ်နှစ်ကျော်ဆိုတော့ တော်တော်ကြာပြီပဲဗျ၊ ဒီအမှုက မပြတ်သေးဘူးလား"

"ဦးဒီရေက အမှုပြတ်ဖို့ ဆုတောင်းနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အိုး...နိုး"

ချက်ချင်းလက်ကာပြီး တားသည်။ ပြီးမှ သိခ်မျက်ဝန်းတွေထဲ တည့်တည့်ကြည့်ကာ...

"ဆိုချင်တာ႐ ့ အမှုမှန်ပေါ်သင့်ပြီလို့"

"ကျွန်တော်တို့ ဥပဒေဘက်တော်သားတွေလည်း ကြိုးစားနေတာ ခုခင်ဗျားအမြင်ပဲလေ၊ တရားခံဆိုတာ ဥပဒေစက်ကွင်းက အကြာကြီး မပြေးနိုင်ပါဘူးဗျာ"

သိခ်က နှုတ်ခမ်းကိုစေ့ပြီး မျက်တောင်ဖျားတွေ စင်းချလျက် ကြည့်ပုံက ခင်ဗျားလွတ်လမ်းမရှိဘူးလို့ ပြောနေသယောင်။ ဒီရေက ထိုအကြည့်ကို တန်ပြန်၍ ခပ်ထေ့ထေ့ပြုံးပြီးမှ ကုတ်အင်္ကျီလက်ကို အသာပင့်ပြီး နာရီကိုကြည့်သည်။

"ဆယ့်ငါးမိနစ်စာမေးခွန်းက လိုတိုရှင်းပဲဖြစ်သင့်တယ်ကိုသိခ်၊ ကျွန်တော် ရှားရှားပါးပါး စုဆောင်းရတဲ့အထဲမှာ အချိန်ကနံပါတ်တစ်၊ အရေးမပါတာတွေနဲ့ ကျွန်တော် သယံဇာတတွေကို မဖြုန်းတီးပါနဲ့"

"အိုခေ...ကောင်းပြီလေ၊ မေးဆိုတော့လည်း မေးရတာပေါ့၊ ခင်ဗျားရင်ဘတ်နဲ့ဖြေဖို့ အရေးကြီးပါတယ်၊ ဆိုလိုချင်တာ လျှာဖျားကလာတဲ့စကားတွေက အစစ်မဟုတ်ဘူးဆိုတာ ကျွန်တော်သိထားလို့ပဲ"

ဒေါသအရှိန်ကြောင့် ဒီရေ့မျက်နှာ နီမြန်းမြန်းဖြစ်လာပုံက မိုက်တီမိုက်ကန်းအကြည့်နဲ့မို့ အရောင်ရင့်လာသလို။ ဒီရေက မေးဆို





ပြီး မေးဖျားလှုပ်ရုံ မေးဆတ်ပြသည်။ သိခ်က အသင့်ဖွင့်ထားတဲ့ မှတ်စုစာအုပ်ကို တစ်ချက်ငုံ့ကြည့်ပြီးမှ...

"အရင်ဆုံးမေးချင်တာ ခင်ဗျားနဲ့ ကျော်ရက်စတောရင့်က မိတ်ကပ်ဆရာမနဲ့သတင်း"

"အဟား"

ခေါင်းမော့ပြီးရယ်သည်။ ကျေနပ်ခြင်းမဟုတ်ဘဲ လှောင်ရိပ်စွန်းသော ရယ်သံ။ ပြီးမှ သိခ်ထံအကြည့်ကို စိုက်လွှတ်ထားပြီးမှ...

"ရဲတွေရဲ့အမြင်စူးရှမှုဆိုတာ မွေးရာပါနဲ့တူတယ်၊ ဒါပေမဲ့ အဲဒီလိုစူးရှမှုမျိုး ခင်ဗျားမှာ ပါမလာသေးဘူး"

"ကျွန်တော်မေးတာသာဖြေပါ"

သိခ်က ခပ်ထန်ထန်အသံနှင့် အမိန့်ပေးသည်။ ဒီရေက ခေါင်းညိတ်ရင်း...

"ကောင်းပြီ...ဖြေမယ်၊ မဟုတ်ဘူး၊ အဲဒါက ရန့်ရဲ့အထင်လွဲမှားမှုသက်သက်"

"ဒါပေမဲ့ အနုပညာအသိုင်းအဝိုင်းကရော၊ ဂျာနယ်တွေရဲ့ ထင်မြင်ချက်က ခင်ဗျားနဲ့ မာလာက ငြိစွန်းနေတယ်၊ ဒါကိုသိလို့ ရန့်က ပြဿနာရှာတယ်"

"ကျွန်တော်က မှန်ရန့်ကိုသတ်တဲ့လူလို့ စွဲချက်တင်ချင်တာလား"

ဆတ်ခနဲ ကိုယ်ကိုကိုင်း၍မေးပုံက စိမ်းစိမ်းရှရှ။



www.burmeseclassic.com

www.burmeseclassic.com



''ဖြစ်နိုင်ခြေတွေရှိတယ်''

''အဲဒီဖြစ်နိုင်ခြေတွေ ကျွန်တော်က ပယ်ဖျက်ရမယ်ပေါ့''

''ခင်ဗျားမှာ အချက်အလက်စုံရင်''

''စုံစရာမလိုဘူး''

ဒီရေက စကားကို ကောက်ခနဲဖြတ်သည်။

''အဲဒီ့မာလာဆိုတာ မိန်းမအစစ်မဟုတ်ဘူး''

''ကျွန်တော်တန်လှပ်အောင်ဆိုတဲ့ လိမ့်လုံးမျိုးတော့ ခင်ဗျား မထွင်သင့်ဘူးနော်''

လူတစ်ယောက်ရဲ့ရင်ထဲသို့ တိုက်ရိုက်ထိမည့်စကားမြှား။ ဒီရေ့မျက်နှာကြီးက ရဲရဲနီမြန်းလာသည်။ မီးရှိန်ကောင်းအောင် မီးပုံကို ဆွပေးလျှင် မီးပန်းမီးဖွားတွေ ပုံ့ဝင်လွင့်တတ်တာ သဘာဝ။ ဒီရေရင်ထဲက ဘာတွေလွင့်စင်တတ်မလဲ။ သိမ်ံ သိချင်သည်။

''ထွင်တာဟုတ်မဟုတ် ကျွန်တော်ပြောပြမယ်၊ ခင်ဗျား ချင့်ချိန်ပြီးနားထောင်၊ မာလာက ချောတယ်၊ နွဲ့နှောင်းတယ်၊ အများ အမြင်မှာ မိန်းမအစစ်ပဲ၊ ဒါပေမဲ့ စိတ်ရဲ့တံခါးပေါက်က မျက်လုံး၊ အဲဒီမျက်လုံးကို ဖတ်တတ်ရင် လူတစ်ယောက်ရဲ့စိတ်ထားတင်မက ဘူး ဘဝတစ်ခုလုံးကိုပါ အပိုင်သိမ်းလို့ရတယ်၊ မာလာ့မျက်လုံးထဲ မှာ သိမ်မွေ့တာတွေ၊ ထိန်းချုပ်တာတွေ မတွေ့ရဘူး၊ လိုအပ်တာ ထက် လျှို့ဝှက်ချင်တာနဲ့ လိုတာထက်ပိုတဲ့ ရဲရင့်ခြင်းတွေပဲတွေ့ရ တာ''

သိမ်ံက စီးကရက်ကို နှုတ်ခမ်းဖျားဌဲတော့ပြီး မီးညှိကာ





ရှိုက်သည်။ မီးခိုးငွေ့တွေကို လိုက်ငေးရင်းမှ...

''ယောက်ျားမိန်းမဆိုတာ အကြည့်တစ်ချက်တည်းနဲ့ ခွဲခြား လို့မနိုင်လုံဘူး ကိုဒီရေ''

''နိုင်လုံရအောင် ကျွန်တော်သက်သေပြနေတာမဟုတ်ဘူး၊ ခင်ဗျား မြင်တတ်အောင် ပြောပြနေတာ၊ မာလာက သာမန်မိန်းမ တွေမလုပ်ရဲတဲ့ အလုပ်တစ်ခုလည်း လုပ်တတ်သေးတယ်၊ အဲဒါက လူဝင်လူထွက်ရှုပ်တဲ့ မိတ်ကပ်ခန်းထောင့်မှာ အိပ်တာပဲ၊ ခင်ဗျား စဉ်းစားလေ မိန်းကလေးတစ်ယောက်က အဲဒီလို ကိုယ့်အိမ်ယာ မဟုတ်ဘဲ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်တတ်ပါ့မလား၊ သူများတွေ အဝင်အထွက်လုပ်နေတာကို သူဂရုမစိုက်ဘူးဆိုကတည်းက သူ့ကိုယ်သူ ယုံကြည်စိတ်ချမှုရှိလို့ပေါ့၊ အဲဒီလိုစိတ်မျိုး ဘယ်မိန်းက လေးမှာမှ မရှိတတ်ဘူး၊ ဒါက အတွင်းစိတ်သဘော၊ အပြင်ပန်းအရ ဆိုရင် သူ့အသံနဲ့သူ့အဆက်အပေါက်က မိန်းမမဟုတ်တာ သေချာ ပြီးသား''

သောက်လက်စ စီးကရက်ပြာကို ဆေးလိပ်ခွက်ထဲ ခြွေချ သည်။ ရင်ထဲက အတွေးတွေကိုလည်း တစ်စချင်းဆီ ဦးနှောက်ထဲ သိမ်ံ ခြွေချနေတာ ဘယ်သူသိမှာတဲ့လဲ။

''ခင်ဗျားပြောတာနဲ့ မာလာကိုတောင် ပြေးတွေ့ချင်လာ ပြီ၊ ထားပါတော့ မာလာနဲ့ခင်ဗျား ပတ်သက်မှုမရှိတာ၊ ဒါပေမဲ့ မွဲရန့်ကို ရိုက်ကွင်းပေါ်မှာ ခင်ဗျားကြိမ်းဝါးခဲ့တဲ့ စကားတော့ ရှိသေး တယ်လေ၊ လောကကြီးထဲက ထုတ်ပစ်လို့ရတယ်ဆိုတာ''



www.burmeseclassic.com

www.burmeseclassic.com



"သူ အခုလိုအသက်ခံရမှန်းသိခဲ့ရင် ဒီစကားပြောမိမှာမဟုတ်ဘူး၊ ကျွန်တော်က မရှိတာကို အရှိလုပ်ပြီး ဇာတ်ကားတွေဖန်တီးနေတဲ့ ပရိုဂျူဆာပါ၊ ဥပဒေအကြောင်း နားလည်ပြီးသားလေ၊ ခင်ဗျားသာ စကားတစ်ခွန်းနောက်ကို လိုက်ရင်း လမ်းကြောင်းတွေလွဲကုန်မှာစိုးလို့"

"ကောင်းပြီလေ…ဆယ့်ငါးမိနစ်လည်း ပြည့်တော့မယ်၊ နောက်ဆုံးမေးခွန်းပါပဲ၊ မှန်ရုံ့ဟာ အငြိုးနဲ့အသက်ခံရတာ၊ သားလိုင်းစားနှစ်ချောင်းနဲ့ တစ်ပြိုင်နက်ထိုးသွင်းပြီး အူတွေပြတ်ထွက်အောင်ခွဲခဲ့တယ်ဆိုတာ ဆေးစစ်ချက်က အဖြေပေးပြီးပြီ၊ အခင်းဖြစ်သွားတဲ့နေရာက ခင်ဗျားချိန်းတဲ့ရက်စေတောရင့်ပိုင်နက်ထဲမှာ၊ အဲဒီအချိန်မှာများ ခင်ဗျားမှာ သားလိုးစားကိုင်ဆောင်ထားခြင်း ရှိမရှိဆိုတာ"

"ဟာ…ရှိတာပေါ့"

ဒီရေက ခြေချိတ်ထားတာကို ဖြုတ်သည်။ ခပ်မတ်မတ်ပြင်ထိုင်ပြီးမှ…

"ဒါပေမဲ့ နှစ်ချောင်းတော့မဟုတ်ဘူး၊ တစ်ချောင်းတည်း၊ ခက်ရင်းနဲ့ စားတစ်ချောင်းပဲပေးတာ ရက်စေတောရင့်တွေရဲ့ ထုံးစံပါဗျာ၊ စားနှစ်ချောင်းတောင်းရလောက်အောင် ကျွန်တော်မတုံးဘူး"

သိမ်ိ ထိုင်ရာမှထရပ်သည်။ ဒီရေပါထရပ်တော့ စားပွဲတစ်လုံးခြားထားသော သူတို့နှစ်ယောက်ရဲ့ အကြည့်တွေက ခြားနားခြင်းမရှိ။ သံသယနှင့်အကြည့်။ လှောင်ရိပ်စွန်းသောအကြည့်တွေက တစ်ယောက်ကိုတစ်ယောက် ထွင်းဖောက်တော့မတတ်။ အင်နဲ့အား





နှင့်။

"ခွင့်ပြုပါဦး၊ နောက်တစ်ကြိမ် ထပ်ဆုံကြတာပေါ့"

သိမ်ိက နှုတ်ဆက်သည်။ ဒီရေက ဘောင်းဘီအိတ်ထဲလက်နှိုက်ရင်း အပြုံးနှင့်ဦးညွှတ်ကာ…

"ဝဲ(လ်)ကမ်းပါ၊ ဒါပေမဲ့ သံသယတွေမပါကြေး"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ခပ်မတ်မတ်နဲ့ ကျယ်ပြန့်သော ကျောပြင်ကို သောင်ပြင်အကွေ့မှာ ဘွားခနဲတွေ့ရသည်။ အုန်းပင်နားမှာရပ်ပြီး လက်ပိုက်ကာ မော်ရုပ်လာရာလမ်းကို စောင့်မျှော်နေပုံက သူ့အနောက်ရောက်နေသော သူမအတွက် ရယ်ချင်စရာ။ မော်ရုပ်က ခြေသံကြားမှာစိုး၍ ဖွဖွလေးနင်းလျှောက်ကာ သူ့အနီးသို့ တရွေ့ရွေ့ချဉ်းကပ်လာသည်။ သူနှင့်လက်တစ်ကမ်းအလိုလောက်မှ ခေတ္တရပ်ရင်း သူ့နောက်ကျောကနေ ငေးကြည့်နေတာအကြာကြီး။ ကျေနပ်အားရသော ပီတိဖြာအကြည့်မျိုးနဲ့လေ။ ကြည့်စမ်းပါဦး အရင်နဲ့ကွာခြားသွားပြီဖြစ်တဲ့ လတ်ဆတ်နုပျိုသော လူငယ်တစ်ယောက်ရဲ့ဟန်ပန်ကအပြည့်။ ကုတ်ထောက်ဆံပင်အား ခပ်တိုတိုညှပ်၍ ရိတ်ထိုးပစ်သောအခါ ယောကျ်ားပီသသော သူ့မျက်နှာက ပိုပေါ်လွင်လာသည်။ မော်ရုပ်အရင်က အားကျခဲ့ရသော သူ့ကိုယ်လုံးအလှအပက အခုတော့ ဘာမှမရှိတော့။ ဟွန်း ဘယ်ရှိပါ့မလဲ အဲဒါ အတုတွေကိုးလို့တွေး

ဦး:မိုး:ဝ၁၆ပ



ပြီး လည်ချောင်းဝထိတက်လာတဲ့ ရယ်ချင်စိတ်ကို အတင်းပြန်မြို ချရတာ တဒုက္ခ။ ရှပ်အပြာစင်းလက်ရှည်ပေါ် ချောကလက်ရောင်ဝတ်(စ်)ကုတ်။ ချောကလက်ရောင် ပျော့အိနေသော စတိုင်ပင်(န်)နှင့် သူ့အသွင်ကို မော်ရုပ် ကြည့်မဝငေးနေမိတာ ဘာကြောင့်မှန်းကိုမသိတော့။ ထိုစဉ် သူမရှေ့မှ ကြမ္မာက လက်မှနာရီကို တစ်ချက်မြှောက်ကြည့်သည်။ ပြီးတော့ ခပ်တိုးတိုးရေရွတ်သံ။

"ကြာလိုက်တာ၊ ကျွန်တော်နဲ့ ချိန်းထားတာ မေ့များသွားပြီလား မော်ရုပ်ရယ် ဟင်"

မသဲမကွဲပေမဲ့ မော်ရုပ် ကြားခွင့်ရပါသည်။ မျှော်လင့်ချင်ရက်နဲ့ မမျှော်လင့်ရဲသည့်အသံ။ သူ့စိတ်ထဲက မဝံ့ရဲခြင်းကို လှမ်းမြင်ရတဲ့အခါ မော်ရုပ်ရဲ့သနားကရုဏာဟာ ကြမ္မာ့အပေါ် အတိုင်းအဆမရှိ။ သူ့နေရာမှာ တခြားယောကျ်ားတစ်ယောက်သာဆိုရင် မော်ရုပ်နောက်ကျနေတာကို စောင့်ချင်မှဆက်စောင့်မည်။ မစောင့်နိုင်တော့ရင်လည်း ပြန်ချင်ပြန်သွားမည်။ ဒါမှမဟုတ် ဟိုတယ်ရီဆက်ရှင်ကတစ်ဆင့် မော်ရုပ်အခန်းဆီ ဖုန်းခေါ်ခိုင်းမည်။ အများကြီးသော ကြိုးစားခွင့်တွေနှင့်။ သူ့ကြမှလို့တွေးမိတော့ အပြစ်မမြင်ရက်။ သူ့ရဲ့နေထိုင်နည်းတွေထဲမှာ ယောကျ်ားတစ်ယောက်လို ပွင့်လင်းစွာ ရှင်သန်ခဲ့ရတာမှမဟုတ်တာ။ သနားစိတ်က သူ့ကို ဆက်မပုန်းရက်တော့။ ထို့ကြောင့်

"ဟိတ်"

ပန်းကိုတို့၍ အသံပါပေးလိုက်သည်။ လှည့်လာသော

ဦး:မိုး:ဝ၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသာ မော်ရုပ်ကို တွေ့သည်နှင့်တစ်ပြိုင်နက် လင်းလက်သွားတဲ့အရောင်တွေ ညမှာ ကဗျာတစ်ပုဒ်လို။

"မော်ရုပ်"

"အစစ်ပေါ့၊ ရှင်ဘာတွေ ပွစိပွစိပြောနေတာလဲ ကြမ္မာ"

"အဟင်း"

ခပ်ရှက်ရှက်နှင့် တိုကပ်အောင်ညှပ်ထားသည့် ဆံပင်တွေကို သပ်ချရင်း...

"မော်...ကျွန်တော့်ကို မေ့သွားပြီထင်လို့"

"ရှင့်ကို မေ့စရာလား ကြမ္မာ"

"မသိနိုင်ဘူးလေ၊ မော်က ကမ်းခြေဘုရင်မဘွဲ့ရသွားတော့"

တိုင်ပင်မထားပါဘဲ ခြေလှမ်းတို့လှမ်းမိတာ ပြိုင်တူ။ အဝေးဆီမှ နှုတ်ဆက်မီးပုံပွဲလုပ်နေကြတာက သူ့အစုနဲ့သူမို့ ကမ်းခြေတစ်ခုလုံး မီးပုံတွေအစီအရီ။ အဝေးဆီမှ မီးရောင်အရှိန်ရဲရဲကြောင့် မော့်မျက်နှာက လိမ္မော်ရောင်သန်းနေသည်။ ခါးကျော်သော ဆံပင်ရှည်ကြီးကို ညှပ်ကလစ်နဲ့ ခေါက်တင်ထားတာကြောင့် ဆံစရိုင်းတွေက နားသယ်စပ်မှတစ်ဆင့် လည်တိုင်ကျော့အထိ ကျနေတာကပိုကရို။ ခြေဖျားအထိ ပုံကျနေသော အဝါဖျော့ဂါဝန်ကို ခါးစည်းကြိုးလေးနှင့် စည်းနှောင်ကာဝတ်ထားတာကြောင့် ပြည့်မို့သောခန္ဓာကိုယ်ကောက်ကြောင်းက နွဲ့နွဲ့လေးပေါ်လွင်လှသည်။ မော်ကတော့ သူပြောတာကို ပြုံးရင်းက ဂါဝန်ကို လက်ဖျားလေးနဲ့အသာမရင်း



"အဲဒီလိုဆုရတာ ရှင့်ကြောင့်"

ပြောလည်းပြော ပခုံးချင်းတွန်းတိုက်ပစ်သည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့က မနက်ဖြန်ဆို ခွဲရတော့မှာ"

"မခွဲရပါဘူး"

ကျောက်ဆောင်ခြေရင်း၌ ခြေစုံရပ်ရင်း သူမက လှည့်ပြောသည်။ ထို့နောက် ပေါ့ပါးစွာရယ်ရင်း ကျောက်ဆောင်ပေါ်လှမ်းတက်ကာ...

"ရန်ကုန်ရောက်ရင် ကြမ္မာနဲ့ပဲ မော်က လက်တွဲသွားမှာ၊ မော် ရှိုးလျှောက်တိုင်း ကြမ္မာပဲပြင်ပေး၊ ဒီဇိုင်းလည်း ကြမ္မာပဲဆွဲပေး"

"အင်း...ကျွန်တော်လည်း မော့်ပဲအားထားရမှာ"

"ဘာဖြစ်လို့"

မော်ရုပ်က မျက်လွှာလေးပင့်ရင်း ငဲ့ကြည့်ကာမေးသည်။ ကျောက်ဆောင်ထိပ်မှာ သူမနဲ့ဘေးချင်းယှဉ်ရက်အတူတူ ရပ်ရင်းက လှိုင်းလုံးတွေငေးရင်း သူကရယ်သည်။ လှစ်ခနဲပေါ်လာတဲ့ သွားဖြူတန်းနှင့် ပိုထင်ရှားလာတဲ့ မေးချိုင့်ကလေးကို မော်က ငေးခနဲဖြစ်သွား၏။

"ဘာဖြစ်ရမလဲ၊ တခြားလူတွေက ကျွန်တော့်ပုံစံပြောင်းတာကိုကြည့်ပြီး အထူးအဆန်းဖြစ်နေတာနဲ့ပဲ အလှပြင်ပေးတတ်တာမှာကိုမဟုတ်ဘူး၊ ဒီလောကထဲဝင်ကတည်းက ဟို"

www.burmeseclassic.com

www.burmeseclassic.com



ပြောလက်စစကားက ရှေ့မှာဆက်ရန်မရှိတော့။ ရုက်စိတ်က လူကိုဝါးမြိုလိုက်သလို နားထင်ကို လက်ညှိုးနှင့်ဖွဖွကုတ်ခြစ်ရင်း . . .

"ဟို"

"ဘာလဲ . . . မိန်းမလိုနေခဲ့တယ်လို့ ပြောမလို့မဟုတ်လား"

မော်ရုပ်က စကားထောက်ပေးလိုက်မှ အလျှင်အမြန်ခေါင်းညိတ်ပြသည်။ သူ့ပုံစံက အခုမှ အသက်ရှုချောင်သွားသလို။ ဘာပြောပြော ဘာလုပ်လုပ် မဝံ့မရဲရှိလှသော ကြမ္မာအား သူမစိတ်တိုင်းတော့မကျသေး။ ဖြစ်နိုင်လျှင် အရုပ်တစ်ရုပ်လို တစ်စစီချိုးဖျက်ပြီးမှ အသစ်ကပြန်ဆက်ပေးချင်ပါသည်။

"အဲဒါ စိတ်ညစ်စရာမဟုတ်ဘူး၊ လူတွေရဲ့စိတ်ဝင်စားမှုကို ယူတာလေ၊ နိုင်ငံခြားမှာဆို အနုပညာရှင်တွေ၊ အလှဖန်တီးရှင်တွေက ပရိသတ်စိတ်ဝင်စားလာအောင် တစ်ခါတလေမှာ ကောလဟာလတွေဖြန့်ပြီးတောင် သူတို့သတင်းကို ဖွကြသေးတာ"

"ဒါက မြန်မာပြည်လေ မော်ရဲ့"

"ဒါပေမဲ့ လူလူချင်းလေ ကြမ္မာရဲ့၊ မနေ့တုံးက ဆုပေးပွဲများကြည့်ပါလား၊ ကမ်းခြေဘုရင်မဆုရတဲ့သူကို အင်တာဗျူးတာ ဓါတ်ပုံရိုက်တာ ခဏပဲ၊ ဟွန်း သူ့အနားမှာကျတော့ ဝိုင်းဝိုင်းကိုလည်လို့"

လက်နှစ်ဖက်စုံဖြန့်ပြီး ပခုံးတွန့်လိုက်၊ နှာခေါင်းရှုံ့လိုက်နဲ့ ပြောပုံက မနာလိုဝန်တိုမှုမပါ။ မော် ပြောတာလည်းမမှား။





မနေ့ကညနေခင်း ကမ်းစပ်မှာ ပင်လယ်လေညှင်းတွေ တသွဲ့သွဲ့တိုက်ခတ်နေတာတောင် ခေါ်ချွေးတွေနဲ့ နပန်းလုံးခဲ့ရသူက ကြမ္မာပင်။

"မော်ရုပ်ရဲ့ ဖိုင်နယ်ပွဲကို ရှင်ဒီပုံစံကြီးနဲ့ မတက်ရဘူး ကြမ္မာ၊ ရှင်ပုံစံပြောင်းပြီးမှတက်"

တစ်ချက်လွှတ်အမိန့်သံနှင့် မော်က အာဏာသုံးပြီးပြောသည်။ သူက ခေါင်းကုတ်လိုက်၊ ဆံပင်တွေဖွပစ်လိုက်နှင့် ယောက်ယက်ခတ်နေပြီးမှ . . .

"မဖြစ်ပါဘူး မော်ရုပ်ရယ်"

အငြင်းဝါကျသုံးလိုက်တယ်ဆိုရင်ပဲ မော်က သူ့ကို ခပ်စိမ်းစိမ်းကြည့်ကာ . . .

"ရတယ်လေ . . . ဒါဆိုလည်း မော်ရုပ်တို့ အရင်းနှီးဆုံးမိတ်ဆွေတွေ မဖြစ်ကြရုံပေါ့၊ ဒီနိုင်နာနဲ့ မော်ဒယ်ရဲ့ သာမန်ဆက်ဆံရေး"

"အာ . . . မဟုတ်ဘူး မော်၊ ဟိုဟာလေ"

"မော်လို့မခေါ်နဲ့၊ မော်ရုပ်ပဲခေါ်၊ အလုပ်သဘောအရဆက်ဆံပါတယ်ဆိုမှ"

လို့ ခပ်ဆတ်ဆတ်အပြောခံရတဲ့အခါ ကြမ္မာက တင်းမခံနိုင်။ မော်ရုပ်ရဲ့ အကြည့်စိမ်း၊ အပြောရင့်ရင့်တွေကို သူမှ ခံနိုင်ရည်မရှိတာ။ အပြစ်မရှိတဲ့ ဒူးတုပ်ခစားပြီး ကျောတစ်ရာ ရင်တစ်ရာကြိမ်ဒဏ်ချမယ်ဆိုတောင် ဒီကောင်က ငြင်းဆန်ရန်ဆန္ဒမရှိ။ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



မဖုရားရဲ့အလိုကျ အားလုံးကို ပြောင်းလဲပြင်ဆင်ရသည်။ ပြဿနာစတာက သူ့၌ ယောကျ်ားဆန်ဆန်ဝတ်စုံဆို၍ ရှပ်နှင့်ဂျင်းပင်(န်) တစ်စုံ ဒါပဲပါသည်။ ဝတ်ရမှာကလည်း တော်ရိလျော်ရိဖြစ်လို့မရ။ ဖိုင်နယ်ပြိုင်ပွဲမှာ ဒီနိုင်နာကလည်း အရေးပါသေးသည်။ ထို့ကြောင့် ဝတ်စုံတစ်စုံ အရင်ပြေးဝယ်ရသည်။ ပြီးမှ ဆံပင်တွေဘာတွေ ပုံစံပြောင်းပစ်ရ၏။ အလုံးစုံပြောင်းလဲမှုဆုံးမှ မော့်နှုတ်ခမ်းမှအပြုံးတို့အား ဖူးမြင်ခွင့်ရသည်။ ဖြစ်ရလေခြင်း။ ကိုယ့်ဘဝရယ်လို့ ပြန်ယူတော့လည်း သူမစိတ်နှင့်ကိုယ်ကိုယ်။ အတွေးနှင့်အတူ သူမကို ဖျတ်ခနဲငဲ့ကြည့်သည်။ မော်ကတော့ လက်နှစ်ဖက်ကိုဆန့်၊ ကျောက်ဆောင်ပေါ် ခြေဖျားထောက်ပြီး ပင်လယ်လေကို အဆုတ်ထဲ အားပါးတရရှူသွင်းနေ၏။

"မော်"

"ဟင်"

"မော့်ကို ကျွန်တော်ဂုဏ်ပြုချင်လို့"

"ဘာအတွက်လဲ"

"ကျွန်တော့်မှာ အမေပေးတဲ့အသက်နဲ့ မော်ပေးတဲ့ဘဝ၊ ဒါပဲရှိလို့လေ"

မော်က လှစ်ခနဲပြုံးတော့ သူ့နှလုံးသားမှာ လှစ်ခနဲအေးသည်။

"ရှင်က တော်တော်အပြောကောင်း"

"အကောင်းပြောတာပါ မော်ရဲ့"





"မလိုပါဘူးနော်၊ မော်က ပြုပြင်ပြောင်းလဲရေးသမား၊ ကိုယ့်မျက်စိထဲ အချိုးမကျရင် အမုန်းခံပြီး ပြောပစ်တာ၊ အထူးသဖြင့် ကိုယ်စေတနာထားတဲ့လူတွေကိုပေါ့"

"မော်က ကျွန်တော့်ကိုကျမှ ဘာလို့စေတနာထားတာလဲ"

"ဒါကတော့"

ဖြေစရာစကားက ချက်ချင်းမရှိ။ မော်က လက်ညှိုးကို ခပ်ဖွဖွကိုက်ကာ မျက်ဝန်းထောင့်ကပ်စဉ်းစားရင်း...

"ရှင့်ကို ခင်သွားလို့နေမှာပေါ့"

ပေါ့ပေါ့လေးဖြေပေမဲ့ မော့်ရင်ထဲမှာ လေးနက်ခြင်းများစွာ ဖြစ်ထွန်းနေတာ လိမ်လို့မရ။ ကိုယ့်စကားတစ်ခွန်းနဲ့ သူပြောင်းလဲပစ်လိုက်တာ မနည်းမနော။ အသားကျလာတဲ့ နေထိုင်မှုစရိုက်ကို ဖဲ့ထုတ်ပစ်တာဟာ တော်ရုံတွန်းအားမှမဟုတ်တာ။ အရွယ်ရောက်ပြီး မိန်းကလေးတစ်ယောက်အနေနဲ့ သူ့မျက်ဝန်းထဲမှစာကို မော် ဖတ်တတ်ပါသည်။ သူမကိုယ်တိုင်ရော ရီးသားရဲ့လား။ အဖြေကို တိတ်တဆိတ်တောင် မော် မဖြေရဲ။ လွန်ခဲ့သော အတိတ်ညက အခန်းတစ်ခန်းထဲ အတူရှိခဲ့တာ။ သူ့ပါးပြင်အား အနမ်းဦးခြွေခဲ့တာ ပြန်တွေးတိုင်း ရှက်ရွံ့တာမဟုတ်ဘဲ ရင်အခုန်မြန်တာဟာ ချစ်ခြင်းကြောင့်လား။ မော် မတွေးတတ်။ ပါးပြင်နှစ်ဖက် ထူပူသွားတာ သိသည်။ ထိုအခိုက်

"ဘာတွေတွေးနေတာလဲ မော်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

ငုံ့အကြည့် သူ့ထံမှ ပြုံးလဲ့ရှိနေသော ရောင်စဉ်ဖြာမျက်ဝန်းတွေကြောင့် မော်ကတိမ်းကပါးဖြစ်သွားစဉ်

"အမေ့"

အသည်းထဲ လှစ်ခနဲအေးသည်။ ခြေချော်ကာ ကျောက်ဆောင်ပေါ်မှ ပင်လယ်ထဲ လှမ်းကျတော့မည့်ဆဲဆဲ။ ဆတ်ခနဲ သူ့မလက်ကောက်ဝတ် ဆောင့်ဆွဲခံလိုက်ရသည်။ အားပါသော ဆွဲခေါ်မှုကြောင့် မော့်ရုပ်က အရှိန်ပြင်းစွာ ပြုလဲသွားတာက ရင်ခွင်တစ်ခုဆီ။

"အို"

ရင်ချင်းအပ်လျက် မျက်နှာချင်းက နီးကပ်စွာ။ ပြုတ်ကျမှာစိုးစိတ်ဖြင့် လှမ်းဆွဲလိုက်ပေမဲ့ အခြေအနေတွေက မထင်မှတ်စရာ။ သတိထားမိတဲ့အခါကျတော့ သူ့မက ကိုယ့်ရင်ခွင်ထဲ။ သူ့မခါးလေးကိုပဲ ကြမ္မာက သိမ်းဖက်ပြီးသား။ ဝိုင်းစက်ပြူးကျယ်နေတဲ့ မျက်ဝန်းအနားသတ်မျက်တောင်တွေ ကော့တက်ပြန့်ကားနေတာကအစ နှုတ်ခမ်းရဲလေးတွေအဆုံး မြင်သမျှအရာတိုင်းက နှလုံးသားကို ဆွဲခါလှုပ်ယမ်းသွားတဲ့ မုန်တိုင်းတစ်စင်းနှယ်။ ဖရိုဖရဲပြိုလဲကျန်ရစ်တဲ့ ရင်တွင်းကလီစာတွေကို ထိန်းထားရင်းက ကျူးကျော်သွားသော လက်တွေကို ပြန်သိမ်းရသည်။

"ဆောရီး"

တောင်းပန်စကားပြောပြီး အရင်ကျော်ခိုင်းတာက ကြမ္မာ။





နောက်မှာ နှာခေါင်းတွန့်ရင်း ပြုံးမိသူက မော်။ ဖြစ်နိုင်ရင် ကျော်ခိုင်းသွားတဲ့ သူ့ကို ပခုံးဆွဲလှည့်ပြီး ပြောပစ်ချင်တာ။

"ရှက်ရမဲ့သူက ဒီမှာ"

လို့လေ။ ညနဲ့လှိုင်းကတော့ ဖျတ်ခနဲတွေ့လိုက်ရတဲ့ နှစ်ပါးသွားအကမှာ မိန်းမူးလို့။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

''မရည်မွန်နော်''

''ဟုတ်ပါတယ်''

သိခ်က ကိုယ့်ရှေ့မှာရှိသော မိန်းကလေးနှစ်ယောက်ကို ငေးငေးအကဲခတ်သည်။ သူမတို့မျက်နှာပေါ်မှာ ထူးဆန်းခြင်းတွေမှလွဲ၍ တခြားသောအရိပ်အရောင်မှ မတွေ့ရ။ ဒီနှစ်ယောက်စလုံးက လွန်ခဲ့သော တစ်နှစ်ကျော်ကအမှုကို အခုမှပြန်လာစစ်ဆေးသော သူ့အား အံ့ဩနေပုံရသည်။ သိခ်က အရင်အမှုတွဲဟောင်းထဲမှ ကူးယူထားသော စစ်ချက်တွေကို မှတ်စုထဲမှ တစ်ချက်ဖတ်ကြည့်ပြီး...

''မွန်ရန်က ဒီဆိုင်ကနေ ရှစ်နာရီခွဲမှာထွက်သွားတယ်လို့ ပြောထားတယ်နော်၊ အဲဒီအချိန်ကို မရည်မွန် ဘယ်လိုသိတာလဲ''

ရည်မွန်က စဉ်းစားသလို ရှေ့မှာရှိသော စားပွဲခုံကို စိုက်ခဲ့ငေးပြီးမှ...

''ဪ...သတိရပြီ၊ အဲဒီနေ့က ရည်မွန်က ဒုတိယဆိုရ

ဦး:မိုး:၈၁၆၀



မဲ့အလှည့်၊ ရည်မွန့်ရှေ့က မွန်ရန်၊ ပြီးတော့ မော်ဒယ်ရှိုးလျှောက်မယ်၊ ပြီးရင် ရည်မွန်၊ ရည်မွန်က ရှစ်နာရီခွဲမှာ စတိတ်ပေါ် စတက်ရတာ၊ အဲဒီအချိန်မှာပဲ မွန်ရန်က ကားပေါ်တက်ပြီးထွက်သွားတာ''

သိခ်က ခေါင်းတဆတ်ဆတ်ညိတ်ကာ...

''ဟုတ်ပါပြီ၊ ဒီက မသင်းသင်းကြူကရော အရင်စစ်ချက်ထဲမှာက သီချင်းဆိုရမဲ့အချိန်က ကိုးနာရီခွဲမှလို့ပြောထားတာနော်၊ မိတ်ကပ်ကို အနားကပ်မှပြင်ရမှာမဟုတ်လား၊ ရှစ်နာရီခွဲမှာ မသင်းကြူရှိသင့်တာ မိတ်ကပ်ပြင်ခန်းထဲမှာလေ၊ အခု မွန်ရန်ထွက်သွားတာကို ခင်ဗျားပါမြင်တယ်ဆိုတာက''

ဒီတစ်ယောက်ကတော့ ထူးပြီးစဉ်းစားစရာမလိုဟန်နှင့်...

''သင်းကြူကို မမာလာက ရည်မွန်နဲ့အတူတူပြင်ပေးတာ၊ သင်းကြူလည်း ရှစ်နာရီခွဲဆို အပြင်စားပွဲဝိုင်းမှာထိုင်တယ်လေ၊ သင်းကြူဖြည့်သည်ကို ထွက်ဧည့်ခံတာပါ''

''အဲဒါနဲ့ပဲ မွန်ရန်ထွက်သွားတာကို မြင်တယ်ပေါ့''

''ဟုတ်''

သိခ်က အရင်စစ်ချက်တွေတုံးက အလိုမကျတာတွေကို ထုတ်နုတ်ကာ အခုမှ သေချာပြန်မေးရတာမျိုး။ မွန်ရန်ထွက်သွားတာကိုမြင်တဲ့ သက်သေတွေများနေသလားလို့ထင်ကာ စေ့စေ့စပ်စပ် ပြန်မေးခြင်းပင်။

''ဒါဆို မဝေမာကရော''

ခုံမှာလည်းဝင်မထိုင် ထိုင်ခုံကျောမှီကို တင်ပါးနဲ့ ခပ်မှီမှီ မှီရပ်နေသော တစ်ယောက်ကို သူလှမ်းမေးသည်။ မျက်နှာပေါ်

ဦး:မိုး:၈၁၆၀

www.burmeseclassic.com

www.burmeseclassic.com



ကာလာစုံတင်ထားသော မချောသုံးယောက်စလုံးဟာ သူ့အား သိပ်တော့မကြည်လင်။ ကြည်လင်စရာအကြောင်းလည်း မရှိ။ ဦးကျော်ထွန်းဆိုင်မှာ မလုပ်တော့သော ဒီသုံးယောက်အား ဆိုင်တစ်ဆိုင်ချင်းဆီမှ ကောက်သင်းကောက်သလို စုခေါ်ခဲ့ရတာဖြစ်သည်။ သိန်းမှာ တစ်ယောက်စီ စစ်မေးဖို့ အချိန်မရှိတော့ပေ။ မချောတွေကလည်း ညဉ့်မယ်တွေမို့ ညအချိန်ကျမှ သွားခေါ်တော့ အလုပ်ချိန်လည်းပျက်၊ ဝင်ငွေလည်းလျော့သဖြင့် စခန်းကိုလိုက်လာရတာတောင် မျက်နှာကြောတွေက ခပ်ရင့်ရင့်။ ဝေမာကတော့ ကျောလည်ခန့်ရှိသောဆံပင်ကို ဆတ်ခနဲခါကာ…

"ကျွန်မက အဲဒီအချိန် ဆိုင်တောင်မရောက်သေးဘူး၊ ကျွန်မအစီအစဉ်က Dancer တွေနဲ့ကရမှာ၊ ဆယ်နာရီမှ ဆိုင်အရောက်လာ၊ မိတ်ကပ်ပြင်ပြီး ဆယ်ခွဲမှာတက်ကရုံပဲ"

"ဒါဆို မရည်မွန်နဲ့ မသင်းကြူက ရှစ်နာရီခွဲကတည်းက မိတ်ကပ်ခန်းထဲက ထွက်ပြီပေါ့"

"အင်းလေ"

ဖြေတာက နှစ်ယောက်စလုံးပြိုင်တူ။ သူ့ကို လှျာရှည်ရှန်ကောလို့ အပြစ်တင်ကြည့်တာကလည်း ပြိုင်တူ။

"ဒါဆို မမာလာအခန်းထဲမှာ အိပ်နေပါတယ်လို့ ဘာလို့ ဖြေတာလဲ"

"သူစောင်ခေါင်းမြီးခြုံပြီး အိပ်နေတယ်လေ"

သင်းကြူကဖြေသည်။

"ခင်ဗျားက ရှစ်နာရီခွဲကတည်းက အပြင်မှာဆို"





"ကျွန်မ အစီအစဉ်မစခင်တော့ မိတ်ကပ်ခန်းထဲ ပြန်ဝင်တာပေါ့၊ နှုတ်ခမ်းနီဆိုးတော့ သူအိပ်တုံး၊ သူ့မှာထားတဲ့ကော်ဖီတောင် မသောက်ရသေးဘူး၊ သူ့ဆိုဖာဘေးက ခုံပေါ်မှာ ဒီအတိုင်းပဲ"

"ကော်ဖီ"

သိန်းက အခုမှ အထူးအဆန်းကို ကြားရသလို ရေရွတ်သည်။ ပထမစစ်ချက်ထဲမှာ ကော်ဖီမှမပါတာ။

"ဟုတ်တယ်၊ ကော်ဖီက အဲဒီနေ့က နှစ်ခွက်၊ သူက ကော်ဖီနှစ်ခွက်မှာလို့ အံ့သြနေတာ၊ အဲဒါနဲ့ စားပွဲပေါ်က ကော်ဖီကို သင်းကြူယူသောက်ပစ်တာ"

"အင်း…ပထမတစ်ခါက ရှစ်ခွဲမှာ သင်းကြူတို့နဲ့ အခန်းကအတူထွက်ပြီး ကော်ဖီမှာတာ၊ သင်းကြူတောင်ပြောသေးတယ် ကော်ဖီအေးကြီးက ပထမမှာထားတဲ့ ကော်ဖီနေမှာ"

"နေပါဦးဗျ…အဲဒီကော်ဖီတင်တဲ့ခုံက မမာလာအိပ်တဲ့ ဆိုဖာရှည်ဘေးမှာမဟုတ်ဘူးလား"

"ဟုတ်တယ်လေ"

ရည်မွန်က အူလည်လည်နှင့်ဖြေသည်။ နောက်မှာရပ်နေသော ဝေမာကတောင် စိတ်မရှည်သလို ကျစ်ခနဲ စုတ်သတ်ကာ ပိုက်ထားသောလက်ကို ပြန်ချပြီး…

"နေပါဦး ဆရာကြီးရဲ့၊ အဲဒီကော်ဖီက သိပ်အရေးကြီးနေလို့လား၊ ရှင်ခေါ်လာတာ ခဏဆိုပြီးတော့နော်"

"ခဏလေးပါ မဝေမာ၊ ဒီမှာ သိပ်စိတ်ဝင်စားစရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ သဲလွန်စမို့ပါ၊ ဆိုင်မှာ ဘေးဘက်အပေါက်ရှိတယ်လို့ ခင်ဗျားတို့ပြောတယ်နော်''

''ကျစ်…အရေးမပါတာတွေ၊ ရှိတယ်၊ မိတ်ကပ်ခန်းရဲ့ အဝဘေးဘက်မှာ၊ အဲဒီကဝင်ရင် ညာဘက်ချိုးရင် မိတ်ကပ်ခန်း ဘယ်ချိုးရင် ဧည့်ခန်းမ၊ တည့်တည့်သွားရင် ကဲ ဒါပဲ၊ ရှင်ဘာသိ ချင်လဲ''

ဝေမာက စိတ်တယ်မရှည်တော့။ ဆိုးဆိုးဆတ်ဆတ်နှင့် ဝင်ပြောသည်။ သူမက အခုပြောင်းထားတဲ့ဆိုင်ရှင်က နားလည် မှုသိပ်မရှိ။ စီးပွားရေးဆန်သည်။ ကိုယ့်အချိန်မှာကိုယ် မဖျော်ဖြေ နိုင်ရင် တော်ကြာလူစားထိုးပစ်ပါက သူမအလုပ်လက်မဲ့ဖြစ်သွား နိုင်သည်။

''သိချင်တာက ကုန်လုနီးပါပြီ၊ မသင်းကြူ ခင်ဗျား နှုတ်ခမ်းနီဝင်ဆိုးတာ ဘယ်အချိန်လောက်ဖြစ်မလဲ''

''မမှတ်မိတော့ဘူးရှင့်''

''အနီးစပ်ဆုံးလေ၊ စဉ်းစားပေးပါဦး''

သင်းကြူက တစ်စက္ကန့်လောက် မျက်လုံးပေကလပ်လုပ် နေပြီးမှ…

''ကိုးနာရီတော့မခွဲသေးဘူး၊ ကိုးခွဲရင် ကျွန်မအလှည့်၊ အင်း ကိုးနာရီနဲ့ ဆယ်မိနစ်လောက်ရှိမလားပဲ''

''ဪ…အဲ့ဒီအချိန် အခန်းထဲမှာ ထူးခြားတာက''

''ဘာမှမရှိဘူးလေ၊ ကော်ဖီခွက်တွေ့တယ်၊ အကောင် တွေဘာတွေကျမှာစိုးလို့ ခွက်ပေါ်စာအုပ်တစ်အုပ်တောင် တင်ပေး



သေးတယ်၊ အဲ အဲဒီမှာ''

ရုတ်တရက် သတိရသလိုဖြစ်သွားတဲ့ ဟန်ပန်ကြောင့် သိန်းက စိတ်ဝင်စားသွားသည်။ ကိုယ်ကိုကိုင်း၍ စားပွဲပေါ်လက် ထောက်ကာ…

''ပြောပါ မသင်းကြူ''

''သင်းကြူ အခန်းထဲဝင်ပြီးတော့ နှုတ်ခမ်းနီဆိုးတော့ မမာလာအိပ်နေသလိုပဲ၊ ဒါပေမဲ့ နှုတ်ခမ်းနီဆိုးပြီး ပြန်ထွက်တော့ အခန်းဝမှာ မမာလာကို ကော်ဖီနောက်တစ်ခွက်နဲ့တွေ့တာ''

''ဟို…မမာလာရဲ့ စိန်စီထားတဲ့ဖိနပ်ကို မတွေ့ဘူး''

''ဟုတ်တယ်၊ အဲဒါတော့ ရှည်မွှန်မှတ်မိတယ်၊ ရှည်မွှန် သိချင်းသုံးပုဒ်ဆိုတယ်၊ ပြီးတော့ မော်ဒယ်ရှိုးလျှောက်တဲ့အချိန် အခန်း ထဲဝင်ပြီး မျက်နှာကို ကာလာထပ်တင်တော့ ဖိနပ်မတွေ့ဘူး၊ မမာ လာဖိနပ်လေးက သိပ်လှတာ၊ ပျောက်သွားမှာစိုးလို့ ကြည့်မိတာ ပါ''

''လူကတော့ အိပ်နေတာပေါ့''

''အင်းပေါ့၊ စောင်ကြီးခြုံပြီးတော့လေ''

သိန်းက အဖြေတစ်ခုရတဲ့လူလို မျက်နှာမှာ အပြုံးရိပ်ထင် ကာ စားပွဲပေါ်လက်ထောက်ကာထရပ်ရင်း…

''ဒီလောက်ဆို လုံလောက်ပါပြီ၊ ကျွန်တော့်ရဲဘော်လေး ကို လိုက်ပို့နိုင်းပါ့မယ်''

မချောသုံးယောက်က ထိုင်ခုံမှ အသီးသီးထသည်။ အချိန်



www.burmeseclassic.com

www.burmeseclassic.com



မီလုပ်ငန်းခွင်ပြန်ဝင်ရမှာမို့ ညှိုးမှောင်နေသော မျက်နှာတွေက အခု တော့ ဘာမှမဖြစ်တော့သလို။

"ကဲ…ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ မမာလာကို မှန်ရုံက ဘယ်လိုခေါ်သလဲမသိဘူးနော်၊ မမာလာတော့မဟုတ်လောက်ဘူး"

"မာလေးလို့ခေါ်တာ"

ဝမ်းသာအားရဖြေသံက တက်ညီလက်ညီ။ ပြီးတော့ သူမတို့ သုံးယောက်အဖြစ်ကို သဘောကျပြီး ရယ်တာမှ ခိုးခိုးခစ် ခစ်။ တွန်းထိုးရယ်မောရင်း စခန်းအထွက်တံခါးနားထိ လိုက်ပို့သော သူ့ကို…

"ကြုံရင် ဆိုင်ဘက်လှည့်လာပါ အရာရှိမင်းကြီး"

"အဟင်း…ဧည့်ဝတ်ကျေစေရပါ့မယ်"

"ဒါပေမဲ့ တာဝန်တော့မပါလာစေနဲ့နော်"

တဲ့လေ။ တစ်ယောက်တစ်မျိုး ဧည့်ဝတ်ကျေ ဖိတ်ကြား သွားသေးသည်။ မြန်မာလူမျိုးတွေဟာ တစ်ဦးနဲ့တစ်ဦး ခင်မင်ရင်း နှီးဖိတ်မန္တကပြုတာ ထုံးစံ။ ရိုးရာမပျက်တဲ့လူကလည်း အလည်သွား ရတာနဲ့ တစ်ဖက်လူဧည့်ဝတ်ကျေတာကို ခံယူရတာနဲ့။ သိခ်က တော့ ဒီတစ်ခါ ရိုးရာဖျက်ရပါလိမ့်မည်။ ဖိတ်ကြားခံရတဲ့နေရာမှာ သူ့အတွက် စိမ်းသက်လွန်းတော့လည်း။ အစဉ်အလာကို လိုက်နာ တာ သူ့နေရာနဲ့သူမှလေ။

◆ ◆ ◆



## အခန်း (၃၄)

"ဒီမှာကြည့် ကြီးကြီး၊ သူက ဒုတိယဆုရတဲ့တစ်ယောက် လေ"

"ဟဲ့…သူလည်းအချောပဲ"

"ဒါပေမဲ့ မော်ရုပ်လောက်မချောလို့ ပထမမချိတ်တာ ပေါ့၊ နော် ကိုခ"

"အင်း…ဟုတ်မှာပေါ့"

ကိုခအကြည့်က တီဗီစခရင်ပေါ် ရောက်မလာ။ သူ့ပေါင် ပေါ်တင်ထားတဲ့ လက်(ပ်)တော့ပေါ်မှာသာ သည်းကြီးမည်းကြီး။ မော်ရုပ်ပြောတာကို ထောက်ခံပေမဲ့ အာရုံမလာတာတော့ အသိသာ ကြီးပင်။ လက်ညှိုးနဲ့လက်မထဲ မေးဖျားကိုထည့်ပြီး စဉ်းစားခန်းဝင် နေတာ တမေ့တမော။ မော်ရုပ်က ကိုခပုံစံအား ဟွန်းခနဲ နှာခေါင်း ရှုံ့ရင်း မျက်စောင်းပါထိုးပစ်ရင်းက…

"တွေ့လားကြီးကြီး ကိုခ သမီးဆုရတာကို စိတ်မဝင်စား တာ အသိသာကြီး"



www.burmeseclassic.com

www.burmeseclassic.com



''ဝင်စားပါတယ်ဟာ''

သိမ်ခက လက်(ပ်)တော့ကို သာသာလေးပိတ်ရင်းပြောသည်။ တော်ကြာ မေမေကပါ ဒီစကားဝိုင်းထဲဝင်ပါပြီး တစ်ရက်တလေနှားတာတောင် ဒီအမှုတွဲတွေထည့်ထားတဲ့ လက်(ပ်)တော့ကြီး တကိုင်ကိုင်နဲ့လို့ပြောတော့မည်။ သိမ်ခကလည်း တစ်ခုခုကို အစဆွဲထုတ်ပြီးလျှင် အဆုံးထိလိုက်တတ်တဲ့အကျင့်က ရှိပြီးသား။ အခု မှုန်ရန့်အမှု၌ သူချိတ်ထားသော ကွင်းဆက်က နည်းနည်းလေးပဲကျန်တော့သည်။ ဒါကို ခေါင်းတွေထူပူအောင် အာရုံစိုက်နေမိတဲ့အခါ ဘေးပတ်ဝန်းကျင်ကို ဂရုမစိုက်မိတော့။ မော်ရှပ်ဆုရသော ပြိုင်ပွဲကို မှတ်တမ်းအနေဖြင့် ဗီဒီယိုရိုက်ကူးလာသည်။ မေမေနှင့်အတူ ထိုင်ကြည့်နေတာကို သိမ်ခက အားမပေးမိတဲ့အဖြစ်။

''ဝင်စားတယ်ဆိုပြီး ဒီကပြော်မှ လက်(ပ်)တော့ပိတ်တာများ၊ ဟော ကြည့်ကြီးကြီး အဲဒါက မော်ရှပ်ဆုရအောင် ဖန်တီးပေးတဲ့ ဒီဇိုင်နာလေ''

မော်ရှပ်က ပြောလည်းပြော ကိုယ်တိုင်လည်း လွမ်းဆွတ်ခြင်းများစွာနဲ့ ဖန်သားပြင်ထက်က ကြမ္မာ့ရှပ်သွင်အား စိုက်ငေးနေမိသည်။

''မော်က ကျွန်တော့်ဘဝကိုပြန်ပေးတဲ့သူ''

လို့ အပြုံးလဲ့လဲ့နဲ့ ရေရွတ်တတ်သူ။ မော်ရှပ်က ပြောလည်းပြောတတ်တဲ့ သူ့စကားသံတွေကို ပြန်ကြားယောင်ရင်း...

''အဲဒီဒီဇိုင်နာရဲ့ အတိတ်အကြောင်းက သနားစရာလေးကြီးကြီးရဲ့၊ သူ့ဘဝမှာ သူ့အမေသာ အားကိုးစရာလို့ တွေးထားရာ





ကနေ ရုတ်တရက်ကြီး သူ့အမေကွယ်လွန်သွားတော့ ကိုယ့်ကိုယ်ကို ဘဝပြောင်းပစ်သလို ဖြစ်သွားတာ၊ သူက နဂိုက မိန်းမလျာ''

''ဟယ်...အခုကြည့်တော့ မိန်းမလျာပါဘူးသမီးရဲ့၊ ကျားကျားလျားလျားပါ''

''ဟုတ်တယ် ကြီးကြီးကလည်း၊ အခုတော့ ယောကျ်ားစစ်စစ်ဖြစ်သွားပြီ''

ကြားရတာတွေက နားဝမှာထူးဆန်းနေသည်။ ထို့ကြောင့် သိမ်ခက တီဗီဖန်သားပြင်ပေါ် အာရုံစူးစိုက်ပြီးကြည့်သည်။ တွေ့ရတဲ့လူဟာ ဆံပင်အနည်းငယ်ရှည်ပြီး ပိန်သွယ်တာကလွဲလို့ ယောကျ်ားစစ်စစ်တစ်ယောက်ပုံပင်။ ထူးခြားတာက မေးနှစ်ခွဖြစ်နေခြင်းက ထိုလူ့ရုပ်သွင်ကို ပိုညို့အားပြင်းစေသလားမသိ။ ဒါကြောင့် ရှေးလူကြီးတွေက ပြောကြတာ မေးနှစ်ခွပါတဲ့သူတွေဟာ လူချစ်လူခင်များတယ်ဆိုပဲ။ သိမ်ခက ထူပူလာတဲ့ခေါင်းထဲက အမှုတွဲကို ထုတ်ပစ်ရင်း ရောက်တတ်ရာရာတွေးကာ ဦးနှောက်ဆေးနေမိသည်။ တီဗီမှာ တရိပ်ရိပ်ပြောင်းလဲသွားတဲ့ ပုံရိပ်တွေကို ငေးရင်း မော်ရှပ်နှင့် ပန်းစည်းကြီးတွေပွေ့ပိုက်ကာ ရိုက်ထားသောပုံတွေကို ငေးရင်း

''သူချုပ်ပေးတဲ့ ဝတ်စုံတွေကို တွေ့လားကြီးကြီး၊ သူက လုံလုံခြုံခြုံနဲ့ လှအောင်ချုပ်တတ်တယ်၊ ပြီးတော့ မိတ်ကပ်လိမ်းရင်လည်း သဘာဝအတိုင်းလိမ်းတာမျိုး၊ မော်ရှပ်တောင် နောက်ရှိုးပွဲတွေကျရင် ဝတ်စုံလည်း သူ့နဲ့ပဲအပ်မယ်၊ မိတ်ကပ်လည်း သူ့နဲ့ပဲ လိမ်းမယ်လို့ ကြိုပြီးဒိတ်လုပ်ထားခဲ့တာ''

''အင်း...သူက လူသာငယ်တာ ပညာကတော့ပါးပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးလည်း နောက်ပွဲတက်ဝတ်စုံကြရင် သူနဲ့ပဲအပ်မယ်''

အတိုင်အဖောက်ညီနေကြတဲ့ မေမေနဲ့မော်ရပ်ကို သူက မျက်ဝန်းထောင့်ကပ်၍ လှမ်းကြည့်ကာ အချိုပွဲဆီ လက်လှမ်းသည်။

''ဒါနဲ့ ဒီဇိုင်နာနာမည်က ဘယ်သူ''

''နာမည်ကလည်း ထူးထူးဆန်းဆန်းပဲ ကြီးကြီးရဲ့၊ ကြမ္မာရင့်တဲ့''

လှမ်းလက်စခက်ရင်းက ပန်းကန်ပေါ် ပြန်ပြုတ်ကျသည်။ နားထဲမှာကြားရတဲ့ အမည်ဟာ ပီပီသသ။ ကြမ္မာရင့်။ သူရှာနေသောသူ ဖြစ်မလား။ မော်ရပ်ပြောပြီးသွားတဲ့ စကားတွေကို တမျှင်ချင်း ပြန်ဆွဲထုတ်ကာ စဉ်းစားသည်။

''သူက နဂိုက မိန်းမလျာ''

''အခုကြည့်ရတာ မိန်းမလျာပါဘူး''

မေမေ့ရဲ့ အကဲဖြတ်ဝေဖန်သံ။

''အခုတော့ ယောကျ်ားစစ်စစ်ဖြစ်သွားပြီ''

သိခ်က ဆတ်ခနဲဖြစ်သွားကာ လက်(ပ်)တော့ကို ချက်ချင်းပြန်ဖွင့်သည်။ ကြမ္မာရင့်ရဲ့ အမှုတွဲဖိုင်ထဲက အချက်အလက်ကို ပြန်ဖတ်၏။

ကြမ္မာရင့်။ M.Y.Y ရဲ့ တစ်ဦးတည်းသောအမွေဆက်ခံသူ။

ဖခင်- ဦးစည်သူ၊ မိခင် ဒေါ်မာယာရင့်

အသက်ဆယ်နှစ်အရွယ် ဖခင်သေဆုံး

မိခင် -အသက်နှစ်ဆယ်ကျော်အရွယ်မှာ အက်ဆီးဒင့်ဖြစ်





ကွယ်လွန်။

အလုပ်အကိုင်- ရန်ကုန်၌ မိတ်ကပ်ဒီဇိုင်နာအဖြစ် အသက်မွေးသူ။ မွန်ရန့်နှင့် ငယ်သူငယ်ချင်း။ အိမ်နီးချင်း။ မိသားစုချင်းပတ်သက်မှုရှိသူ။

မာလေး(အိမ်ခေါ်အမည်) မှတ်ချက်။ မိန်းမလျာစိတ်ပေါက်နေသူ။

မာလာဆိုသော အမည်နှင့် ပတ်သက်မှုရှိမရှိ စုံစမ်းဆဲ။

သိခ်က လက်တော့(ပ်)မှ အကြည့်လွှဲပြီး…

''ကြမ္မာရင့်က နဂိုကတည်းက မိတ်ကပ်ပြင်တဲ့သူလား ညီမလေး''

''ဟော…ကိုကိုတောင်စိတ်ဝင်စားသွားပြီ မဟုတ်လား''

တစ်ချက်ရယ်ရင်း…

''ဒီလိုပါပဲ၊ မျက်စိဖွင့်နားစွင့်ပေါ့''

''အမယ်…ကြမ္မာရဲ့ နဂိုမိန်းမပုံစံသာမြင်ရင်လေ ကိုကိုတကယ်နိုက်သွားမှာသိလား၊ မိန်းမချင်းတောင်ဆေးရတယ် ကိုကိုရဲ့ သိပ်လှတာ''

သိလိုခြင်းရဲ့ ရည်ရွယ်ချက်ကို မော်ရပ်က မသိဘဲ အာပေါင်အာရင်းသန်သန်နှင့် ရှင်းပြသည်။

''နဂိုကတည်းက သူက မိတ်ကပ်ပြင်တာနဲ့တူတယ် ကိုကိုရဲ့၊ မော်ရပ်သူငယ်ချင်းရဲ့ အစ်မတစ်ယောက်က ကြမ္မာ့ကို သိတယ်တဲ့၊ ဒါပေမဲ့ သူသိတဲ့နာမည်က ကြမ္မာမဟုတ်ဘူး၊ ပုံစံ



www.burmeseclassic.com

www.burmeseclassic.com



ချင်းကတော့ ကွက်တိပဲတဲ့''

''မတူတဲ့နောက်နာမည်ကိုရော မော်ရုပ်သိလား''

မော်ရုပ်က ယန်းသီးကို ခွပ်ခနဲကိုက်ပြီး ပါးဖောင်းအောင်ဝါးရင်းက

''ဟင့်အင်း…မသိဘူး၊ ဒါပေမဲ့ မပူပါနဲ့ကိုကိုရာ၊ ကြီးကြီးက မော်ရုပ်အတွက် ဂုဏ်ပြုပွဲလုပ်ပေးမယ်တဲ့၊ အဲဒီကျရင် မိတ်ဆက်ပေးမယ်လေ''

သိခ်က အပြုံးတစ်ပွင့်နှင့် ခေါင်းတဆတ်ဆတ်ညိတ်ရင်း

''အေးပါ…အေးပါ၊ ညည်းရဲ့ပွဲကို ကိုကို့ဧည့်သည်တွေလည်း ဖိတ်မှာနော်''

မော်ရုပ်ကလည်း ကိုကို့လို လူကြီးစတိုင်(လ်)ဖမ်း၍ ခေါင်းတဆတ်ဆတ်ညိတ်ကာ…

''ဖိတ်ပါ…ဖိတ်ပါ''

မြူးကြွစွာ တုံ့ပြန်မိသည်။ ကိုယ်ရည်ရူးထားတဲ့သူ၊ ကိုယ်ရင်ခုန်ရတဲ့သူကို ဒီမိသားစုနဲ့ ရင်းနှီးစေချင်တာ မိန်းကလေးတိုင်းရဲ့ စိတ်ရင်းပင်ဖြစ်လိမ့်မည်။ မော်ရုပ်က ကြီးကြီးရဲ့ဆန္ဒကို ကျေးဇူးကြေးနဲ့ ဆပ်ချင်တာအမှန်။ ဒါပေမဲ့ ရင်ဘတ်ကတော့ ကျေးဇူးဆိုတာထက် ချစ်ခြင်းကိုသာ လက်ခံလိမ့်မည်လို့ မော်ရုပ်ထင်သည်။ အချစ်ဟာ တစ်သက်မှာတစ်ကြိမ်သာ ပူးတဲ့ယန်းဆို မော်ရုပ်က ထိုတစ်ပွင့်ယန်းကိုပဲ ယန်ဆင်ချင်ပါ၏။

◆ ◆ ◆



## အခန်း (၄၀)

လမ်းတံတားကို ချိုးကွေ့ကတည်းက မီးရောင်စုံလင်းလက်နေတဲ့ ခြံဝင်းကျယ်ကို လှမ်းမြင်နေသည်။ ကြမ္မာက ခြံရှေ့ရောက်မှ ကားကိုချိုးကွေ့ရင်း စီတန်းရပ်ထားသည့်ကားတွေကြားပါကင်ဝင်ထိုးသည်။ နောက်ကြည့်မှန်ထဲမှမြင်နေရသည့် ဆံပင်တိုကပ်ကပ်လေးအား ပိုပြီးသပ်ရပ်ပုံကျအောင် လက်နှစ်ဖက်အကူအညီနဲ့ ထောင်လိုက်ပြီးမှ ကားပေါ်ကဆင်းသည်။ နောက်ခန်းမှလေးထောင့်ကတ်ထူပုံးကြီးကို သယ်ယူပြီးချိန်မှာ ကြမ္မာက ကမ်းခြေဘုရင်မရဲ့ ဂုဏ်ပြုပွဲကို တက်ရောက်ရန်အသင့် ဖြစ်သွားပြီ။ မြက်ခင်းလှလှလေးပေါ် စားပွဲဝိုင်းတွေ စီတန်းချထားပြီး မြက်ခင်းပြင်ရဲ့ ထိပ်ဘက်မှာ အနည်းငယ်မြင့်သော စင်မြင့်တစ်ခု။ ကြမ္မာက အကြည့်တစ်ချက်အဝေ့မှာပဲ တွေ့ပါပြီ။ သူ့ရဲ့အလှဘုရင်မ မော်ရုပ်။ သူ့စိတ်တိုင်းကျ ဒီဇိုင်းဆွဲပေးထားသည့်ဝတ်စုံနှင့်။ ရင်အထက်ပိုင်းကို အပွင့်ကျဲဇာအနက်ကလည်ထောင်အစနဲ့ စပ်ချုပ်ထားပြီး

www.burmeseclassic.com

www.burmeseclassic.com



အောက်ပိုင်းက ကျောက်စိမ်းရင့်ရောင် ပိုးဂါဝန်ရှည်က ဒူးဆစ်ဖုံးရုံ အကားလေး။ ခြေသလုံးတစ်ဝက်ခန့်အထိ ကြိုးသိုင်းလို့ရသည့် ဒေါက်မြင့်ဖိနပ်ကလည်း အစိမ်းရင့်ရောင်မို့ ညထဲမှာ မော့်ရုပ်က စိမ်းကားစွာလှနေတာအံ့မှန်။ မော့်ရုပ်ဘေးနားမှာတော့ အနက်ရောင် အနောက်တိုင်းဝတ်စုံနှင့် လူရွယ်တစ်ဦး။ ကြမ္မာက တခြားပိုင်းတွေကို ကျော်ဖြတ်ကာ မော့်ရုပ်အနားပဲ ဦးတည်လျှောက်သွားရင်း

"မော်"

"ဟယ်...ကြမ္မာ"

မော်က တစ်ဖက်လှည့်နှုတ်ဆက်နေရာမှ သူ့ဘက်သို့ မျက်နှာမူတာနှင့် မျက်စောင်းတစ်ပွင့်က အဆင်သင့်ပြင်ပြီးသား။

"နောက်ကျတယ်နော်၊ မော်က အစောကြီးကတည်းက မျှော်နေတာ"

"အင်း...လက်ဆောင်ဝင်ယူနေလို့"

"အမယ်...လက်ဆောင်မပါလဲ လာလို့ရတာပဲကို"

"ကြည့်ကြည့်ပါဦး၊ မော့်အကြိုက်ဖြစ်ရဲ့လားလို့"

လက်ဆောင်ဗူးကို ကမ်းပေးပြီး လက်နောက်ပစ်ကာ အပြုံးနှင့် မျက်စပစ်ပြောသည်။ မော်က မထိုးဖြစ်ဘဲ ချိန်ရွယ်ထားတဲ့ မျက်စောင်းနဲ့ပဲ ကျေနပ်လိုက်ရကာ ကဒ်ထူဗူးကို ရင်ဝယ်ပိုက်ပြီး ဖွင့်ကြည့်လိုက်တော့...

"ဟယ်"

အရင်ဆုံး ရင်သပ်ရှုမော အာမေဋိတ်။ ပြီးမှ...





"ဖိနပ်လေးက လှလိုက်တာ၊ ကြိုးလေးတစ်ချောင်းနဲ့ ရှင်းရှင်းလေး၊ ကြိုးပေါ်က စိန်စီထားတာလေးကလည်း လက်လက်ကိုထနေတာပဲ၊ အရမ်းလှတာပဲ ကြမ္မာ၊ တကယ်လှတာ၊ ကျေးဇူးတင်ပါတယ် ကြမ္မာ"

"မော်...ကြိုက်တယ်ဆို ကျွန်တော်က ပြန်ကျေးဇူးတင်ရမှာပါ"

ထိုအခိုက်မှာ သူနှင့်မော့်အကြား အရိပ်တစ်ရိပ်က ဝင်ရပ်သည်။ နူးညံ့သော မော့်အပြုံးက ထိုအရိပ်ကြောင့် ဖျတ်ခနဲ ကွယ်ပျောက်သွားချိန်မှာပဲ...

"မိတ်ဆက်ပေးဦးလေ မော်ရုပ်"

အနက်ရောင် အနောက်တိုင်းဝတ်စုံနဲ့လူ။ ကြမ္မာက ထိုလူ့အား တွေ့တွေ့ချင်းခံစားမိတာက သိန်းငှက်တစ်ကောင်လို စူးရဲတဲ့အကြည့်များကိုပင်။ မော်ရုပ်ကတော့ ဒါတွေသတိထားမိပုံမရဘဲ

"ဒါ...မော်ရုပ်ပြောပြောနေတဲ့ ကြမ္မာရင့်လေ၊ ကြမ္မာ ဒါ မော်ရုပ်ရဲ့ မွေးစားအစ်ကို ကိုသိခ်တဲ့"

"တွေ့ရတာဝမ်းသာပါတယ်"

နှုတ်ဆက်စကားဆိုကာ ကမ်းလင့်လာသောလက်ကို ယဉ်ကျေးမှုအရ ဆွဲခါနေရပေမဲ့ ကြမ္မာ့ရင်ထဲ ဘာကြောင့်မှန်းမသိ ထင့်ခနဲဖြစ်သွားရသည်။ သိခ်ဆိုသူကတော့ ရင်းနှီးဖော်ရွေစွာပင်

"ခင်ဗျားရဲ့ အနုပညာကို လူမတွေ့ခင်ကတည်းက ကျွန်တော်တို့သားအမိက လေးစားနေတာဗျ၊ လာဗျာ ဟိုဘက်ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



တွေမှာ လွတ်လွတ်လပ်လပ် သွားစကားပြောရအောင်''

လို့ ဦးဆောင်ပြီးခေါ်သွားတာက အစွန်ဘက်ကျကျစားပွဲ ဝိုင်း။ ဧည့်သည်တွေ ဝိုင်းဝိုင်းလည်အောင် နှုတ်ဆက်ရင်း စာနယ် ဇင်းသမားတွေကြားထဲမှ မော်ကတော့ သူ့ထံ နောက်ဆံတင်းတဲ့ အကြည့်တွေနဲ့ လှမ်းကြည့်တာအခါခါ။ အကြည့်ချင်းဆုံတိုင်း သူက လည်း 'စိတ်မပူပါနဲ့'ဆိုတဲ့သဘောဆောင်ပြီး ပြုံးပြရတာ တစ်ကြိမ် ထက်မနည်းတော့။

''ကျွန်တော် ကြမ္မာရင့်ကို ကျော်စားသောက်ဆိုင်မှာလည်း တွေ့ဖူးသလိုပဲ၊ အဲဒီမှာလုပ်ဖူးတယ်မဟုတ်လား''

''ဗျာ''

ရုတ်တရက်လည်းဖြစ် မော်ရုပ်ဆီလည်း အာရုံရောက်နေ တာမို့ နားထဲမှာ 'ကျော်'ဆိုတာပဲကြားသည်။ ကျော်နဲ့ပတ်သက် လျှင် မာလေးက ဘယ်တော့မှ သတိလစ်ဟင်းတာမျိုး မရှိစေရ။ သိန်ကတော့ အရေးမပါလှသောဟန်ဖြင့် ကုတ်ပူးတွေကို တဖောင်း ဖောင်းဆွဲဖောက်ပြီး…

''ကျော်မှာ မိတ်ကပ်ပြင်တဲ့သူအဖြစ် လုပ်ဖူးတယ်မလား''

''သြော်…လုပ်ခဲ့ဖူးပါတယ်''

''ကြမ္မာရင့်ဆိုတဲ့နာမည်နဲ့ပဲလား''

မာလေးက ကုတ်ပူးထံ အကြည့်ရွှေ့သည်။ အေးခနဲဖြစ် သွားတဲ့ မျက်ဝန်းတွေနှင့် စွေစောင်းကြည့်တော့ သိန်ကလည်း စိုက်ကြည့်လျက်သား။ နှစ်ယောက်သား နားလည်နေကြသော အရွဲ့





အစောင်းတွေနဲ့ မျက်လုံးချင်းအသံတိတ် စစ်ခင်းနေပြီးမှ…

''မဟုတ်ဘူး''

မာလေးက တည်ငြိမ်စွာဖြေပေမဲ့ လေသံက မဆို သလောက် မာကျောနေသည်။

''မာလာဆိုတဲ့နာမည်နဲ့လား''

''အဲဒါ ကျွန်တော့်ရဲ့ ပါဆင်နယ်ပါ၊ မော့်ရဲ့ဂုဏ်ပြုပွဲမှာ ကျွန်တော့်အတိတ်အကြောင်းတွေက အရေးပါလို့လား''

မာလေးက အချိုရည်ဗူးကိုယူကာ တရှူးထိုးမော့ချသည်။ ဒါပေမဲ့ အေးစက်စက်အကြည့်တွေက သိန်မျက်နှာပေါ်က လွှဲဖယ် မသွား။ သိန်ကတော့ ခေါင်းတဆတ်ဆတ်ညိတ်ကာ ကုတ်ပူးဘေး နံရံအား လက်ဖြင့်ထတောက်တောက် ခေါက်ရင်း…

''မော်ရုပ်အတွက် အရေးမပါပေမဲ့ လွန်ခဲ့တဲ့တစ်နှစ်ကျော် က ဆုံးသွားတဲ့ မှုန်ရန်အတွက်တော့ အရေးပါမယ်နဲ့တူတယ်''

''ခင်ဗျားက''

''ကျွန်တော် ဒုရဲအုပ်သိန်ပါ၊ အခုလက်ရှိတော့ မှုန်ရန့်ရဲ့ အမှုစစ်ပဲဆိုပါတော့''

''သြော်…သြော်''

အရေးမကြီးသလို ခေါင်းညိတ်ပြသည်။ ပြီးမှ စားပွဲပေါ် လက်နှစ်ဖက်ယှက်တင်ကာ ကိုယ်ကိုရှေ့ကိုင်းပြီး…

''ပြောပါ ကိုသိန်၊ မှုန်ရန့်နဲ့ပတ်သက်ပြီး ကျွန်တော်ဘာကူ ညီရမလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ခင်ဗျားက ကျော်မှာ မှန်ရန်ကိုပြင်ပေးခဲ့တဲ့ မိတ်ကပ်ဆရာ မာလာအဖြစ် ဝန်ခံပြီပေါ့"

ခံပြင်းစိတ်လား၊ ရှက်စိတ်လားမသိ မာလေး၏ တင်းခံ အံကြိတ်ထားတာ လူမမြင်ပေမဲ့ မေးရိုးနှစ်ဖက် ကားထွက်လာတာ တော့ သိသာလွန်းစွာ။

"ဆိုပါတော့"

"စိတ်မရှိပါနဲ့ ကိုကြမ္မာ၊ အလုပ်သဘောအရပါ"

ခွင့်တောင်းတာမဟုတ်တဲ့ အသိပေးခြင်း။ စားပွဲပေါ် ရောက်လာတာက အသံဖမ်းစက်အသေးစားလေး။ ကြမ္မာက မလို လားခြင်းများစွာနှင့် အသံဖမ်းစက်ကိုတစ်လှည့်၊ သိန်းကိုတစ်လှည့် ကြည့်သည်။ သိန်းကတော့ ခုံကိုမှီထိုင်ကာ လက်ပိုက်၍ ကြမ္မာ အား စူးစိုက်ကြည့်ရင်း…

"မှန်ရန့်ထွက်သွားတဲ့ ရှစ်နာရီခွဲက ကိုးနာရီခွဲအတွင်း ကြမ္မာရင့် ဘယ်မှာရှိနေခဲ့လဲ"

ဆတ်ခနဲ ပျက်ယွင်းသွားသည့် မျက်နှာပေါ်က အရိပ် တချို့ မာလေးမထိန်းထားနိုင်။ ဒါပေမဲ့ စက္ကန့်ပိုင်းလောက်မှာပဲ တည်ငြိမ်မှုကိုပြန်ယူပြီး…

"ကျော်ရဲ့ မိတ်ကပ်ပြင်ခန်းမှာပဲရှိပါတယ်"

"ဒါဆို ရှစ်နာရီက ကိုးနာရီခွဲလုံး ဘာလုပ်နေလဲ၊ ကျွန်တော်ဆိုလိုတာက မိတ်ကပ်ပြင်ပေးသေးလား"

"ဟင့်အင်း…မရှိဘူး၊ အိပ်နေတယ်"





"ပထမစစ်ချက်ထဲမှာတော့ မပါဘူးဗျ၊ ဒါပေမဲ့ မရည်မွန် တို့ကို ဒုတိယအကြိမ် ကျွန်တော် ပြန်စစ်တော့ ခင်ဗျား ကော်ဖီ နှစ်ခါမှာတယ်လို့သိရတယ်၊ ဟုတ်သလား"

"ဟုတ်တယ်"

"ကော်ဖီတစ်ခွက်က ခင်ဗျားအိပ်ရာသောမှာပဲကို၊ အိပ်ရာ ကနိုးတာနဲ့ တန်းမသောက်ဘဲ ဒုတိယတစ်ခွက် သွားယူတာက ကော်ဖီခွက်ကို မတွေ့လို့လား"

ဒီမေးခွန်းက အဖြေတစ်ချက်များတာနဲ့ အမှုတစ်မှုလုံးကိုင် လှုပ်နိုင်တဲ့ အခြေခံအချက်။ ပထမကော်ဖီမှာပြီးချိန်မှာ ကြမ္မာရင့် အခန်းထဲမှာ တကယ်မရှိနေ၍သာ ကော်ဖီခွက် သူ့ထံရောက်နေမှန်း လည်းမသိ။ ထို့ကြောင့် နောက်တစ်ခွက်သွားယူခြင်း ဖြစ်မည်လို့ သိန်းက ယူဆထားသည်။ ဒါပေမဲ့ ကြမ္မာကတော့ အေးဆေးသက် သာစွာပြုံးရင်း…

"ကျွန်တော်က အေးစက်နေတဲ့ ကော်ဖီဆို မသောက် တတ်လို့ နောက်တစ်ခွက်သွားယူတာပါ"

"ဒါဆို မရည်မွန် စင်ပေါ်တက်ပြီး သီချင်းဆိုတာ ရှစ်နာရီ ခွဲ၊ ကိုးနာရီမှာ အခန်းထဲဝင်ပြီး နှုတ်ခမ်းနီဆိုးတဲ့အခါ ခင်ဗျားက တော့ ဆိုဖာရှည်ပေါ်မှာ အိပ်ရက်သားတဲ့၊ ဒါပေမဲ့ ခင်ဗျားစီးတဲ့ စိန်စီဖိနပ်ကို မတွေ့ဘူးတဲ့"

"အဲဒါက"

ချက်ချင်းမဖြေနိုင်။ မာလေးက မျက်ခုံးစွန်းကို လက်ညှိုး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဖွဖွကုတ်ခြစ်ရင်း အကြံအိုက်နေစဉ်…

''ကျွန်တော် ထပ်မေးစရာကျန်သေးတယ်၊ ကိုးနာရီဆယ်မိနစ်မှာ သင်းသင်းကြူ မိတ်ကပ်ခန်းထဲ နောက်တစ်ကြိမ်ထပ်ရောက်တယ်''

သိန်းက စကားကို ဖြတ်တောက်၍ ဝှက်ဖဲတစ်ချပ်အား ရထားသူရဲ့ အနိုင်ပြုံးလို ပြုံးပြီးမှ…

''ခင်ဗျားအိပ်နေတုံးပဲ''

''ဒါနဲ့များဗျာ''

ကြမ္မာက အခုမှ အသက်ရှူချောင်သလို စကားသံထွက်လာ၏။ သိန်းက လက်ကာတားရင်း…

''သင်းသင်းကြူ အခန်းအပြင်ပြန်ထွက်တော့ ခင်ဗျားကို မိတ်ကပ်အခန်းထောင့်မှာ တွေ့ရတယ်တဲ့''

နှစ်ဦးသားကြားမှာ ဘာစကားမှ ပြောစရာမရှိတော့အောင် တိတ်ဆိတ်သွားသည်။ ကြမ္မာက ပင့်သက်တစ်ရှိုက်ကို အားယူသလို ရင်ဘတ်ထဲအထိရောက်အောင် ရှိုက်သွင်းပြီးမှ…

''ပြောကြည့်လေ ခင်ဗျားသိထားတာတွေ၊ ဟုတ်နေရင် ကျွန်တော်ခေါင်းညိတ်မယ်''

''ကောင်းပြီ၊ ကျွန်တော်ရှာဖွေထားတဲ့ အချက်တွေကို ခင်ဗျားမငြင်းဖို့ပဲလိုတာ၊ တစ်အချက်က ခင်ဗျားနဲ့မှုန်ရန့် ငယ်ကတည်းက ရင်းနှီးမှုရှိတယ်၊ နှစ်အချက်က မိသားစုနဲ့နွယ်တဲ့ ပဋိပက္ခလေး ရှိတယ်၊ အဲဒီကနေ အငြိုးတွေက တစ်စတစ်စ ကြီးထွားလာပြီး





သူထွက်တဲ့အချိန် ရုပ်နာရီခွဲမှာ ခင်ဗျားက ဘေးဘက်အပေါက်ကနေ ထွက်တယ်၊ အများအမြင်မှာတော့ ရည်မွန်တို့နဲ့အတူ ကော်ဖီမှာ တယ်၊ စားဖို့ဆောင်သွားချင်တဲ့ ခင်ဗျားရဲ့ အဓိကရည်ရွယ်ချက်က ချွန်ထက်တဲ့သားလှီးဓားနှစ်ချောင်းယူဖို့ပဲ''

ကြမ္မာ့မျက်နှာဟာ ဆေးအနီဖြန်းထားသလို အရောင်ရင့်တက်လာသည်။ ဆက်ပြောဆိုတဲ့သဘောနဲ့ သူ့ကို မေးဆတ်ပြသည်။

''ဓားယူပြီး ဘေးပေါက်က အပြင်ကိုထွက်တယ်၊ မှုန်ရန့်နိုင်းတဲ့ဆိုင်ကို ခင်ဗျားသိထားပြီးသား၊ ကားငှားပြီး အရင်ဦးအောင်ထွက်တယ်၊ ဒါပေမဲ့ အများအမြင်မှာတော့ ခင်ဗျားက အိပ်တုန်းပေါ့၊ ခင်ဗျားတစ်ခုသတိလစ်သွားတာ ဆိုဖာအောက်ခြေမှာ ဖိနပ်တစ်ရန် မထားမိတာပဲ''

ကြမ္မာက မျက်လွှာကို တင်းခနဲပိတ်ချသည်။ သူ့အရှေ့မှ သိန်းရဲ့ပုံရိပ်က ပျောက်ကွယ်သွား၏။ ဒါပေမဲ့ ထိုအရိပ်နေရာမှာ အစားထိုးလာသူက မော်ရုပ်။

''မော်ကတော့ ရှင့်ကို ယောက်ျားပီသတဲ့စိတ်ဓာတ်မျိုးနဲ့ တကယ့်ယောက်ျားကောင်းတစ်ယောက် ဖြစ်စေချင်တာ''

အဲဒါ မော့်ရဲ့ သူ့အပေါ်ထားတဲ့ မျှော်လင့်ချက်။

''ဘဝအတုတောင် ပြောင်းရဲသေးတာပဲ၊ အစစ်ကိုပြန်ပြောင်းဖို့အတွက် သိပ်ခက်ခဲလို့လား ကြမ္မာ ဟင်''

''ယောက်ျားဆိုတာ လုပ်ရဲရင်ခံရဲရတယ်''

မော့်အသံတွေဟာ သူ့နားမှာပဲ ပျံ့ဝဲ၍နေသည်။ မျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



အစပ်တွင် နွေးသောအရာတွေက စိုစွတ်နေသည်။ သူငိုနေပြီလား။ ဒါမှမဟုတ် နောင်တရနေသလား။ သူမသိပေမဲ့ ရင်ထဲမှာ တစ်စုံတစ်ရာနဲ့ ထိုးစိုက်ခံထားရသလို စူးအောင့်နေသည်။ မင်း ငါ့ကို ရွံမုန်းသွားမလား မော်။ ရှိပါစေတော့။ မင်းမုန်းလည်း ငါခံယူဝံ့ပါတယ်။ အရေးကြီးတာ မင်းဖြစ်စေချင်တဲ့ ယောကျ်ားကောင်း တစ်ယောက်ဖြစ်ဖို့လေ။ နှုတ်ခမ်းတို့ကို တင်းခနဲဆွဲစေ့ပြီးမှ သူ မျက်လွှာပြန်ဖွင့်သည်။ အကြည့်က သိခ်ဆီမှာမဟုတ်ဘဲ အစိမ်းရင့်ရောင်လိပ်ပြာနားမှာ ရစ်ဝဲသွားပြီးမှ…

"တစ်ခုတော့ တောင်းဆိုပါရစေ"

"ပြောပါ"

"မော့်ရဲ့ဂုဏ်ပြုပွဲပြီးမှပဲ ကျွန်တော့်ကို ခင်ဗျားကြိုက်သလို စီရင်ပါ၊ ကျွန်တော့်ကြောင့် မော့်ပွဲလေးမပျက်ချင်လို့ဆိုရင် ရမလား"

သိခ်က ခေါင်းညိတ်ပြသည်။ အဝေးဆီမှ ဟားခနဲအော်ဟစ်သံတွေ။ လက်ခုပ်သံတဖြောင်းဖြောင်းနဲ့ အငြင်းအခုန်သံတွေက တစ်ချက်တစ်ချက် သူတို့ဆီ ပျံ့လွင့်လာသည်။ သူတို့နှစ်ယောက်ကတော့ သီးခြားကမ္ဘာတစ်ခုထဲ ရောက်နေသလို။ နှစ်ဦးသားရဲ့ကြားမှာ အသံဖမ်းစက်ကလေးရဲ့ လည်ပတ်သံက တိုးတိုးလေး အော်မြည်လျက်။

"တကယ်ဆို အဲဒီညက"

◆ ◆ ◆



## အခန်း (၅၁)

ဆိုင်ကကား ပါကင်မှာထိုးရပ်တာကို မာလေးတွေ့သည်။ ကိုယ့်ကိုမြင်မှာစိုး၍ ပင်စည်ကို ဖျတ်ခနဲကွယ်ရပ်ပေမဲ့ လှူသွားလမ်းလေးအတိုင်း လျှောက်လာမည့်ရန့်ကိုတော့ အလွတ်မပေးရဲ။ ကြည့်နေစဉ်အတွင်းမှာပဲ ခွာမြင့်ဖိနပ်သံပေး၍ လက်ထဲကြိုးတပ်ပိုက်ဆံအိတ်ကို ကြိုးမှဝေ့ယမ်းပြီး လျှောက်လာတဲ့ရန့်။ မာလေးက သူရပ်နေရာအပင်ကြီးနားသို့ ရန့်ရောက်လာမှ အကွယ်ကထရပ်ပြီး

"မှုန်ရန့်"

ဖေါက်ဖိနပ်သံ တိခနဲရပ်သည်။ လှမ်းလက်စခြေလှမ်းတွေကလည်း တုံ့သွားပြီးမှ အကြည့်တစ်စုံက ဝင်းခနဲ သူ့ထံစိုက်ဆင်းလာ၏။

"မာလေး…နင် ဒီကိုဘာကိစ္စ"

"နင့်ကိုလာစောင့်တာ"

"သိပ်မထူးဆန်းတော့ဘူး၊ နင့်အကြောင်းတွေပေါ်မှာဆိုး



www.burmeseclassic.com

www.burmeseclassic.com



လို့မဟုတ်လား''

ရန့်က နှုတ်ခမ်းတွေကို လှပစွာကွေးညွှတ်ရင်း ဟွန့်ခနဲ ရယ်သံပေးပြီး…

''ငါကတော့ ပြောစရာရှိတာပြောမှာပါ မာလေး''

''မပြောပါနဲ့ ရန့်၊ ငါ နင့်ကိုတောင်းပန်နေတာပါ၊ ငါ ဒီအလုပြင်ရတဲ့အလုပ်ကို ဝါသနာပါလွန်းလို့ပါ၊ ငါ့ဝါသနာကို မဖျက်ဆီးပါနဲ့ရန့်''

''တော်စမ်း…ဆက်မပြောနဲ့၊ ငါကြားရတာ နားခါးတယ်''

ခေါင်းကို ဆတ်ခနဲခါယမ်းလိုက်တော့ သူမနားမှာယန်ထားတဲ့ နားကွင်းအဝိုင်းကြီး လှုပ်ယမ်းသွားပုံက အသည်းယားချင်စဖွယ်။

''ဒီမယ်…နင့်ဝါသနာကို တလာမဖွဲ့နဲ့၊ ငါတို့တုန်းက ငါ့အဖေရဲ့စည်းစိမ်တွေ ငါ့အဖေရဲ့အသက်ကိုပါ နင့်အမေက ဖျက်ဆီးခဲ့တာ''

''ပြီးခဲ့တာတွေ ပြန်မပြောနဲ့ မှုန်ရန့်''

အမေ့ကို ထိပါးလျှင် သူဆတ်ဆတ်ခါနာတတ်ကြောင်း မှုန်ရန့်ကသိသည်။ ထို့ကြောင့် ဟက်ခနဲရယ်ကာ…

''ပြောမှာပဲ၊ နင့်ကိုသိအောင် ပြောရုံတင်မကဘူး နင့်အကြောင်းတွေ၊ နင့်အမေအကြောင်းတွေကို ငါက ပတ်သက်သမျှ အသိုင်းအဝိုင်းတွေဆီ ပြောပစ်ဦးမှာ၊ နင့်ကို သတင်းပေးသွားဦး





မယ်၊ ပထမဆုံး အသိပေးခဲ့ရမဲ့သူက ကိုဒီပေါ့''

''ရန့်''

မာလေးက ခေါ်ရင်း မှုန်ရန့်ကို ဆောင့်ဆွဲသည်။ သိသွားလည်း ရှက်စရာမလိုသည့်ကိစ္စ။ ဒါပေမဲ့ မှုန်ရန့်နှုတ်ဖျားက ထွက်လာမဲ့စကားတို့ဟာ သူ့ဘဝကို အရည်ပျော်စေမည့် အက်ဆစ်အပြင်းစားတွေလို။ မှုန်ရန့်ဟာ ရုပ်ကလေးကြည့်တော့ နုနုနယ်နယ်။ တကယ်တမ်း ပြောပြီဆို အာနိုလျှာနိနဲ့ ပါးစပ်က စက်သေနတ်ပစ်သလို ပြောမှာက တစ်ဖက်လူရဲ့ ယုတ်ညံ့ချက်များပင်။ မာလေးက လှမ်းဆွဲရင်းက သူ့ရှိရာအမှောင်ရိပ်ဆီ မှုန်ရန့်ကို ဆွဲချသည်။

''နင်…နင် ငါ့ကိုလွှတ်စမ်း၊ နင့်လိုကောင်ရဲ့လက်နဲ့ အကိုင်ခံရတာ ငါသနတယ်ဟဲ့၊ မာလေး နင်အခုလွှတ်ဆိုလွှတ်နော်၊ နင်မလွှတ်ရင် ငါအော်ပစ်မှာ''

''မအော်နဲ့''

မာလေးက ဘီလူးစီးသရဲစီးနေသလို။ မှုန်ရန့်ရဲ့ပါးစပ်ကို လက်ဝါးနှင့်လှမ်းပိတ်သည်။ ထို့နောက် အရှိန်ဖြင့် ပစ်တွန်းလိုက်တော့ သစ်ပင်ရဲ့ပင်စည်နဲ့ ရန့်ကျောပြင်က ဆောင့်မိကာ ရုတ်တရက် အောင့်တက်သွားသည်။ ကျောပြင်ထဲအောင့်တဲ့ဒဏ်ကြောင့် ရန့်က ဘာစကားမှမဆိုနိုင်။ ခေါင်းထဲတရစ်ရစ်ပြာပြီး မူးဝေလာသည်။ ထိုအခိုက် မာလေးဟာ သူမနားတိုးကပ်လာပြီး…

''မရတော့ဘူး မှုန်ရန့်၊ နင့်ကိုခွင့်လွှတ်ဖို့ ငါတောင်းပန်ခဲ့တယ်၊ အတိတ်ကအကြောင်းတွေ မေ့ပစ်ဖို့ ငါထပ်တောင်းပန်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



နင်ဒီကိစ္စတွေကို ဘယ်တော့မှ ပြန်မဖော်ပါနဲ့၊ မပြောပါနဲ့၊ ငါ့ကို ကတိပေး''

''ထွီ''

ပူနွေးနွေးအရည်တချို့က မာလေးမျက်နှာပေါ် လာစင်သည်။ ရန့်ဟာ ဝေဒနာကြားကပင် ရအောင် ခနဲ့တဲ့တဲ့ပြုံးပြီး…

''ပိုင်းလုံးမရဲ့သားဟာ နင်ပဲမာလေး၊ အဖြစ်မှန်ကို လက်ခံစမ်းပါ''

''နင့်ပါးစပ်ကိုပိတ်''

''မပိတ်နိုင်ဘူး''

ခပ်ကျိတ်ကျိတ်ဖြစ်နေတာရယ်၊ သစ်ပင်တွေနဲ့ မှောင်ရိပ်ကျတဲ့ဘက် ရောက်နေတာရယ်။ စားသောက်ဆိုင်ဘက်က လွင့်ပျံ့လာတဲ့ တီးဝိုင်းနဲ့ အဆိုတော်တွေရဲ့ သီချင်းသံတွေကြောင့် သူတို့ဖြစ်အင်ကို ဘယ်သူမှ သတိမထားမိချိန်။

''နင်ထပ်မပြောနဲ့၊ ငါ့အမေကို မစော်ကားနဲ့''

''ပြောမယ်၊ မယားရှိလင်တွေဆီက ချူစားတဲ့မိန်းမ၊ သူများငွေတွေနဲ့ ပြောင်ရောင်နေတဲ့သားအမိ၊ ပြီးတော့ နင်က အခြောက်၊ အခြောက်မှ ရိုးရိုးအခြောက်မဟုတ်ဘူး၊ မကောင်းတဲ့မိန်းမရဲ့သား အခြောက်''

''မဟုတ်ဘူး၊ ငါ့အမေက နင်ပြောသလိုမဟုတ်ဘူး၊ မဟုတ်ဘူး''

လို့ မာလေးဟာ အော်ပစ်ရင်း နားထဲမှာ ဘာသံမှမကြား





တော့။ မျက်လုံးထဲလည်း ဘာမှမမြင်တော့ဘဲ ဖြူနီပြာဝါ ရောင်စုံသာ မင်းမူလာ၏။ မှုန်ရန့်ရွှပ်စွဲတဲ့ 'မကောင်းတဲ့မိန်းမ၊ ပိုင်းလုံးမ' အစရှိသောအသံတွေဟာ သူ့နားထဲ ဆူညံလာတဲ့အထိ ပဲ့တင်ရိုက်နေသည်။ မာလေးဟာမဟုတ်ဘူးလို့ငြင်းရင်းက ခြေကုန်လက်ပန်းကျလာသောအခါ ဆက်မငြင်းနိုင်သောအခါ၊ ချုပ်တီးထားသောစိတ်တို့ကို ကမ္ဘာအပြင်ဘက်ဆီ လွှင့်ပစ်လိုက်ပြီ။ အစဉ်သဖြင့်သူ့ကို ကဲ့ရဲ့ရှုံ့ချတတ်သော မှုန်ရန့်အား ဆုံးမရန်နည်းလမ်းက တစ်ခုတည်း။ စက္ကူအိတ်နှင့် အသင့်ထည့်ယူလာသော သားလှီးဓားနှစ်ချောင်းအား တစ်ဖက်စီကိုင်ကာ မှုန်ရန့်ဆီသို့။

''အင့်''

ခနဲအော်သံ။ ပွက်ခနဲကျလာသော သွေးရဲရဲတို့ကိုမြင်မှ မာလေးဟာ စိတ်ကျေနပ်သွားသလို။ သူ နောင်တမရပါ။ အမေနဲ့ သူ့ဘဝ ငြိမ်းချမ်းအောင်လုပ်ဆောင်ရတဲ့အတွက် မာလေး ဂုဏ်ယူသည်။ အမေ ရောက်ရာဘဝက မာလေးကို ဂုဏ်ပြုပါ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## နောက် ရှစ်နှစ်ခန့်ကြာသောအခါ



## အခန်း (၄၂)

အနီရောင်၊ ပန်းရောင်၊ အဝါရောင်နှင့် အဖြူရောင်။ အရောင်စုံသော နှင်းဆီခင်းကြီးသည် ခြံကြီးအတွင်းမှာ ကျယ်လွင့်စွာရှိသည်။ ရုတ်တရက်ကြည့်လိုက်လျှင် ပန်းခင်းကြီးနဲ့မတူဘဲ အရောင်စုံသော ကော်ဇောကြီးတစ်ချပ် ဖြန့်ခင်းထားသည့်အလား။ ထိုပန်းခင်းကြီးကိုကြည့်ပြီး ပီတိဖြာကျေနပ်နေသူသုံးဦးရှိသည်။ တစ်ဦးက ပန်းမျိုးစေ့တွေ စတင်စိုက်ပျိုးသူ။ ဒုတိယတစ်ဦးက ပန်းတွေကို သင့်တော်သောနှုန်းထားနဲ့ ရောင်းချသူ။ တတိယတစ်ဦးကတော့ ပန်းတွေကို အရိပ်တကြည့်ကြည့်နှင့် မြတ်နိုးတန်ဖိုးထားသူ။

"ဝေး…လူလေး"

ကြီးထွေးက ပါးစပ်နား လက်နှစ်ဖက်ကာ၍ လှမ်းအော်သည်။ ပန်းခင်းကြားထဲရောက်နေသူကို အိမ်ကြီးပေါ်က လှမ်းခေါ်



www.burmeseclassic.com

www.burmeseclassic.com



ရင် တော်တော်နဲ့မကြားနိုင်။ ကြမ္မာက သူ့လက်ထက်ကျမှ မှုန်ရုံး သာအိမ်ကြီးကို ဖြိုချ။ M.Y.Y ကိုလည်းဖြိုချကာ ဘန်ဂလိုဆန်ဆန် ခပ်သေးသေးပဲ ပြန်ဆောက်ပြီးနေထိုင်ခဲ့တာ။ ပြီးပြီးသား ဆိုးရွားတဲ့ အတိတ်ပါ အဖြိုခံရတဲ့ အိမ်တွေနဲ့အတူ ပါသွားပြီလို့ သတ်မှတ်ခဲ့တာမျိုး။

"လူလေး"

ခေါ်သံက အနားကပ်ရောက်လာသည်။ ကြမ္မာက ပလတ်စတစ်အသေးစားထဲ မြေဩဇာနဲ့ခတ်မြေဩဇာတွေ သမအောင်ထည့်ပြီး ထုတ်နေရာမှ လှည့်ကြည့်သည်။ ဒါ ပန်းအပင်ပေါက်တွေ မျိုးပြီးရောင်းချရန်အတွက် သူပြင်ဆင်နေခြင်းဖြစ်သည်။

"ပြော…ကြီးတွေး"

လုပ်လက်စအလုပ်က မျက်နှာမလွှဲဘဲ မေးပုံက သူ့အလုပ်လောက် တခြားဘာကိုမှ စိတ်မဝင်စားဆိုတဲ့ပုံစံ။ ဒေါ်တွေးက ကြမ္မာ့နား ကပ်ထိုင်သည်။ ကြွက်သားတွေ အမြောင်းလိုက်ထနေသော အပေါ်ပိုင်းဟာ ဗလကျင်းထားတာမို့ လူလေးပုံစံက ယောက်ျားပီသတာအမှန်။ နိုင်ငံတော်ရဲ့ အမျိုးသားကျောင်းကြီးက ပြုပြင်ပေးလို့ဆိုပြီး လုစ်ခနဲပြုံးမိသေးသည်။ ဒါပေမဲ့ အပြုံးတို့က မကြာရှည်။ မာယာရင့်သာရှိရင်ဆိုတဲ့ အတွေးနဲ့ ဒေါ်တွေးမျက်နှာ ပြန်တည်သွား၏။

"သားကို ပင်ပန်းတဲ့အလုပ်တွေ မလုပ်စေချင်ဘူး၊ အို





လူပင်ပန်းရုံတင်မကဘူး၊ စိတ်ပင်ပန်းမှာလည်း မာယာမကြည့်ရက်ဘူး၊ အဲဒါကြောင့် သူဝါသနာပါရာ သူစိတ်ပျော်ရာမှာနေပါစေ၊ မာယာက အတတ်နိုင်ဆုံး ပံ့ပိုးသွားမယ်"

တဲ့လေ။ အဲဒါကို နာမည်တပ်လျှင် အချစ်လွန်အတ္တမှာ အဆိပ်တွေသင့်နေခြင်းဖြစ်သည်။ တစ်ခါတစ်ခါတော့လည်း လူပင်ပန်းမှ စိတ်ချမ်းသာမည်ဆိုတာ မာယာမေ့နေခဲ့သလား။

"ကြီးတွေး"

"ဟဲ့…သောက်ပလုတ်တုတ်"

"ဟား…ဟား ကျွန်တော့်နားကပ်ထိုင်ပြီး ဘာတွေ အတွေးလွန်နေတာလဲ၊ လှည့်ကြည့်နေတာကြာလှပြီ၊ ကြီးတွေးက မသိတော့"

ဒေါ်တွေးဟာ ရင်ဘတ်ဖိရင်း လန့်တဲ့အရှိန်ကြောင့် အခုန်မြန်တဲ့နှလုံးကို ထိန်းထားရဟန်တူသည်။ အတန်ကြာမှ အသက်ဝအောင် ပါးစပ်ဟရှူရင်း သူ့အား မျက်စောင်းဒိုင်းခနဲတစ်ချက်ထိုးကာ…

"ကောင်စုတ်လေး…ဒီမှာလန့်သွားတာပဲ၊ တကယ်၊ နင်အဲဒီလို ကြပ်ကြပ်လုပ်သိလား၊ လူကြီးကို"

"ကဲပါ…ရန်တွေ့တာနောက်မှထား၊ အခု ဒီနားကို ဘာလာလုပ်တာလဲ ပြော"

ဒီတော့မှ ကြီးတွေးက အယ်ခနဲအော်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း...မေ့တော့မလို့၊ ရေမှာ ပန်းဝယ်မဲ့လူရောက်နေတယ်"

"ပန်းရောင်းရမှာ ကြီးထွေးတာဝန်"

သူက စိတ်မဝင်စားသလိုပြောတော့ ကြီးထွေးက ဆတ်ခနဲထရပ်ပြီး...

"ဂိုယ်တော် မရောင်းချင်ဘူးလား ပြော၊ ဟွန်း ဝယ်မဲ့မိန်းကလေးက ဆံပင်အရှည်ကြီးနဲ့ ရောက်ကတည်းက ပန်းခင်းတွေကြားသွားရပ်နေတာ၊ သူ့အဖော်လာပြောလို့ ပန်းဝယ်မဲ့လူ၊ ဟဲ့...ဟဲ့ လူလေး စကားကိုဆုံးအောင် နားထောင်ဦးလေ"

ကြီးထွေးရဲ့အော်သံက နောက်ပါးမှာ ဝေး၍ကျန်ခဲ့ပြီ။ ဆံပင်အရှည်ကြီးဆိုတဲ့ စကားတစ်ခွန်းဟာ သူ့ရင်ကို ဘယ်လောက်အခုန်မြန်စေလဲ သူကိုယ်သူအသိဆုံး။ အချိန်တွေကြာညောင်းခဲ့ပေမဲ့ အချစ်တွေက ဟောင်းမသွားဘဲ နှစ်ချို့ဖြစ်နေတာ ဝိုင်လိုပဲလား။ ဝိုင်ဆိုတာ နှစ်ချို့လေ ကောင်းလေ။

"ခင်ဗျားနဲ့ကျွန်တော် ပျောက်သွားတော့ မော်ရပ်က လိုက်ရှာသေးတယ်၊ နောက်မှ အသံသွင်းကက်ဆက်လေးကိုတွေ့ပြီး နားထောင်ရင်းငိုတာ အကြာကြီးပဲတဲ့၊ ကျွန်တော့်အမေက မနည်းကြီးချော့ယူရတယ်၊ ခင်ဗျားရဲ့ မမြင်ရတဲ့နှလုံးသားကို တွေ့ခွင့်မရလို့နဲ့တူတယ်"

ဒါ သူ့အကျဉ်းထောင်ထဲရောက်ပြီးမှ ကိုသိန်းဆီမှရသော



နောက်ဆုံးသတင်းပင်ဖြစ်သည်။ သူ့အမှုအတွက် ထိုစဉ်က ကိုသိန်းဟာ အစစအရာရာ ကူညီပေးခဲ့သည်။ ကြီးထွေးနဲ့ ဦးစံဘော်ကို မှာယူတာကအစ သူ့အတွက် အကောင်ဆုံးရှေ့နေငှားပေးသည်အဆုံး နောက်ဆုံး ဆရာဝန်တွေနဲ့ သူ့ကျန်းမာရေးကိုစစ်ဆေးပြီး...

"တရားခံဟာ ငယ်စဉ်ကတည်းက အိမ်ထောင်ကျိုးတစ်ခုမှာ ကြီးပြင်းရှင်သန်လာရသူ၊ တော်ရုံယောကျ်ားတွေ၌ မရှိတဲ့ မွေးရာပါအားနည်းတဲ့ စိတ်အခံရှိသူ၊ မိခင်ကိုအားကျအထင်ကြီးစိတ်တွေဟာ သာမန်ထက်လွန်ကဲသွားသူ၊ အစရှိတဲ့အချက်တွေကို ထောက်ရှုခြင်းအားဖြင့် တရားခံရဲ့စိတ်ကျန်းမာရေးဟာ ပုံမှန်အနေအထား၌မရှိခဲ့ပါကြောင်း၊ အခင်းဖြစ်ပွားချိန်တွင် သေသူရဲ့ ပုံမှန်မရှိတဲ့စိတ်ထားကို ရိုင်းစိုင်းရန်းကြလာအောင် ဆွပေးတဲ့စကားလုံးများသုံးခဲ့တာ ထင်ရှားသဖြင့် တရားခံ ကြမ္မာရင့်ဟာ ဤအမှုကို ကြံ့တင်မကြံစည်ဘဲ ကျူးလွန်ခဲ့ရပါကြောင်း"

ဆိုပြီး ဆေးစာအခိုင်အမာနှင့် လျှောက်လဲချက်ပေးခဲ့သည်။ ထို့အတွက် အပြစ်ဒဏ်ပေါ့လျော့ခဲ့သည်ဆိုသော်ငြား အပြစ်ကြွေးကို ချွေးဖြင့်ဆပ်ခဲ့ရ၏။ ထိုကာလတွေမှာ သူ့ထံကို သိန်းရောက်လာခဲ့ပြီး...

"ကျွန်တော်လည်း လားရှိုးဘက်ကို အမိန့်ကျတယ်၊ မော်ရပ်က ခင်ဗျားကိုတွေ့ချင်တယ်တဲ့၊ တွေ့မလား"

လို့ မေးလာခဲ့သည်။ သံတိုင်တွေကြားမှ သူ့ဖြစ်အင်ကို

www.burmeseclassic.com

www.burmeseclassic.com



မော်ရှပ်အား မတွေ့စေချင်။ သူထက်ပို၍ မော်ရှပ်ခံစားရမှာ။ မော်ရှပ် မျက်ရည်တွေကို သူမမြင်ရက်တာကြောင့်ပဲ ခေါင်းခါငြင်းဆန်ရင်း

"နှလုံးသားဟာ မမြင်ရတာပဲကောင်းပါတယ်၊ နှလုံးခုန် သံတော့ အမြဲကြားနေရတာပဲ၊ ကျွန်တော်ကျေနပ်ပါတယ်"

သူဖြေခဲ့သည်။ အဲဒီကတည်းက အဆက်အသွယ်ပြတ်ခဲ့ တာ ယနေ့အထိ။ ဒါပေမဲ့ မျှော်လင့်ချက်ကတော့ နံနက်အရုဏ်လာ တာနဲ့ ပြန်ရှင်သန်လာစမြဲ။ ညနေနေဝင်ချိန်ရောက်မှ ချုပ်ငြိမ်းသွား တာမျိုး။ အဲဒီလိုနဲ့ ဘဝကို လည်ပတ်ခဲ့တာ ရှစ်နှစ်ကျော်ပြီ။ မော် ခြေလှမ်းတွေ ဖျတ်ခနဲတုံ့သွားသည်။ ပန်းနှရောင်ပန်းခင်းကြီး ကြားမှာ အနီရဲရဲဝတ်စုံနဲ့။ တင်ပါးဖုံးလုနီးပါးဆံပင်တွေက တစ်ကိုယ် လုံးကို လွှမ်းခြုံထား၏။ ကြမ္မာဟာ တဒိုင်းဒိုင်းဆောင့်ခုန်လာတဲ့ ရင်ဘတ်ကို မနိုင့်တနိုင်သယ်ပိုးရင်း အဲဒီအနားကို လျှောက်သွား ကာ...

"ဘာအလိုရှိပါသလဲခင်ဗျာ"

"တို့အလိုရှိတာက"

"အောင်မလေးဗျာ" လို့ ကြမ္မာစိတ်ထဲက အကျယ်ကြီး အော်သည်။ ကြားလိုက်ရတာက ပျစ်ချွဲချွဲအသံနှင့် တွေ့ရတာက ယောကျ်ားရုပ်ကြီးကို မိန်းမလိုပြင်ထားတဲ့ တစ်ယောက်။ သူမလား သူထီးလား သူ ခွဲခြားမရခင်မှာပဲ...

"ကြည့်စမ်း...တကယ့်အလန်းစားလေးပဲ၊ ဟွန်း တို့က ပန်းတွေပဲလန်းတယ်ထင်တာ၊ ပန်းရောင်းတဲ့သူက ပိုတောင်လန်း သေး၊ ဟီဟိ တော်ပြီ ပန်းမဝယ်တော့ဘူး၊ သူ့ကိုပဲဝယ်တော့မယ်"

လက်ညှိုးကို ဖွဖွကိုက်ပြီး ပြောတဲ့ပုံက ရွံစရာ။ လူက လည်း တဖြည်းဖြည်း သူ့အနားကပ်လာတာ ရင်ဘတ်ချင်းထိတော့ မည်။ ကြမ္မာက နောက်ကို ခြေနှစ်လှမ်းခန့် ခုန်ရှောင်ပြီး ပြေးပေါက် ကိုကြည့်ထားကာ...

"ဟို...ကျွန်တော် ပန်းရောင်းသူမဟုတ်ဘူး၊ ကြီးထွေး ကြီးထွေးရေ"

လို့အော်ခေါ်ကာ ရဲ့ခြံဝမှ ထွက်ပြေးကာ မှုန်နှံ့သာရဲ့ခြံဝက ပြန်ဝင်သည်။ ကြမ္မာက အိမ်တွေပဲဖြိုချခဲ့တာ။ ခြံဝမှခ်ဦးတွေက ဒီအတိုင်းထားတာမို့ အကြောင်းမသိလျှင် နှစ်ခြံလိုဖြစ်နေကာ အတွင်း၌တော့ တစ်ဆက်တည်း။ ကြမ္မာက မှုန်နှံ့သာရဲ့ခြံဝဆိုင်း ဘုတ်ကိုကွယ်ပြီး တစ်ဖက်ခြံထဲက ထိုတစ်ယောက်ကို ချောင်းကြည့် သည်။ ဒါတောင် ထိုတစ်ယောက်ဟာ ကြီးထွေးကို လက်ညှိုးတထိုး ထိုးနှင့် အလန်းလေးရော၊ အလန်းလေးရောဆိုပြီး ခုန်ဆွဆွမေးနေတာ မပြီးဆုံးနိုင်။ ထိုအခိုက်...

"တီ...တီ"

ဟွန်းသံ။ ပေါ်လာတာက သူ့နောက်ပါးမှ။ ကြမ္မာက ချက်ချင်းလှည့်ရပ်လျှင် ကားဦးခေါင်းက သူနဲ့ထိလုထိပါး။ ကြမ္မာ က တစ်ဖက်၌ သပ်လျှိုလာရသော ဒေါသဟာ ပုတ်နိုးခံရသလို






www.burmeseclassic.com

www.burmeseclassic.com



ရှုံးခနဲခေါင်းထောင်လာပြီး…

"ဟော့…ဘယ်လိုမောင်းလာတာလဲ၊ ဒီမှာ လူတစ်ယောက်လုံးရပ်နေတာ မမြင်ဘူးလား၊ တိုက်မိသွားရင် ဆောရီးလုပ်လို့မရဘူးနော်၊ နစ်နာမှာက ငါ"

သိတယ်မဟုတ်လား။ ကုလားမနိုင်တော့ ရနိုင်မဲ့တာမျိုးလေ။ ထိုအခါမှ ကားခေါင်းခန်းက ဆံပင်ကုတ်ထောက်နှင့် ကလေးရုပ်မပျောက်တပျောက် မိန်းမတစ်ဦး ပေါ်ထွက်လာပြီး…

"ဆောရီးပါရှင်၊ ဒီကအရပ်ပုနေတော့ အောက်ကဘရိတ်တွေ လီဗာတွေပဲ မှီအောင်နင်းနေရတာနဲ့ ရှင့်ကိုမမြင်ဘူးဖြစ်သွားတာ၊ ဆောရီးပါနော်၊ တကယ်တောင်းပန်ပါတယ် အဟင်း"

အဟင်းတွေ အဟီးတွေနှင့် တောင်းပန်စကားဆိုပြီး ကားအောက်ဆင်းလာတော့ ထိုသူမရဲ့အရပ်ဟာ လေးပေတောင်ပြည့်ရဲ့လားမသိ။ ကြမ္မာက ရယ်ချင်စိတ်ကိုထိန်းရင်း နှုတ်ခမ်းကို ဖွဖွကိုက်သည်။ ခါးပတ်အတွင်း လက်မနှစ်ချောင်းကို ထည့်လျှိုချိတ်ရင်း မချိုမချဉ်ရပ်နှင့်…

"ကူရှင်ပေါ် ဖင်ထိုင်ခုံလေးခုမောင်းပေါ့"

အကြံပေးပြီး ကားခေါင်းကို ကွေ့ပတ်လျှောက်လာစဉ်

"သြော်…ဒီမှာ…ဒီမှာ မသွားပါနဲ့ဦးရှင်၊ ကျွန်မ မေးစရာရှိလို့ပါ"

လူပုသလောက် အတော်လျှာရှည်တဲ့မိန်းမလို့ စိတ်ထဲက





အပြစ်တင်ရင်း

"ပြော"

"ဟို…ဒီပန်းခင်းကြီးကို ကြိုက်လို့"

"ဘယ်သူလဲ၊ ခင်ဗျားလား"

"မဟုတ်ပါဘူး၊ ကျွန်မသူဌေးပါ"

ပြောရင်း ကားမှန်အမည်းတွေ အလုံပိတ်ကာထားသော နောက်ခန်းကို လက်ညှိုးထိုးပြသည်။ ကြမ္မာက မေးဆတ်ပြရင်း

"ကြိုက်ခွင့်ရှိတာပဲ၊ ကြိုက်ပေါ့"

"သူကဝယ်ချင်တာတဲ့"

"ဝယ်ချင်တာ"

ကြမ္မာကထပ်မေးတော့ အရပ်ပုသူက သူ့အရပ်ကို မြေကြီးထဲ တိုဝင်သွား ခေါင်းတဆတ်ဆတ်ညိတ်ပြကာ…

"အင်းလေ"

"ဆောရီး…ရောင်းရန်မဟုတ်လို့"

"ငွမ်းငွမ်း"

မှန်တံခါးက လက်နှစ်လုံးလောက် ပွင့်ကျလာသည်။ ခေါင်းသံပါ တစ်ဆက်တည်းထွက်လာတာမို့ ကြမ္မာရော့က အရပ်ပုပု နဲ့ မိန်းမက ချာခနဲလှည့်ကြည့်သည်။

"မမ"

"ပြောလိုက်၊ တန်ကြေးထက် အများကြီးပိုပေးမယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



ကြမ္မာ့စိတ်ထဲ တင်းခနဲ။ ကြီးကျယ်ရှိန်ကောလို့ မှတ်ချက်ချရင်းက…

''ပိုပေးလည်း ဆောရီးပဲလို့ပြောလိုက်၊ ဒီခြံက ငွေကြောင့်စိုက်ပျိုးထားတာမဟုတ်ဘူးလို့၊ သိပ်ကြိုက်ရင် မြေကွက်အလွတ်ဝယ်ပြီး ပန်းတစ်ခင်းပျိုးကြည့်၊ ကိုယ့်ချွေးတစ်စက်နဲ့ ဖန်တီးတဲ့ပန်းဟာ…

''ခဏလေး''

တားမြစ်သံနဲ့အတူ ကားတံခါးတစ်ဖက် ပွင့်လာသည်။ အရင်ဆုံးတွေ့ရတာက အနက်ရောင် စိန်စီဖိနပ်အောက်က မို့ဖောင်းသော ခြေဖမိုး။

''ဒီ…ဒီဖိနပ်က''

ထိုးထားတဲ့လက်ညှိုးဟာ စိတ်လှုပ်ရှားမှုကြောင့် တဆတ်ဆတ်တုန်ခါနေသည်။ မော်ရုပ်ရဲ့ဂုဏ်ပြုပွဲ။

''ဖိနပ်လေးက လှလိုက်တာ၊ ကြိုးလေးတစ်ချောင်းတည်းနဲ့ ရှင်းရှင်းလေး''

ဆိုတဲ့အသံဟာ အခုလေးတင် သူ့နားနားကပ်ပြောလိုက်သလို။ ဖိနပ်တစ်ရံလုံးကို စီးထားတဲ့ ခြေအစုံက မြေပေါ်မှာ ခြေချမိပြီ။ ခြေမျက်စိဖုံးအတိ ဝတ်ထားတာက နို့နှစ်ရောင်ထဘီလေး။ ခါးတင်ရင်ဖုံးကလည်း နို့နှစ်ရောင်။ ထိုမှတစ်ဆင့် ဖြန့်ချထားတဲ့ ခါးကျော်ဆံပင်တွေနဲ့ လှပစွာဖွဲ့စည်းထားတဲ့





''မော်''

အသံဟာ လည်ချောင်းထဲမှ ဆို့နင့်ခက်ခဲစွာ ထွက်ပေါ်သွားသည်။ ဖြစ်နိုင်ရင် ကြမ္မာက လည်ချောင်းကွဲထွက်သွားတဲ့အထိ အားပါးတရအော်ပစ်ချင်တာ။ ဒါပေမဲ့ လူက ထုံဆေးမိထားသည့်နှယ်။ လက်တွေခြေတွေ လှုပ်ရှားလို့မရဘဲ စိတ်တွေကသာ တဖျတ်ဖျတ်ပြေးလွှားနေတာမျိုး။ သူ့ရှေ့၌ ရပ်နေသော အိပ်မက်နတ်သမီးမော်ကတော့ တစ်လှမ်းချင်း ဖွဲ့ဖွဲ့လေး လျှောက်လာတာ သူ့အနားအထိ။ အနားရောက်မှာ လက်ပိုက်ရင်း သူ့အားစေ့စေ့ကြည့်ကာ…

''နှလုံးသားဟာ မမြင်ရပေမဲ့ နှလုံးခုန်သံကြားရသလို မော့်ကို မပိုင်ဆိုင်မမြင်ရတော့ပေမဲ့ ချစ်ခဲ့ဖူးတယ်ဆိုတဲ့ အသိနဲ့ တဘဝလုံး ရှင်သန်သွားတော့မယ်တဲ့၊ ရှင်ပြောခဲ့တဲ့ဒဿနကို မှတ်မိတယ်မဟုတ်လား၊ ဒါပေမဲ့ မော်ကတော့ အဲဒီဒဿနကို ကြားပဲကြားချင်တာ၊ လက်သင့်မခံနိုင်ဘူး၊ မော်က နှလုံးသားဆိုမြင်ရမှ၊ ချစ်ခြင်းဆို ခံစားရမှ အသက်ရှင်ချင်တာမျိုး''

''မော်ရယ်''

လက်မှားလေးကိုဆွဲယူပြီး ရင်ခွင်ထဲ ပွေ့ပစ်တာ တင်းခနဲ။ လွတ်ထွက်သွားမှာစိုးတဲ့အလား ခပ်ကျပ်ကျပ်ပွေ့ဖက်ရင်း ဆံစတွေသပ်တင်ပေးကာ မော့်နဖူးပြင်မှာ သူ့ပါးအပ်သည်။ မော့်ပါးပြင်ဆီ ဖွဖွလေးနမ်းခြွေလိုက်၊ နဖူးပြင်လေးအား နှုတ်ခမ်းနဲ့ တိုးတိုက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်နှင့် သူမှာ ဘာစကားမှမဆိုနိုင်။ သူ့အဖြစ်က လူပို့ပေါက်စလေးလို ရှုံးသွပ်စွာ ရင်ခုန်မိနေခြင်းလား။ ဒါမှမဟုတ် သူတကယ်ရှုံးသွပ်နေခြင်းလား။ ရင်ခုန်ခြင်း၊ ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ ပျော်ရွှင်ခြင်းတွေပေါင်းစပ်ကာ သူမကို တင်းတင်းပွေ့ဖက်ရုံမှတစ်ပါး။

``ဂ်ျ…ဘယ်လိုလဲ ပန်းခင်းရှင်၊ ဒီတစ်ခါ ပန်းခင်းတင်မကဘူး ပိုင်ရှင်ပါဝယ်တော့မှာ ကြိုက်ဈေးတောင်း''

တဲ့။ ရင်ခွင်ထဲမှ နွဲ့နွဲ့လေးမော့ရင်းမေးသည့် ချစ်သူ့နှုတ်ဖူးပြင်အား နှုတ်ခမ်းနှင့်ထိကပ်ထားကာ မျက်လွှာတွေကို ပိတ်ချသည်။ ပူနွေးသော စီးကြောင်းဟာ ပါးပြင်တစ်ဝိုက် ဖြတ်သန်းရင်း….

``သိပ်ချစ်တယ် မော့်''

ရှင်မြတ်နိုး



BURMESE CLASSIC .com

www.burmeseclassic.com